လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ
လေ့လာရေးနှင့် သုတေသနဌာန

# အစိုးရသစ်နှင့် တိုင်းရင်းသား အင်အားစုများအကြား အကြပ်အတည်း



# အစိုးရသစ်နှင့်
# တိုင်းရင်းသားအင်အားစုများအကြား
# အကြပ်အတည်း

လူ့အောင်သစ်ဒီမိုကရက်တစ်ပါတီ
သုတေသနနှင့်လေ့လာရေးဌာနမှ
ထုတ်ဝေဖြန့်ချိသည်။

# ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေကာလ**

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့

**ပုံနှိပ်ခြင်း**

စောင်ရေ ၁၀၀၀၊ ပထမအကြိမ်

**မျက်နှာဖုံးဒီဇိုင်း**

သီဟမောင်မောင်

**အတွင်းစာမျက်နှာဖွဲ့စည်းမှု**

ကိုကျော်မင်းထိုက်၊ ကိုဆက်အောင်နှင့် အဖွဲ့

**ထုတ်ဝေဖြန့်ချိ**

သုတေသနနှင့် လေ့လာရေးဌာန

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

PO Box (107)

Mae Sod, Tak, Thailand 63110

Webpage: <www.dpnsburmese.org>

# မာတိကာ


| | | |
|---|---|---|
| | အမှာစကား | ၆ |
| | ကျေးဇူးစကား | ၉ |
| | ရည်ရွယ်ချက်များ | ၁၀ |
| | နိဒါန်း | ၁၀ |
| အခန်း (၁) | နောက်ခံသမိုင်း | ၁၃ |
| အခန်း (၂) | အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ | ၁၇ |
| အခန်း (၃) | မူလမိခင်အဖွဲ့အစည်းများမှ ခွဲထွက်သွားသော (သို့မဟုတ်) ကွဲထွက်သွားသော အဖွဲ့ငယ်များ | ၃၀ |
| အခန်း (၄) | အပစ်အခတ် ရပ်စဲခြင်းမရှိသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများ | ၃၃ |
| အခန်း (၅) | စစ်အုပ်စုနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား သဘောတူညီချက်များ | ၃၇ |
| အခန်း (၆) | နှုတ်ကတိသဘောတူညီချက် ရရှိပြီး ပြန်လည်ပျက်ပြားသွားသော အဖွဲ့အစည်းများ | ၄၃ |
| အခန်း (၇) | အပစ်ရပ်စဲပြီးနောက် တိုင်းရင်းသားအဖွဲ့များ၏ စီးပွားရေး | ၄၇ |
| အခန်း (၈) | နဝတ - နအဖ အမျိုးသားညီလာခံနှင့် အပစ်ရပ် နိုင်ငံရေးအဖွဲ့အစည်းများ အခြေအနေ | ၅၁ |
| အခန်း (၉) | ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းရင်းသားလူမျိုးစုများ၏ အခွင့်အရေး | ၅၇ |
| အခန်း (၁၀) | စစ်အစိုးရ၏ နယ်ခြားစောင့်တပ် (Border Guard Force)၊ ဌာနေပြည်သူ့စစ်တပ်ဖွဲ့ (Home Guard Force) ဖွဲ့စည်းရေးအစီအစဉ်နှင့် တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများ | ၆၀ |
| အခန်း (၁၁) | အပစ်ရပ်အဖွဲ့အစည်းများအတွင်း ရိုက်ခတ်လာသော ၂၀၁၀ ရွေးကောက်ပွဲ၏ သက်ရောက်မှုများ | ၆၉ |
| အခန်း (၁၂) | ၂၀၁၀ ရွေးကောက်ပွဲအပြီး အပစ်ရပ် လက်နက်ကိုင်အင်အားစုများ၏ နိုင်ငံရေးစစ်ရေးအခြေအနေ | ၇၅ |
| အခန်း (၁၃) | ၂၀၁၀ ရွေးကောက်ပွဲအလွန် အပစ်ရပ်အဖွဲ့အစည်းများ၏ နိုင်ငံရေး၊ စစ်ရေး ဆိုင်ရာစုဖွဲ့မှု အခြေအနေသစ် | ၈၅ |
| အခန်း (၁၄) | အပစ်အခတ်ရပ်စဲပြီးနောက် နအဖစစ်အုပ်စု၏ စစ်အင်အားတိုးချဲ့မှုများ | ၉၇ |
| အခန်း (၁၅) | ဦးသိန်းစိန် အစိုးရသစ်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ အနာဂတ် | ၁၀၁ |
| အခန်း (၁၆) | နိဂုံး | ၁၀၇ |
| | နောက်ဆက်တွဲ နှင့် အချပ်ပိုများ | ၁၁၂ |

# အမှာစကား

မြန်မာနိုင်ငံမှာ ပြည်တွင်းစစ်ကြီးဖြစ်ပွားနေသည်မှာ ရာစုတဝက် ကျော်ခဲ့ပြီ ဖြစ်ပါသည်။

ပြည်တွင်းစစ်ကြီးအတွင်း အသက်တွေ၊ ဘဝတွေပေးဆပ်ခဲ့ကြရသည်မှာ မနည်းတော့။

တိုင်းပြည်ပိုင်၊ တမျိုးသားလုံးပိုင်ဘဏ္ဍာငွေ ဆုံးရှုံးကြရသည့်ဘက်မှ ကြည့်မည်ဆိုလျှင်လည်း ဝမ်းနည်းစရာကောင်းလောက်အောင် ဆုံးရှုံးခဲ့ကြရပြီ ဖြစ်သည်။

အမျိုးသားသွေးစည်းညီညွတ်ရေးတွေ ပျက်ကြရ၊

အမျိုးသားတည်ငြိမ်အေးချမ်းမှုတွေ ပျက်ကြရ၊

အကျိုးဆက်အားဖြင့် အမျိုးသားတိုးတက်ဖွံ့ဖြိုးမှုတွေ နောက်ကျခဲ့ကြရသည်မှာလည်း အိမ်နီးချင်းနိုင်ငံများနှင့်စာလျှင်ပင် မျက်နှာငယ်ကြရ၊ အထင်သေးခံကြရသည့် အနေအထားအထိ ကျရောက်ခဲ့ရပြီ ဖြစ်ပါသည်။

ဤသို့သော ကြမ္မာဆိုး၊ ဤသို့သော အခြေအနေဆိုးကြီးကို ဘာကြောင့် မရပ်တန့်နိုင်၊ မဖြေရှင်းနိုင်ဖြစ်နေရသည်ကို နိုင်ငံချစ်စိတ်ရှိသူတိုင်း၊ နိုင်ငံသားတဦး၏ ဂုဏ်သိက္ခာကို တန်ဖိုးထားသူတိုင်း မည်သူမဆို မလွှဲမသွေ စဉ်းစားကြရမည် ဖြစ်ပါသည်။

မိမိတို့ စဉ်းစားချက် တစ်ရက်နောက်ကျလျှင်

ကိုယ့်နိုင်ငံကို၊ ကိုယ့်အမျိုးသားတွေကို တစ်ရက်မက ဒုက္ခတွင်းထဲသို့ ဆွဲနှစ်သလို ဖြစ်သွားစေနိုင်သည် ဆိုသည့်အချက်ကို လေးနက်ကြရပါလိမ့်မည်။

ပြည်တွင်းစစ်ကို မုချ တားဆီး ရပ်တန့်ပစ်ကြရပါလိမ့်မည်။

ပြည်တွင်းစစ်ကို မုချ တားဆီး ရပ်တန့်ပစ်ရေးသည် မိမိတို့နိုင်ငံ၏ လက်ရှိကာလ အမျိုးသားရေးတာဝန်များအနက် အရေးကြီးဆုံးသော လုပ်ငန်းတာဝန်တစ်ရပ် ဖြစ်သည်။

ပြည်တွင်းစစ်ကို တားဆီးရပ်တံ့စေနိုင်ဖို့ဆိုလျှင်

- ပြည်တွင်းစစ်ကို ဖြစ်ပေါ်နေစေသော အကြောင်းရင်းများကို စေ့ငုယန ကြည့်ကြရပါလိမ့်မည်။
- လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲနေရသော တော်လှန်ရေးအင်အားစုများ၏ လိုလားချက်များနှင့် ၎င်းတို့ကိုယ်စားပြုရာ ပြည်သူလူထု၏ လိုလားချက်များကို လေ့လာကြရပါလိမ့်မည်။
- လူမျိုးပေါင်းစုံ မြန်မာပြည်သူတရပ်လုံး၏ ဆန္ဒ သဘောထားများနှင့် လိုလားတောင့်တမှုများကို အလေးထားကြရပါလိမ့်မည်။
- နောက်ခံ အကြောင်းတရားများနှင့် ယခုလက်ရှိကာလမှာ လက်တွေ့ရင်ဆိုင်ကြုံဆုံနေရသော အခြေအနေအရပ်ရပ်ကို ဘက်ပေါင်းစုံမှ လေ့လာသုံးသပ်ကြရပါလိမ့်မည်။
- ဆရာကြီး သခင်ကိုယ်တော်မှိုင်း တလျှောက်လုံး ထောက်ပြခဲ့သလို တဖက်နှင့် တဖက် အပြန်အလှန် အသိအမှတ်ပြုမှု၊ အပြန်အလှန် လေးစားမှု အပြည့်ဖြင့် 'သူမနာ ကိုယ်မနာ' တွေ့ဆုံဆွေးနွေး အဖြေရှာကြရပါလိမ့်မည်။

ထိုသို့ စနစ်တကျ ခြေလှမ်းရှိရှိ ပြင်ဆင်ဆောင်ရွက်ကြမည်ဆိုပါက ပြည်တွင်းစစ်ကို မုချ တားဆီး ရပ်တန့်ပစ်နိုင်ပါလိမ့်မည်။ ပြည်တွင်းငြိမ်းချမ်းရေးကို မုချ တည်ဆောက်နိုင်ပါလိမ့်မည်။

ဤအချက်ကို ပိုမိုပြီး အလေးအမြတ်ထားဆောင်ရွက်ကြဖို့ ...

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်မှလည်း ၂၀၁၁ ခုနှစ် ဇူလိုင်လ (၂၈) ရက်နေ့မှာ 'အိတ်ဖွင့် ပေးစာ' တစ်စောင်ကို အစိုးရသစ်နှင့် လက်နက်ကိုင်တော်လှန်ရေး အင်အားစုများသို့ ပေးပို့ပြီး နှိုးဆော် တင်ပြထားသည်ကို တွေ့ရပါသည်။

ပြည်တွင်းငြိမ်းချမ်းရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌဟောင်း ဆရာ ဒဂုန်တာရာမှလည်း 'ငြိမ်းချမ်းရေး ပန်ကြားချက်' ကို ၂၀၁၁ ခုနှစ် မေလ (၁၀) ရက်နေ့တွင် တကြိမ်၊ ၂၀၁၁ ခုနှစ် ဩဂုတ်လ (၇) ရက်နေ့တွင် တကြိမ်၊ (၂) ကြိမ်တိုင်တိုင် တာဝန်ရှိသူများနှင့် ပြည်သူတရပ်လုံးသို့ တင်ပြပန်ကြားထားသည်ကို တွေ့ရပါသည်။

ဤပန်ကြားချက်များ၊ ဤအိတ်ဖွင့်ပေးစာများသည် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရေးဖြစ်စဉ် ကြီးအတွက် အင်မတန် အရေးကြီးသော ကောင်းမှုပြုချက်များ ဖြစ်သည်ဟု ယုံကြည်ပါသည်။

မိမိတို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ အနေဖြင့် ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို အခိုင်အမာ တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်နေသူတိုင်း၊ စိတ်အားထက်သန်စွာ ဝိုင်းဝန်းနေသူတိုင်းကို လှိုက်လှိုက်လှဲလှဲ တန်ဖိုးထားပါသည်။

ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကြီးအတွင်း တစုံတရာ အထောက်အကူပြုနိုင်စေရန်၊ မှီငြမ်းကိုးကားအသုံးပြုနိုင်စေရန်အတွက် မိမိတို့ လေ့လာ စုစည်းထားသည်များကို **"အစိုးရသစ်နှင့် တိုင်းရင်းသား အင်အားစုများအကြား အကြပ်အတည်း"**အမည်ရှိ အစီရင်ခံစာအဖြစ် အခန်း (၁၆)ခန်း ခွဲ၍ တင်ပြလိုက်ပါသည်။

ဤအစီရင်ခံစာဖြင့် ငြိမ်းချမ်းရေးကို မြတ်မြတ်နိုးနိုး တန်ဖိုးထား ကြိုးပမ်းအားထုတ်ခဲ့သော ငြိမ်းချမ်းရေး ဗိသုကာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို ရိုသေလေးစားစွာ ဦးညွှတ်ကန်တော့လိုက်ပါသည်။

ဤအစီရင်ခံစာသည် ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကြီးအတွက် တစုံတရာ ကျေးဇူးပြုလိမ့်မည်ဟု မိမိတို့ပါတီမှ ယုံကြည်မျှော်လင့်မိပါသည်။

**စစ်မှန်သောငြိမ်းချမ်းရေးကို စစ်မှန်သောစိတ်ဆန္ဒဖြင့်**
**ကြိုးကြိုးပမ်းပမ်း ဆောင်ရွက်နိုင်ကြပါစေဟု အလေးအနက် ဆန္ဒပြုလျက် ...**

**သုတေသနနှင့် လေ့လာရေးဌာန**
**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)**
**၂၀၁၁ ခုနှစ် စက်တင်ဘာလ (၁၀) ရက်**

## ကျေးဇူးစကား

ဤအစီရင်ခံစာကို စုစည်းထုတ်ဝေနိုင်ရေးအတွက် ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ဝိုင်းဝန်းကူညီခဲ့ကြသော ပါတီဝင်ရဲဘော်များ၊ အချက်အလက်များ မှတ်တမ်းများ ပေးပို့ခဲ့ကြသည့် မိတ်ဆွေရဲဘော်များ၊ မဟာမိတ်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ သတင်းဌာနများနှင့် ဝက်ဘ်ဆိုက်စာမျက်နှာများကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

သုတေသနနှင့် လေ့လာရေးဌာန
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

# ရည်ရွယ်ချက်များ

၁။ ဒီမိုကရေစီဆိတ်သုဉ်းခြင်း၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကင်းမဲ့နေခြင်းများသည် ပြည်တွင်းစစ် ဖြစ်ပွားနေရခြင်း၏ အဓိက အကြောင်းရင်းများဖြစ်ကြောင်းကို ပိုမိုလေးနက်စေရန်။

၂။ ပြည်တွင်းစစ်ရပ်စဲပြီး ပြည်တွင်းငြိမ်းချမ်းရေးကို အခိုင်အမာ မတည်ဆောက်နိုင်သေးသမျှ တိုင်းပြည် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လုံး၀ မျှော်လင့်နိုင်မည်မဟုတ်ကြောင်းကို ပိုမိုလေးနက် စေရန်။

၃။ ဖိအားပေးပြီး တဖက်သတ်တောင်းဆိုခြင်း၊ အကြပ်ကိုင်ခြိမ်းခြောက်ခြင်းနှင့် ထိုးစစ်ဆင် တိုက်ခိုက်ခြင်း စသည့် စစ်အစိုးရ၏ လုပ်ရပ်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) သည် ပြည်တွင်းစစ် ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ရည်မှန်းချက်များအတွက် ဗီလာဆန့်ကျင်ဖြစ်နေကြောင်းကို ပိုမိုလေးနက်စေရန်။

၄။ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးအရ တန်းတူရည်တူ တွေ့ဆုံဆွေးနွေး အဖြေရှာရေးသည်သာ အမျိုးသားကျေပြုန်းမှုများကို ရှောင်လွှဲနိုင်သော အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း ပိုမိုလေးနက် စေရန်။

# နိဒါန်း

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည်။

လွတ်လပ်ရေးရပြီး (၂) လနှင့် (၂၄) ရက်အကြာ ၁၉၄၈ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီက လက်နက်ကိုင်တော်လှန်ရေး စတင်ခဲ့ရသည်မှ အစပြု၍ ပြည်တွင်းစစ်ကြီး စတင်ဖြစ်ပွားခဲ့ရသည်။ လွတ်လပ်ရေးရပြီး (၇)လ (၁၅)ရက်အကြာ ၁၉၄၈ ခုနှစ် ဩဂုတ်လ (၁၉) ရက်နေ့တွင် Mon National Defense Organization (မွန်ကာကွယ်ရေးတပ်ဖွဲ့)က လက်နက်ကိုင်တော်လှန်ရေး စတင်ခဲ့ရသည်။ လွတ်လပ်ရေးရပြီး (၁) နှစ်နှင့် (၂၇) ရက်အကြာ ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့တွင် ကရင်အမျိုးသားခေါင်းဆောင် စောဘဦးကြီး ဦးဆောင်သည့် Karen National Defense Organization (ကရင်အမျိုးသား ကာကွယ်ရေးအဖွဲ့)က ကရင်အမျိုးသားများကို ကာကွယ်နိုင်ရန်အတွက် လက်နက်ကိုင်တော်လှန်ရေးကို စတင်ခဲ့ရပြန်သည်။ နိုင်ငံရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားလူမျိုးစု အဖွဲ့အစည်းများ၏ လက်နက်ကိုင်တော်လှန်ရေးများ တခုပြီးတခု ဆက်တိုက် ပေါ်ပေါက်ခဲ့ရသည်။

လွတ်လပ်ရေးရပြီး လပိုင်းနှစ်ပိုင်းအတွင်း ပြည်တွင်းစစ်ကြီး စတင်ခဲ့ရသည်။

လွတ်လပ်ရေးသက်တမ်းနှင့်အမျှ ပြည်တွင်းစစ်ကြီး ယနေ့အထိ ရှည်ကြာခဲ့ရသည်။ ဤပြည်တွင်းစစ်ကြီးကြောင့် တိုင်းပြည်ကို အတိုင်းအဆမရှိ နစ်နာစေခဲ့သည်။ ယနေ့အထိ အသက်ပေါင်းများစွာ ပေးဆပ်နေကြရဆဲဖြစ်သည်။ ကိုယ်လက်အင်္ဂါပေါင်း များစွာ ပေးဆပ်နေကြရဆဲဖြစ်သည်။ တိုင်းပြည်၏ အဖိုးတန် မျိုးဆက်ပေါင်းများစွာ ပြည်တွင်းစစ်ကြီးအတွင်း ပေးဆပ်နေကြရသည်။

အကျိုးဆက်အဖြစ် အမျိုးသားသွေးစည်းညီညွတ်ရေးကို အတိုင်းမသိ ထိခိုက်စေရုံမျှမက မြန်မာနိုင်ငံမှာလည်း အဆင်းရဲဆုံး၊ ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနိုင်ငံ ဖြစ်ခဲ့ရပြီး လူမျိုးစုံမြန်မာပြည်သူတို့၏ ကံကြမ္မာမှာလည်း စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍအသီးသီးမှာ အနိမ့်ကျဆုံးအခြေအနေထိ ရောက်ခဲ့ကြရသည်။

မည်သည့်အတွက်ကြောင့် ပြည်တွင်းစစ်ကြီး ယခုကဲ့သို့ ဖြစ်ပွားရှည်ကြာနေရပါသနည်း။

အကြောင်း (၂) ရပ်ပဲ ရှိပါသည်။

**၁။ ဒီမိုကရေစီ ဆိတ်သုဉ်းနေခြင်းနှင့်**

**၂။ အမျိုးသားတန်းတူခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဆုံးရှုံးနေရခြင်း** ဖြစ်သည်။

လွတ်လပ်ရေးရစ အာဏာရ ဖဆပလအစိုးရမှအစ အုပ်စိုးသူအဆက်ဆက် (တော်လှန်ရေးကောင်စီအစိုးရ၊ မဆလအစိုးရ၊ နဝတ-နအဖအစိုးရများ၊ ဦးသိန်းစိန်အစိုးရ) က နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအဖွဲ့အစည်းများ

နှင့် လူမျိုးစုံ မြန်မာပြည်သူများအပေါ် ထို (၂) ချက်အား လုံးဝမပေးဘဲ နည်းသဏ္ဍာန်မျိုးစုံဖြင့် ကန့်သတ်ပိတ်ပင်ထားခဲ့ခြင်းကြောင့် ဖြစ်သည်။ ထို (၂) ချက်ကို ပိတ်ဆို့ကာဆီးထားသမျှ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး ဆိုသည်တို့ကို စိတ်ကူးယဉ်၍ ရနိုင်မည်မဟုတ်ပါ။

နဝတ-နအဖ စစ်အစိုးရများလက်ထက်တွင် အပစ်အခတ်ရပ်စဲမှုများ ဖြစ်ပေါ်လာခဲ့သည်။ အပစ်အခတ်ရပ်စဲခြင်းသည် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းအရ ဖြေရှင်းနိုင်ရန် ပထမဆုံး မဖြစ်မနေ လှမ်းရမည့် ခြေလှမ်းအဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်။ အပစ်ရပ်ပြီးသည်နှင့် နိုင်ငံရေးအရ တန်းတူရည်တူ ပြောကြရ၊ ဖြေရှင်းကြရမည်မှာ သဘာဝဖြစ်သည်။ သို့သော် အပစ်ရပ်ခြင်းအပေါ် သဘောထားမမှန်ကန်သော စစ်အစိုးရက ထိုဒုတိယအဆင့်ကို လုံးဝ မဆောင်ရွက်ခဲ့ပါ၊ နယ်ခြားစောင့်တပ် အသွင်ပြောင်းရေး၊ ဌာနေပြည်သူ့စစ် အသွင်ပြောင်းရေး စသည်တို့ကိုသာ ဖိအားအမျိုးမျိုးပေး၍ တောင်းဆိုနေခဲ့ပါသည်။ အင်အားနည်းသော အဖွဲ့အစည်းများ ဆိုလျှင် အတင်းအကြပ် ဖိအားပေးပြီး လက်နက်ပင် ချခိုင်းခဲ့ပါသည်။

ဤသို့သော မပြေမလည် အခြေအနေများအောက်ကပင် စစ်အစိုးရက ရွေးကောက်ပွဲတခု ပြုလုပ်ခဲ့သည်။ ရွေးကောက်ပွဲအပြီး ဦးသိန်းစိန် ဦးဆောင်သည့် အရပ်သားအသွင်ဆောင် အစိုးရတရပ်ကို ဖွဲ့စည်းပေးခဲ့သည်။

ယခု ဦးသိန်းစိန်အစိုးရ ကိုင်စွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) တွင်လည်း ထိုအခွင့်အရေး (၂) ချက်ကို အာမခံထားနိုင်ခြင်း လုံးဝ မတွေ့ရပါ။ လူမျိုးစုံ မြန်မာပြည်သူများအဖို့ ဒီမိုကရေစီ ဆိတ်သုဉ်းမြဲ ဆိတ်သုဉ်းနေပြီး အမျိုးသားတန်းတူခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များလည်း ဆုံးရှုံးမြဲ ဆုံးရှုံးလျက်ပင် ရှိနေပါသည်။

ဤအခြေအနေများကို မှန်ကန်စွာ မဖြေရှင်းဘဲ ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည် မဟုတ်သလို အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များကိုလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်မည် မဟုတ်ပါ။

လက်နက်ကိုင် တိုင်းရင်းသား တော်လှန်ရေးအင်အားစုများကို ၎င်းတို့၏ဆန္ဒ မပါဘဲ အသွင်ပြောင်းပစ်ရန်၊ လက်နက်ဖြုတ်ပစ်ရန်၊ လက်နက်ချခိုင်းရန် ကြံစည်အားထုတ်မှု၊ ခြိမ်းခြောက်အကြပ်ကိုင်မှုများနှင့် ယနေ့ ဦးသိန်းစိန်အစိုးရမှ ဆောင်ရွက်နေသကဲ့သို့ အင်အားသုံး ထိုးစစ်ဆင်တိုက်ခိုက်နေမှုများသည် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးတို့နှင့် ပိုမိုဝေးကွာသွားစေပြီး ပြဿနာများကိုသာ ပိုမိုကြီးထွားသွားစေနိုင်လိမ့်မည်ဖြစ်ပါသည်။ ■

## အခန်း (၁)

# နောက်ခံသမိုင်း

၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့တွင် မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိခဲ့ပါသည်။ အာဏာရ ဖဆပလအစိုးရက ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ ပြဿနာများကို နိုင်ငံရေးနည်းအရ ဖြေရှင်းရန် မကြိုးစားဘဲ၊ လက်နက်နှင့် အကြမ်းဖက် ဖြေရှင်းခဲ့ခြင်းကြောင့် လွတ်လပ်ရေးရပြီး မကြာခင်မှာပင် ပြည်တွင်းစစ်ကြီးစတင် ဖြစ်ပွါးခဲ့ရသည်။ ထိုပြည်တွင်းစစ်ကြောင့် တိုင်းရင်းသား ပြည်သူများသည် ဆင်းရဲတွင်းနက်ပြီး တိုင်းပြည်သည်လည်း အဆင်းရဲဆုံးနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် မျက်နှာမလှ ဖြစ်နေရသည်။

၁၉၆၂ ခုနှစ် မတ်လ (၂) ရက်နေ့တွင် ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်လျက် တော်လှန်ရေးကောင်စီ အမည်ခံကာ စစ်တပ်မှ အာဏာသိမ်းခဲ့သည်။ ဗိုလ်ချုပ်ကြီးနေဝင်း စစ်အစိုးရမှ ၁၉၆၃ ခုနှစ်တွင် ပြည်တွင်းငြိမ်းချမ်းရေးများကို ခေါ်ဆိုခဲ့သော်လည်း အတုအယောင် ဖြစ်သည့်အတွက် ငြိမ်းချမ်းရေး မရရှိဘဲ၊ လက်နက်ကိုင် ပုန်ကန်ထကြွမှုများမှာ ပိုမိုပြင်းထန် ရှည်ကြာလာခဲ့ရသည်။ တိုင်းရင်းသားလူမျိုးစုဒေသများတွင် တိုင်းရင်းသား ပြည်သူများနှင့် လူမျိုးစု လက်နက်ကိုင် အင်အားစုများအပေါ်တွင် စစ်တပ်၏ ဖိနှိပ်ချေမှုန်းမှု၊ လူ့အခွင့်အရေး ချိုးဖေါက်မှုများမှာ ပိုမိုပြင်းထန်လာခဲ့သည်။

ပြည်တွင်းစစ်ဒဏ်ကို တနိုင်ငံလုံး ခါးစည်းခံနေကြရသည်။ ထို့အပြင် အာဏာသိမ်း စစ်ခေါင်းဆောင်များ၏ ပြည်သူ့ဘဏ္ဍာများကို မတရား ဖိနှိပ်ရယူခဲ့ကြသောကြောင့် တိုင်းပြည်သည် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံအဖြစ် ရောက်ရှိသွားခဲ့ရသည်။ ထိုသို့ စီးပွားရေး၊ နိုင်ငံရေး၊ လူ့အခွင့်အရေး၊ တိုင်းရင်းသားအခွင့်အရေးများ ထိခိုက်ဆုံးရှုံးနေမှုများကြောင့် ၁၉၈၈ ခုနှစ် ဩဂုတ်လတွင် တနိုင်ငံလုံး လူမျိုးပေါင်းစုံပြည်သူများ ပါဝင်သည့် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီး ပေါ်ပေါက်လာခဲ့ရသည်။

၁၉၈၈ ခုနှစ် စက်တင်ဘာလ (၁၈) ရက်နေ့တွင် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးအား စစ်တပ်မှ အကြမ်းဖက်နှိမ်နင်းပြီး ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင်အား ခေါင်းဆောင်စေပြီး၊ အာဏာသိမ်းသည့်နည်းဖြင့် စစ်အာဏာရှင်စနစ်ကို ဆက်လက် ထူထောင်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) ကို ဖွဲ့စည်းကာ၊ တိုင်းပြည်အား စစ်အုပ်ချုပ်ရေး ပြဋ္ဌာန်းပြီး အုပ်ချုပ်ခဲ့သည်။ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကို ကျင်းပပေးမည်၊ ရွေးကောက်ပွဲပြီးပါက စစ်တန်းလျားပြန်မည်၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်တွေကိုသာ ဆက်လက်ဆောင်ရွက်သွားမည် စသဖြင့် ကတိကဝတ်များကို ကမ္ဘာသိ ပေးခဲ့သည်။ တဖက်က ထိုကဲ့သို့ ကတိတွေ အမျိုးမျိုးပေးပြီး တဖက်မှာလည်း အမိန့်ကြေညာချက်ပေါင်းများစွာ ထုတ်ပြန်ကာ ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူများကို

ဥပဒေမဲ့စွာ ဖမ်းဆီး ထောင်ချပစ်ခဲ့သည်။ လူ့အခွင့်အရေး ချိုးဖေါက်မှုများကို တပြည်လုံး ဖြောင်ကျကျ ကျူးလွန်ခဲ့သည်။

ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီး၏ ရလဒ်အဖြစ် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်ပါဝင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (National League for Democracy) အပါအဝင် နိုင်ငံရေးပါတီပေါင်း (၂၃၅) ပါတီ ပေါ်ပေါက်လာသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) သည် လူထုထောက်ခံမှုနှင့် အင်အားအကောင်းဆုံး နိုင်ငံရေးပါတီတရပ်အနေဖြင့် အင်အားကြီးထွားလာသည်။ စစ်အာဏာရှင်စနစ်ကို အဓိက အံတုရင်ဆိုင်မည့် နိုင်ငံရေးပါတီ တရပ်အဖြစ် ပေါ်ထွက်လာခဲ့သည်။ တခြား ဒီမိုကရေစီပါတီများကလည်း မပြီးဆုံးသေးသော စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး တိုက်ပွဲတွင် (NLD) ကို တပ်ဦးပါတီအဖြစ် ထားပြီး ဝိုင်းရံလာကြသည်။ မြေပေါ် တရားဝင်နိုင်ငံရေးပါတီများ အင်အားကောင်းလာသည်။ ရှစ်လေးလုံး ဒီမိုကရေစီလူထုတိုက်ပွဲ အရှိန်ကြောင့် လူထု၏ နိုင်ငံရေးရေချိန်လည်း မြင့်မားအားကောင်းလာသည်။

ထိုအခြေအနေသည် နဝတစစ်အုပ်စုအတွက် မြေပေါ် တရားဝင်နိုင်ငံရေးပါတီများ၏ နိုင်ငံရေးတိုက်ပွဲစစ်မျက်နှာနှင့် ဗမာပြည်ကွန်မြူနစ်ပါတီ ကဲ့သို့သော လက်နက်ကိုင် တော်လှန်ရေးတပ်များ၊ တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အင်အားစုများ၏ စစ်ရေးတိုက်ပွဲ စစ်မျက်နှာဟူ၍ စစ်မျက်နှာနှစ်ရပ်ကို တပြိုင်နက်တည်း ရင်ဆိုင်နေရသည့် အခြေအနေဖြစ်သည်။ ယခင် ဦးနေဝင်း၏ မဆလ တပါတီစစ်အာဏာရှင်ခေတ်နှင့် မတူသော အခြေအနေသစ်တခု ဖြစ်သည်။

ထိုသို့ တပြိုင်နက် စစ်မျက်နှာနှစ်ဘက် ဖွင့်တိုက်ရခြင်းကြောင့် ၎င်းတို့အနေဖြင့် အကြပ်အတည်းပေါင်းများစွာ ရှိသည့်အတွက် စစ်မျက်နှာတဘက်ကို ယာယီရပ်ထားရန် စစ်အစိုးရဘက်မှ ပြင်ဆင်လာသည်။ ရှစ်လေးလုံး လူထုဒီမိုကရေစီ အရေးတော်ပုံကြီးကြောင့် ဖြစ်ပေါ်လာသော ပြည်တွင်း နိုင်ငံရေးတိုက်ပွဲစစ်မျက်နှာကို ပိုင်ပိုင်နိုင်နိုင် ထိန်းချုပ်ရန်၊ (အထူးသဖြင့် NLD ခေါင်းဆောင်သည့် လူထုလှုပ်ရှားမှုများကို ထိန်းချုပ်ရန်) အကောင်အထည်ဖော်ခဲ့သည်။ ထို့ကြောင့် လက်နက်ကိုင် တိုင်းရင်းသားအင်အားစုများကို ယာယီ အပစ်အခတ် ရပ်စဲထားရန် စစ်ထောက်လှမ်းရေးအကြီးအကဲ၊ နဝတ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့်၏ စစ်ထောက်လှမ်းရေးမှ နည်းနာပေါင်းစုံသုံးကာ ဆောင်ရွက်လာတော့သည်။

ထိုအချိန်က တော်လှန်ရေးအင်အားစုများထဲတွင် အင်အားအကြီးဆုံးဖြစ်ခဲ့သည့် ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) အတွင်း အကွဲအပြဲများ ဖြစ်ပေါ်ချိန်နှင့် နဝတ စစ်အုပ်စု၏ စစ်မျက်နှာတဘက် ယာယီရပ်ဆိုင်းရေး လိုအပ်ချက်တို့ အချိန်ကိုက်ဖြစ်သွားခဲ့သည်။ ဤတွင် မြန်မာ့နိုင်ငံရေးတွင် အပစ်ရပ် နိုင်ငံရေးအင်အားစုတခု ပေါ်ထွက်လာသည်။ စစ်အစိုးရနှင့် ယာယီ အပစ်ရပ်စဲကာ ငြိမ်းချမ်းရေးအဖွဲ့များ ပေါ်ပေါက်လာခဲ့သည်။ ၁၉၈၉ ခုနှစ် မတ်လတွင် ဗမာပြည်ကွန်မြူနစ်ပါတီတွင်းမှ ကိုးကန့်လူမျိုးစုတပ်ဖွဲ့များ စတင်ခွဲထွက်ခဲ့သည်။ ထို့နောက် ဆက်တိုက်ဆိုသလို 'ဝ'လူမျိုးစုများက ခွဲထွက်သွားခဲ့သည်။ ထိုခွဲထွက်မှုကို အခွင့်ကောင်းယူ၍ နဝတ စစ်အုပ်စုက ခွဲထွက်သွားသောအဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး ပြုလုပ်လိုက်သည်။

၁၉၈၀ ခုနှစ် ဗကပနှင့် မဆလ ပါတီတို့ တရုတ်ပြည်တွင် ဆွေးနွေးစဉ် ဗကပက အချက် (၃) ချက် တင်ပြတောင်းဆိုခဲ့သည်။ ထိုတောင်းဆိုချက် (၃) ချက်မှာ

(၁) တပ်တည်ရှိခွင့်

(၂) အဖွဲ့အစည်းတည်ရှိခွင့်

(၃) နယ်မြေအသိအမှတ်ပြုမှုတို့ ဖြစ်ပါသည်။

သို့သော် မဆလ အစိုးရက လက်မခံသဖြင့် ဆွေးနွေးပွဲ ပျက်ပြားသွားခဲ့ရသည်။

နောင် (၉) နှစ်အကြာ ၁၉၈၉ ခုနှစ်တွင် ပြည်တွင်း၌ အကြပ်အတည်းနှင့်ရင်ဆိုင်နေရသော န၀တ စစ်အုပ်စုသည် အဆိုပါ (၃) ချက်ကို အသိအမှတ်ပြုလျက် တိုင်းရင်းသားအင်အားစုများနှင့်အပစ်အခတ် ရပ်စဲရေးများ စတင်ပြုလုပ်ခဲ့သည်။ လက်နက်ကိုင် တော်လှန်ရေးအင်အားစုများထဲတွင် ဗကပပြီးလျှင် အင်အားအကြီးဆုံးဖြစ်သော (KNU) ကရင်အမျိုးသားအစည်းအရုံးတွင်လည်း ဗုဒ္ဓဘာသာကရင်များက ခွဲထွက်ကာ (DKBA) အဖွဲ့အနေဖြင့် စစ်အစိုးရနှင့် ငြိမ်းချမ်းရေး ယူသွားကြသည်။ ကရင်အမျိုးသားအစည်းအရုံးမှာ အင်အား လျော့ကျသွားခဲ့ရသည်။ အချို့သော တိုင်းရင်းသား ခွဲထွက်အဖွဲ့ငယ်များဆိုလျှင် လုံး၀ လက်နက်ချလိုက်ရသည်များပင် ရှိခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အပစ်အခတ်ရပ်စဲရေး လုပ်ရခြင်းသည် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် ပထမခြေလှမ်းအဖြစ် စတင်လိုက်ခြင်းဖြစ်သည်။

သို့သော် စစ်အစိုးရဘက်မှ သဘောထားမှာ သူ၏ လတ်တလော နိုင်ငံရေးအကြပ်အတည်းများမှ ယာယီ ထွက်ပေါက်တခုအနေဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်။ စစ်အစိုးရ၏ အပစ်အခတ်ရပ်စဲရေး ရည်ရွယ်ချက်မှာ ရင်ဆိုင်စစ်မျက်နှာ လျှော့ချနိုင်ရေးနှင့် လက်နက်ကိုင်အဖွဲ့များအတွင်း အချင်းချင်း စိတ်ဝမ်းကွဲပြီး ပြိုကွဲသွားရေး မဟာဗျူဟာရည်မှန်းချက်၏ အစိတ်အပိုင်းတခုအနေဖြင့် လုပ်ဆောင်ရန် ဖြစ်သည်။

နောက်ပိုင်းတွင် မူလအပစ်ရပ်စဉ်က သဘောတူညီမှုတွင် မပါ၀င်သော BGF (Border Guard Force) (ခေါ်) နယ်ခြားစောင့်တပ် ပြောင်းလဲဖွဲ့စည်းရေး၊ ဌာနေပြည်သူ့စစ် HGF (Home Guard Force) အသွင်ပြောင်းရေး ဆိုသော ပုံစံဖြင့် အပစ်ရပ်အဖွဲ့များအား ဖိအားပေးလာသည်။

ဥစ္စာခနပိုင်ဆိုင်မှုများနှင့် ကိုယ်ကျိုးစီးပွားတို့တွင် သာယာသွားကြသော အဖွဲ့များနှင့် အင်အားသေးငယ်သော အဖွဲ့အချို့သည် နောက်ဆုံးတွင် နအဖစစ်အုပ်စု၏ (BGF/ HGF) အစီအမံကို နာခံသွားခဲ့ကြသည်။ နာခံသွားသော အဖွဲ့များသည် နအဖ စစ်အုပ်စု၏ ညွှန်ကြားချက်ကို လိုက်နာရန်မှတပါး အခြားရွေးချယ်စရာမရှိ ဖြစ်ကြရသည်။

သို့သော်လည်း နိုင်ငံရေးရပ်တည်ချက်နှင့် တပ်အင်အားအရှိန်အ၀ါ တစုံတရာရှိသော အဖွဲ့များက ထိုကိစ္စကို လက်မခံ ငြင်းဆန်ခဲ့ကြပြီး ၎င်းတို့၏ သဘောထားများကို ကြောင်းကျိုးရှိရှိ ပြန်လည်တင်ပြခဲ့ကြသည်။ စစ်အစိုးရဘက်က ထိုတင်ပြချက်များအားလုံးကို လုံး၀ ပစ်ပယ်ပြီး၊ ဖိအားအမျိုးမျိုးပေးကာ ၎င်းတို့၏ အစီအမံကို အတင်းအကြပ် လိုက်နာခိုင်းခဲ့သည်။ ငြင်းဆန်နေသောအဖွဲ့များကို အောက်လမ်းနည်းများသုံးကာ ဖိအားပေးသည်။ ၂၇-၈-၀၉ ရက်နေ့တွင် နအဖ စစ်အုပ်စုသည် အပစ်အခတ် ရပ်စဲရေးကို လက်မခံသော ကိုးကန့်အဖွဲ့ (MNDAA) အား အဖွဲ့တွင်းရှိ ပဋိပက္ခကို အခွင့်ကောင်းယူ၍ စစ်အင်အားသုံးပြီး စတင်တိုက်ခိုက်ခဲ့သည်။ (MNDAA) အဖွဲ့ဥက္ကဋ္ဌ ဖုန်ကြားရှင်ကို ဖယ်ရှားပြီး စစ်အစိုးရကို နာခံသော ပယ်စောက်ချိန်ကို ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့သည်။

ထို့အပြင် နယ်ခြားစောင့်တပ် ပြောင်းလဲဖွဲ့စည်းရေးကို ငြင်းဆန်နေသော မိုင်းလားအဖွဲ့(ခေါ်) အမျိုးသားဒီမိုကရေစီသွေးစည်းညီညွတ်ရေးတပ်မတော် (NDAA) တပ်ဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးမင်းအိမ် သည်လည်း ၂၀၁၀ ခုနှစ် ဇန်နဝါရီလ (၂၇) ရက်၊ မနက်ပိုင်းတွင် အမည်မသိ သေနတ်သမားများ၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ (BGF) လက်မခံသော အဖွဲ့များနှင့် နအဖစစ်အုပ်စုတို့အကြား တင်းမာမှုသည်လည်း တနေ့တခြား တိုးပွားလာခဲ့သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အသက်သွင်းရန်အတွက် ပြုလုပ်သည့် ရွေးကောက်ပွဲမတိုင်ခင်တွင် အပစ်ရပ် အင်အားစုများ အားလုံးကို (BGF/ HGF) များအဖြစ် အသွင်ပြောင်းပြီးဖြစ်စေရန် နအဖ စစ်အစိုးရဘက်မှ အပြင်းအထန် ကြိုးပမ်းခဲ့သော်လည်း နိုင်ငံရေးရပ်တည်ချက် ခိုင်မာသော အပစ်ရပ် အဖွဲ့အစည်းများက အသွင်မပြောင်းဘဲ တောင့်ခံခဲ့ကြသည်။



**(DKBA) တပ်မဟာ ၅ တပ်မဟာမှူး ဗိုလ်မှူးချုပ် စောလားဗွယ်**

ရွေးကောက်ပွဲ ကျင်းပသော (၇-၁၁-၁၀) ရက်နေ့တွင် (DKBA) အဖွဲ့မှ နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကို လက်မခံသည့် ဗိုလ်မှူးချုပ် စောလားဗွယ် (ခေါ်) ဗိုလ်နှုတ်ခမ်းမွှေး၏ တပ်ဖွဲ့ဝင်များနှင့် စစ်အစိုးရတပ်များကြား ထိပ်တိုက်ရင်ဆိုင်မှုများ စတင်ဖြစ်ပွါးခဲ့သည်။ (၈-၁၁-၁၀) ရက်နေ့တွင် ကရင်ပြည်နယ် မြဝတီမြို့တွင်း၌ တဖက်နှင့် တဖက် အပြန်အလှန် ပစ်ခတ်ကြသည်ထိ ဖြစ်လာတော့သည်။ နအဖ၏ ၂၀၁၀ ရွေးကောက်ပွဲနှင့်အတူ ပြန်လည်ပေါ်ထွက်လာသော သေနတ်သံများပင် ဖြစ်ပါသည်။ နယ်ခြားစောင့်တပ်အစီအမံအပါအဝင် စစ်အစိုးရ၏ တဖက်သတ် ဆောက်ရွက်နေမှုများကို လက်မခံနိုင်ကြသော အပစ်ရပ်အဖွဲ့များအားလုံးအတွက်လည်း တပ်လှန့်သံ ဖြစ်သွားစေခဲ့ပါသည်။ ■

## အခန်း (၂)

# အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ

(နဝတ-နအဖ) စစ်အုပ်စုက လက်နက်ကိုင်တိုက်ခိုက်နေသော တိုင်းရင်းသားအင်အားစု (၁၇) ဖွဲ့နှင့် ငြိမ်းချမ်းရေး ရယူထားသည်ဟု ၎င်းတို့၏ မီဒီယာများမှနေ၍ ကြေညာခဲ့သည်။ ထိုအပစ်ရပ်အဖွဲ့များကို လက်နက်နှင့် ငြိမ်းချမ်းရေးလဲ၍ ဥပဒေဘောင်အတွင်း ဝင်ရောက်ခြင်းဖြစ်သည်ဟု စစ်အုပ်စုက ဝါဒဖြန့်ချိသည်။ အပစ်ရပ်ခြင်းအကျိုးဆက်အနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများအား အဖွဲ့အစည်း တည်ရှိခွင့်၊ တပ်တည်ရှိခွင့်နှင့် ဒေသတည်ရှိခွင့်တို့ကို ခွင့်ပြုခဲ့သည်။ ဒေသဖွံ့ဖြိုးရေးဟုဆိုကာ စစ်အစိုးရနှင့် ပူးပေါင်းလုပ်ဆောင်ရန် သဘောတူကြသည်။ စစ်အစိုးရဘက်မှ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အကူအညီတချို့ ပေးသည်။ စီးပွားရေး လုပ်ငန်း လုပ်ပိုင်ခွင့်အချို့ကို ချပေးခဲ့သည်။ အထူးအခွင့်အရေးများ ပေးခဲ့သည်။ သစ်လုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေး ကဲ့သို့သော အစစ်အဆေး တင်းကြပ်သည့် လုပ်ငန်းများတွင် အထူးဒေသအဖွဲ့များဟု နာမည်ခံလိုက်ရုံဖြင့် ကင်းလွတ်ခွင့်များ ရရှိခဲ့သည်။

စစ်အုပ်စုသည် ၎င်းတို့၏ နိုင်ငံရေးမဟာဗျူဟာ လိုအပ်ချက်အပေါ်တွင် နည်းပရိယာယ်အရ ယာယီ အပစ်အခတ်ရပ်စဲထားခြင်းသာဖြစ်သည်။ ပြဿနာ၏ အရင်းအမြစ်ဖြစ်သော အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ နိုင်ငံရေးကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ခြင်း လုံးဝမရှိခဲ့ပါ။ တိုင်းရင်းသားတို့၏ နိုင်ငံရေးဆိုင်ရာ ကိစ္စများကို အမျိုးသားညီလာခံအတွင်းနှင့် နောင်တက်လာမည့် အစိုးရနှင့် ဆက်ဆွေးနွေးရန် ဟူ၍သာ ပြောဆိုနေခဲ့သည်။ (KIA/ KIO) အဖွဲ့မှလွဲ၍ ကျန်အပစ်ရပ်အဖွဲ့အားလုံးနှင့် မည်သည့်သဘောတူချက် စာချုပ်စာတမ်း ကိုမျှ လက်မှတ်ရေးထိုးခြင်းမရှိခဲ့ပါ။ တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများနှင့် အပစ်အခတ်ရပ်စဲရေးကို နိုင်ငံရေးအရ ဝါဒဖြန့်ချိမှုကောင်းရန်အတွက်သာ ပြုလုပ်ထားခြင်းဖြစ်သည်။ စစ်မှန်သော ပြည်တွင်းငြိမ်းချမ်းရေးကို ဦးတည်လုပ်ဆောင်ခဲ့ခြင်း မရှိပါ။

အပစ်အခတ်ရပ်စဲရေးဆောင်ရွက်နိုင်ခဲ့ကြောင်း နိုင်ငံရေးအရ ဝါဒဖြန့်ရုံသက်သက်သာ ဆောင်ရွက်ခဲ့သည်မှာ ထင်ရှားသည်။ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) နှင့် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ပြီးနောက် (၃) လအကြာတွင် အပစ်အခတ်ရပ်စဲမှု ပျက်ပြယ်သွားခဲ့ပြီဖြစ်သော်လည်း ယနေ့အထိ အပစ်ရပ်အဖွဲ့ (၁၇) ဖွဲ့စာရင်းတွင် ထည့်သွင်းထားဆဲဖြစ်သည်။

အပစ်အခတ် ရပ်စဲထားသော အဖွဲ့များအပေါ် ထားရှိသော (နဝတ-နအဖ)စစ်အုပ်စု၏ သဘောထားသည် တမျိုးတည်းမဟုတ်။ ခွဲခြားထားသည်ကို တွေ့ရသည်။ ထိုသို့ ခွဲခြားမှုကို လေ့လာကြည့်လျှင် အောက်ပါအတိုင်း အုပ်စု (၃) စု တွေ့ရသည်။

(၁) မတရားအသင်းအဖြစ်မှ ပယ်ဖျက်ပေးသော အဖွဲ့များ (၈) ဖွဲ့ - (၁၉၈၉ မှ ၁၉၉၁ အထိ)
(၂) မတရားအသင်းအဖြစ်မှ ပယ်ဖျက်ပေးခြင်းမခံရသော အဖွဲ့များ (၇) ဖွဲ့ - (၁၉၉၂ မှ ၁၉၉၅ အထိ)
(၃) လက်နက်ချခဲ့ရသော အဖွဲ့အစည်းများ (၂)ဖွဲ့ - (၁၉၉၆ မှ ၁၉၉၇ အထိ)

အပစ်ရပ်အဖွဲ့များအပေါ် ထားရှိသော စစ်အုပ်စု၏ သဘောထားသည် ၎င်းတို့ရင်ဆိုင်တွေ့ကြုံနေရသည့် နိုင်ငံရေးအကြပ်အတည်းအပေါ်တွင် အမှီပြုနေသည်ကို တွေ့ရှိရသည်။

***ပထမအစု (၁၉၈၉ မှ ၁၉၉၁)*** နှင့် အပစ်အခတ်ရပ်စဲရေး လုပ်ဆောင်ချိန်သည် မြန်မာပြည်တွင်း နိုင်ငံရေးလှုပ်ရှားမှုများ ပြင်းထန် နေချိန်ဖြစ်သည်။ ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီး၏ အရှိန်ရှိနေသော ကာလဖြစ်သည်။ ရွေးကောက်ပွဲတခုကို ကျင်းပပေးခဲ့ရပြီး ထိုရွေးကောက်ပွဲတွင် အနိုင်ရလာသည့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အား အာဏာလွှဲပြောင်းမပေးရရေးအတွက် စစ်အုပ်စုမှာ အပြင်းအထန် ရုန်းကန်နေရချိန် ဖြစ်သည်။

***ဒုတိယအစု (၁၉၉၂ မှ ၁၉၉၅)*** နှင့် အပစ်အခတ် ရပ်စဲချိန်မှာမူ ပြည်တွင်း နိုင်ငံရေးလှုပ်ရှားမှုကို အပြင်းအထန် နှိမ်နင်းထားသည်။ ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရပါတီဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုလည်း အာဏာလွှဲပြောင်းပေးခြင်း မရှိသည့်အပြင် စစ်အုပ်စု၏ အတုအယောင် အမျိုးသားညီလာခံကို ပြည်တွင်းနှင့် နိုင်ငံတကာက လက်ခံအသိအမှတ်ပြုလာရန် ကြိုးပမ်းနေရချိန်ဖြစ်သည်။

***တတိယအစု (၁၉၉၆ မှ ၁၉၉၇)*** နှင့် အပစ်အခတ်ရပ်စဲရေး လုပ်ဆောင်ချိန်သည် စစ်အုပ်စုအနေဖြင့် မြန်မာနိုင်ငံအခြေအနေကို ပိုင်ပိုင်နိုင်နိုင် ထိန်းချုပ်ထားနိုင်ဟန်ဖြင့် Visit Myanmar Year 96 သတ်မှတ်ကာ နိုင်ငံရေး ဟန်ရေးပြနေချိန်ဖြစ်သည်။

(နဝတ-နအဖ) စစ်အုပ်စုနှင့် အပစ်အခတ်ရပ်စဲရန် သဘောတူညီမှုရခဲ့သော တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အဖွဲ့ (၁၇) ဖွဲ့အား လေ့လာကြည့်မည်ဆိုလျှင် . . .

## (၁) MNDAA (မြန်မာပြည် အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေးတပ်မတော်)

### ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ – ၁

ယခင် ဗကပတွင် ပါဝင်သော ကိုးကန့်တိုင်းရင်းသား တပ်ဖွဲ့ဖြစ်သည်။ တပ်ဖွဲ့ခေါင်းဆောင်များမှာ ဖုန်ကြားရှင် (Pheung Kya-shin) နှင့် ဖုန်ကြာဖူး (Pheung Kya-fu) ညီအစ်ကိုနှစ်ယောက် ဖြစ်သည်။ (၁၃-၃-၁၉၈၉) နေ့တွင် ဗကပမှ ခွဲထွက်ကာ (၂၁-၅-၁၉၈၉) နေ့တွင် စစ်အစိုးရနှင့် အပစ်ရပ်သဘောတူညီမှု ရယူခဲ့သည်။ ထိုသို့ အပစ်အခတ် ရပ်စဲရန်အတွက် ဘိန်းဘုရင်ဟောင်း လော်စစ်ဟန်က ကြားဝင်စေ့စပ်ပေးခဲ့သည်။ တိုင်းရင်း သား လက်နက်ကိုင်အဖွဲ့များထဲတွင် ပထမဆုံး အပစ်အခတ်ရပ်စဲရန် သဘောတူခဲ့သော အဖွဲ့ဖြစ်သည်။ ရှမ်းပြည်မြောက်ပိုင်း လောက်ကိုင်မြို့တွင် အခြေစိုက်သည်။ နဝတလက်ထက် အဦးဆုံး ပူးပေါင်းသူဖြစ်၍ အထူး အရေးပေးခြင်းကို ခံရသည်။ သို့သော် နောက်ပိုင်းတွင် စစ်အုပ်စု၏ နယ်ခြားစောင့်တပ် ပြောင်းလဲရေး စီမံချက်တွင် အဆင်မပြေဖြစ်ကာ (၂၇-၈-၂၀၀၉) နေ့တွင် မူးယစ်ဆေးဝါးနှင့် လက်နက်စက်ရုံကိစ္စကို စွပ်စွဲ အကြောင်းပြု၍ စစ်အစိုးရမှ လောက်ကိုင်မြို့အား စစ်အင်အား အလုံးအရင်းနှင့် ဝင်ရောက်စီးနင်းတိုက်ခိုက်ပြီး ဖုန်ညီအစ်ကိုတို့အား ဖယ်ရှားကာ စစ်အုပ်စုက ၎င်းတို့သြဇာ သက်ရောက်နိုင်သော ပယ်စောက်ချိန်နှင့် (MNDAA) ၏ ခေါင်းဆောင်မှုကို အစားထိုးလိုက်သည်။ ပယ်စောက်ချိန်သည် နအဖ စစ်အုပ်စုက ပြုလုပ်သော နယ်ခြားစောင့်တပ် ဖွဲ့စည်းရေး

အစီအစဉ်ကို လက်ခံခဲ့ပြီး (၄-၁၂-၀၉) ရက်နေ့တွင် (MNDAA) ကို နယ်ခြားစောင့်တပ် (၁၀၀၆) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။



**(MNDAA) အပစ်ရပ်စဲခြင်း နှစ် (၂၀) ပြည့် ဂုဏ်ပြုအခမ်းအနား**

## (၂) UWSA ("ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီ)
## ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ - ၂

ယခင် ဗကပ ၏ 'ဝ'လူမျိုးစု လက်နက်ကိုင်တပ်ဖွဲ့ဖြစ်ပြီး ဗကပ၏ အဓိက တိုက်ခိုက်ရေး အင်အားစုဖြစ်သည်။ (၁၇-၄-၁၉၈၉) နေ့တွင် ဗကပမှ ခွဲထွက်ကာ အပစ်အခတ်ရပ်စဲရေးကို သဘောတူခဲ့သည်။ ခေါင်းဆောင်မှာ ပေါက်ယိုချမ်းဖြစ်သည်။ ခွဲထွက်စဉ် မူလအမည်မှာ မြန်မာပြည်အမျိုးသားသွေးစည်းညီညွတ်ရေးပါတီဟု ခေါ်ဆိုပြီး နောင်တွင် 'ဝ'ပြည်သွေးစည်းညီညွတ်ရေးပါတီအဖြစ် အမည်ပြောင်းခဲ့သည်။ (၉-၅-၁၉၈၉) နေ့တွင် နဝတစစ်အုပ်စုက မတရားအသင်းအဖြစ်မှ ပယ်ဖျက်ပေးခဲ့သည်။ တိုက်ရည်ခိုက်ရည် ပြည့်ဝမှုတွင် နာမည်ရသည်။ ယခင် ဗကပမှ လက်နက်အများစုကို ရရှိထားသောကြောင့် တိုင်းရင်းသားလက်နက်ကိုင်တပ်များထဲတွင် တပ်အင်အားနှင့် လက်နက်အင်အား အကောင်းဆုံးတပ်ဖွဲ့ဟု ပြော၍ရသည်။

၁၉၉၀ ခုနှစ် မှစတင်ပြီး ခွန်ဆာထိန်းချုပ်ရာ ရှမ်းပြည်တောင်ပိုင်းသို့ တပ်များစေလွှတ်ပြီး စစ်ဆင်ရေး ဆင်နွှဲခဲ့သည်။ ထို '၉၀၁'စစ်ဆင်ရေးတွင် (နဝတ-နအဖ) တပ်များလည်း ပူးပေါင်းပါဝင်ခဲ့သည်။ (၆) နှစ်ကြာ စစ်ဆင်ရေးအတွင်း (UWSA) ဘက်မှ အင်အား (၃၀၀၀) ခန့် သေကြေဒဏ်ရာရခဲ့သည်။ (နအဖ-နဝတ) စစ်အုပ်စုနှင့် သဘောတူညီချက်အရ ခွန်ဆာ လက်နက်ချပြီးနောက် ၁၉၉၉ ခုနှစ် နိုဝင်ဘာလမှ စတင်ပြီး 'ဝ' တိုင်းရင်းသား (၈၀၀၀၀) ကျော်ကို ရှမ်းပြည်တောင်ပိုင်းသို့ ပြောင်းရွှေ့အခြေစိုက်စေခဲ့သည်။ ယခုအခါ နအဖစစ်အုပ်စုက တောင်ပိုင်းဒေသမှ 'ဝ'တပ်များ ရုပ်သိမ်းရန် ဖိအားပေးနေသော်လည်း (UWSA) ဘက်က လက်မခံ ငြင်းပယ်ထားသည်။



(ဓာ၀၁) စစ်ဆင်ရေးအတွက် ညှိနှိုင်းနေကြသော နဝတ တပ်မှူးများနှင့် 'ဝ' တပ်မှူးများ

## (၃) NDAA-ESS (အမျိုးသား ဒီမိုကရေစီ သွေးစည်းညီညွတ်ရေးတပ်မတော်)
## ရှမ်းပြည်အရှေ့ပိုင်း အထူးဒေသ - ၄

ယခင် ဗကပ ၏ (၈၁၅) စစ်ဒေသ လက်အောက်ခံတပ်များနှင့် ဗကပ တပ်မဟာ (၇၆၈)တို့ ပူးပေါင်းကာ ဗကပမှ တတိယမြောက် ခွဲထွက်သွားသောအဖွဲ့ဖြစ်သည်။ စိုင်းလင်း (ခေါ်) လီမင်းရှင်နှင့် ဦးကြည်မြင့် (ခေါ်) ကျန်ဇီမင်တို့ ခေါင်းဆောင်ပြီး (၁၉-၄-၁၉၈၉) တွင် ဗကပ မှခွဲထွက်၍ နဝတနှင့် အပစ်အခတ်ရပ်စဲရေး ကမ်းလှမ်းခဲ့သည်။ ဘိန်းဘုရင် လော်စစ်ဟန်၏ညီ လော်စစ်မင်းမှတဆင့် နဝတ စစ်အုပ်စု ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးကာ အပစ်အခတ်ရပ်စဲရေး ရယူလိုက်သည်။

(၃၀-၆-၈၉) နေ့တွင် မတရားအသင်းအဖြစ်မှ စစ်အုပ်စုက ပယ်ဖျက်ပေးခဲ့သည်။ မိုင်းလားဒေသတွင် ဌာနချုပ်ရှိသည်။ ရှမ်းနှင့် အခါလူမျိုးစုဒေသ ဖြစ်သည်။ နအဖစစ်အုပ်စု၏ နယ်ခြားစောင့်တပ် ဖွဲ့စည်းရေး အစီအစဉ်ကို လက်မခံ ငြင်းပယ်နေသည်။ (၂၇-၁-၂၀၁၀) ရက်နေ့တွင် (NDAA) ၏ အထွေထွေအတွင်းရေးမှူး ဦးမင်းအိမ်အား မိုင်းလားရှိ ၎င်း၏ နေအိမ်ရှေ့တွင် အမည်မသိ သေနတ်ကိုင်လူတစုက ပစ်ခတ် လုပ်ကြံသတ်ဖြတ်သွားခဲ့သည်။ ဦးမင်းအိမ်သည် နယ်ခြားစောင့်တပ် ဖွဲ့စည်းရေး အစီအစဉ်ကို လက်မခံသူတဦး ဖြစ်သည်။ လုပ်ကြံသတ်ဖြတ်သူကို စစ်အစိုးရမှ ယခုအချိန်အထိ ဖော်ထုတ်ပေးခြင်း မလုပ်ပါ။

## (၄) SSA-N (ရှမ်းပြည်တပ်မတော် - မြောက်ပိုင်း)
## ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ - ၃

ဗိုလ်ချုပ်ဆေထင်နှင့် ကျောက်လွယ်မောင်းတို့ ခေါင်းဆောင်၍ ရှမ်းပြည်တပ်မတော် Shan State Army နှင့် ရှမ်းပြည် တိုးတက်ရေးပါတီ Shan State Progressive Party တို့မှ (၁၂-၉-၁၉၈၉) နေ့တွင် အပစ်အခတ် ရပ်စဲရန် သဘောတူညီမှုယူခဲ့ကြသည်။ နောက်ပိုင်းတွင် (SSA-N) ဟု လူသိများသော အဖွဲ့ဖြစ်သည်။ (၄-၉-

၁၉၈၉) နေ့တွင် (DAB/NDF) တပ်ပေါင်းစုများမှ နှုတ်ထွက်ကြောင်းကြေညာခဲ့သည်။ အပစ်အခတ် ရပ်စဲရာတွင် ယခင် ဘိန်းဘုရင်ဟောင်း လော်စစ်ဟန်က ကြားဝင်စေ့စပ်မှု လုပ်ပေးသည်ဟု သတင်းများ ထွက်ပေါ်ခဲ့သည်။ (၂၄-၉-၁၉၈၉) နေ့တွင် (SSA-N)ကို မတရားအသင်းအဖြစ်မှ ပယ်ဖျက်ပေးခဲ့သည်။ ရှမ်းပြည်မြောက်ပိုင်း သီပေါမြို့နယ်၊ စိန်ကျော့တွင် အခြေစိုက်တည်ရှိနေသည်။ ၂၀၀၅ ခုနှစ်တွင် (SSA-N) ခေါင်းဆောင် ဗိုလ်ချုပ်ဆေထင်ကို ပြည်ထောင်စုပြိုကွဲအောင် ပြုလုပ်သည်ဟု စွပ်စွဲဖမ်းဆီးပြီး ထောင်ဒဏ် (၁၀၆) နှစ် ချမှတ်ကာ ထောင်ထဲထည့်ထားလိုက်သည်။

ရှမ်းပြည်တပ်မတော်-မြောက်ပိုင်း (SSA-N) တွင် တပ်မဟာ (၃) ခုရှိသည်။ ထိုအထဲမှ ဥက္ကဋ္ဌ ကျောက်လွယ်မောင်းနှင့် ဒုဥက္ကဋ္ဌ စဝ်ကိုင်ဖတို့၏ တပ်မဟာ (၃) နှင့် (၇) တို့သည် စစ်အစိုးရ၏ဖိအားနှင့် ပြည်သူ့စစ်ဖွဲ့စည်းရေးကို လက်ခံသွားကြ၍ ဗိုလ်ချုပ်ပန်ဖု၏ တပ်မဟာ(၁) ကမူ ထိုကိစ္စကို သဘောမတူပေ။

၂၀၁၀ ခုနှစ် ဒီဇင်ဘာလတွင် ရှမ်းပြည်တပ်မတော်-မြောက်ပိုင်း (SSA-N) တပ်မဟာ (၁) တွင် ညီလာခံတရပ်ကို ကျင်းပ၍ ၁၉၉၅ ခုနှစ်ကတည်းက လုပ်ငန်းလည်ပတ်မှု ရပ်ဆိုင်းသွားသော ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ ဗိုလ်ချုပ်ပန်ဖုက အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ယူထားသည်။ ထိုညီလာခံတွင် တပ်ဖွဲ့စည်းမှုများ၊ စစ်ဒေသခွဲဝေမှုများကိုလည်း ပြုလုပ်ခဲ့သည်။ ယခုအခါ (SSA-N) ကိုတပ်မဟာ (၅) ခုဖြင့် ပြန်လည်ဖွဲ့စည်းခဲ့သည်။

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် နအဖစစ်အုပ်စုက (SSA-N) ထိန်းချုပ်ထားရာ ဒေသအတွင်းသို့ ကုန်ပစ္စည်းများနှင့် အရပ်သားများအား ဝင်ထွက်သွားလာခွင့်ကို ပိတ်ပင်ထားလိုက်သည်။ ဝမ်ဟိုင်းဌာနချုပ်အနီးတဝိုက်တွင်လည်း စစ်အင်အားများ တိုးချဲ့ချထားလိုက်သည်။ အပစ်အခတ်ရပ်စဲရေးကာလ နောက်ပိုင်း ပထမဆုံး ပိတ်ဆို့မှု ဖြစ်သည်။

## (၅) NDA-K **(ဒီမိုကရေစီသစ်တပ်မတော်–ကချင်)**

### ကချင်ပြည်နယ် အထူးဒေသ – ၁

စခုန်တိန့်ယိန်း ခေါင်းဆောင်ပြီး (KIO) မှခွဲထွက်၍ ဗကပနှင့် (၁၉၆၉) ခုနှစ်တွင် ပူးပေါင်းကာ ဗကပ၏ (၁၀၁) စစ်ဒေသတပ် ဖြစ်လာသည်။ (၁၅-၁၀-၁၉၈၉) တွင် ဗကပ မှခွဲထွက်၍ နဝတနှင့် အပစ်ရပ်ရန် ဆုံးဖြတ်ခဲ့ပြီး ‘ဒီမိုကရေစီသစ်တပ်မတော် (ကချင်)’ (NDA-K) အဖြစ် အမည်ပြောင်းလိုက်သည်။

ကချင်ပြည်နယ်အတွင်းတွင် စစ်အစိုးရနှင့် ပထမဦးဆုံး အပစ်အခတ် ရပ်စဲရေးယူခဲ့သော လက်နက်ကိုင်အဖွဲ့လည်း ဖြစ်သည်။ (၁၅-၁၂-၁၉၈၉) တွင် မတရားအသင်းအဖြစ်မှ နဝတက ပယ်ဖျက်ပေးခဲ့သည်။ ဌာနချုပ်မှာ ပန်ဝါ ဖြစ်သည်။

## (၆) KDA **(ကချင်အမျိုးသားကာကွယ်ရေးတပ်မတော်)**

### ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ – ၅

ရှမ်းပြည်မြောက်ပိုင်းရှိ (KIA) တပ်မဟာ (၄) ဒုတပ်မဟာမှူး မထုနော် ခေါင်းဆောင်၍ ၁၉၉၀ ခုနှစ်တွင် (KIA) မှ ခွဲထွက်ကာ ဖွဲ့စည်းခဲ့သော လက်နက်ကိုင်အဖွဲ့ဖြစ်သည်။ (KIA) မှခွဲထွက်ပြီးနောက် (၁၁-၁-၉၁) ရက်နေ့တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရယူခဲ့သည်။ (၁၁-၁-၁၉၉၁) ရက်နေ့တွင် မတရား

အသင်းအဖြစ်မှ ပယ်ဖျက်ပေးခဲ့သည်။ ကွတ်ခိုင်မြို့နယ်၊ ကောင်ခါဒေသတွင် အခြေစိုက်သည်။ ပြည်သူ့စစ် ဖွဲ့စည်းရန် နအဖနှင့် သဘောတူထားသည်။

## (၇) PNO (ပအိုဝ့်အမျိုးသားအဖွဲ့ချုပ်)

### ရှမ်းပြည်တောင်ပိုင်း အထူးဒေသ - ၆

ယခင် ပအိုဝ့်လက်နက်ကိုင် တော်လှန်ရေးအဖွဲ့ဖြစ်သော (ရလလဖ) မှ အယူအဆရေးရာ ကွဲပြားမှုကြောင့် နှစ်ဖွဲ့ကွဲကာ (၁၉၇၉) ခုနှစ်တွင် ပအိုဝ့်အမျိုးသားအဖွဲ့ချုပ်အဖြစ် ပေါ်ပေါက်လာခဲ့သည်။ ပအိုဝ့်ဖြူအဖွဲ့အဖြစ် လူသိများသည်။ ခေါင်းဆောင်မှာ ဦးအောင်ခမ်းထီ ဖြစ်ပြီး (၂၅-၂-၁၉၉၁) နေ့တွင် နဝတ စစ်အုပ်စုနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးသည်။ (၂၄-၅-၁၉၉၁) နေ့တွင် မတရားအသင်းအဖြစ်မှ ပယ်ဖျက်ပေးခဲ့သည်။ ကျောက်တလုံးရွာတွင် ဌာနချုပ်ဖွင့်ထားသည်။

## (၈) PSLA (ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်မတော်)

### ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ - ၇

၁၉၆၃ ခုနှစ် ဇန်နဝါရီလ (၁၂) ရက်နေ့တွင် ပလောင်အမျိုးသားတပ်ဖွဲ့ Palaung National Force (PNF)ကို စတင် ဖွဲ့စည်းခဲ့သည်။ ၁၉၇၆ တွင် ပလောင်ပြည်နယ် လွတ်မြောက်ရေး တပ်မတော်အဖြစ် ပြောင်းလဲပြင်ဆင် ဖွဲ့စည်းခဲ့သည်။ နမ့်ခမ်း၊ ကွတ်ခိုင်၊ နမ္မတူ၊ ကျောက်မဲ၊ သီပေါ၊ မိုးကုတ်၊ မိုးမိတ်နယ်မြေတို့တွင် လှုပ်ရှားသည်။ (၂-၄-၁၉၉၁) တွင် စစ်အစိုးရနှင့် အပစ်ရပ်စဲရေး စတင်ကမ်းလှမ်းခဲ့သည်။ ခေါင်းဆောင်မှာ တာအိုက်မုန်းဖြစ်သည်။ (၂၄-၄-၁၉၉၁) နေ့တွင် မတရားအသင်းအဖြစ် နဝတမှ ပယ်ဖျက်ပေးခဲ့သည်။ (၂၄-၄-၁၉၉၁) နေ့တွင် (DAB), (NDF) တို့မှ နုတ်ထွက်ခဲ့သည်။ နမ္မတူတွင် ဌာနချုပ် ရုံးစိုက်သည်။ ၂၀၀၅ ခုနှစ် ဧပြီ (၂၉) ရက်နေ့တွင် နအဖထံ လက်နက်အပြီးအပ်လိုက်ရပြီးနောက် ပြည်သူ့စစ်အဖြစ် ပြန်လည်တာဝန်ပေးခဲ့သည်။

## (၉) KNG (ကယန်းအမျိုးသားလုံခြုံရေးတပ်)

### ကယားပြည်နယ် အထူးဒေသ - ၁

၁၉၉၁ ဒီဇင်ဘာလတွင် ကယန်းပြည်သစ်ပါတီ (KNLP) မှခွဲထွက်ကာ (KNG) အမည်ဖြင့် ကယားပြည်နယ် မိုးဗြဲ၊ ဖယ်ခုံဒေသတွင် လှုပ်ရှားသည်။ ဂေဘရယ်ပုံ ဦးဆောင်သည်။ ငြိမ်းချမ်းရေးအကျိုးဆောင် ဦးစံအောင်မှ တဆင့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးပြီး (၂၇-၂-၁၉၉၂) တွင် အပစ်အခတ်ရပ်စဲခဲ့သည်။ ဖယ်ခုံ၊ မိုးဗြဲတွင် ဌာနချုပ်ရုံးစိုက်သည်။ ဂေဘရယ်ပုံမိသားစု လုပ်ကြံခံရပြီးနောက် ယခုအခါ ဦးငွေးကိုမှ ဦးဆောင်နေသည်။

## (၁၀) KIO (ကချင် လွတ်လပ်ရေးအဖွဲ့)

### ကချင်ပြည်နယ် အထူးဒေသ - ၂

ဝန်ကြီးချုပ်ဟောင်း ဦးနု၏ မြန်မာနိုင်ငံကို ဗုဒ္ဓဘာသာနိုင်ငံပြုလုပ်ရေး အစီအစဉ်ကို မကျေနပ်သဖြင့် ဇော်စိုင်း၊ ဇော်တူး၊ ဇော်ဒန် ညီအစ်ကိုများက ဦးဆောင်၍ ကချင်လူငယ်များနှင့် (၅-၂-၁၉၆၁) နေ့တွင် ကချင်လွတ်လပ်ရေးအဖွဲ့ကို ရှမ်းပြည်မြောက်ပိုင်း၌ စတင် တည်ထောင်ဖွဲ့စည်းခဲ့သည်။

လူမျိုးစုလက်နက်ကိုင်များထဲတွင် အင်အားကောင်းသော တော်လှန်ရေးအဖွဲ့တဖွဲ့ ဖြစ်သည်။ လူမျိုးစုလက်နက်ကိုင် မဟာမိတ်အဖွဲ့ဖြစ်သော အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF)တွင် အဖွဲ့ဝင်ဖြစ်သည်။ ၁၉၆၈ ခုနှစ်တွင် ဗကပနှင့် မဟာမိတ်ပြုခဲ့သည်။ ၁၉၉၃ ခုနှစ်မှစတင်ကာ ငြိမ်းချမ်းရေး အကျိုးဆောင်များမှတဆင့် စစ်အုပ်စု ကိုယ်စားလှယ်များနှင့် (၅) ကြိမ်တိုင်တိုင် အပစ်အခတ်ရပ်စဲရေးအတွက် မြစ်ကြီးနားမြို့တွင် တွေ့ဆုံဆွေးနွေးကာ (၂၄-၂-၁၉၉၄) နေ့တွင် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့သည်။ KIO ခေါင်းဆောင် ဘရမ်ဆိုင်း ကွယ်လွန်ပြီးနောက် ဗိုလ်ချုပ်ဇော်မိုင် ခေါင်းဆောင်ဖြစ်လာသည်။ ၂၀၀၁ ခုနှစ်တွင် လမုံတူးဂျာ ခေါင်းဆောင်ဖြစ်လာသည်။ ဌာနချုပ်မှာ လိုင်ဇာတွင်ဖြစ်သည်။ နအဖစစ်အုပ်စုနှင့် စစ်ရေးအရ တင်းမာလာပြီးနောက်တွင် ယခင် ဌာနချုပ်ဟောင်းဖြစ်သော ပါဂျောင်ဒေသသို့ ပြောင်းရွှေ့ထားသည်။

## (၁၁) KNPLF (ကရင်နီပြည် လူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ဦး) (ကလလတ)

### ကယားပြည်နယ် အထူးဒေသ - ၂

နိုင်ငံရေးအယူအဆ သဘောထားကွဲရာမှ ၁၉၇၈ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ဦးသန်းညွှန့်နှင့် ဦးညာမောင်မဲ ခေါင်းဆောင်ကာ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) မှ တပ်အင်အား ၂၀၀ ဖြင့် ခွဲထွက်ခဲ့သည်။ ၁၉၈၀ မေလတွင် (ကလလတ) အဖြစ် ဖွဲ့စည်းသည်။ ထို့နောက် ဗကပထံမှ စစ်သင်တန်းနှင့် လက်နက်ခဲယမ်း အကူအညီ ရယူခဲ့သည်။ ဗကပပြိုကွဲပြီးနောက် ကယန်းပြည်သစ်ပါတီ၊ ရလလဖတို့နှင့် ပူးပေါင်းကာ လူမျိုးပေါင်းစုံ ပြည်သူ့ဒီမိုကရေစီ တပ်ပေါင်းစု (လပဒတ) အမည်ဖြင့် ဆက်လက်လှုပ်ရှားခဲ့သည်။ (၉-၅-၁၉၉၄) တွင် နအဖနှင့် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ခဲ့သည်။ အပစ်ရပ်ကာလ ခေါင်းဆောင်မှာ ဦးစန္ဒာနှင့် ဦးထွန်းကျော်တို့ ဖြစ်သည်။ ဌာနချုပ်မှာ ဟွေဆိုင်း (မယ်စဲ့) တွင် ဖြစ်သည်။

## (၁၂) KNLP (ကယန်းပြည်သစ်ပါတီ)

### ကယားပြည်နယ် အထူးဒေသ - ၃

၁၉၆၄ ခုနှစ်တွင် ဖယ်ခုံမြို့နယ်မှ ရွာလူကြီး ဗိုလ်ပျံက ကယန်းစစ်တပ်ကို စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၇၀ ခုနှစ်များနှောင်းပိုင်းတွင် ငိန်းကယန်းထန် (ခေါ်) ဦးရွှေအေး ခေါင်းဆောင်၍ ကယန်းပြည်သစ်ပါတီကို ဖွဲ့စည်းခဲ့သည်။ ထို့နောက် ဗကပထံမှ လက်နက်နှင့် စစ်သင်တန်းအကူအညီများ ရယူခဲ့သည်။ ငြိမ်းချမ်းရေးအကျိုးဆောင် သိက္ခာရဆရာတော် ဆိုတေးရိုဖားမိုနှင့် ဒုဥက္ကဋ္ဌ ဦးသန်းစိုးနိုင် ဆက်သွယ်မိပြီး (၂၆-၇-၁၉၉၄) ရက်နေ့တွင် အပစ်အခတ် ရပ်စဲခဲ့သည်။ လွိုင်ကော်တွင် ရုံးစိုက်သည်။ ဌာနချုပ်မှာ ပြင်ဆောင်တွင်ရှိသည်။

## (၁၃) SNPLO (ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့) (ရလလဖ)

၁၉၆၈ ခုနှစ်တွင် ပအိုဝ့်လွတ်မြောက်ရေးတပ်ဦး (PLF)သည် တခြားသော လက်နက်ကိုင် လူမျိုးစု အင်အားများကို စုစည်းကာ 'ရှမ်းပြည် လူမျိုးပေါင်းစုံ လွတ်မြောက်ရေးအဖွဲ့' (SNPLO) အဖြစ် ဖွဲ့စည်းခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် အဖွဲ့တွင်း အယူအဆရေးရာကွဲပြားမှု ဖြစ်ပေါ်လာသည်။ ဗကပနှင့် ပူးပေါင်းရေး၊ မပေါင်းရေး ဖြစ်သည်။ ထို့နောက် ဗကပနှင့်ပူးပေါင်းကာ ဦးဆောင်မှုခံယူသော အုပ်စုက (SNPLO) နာမည်ကို ဆက်ခံ၍ ပအိုဝ့်နီဟု လူသိများလာသည်။ ဗကပကို လက်မခံ ဆန့်ကျင်သောအစုက (PNO) နာမည်ခံကာ ပအိုဝ့်ဖြူ ဖြစ်လာသည်။ 'ရလလဖ'ကို ဗိုလ်မှူးတာကလယ် ဦးဆောင်ကာ ဟိုပုန်း၊ ဆီဆိုင်၊ ပင်လောင်း၊ အင်းလေး စသည့် ဒေသများတွင် လှုပ်ရှားသည်။

'ရလလဖ' သည် ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလဆန်းမှစတင်ကာ အပစ်ရပ်ရေးအတွက် စစ်အစိုးရနှင့် အကြိမ်ပေါင်းများစွာ တွေ့ဆုံဆွေးနွေးပြီး၊ လူထုထံမှလည်း နဝတနှင့် အပစ်ရပ်စဲရေးအတွက် ဆန္ဒသဘောထား တောင်းခံမှုလည်း ပြုလုပ်ခဲ့သည်။ (၉-၁၀-၁၉၉၄) ရက်နေ့တွင် နဝတနှင့် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ခဲ့သည်။ နောင်ထောင်တွင် ဌာနချုပ်ရုံးစိုက်သည်။ (၃-၈-၂၀၀၇ ) ရက်နေ့တွင် ရပခ ဒုတိုင်းမှူး ဦးစီးပြီး 'ရလလဖ'ဌာနချုပ် အား တပ်အင်အားအလုံးအရင်းဖြင့် ဝင်ရောက်သိမ်းပိုက်လိုက်သည်။ အများစုမှာ လက်နက်ချ လိုက်ရပြီး အနည်းစု မှာ ဗိုလ်မှူးကြီးခွန်တီးဆောင် ဦးဆောင်၍ လက်နက်ကိုင်တော်လှန်ရေး ပြန်လုပ်ခဲ့ကြသည်။

## (၁၄) KNPP (ကရင်နီအမျိုးသားတိုးတက်ရေးပါတီ)

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ကို ၁၉၄၈ ဩဂုတ်လဆန်းတွင် စတင်ဖွဲ့စည်းခဲ့သော် လည်း ၁၉၅၈ ခုနှစ် ဧပြီလတွင် တရားဝင် နိုင်ငံရေးပါတီအဖြစ် စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၉၃ ခုနှစ် နိုဝင်ဘာလ (၂၁) ရက်နှင့် ဒီဇင်ဘာလ (၂၈) ရက်နေ့များတွင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ဗိုလ်မှူးကြီးသိန်းဆွေနှင့် (KNPP) ဥက္ကဋ္ဌ မန်းအောင်သန်းလေးတို့ ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်မြို့အနီးတွင် တွေ့ဆုံကာ အပစ်အခတ် ရပ်စဲရေးအတွက် ဆွေးနွေးပြောဆိုကြသည်။ ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာ (၁၀) ရက်နှင့် (၁၃) ရက်နေ့တွင် (KNPP) ကိုယ်စားလှယ်အဖွဲ့နှင့် နဝတ ကိုယ်စားလှယ်အဖွဲ့တို့ လွိုင်ကော်မြို့တွင် တွေ့ဆုံခဲ့သည်။ ၁၉၉၅ ခုနှစ်၊ မတ်လ (၆-၇) ရက်နေ့များတွင် ဗိုလ်မှူးချုပ်မောင်ကြည်နှင့် ဒုတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ဝင်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် (KNPP) မှ ဒုတိယဥက္ကဋ္ဌ ခူးထဲဘူးဖဲ၊ အတွင်းရေးမှူး ရီမန်ထူးတို့ ဦးဆောင်သည့် အဖွဲ့တို့ လွိုင်ကော်မြို့တွင် တတိယအကြိမ် တွေ့ဆုံဆွေးနွေးခဲ့သည်။ ၁၉၉၅ ခုနှစ် မတ်လ (၁) ရက်နေ့တွင် နဝတနှင့် အပစ်အခတ် ရပ်စဲခဲ့သည်။ သို့သော် (၃) လ အကြာ ဇွန်လ (၁၅) ရက်နေ့တွင် အဆိုပါ အပစ်အခတ်ရပ်စဲရေး ပျက်ပြားသွားခဲ့သည်။

## (၁၅) NMSP (မွန်ပြည်သစ်ပါတီ)

မွန်ပြည်သူ့တပ်ဦး (MPF) မှခွဲထွက်ကာ နိုင်ရွှေကျင်(ခေါ်) နိုင်ဘလွင် ခေါင်းဆောင်၍ ၁၉၅၈ ဇူလိုင်လ တွင် မွန်ပြည်သစ်ပါတီ (NMSP)နှင့် မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (MNLA) ကို တည်ထောင်ခဲ့သည်။ လူနည်းစု တိုင်းရင်းသားလူမျိုးစုများ၏ အခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် တိုက်ပွဲဝင်ခဲ့သည်။ ၁၉၉၃

ခု စက်တင်ဘာလတွင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ဗိုလ်မှူးကြီး သိန်းဆွေနှင့် (NMSP) စတင်တွေ့ဆုံခဲ့သည်။ အောက်တိုဘာ (၆) ရက်နေ့တွင် နအဖ ထောက်လှမ်းရေးကိုယ်စားလှယ်နှင့် (NMSP) ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံခဲ့သည်။ (NMSP) က တပ်ပေါင်းစုအနေဖြင့် တွေ့ဆုံဆွေးနွေးရန် တောင်းဆိုခဲ့သော်လည်း မြန်မာစစ်သံမှူးနှင့် ထိုင်းနိုင်ငံအတွင်း (၅) ကြိမ်တွေ့ဆုံပြီးနောက် (NMSP) တဖွဲ့တည်းအနေဖြင့်သာ တွေ့ဆုံဆွေးနွေးရန် သဘောတူခဲ့သည်။

နှစ်ဘက်ကိုယ်စားလှယ်များ မော်လမြိုင်မြို့တွင် (၃၁-၁၂-၉၃) မှ (၃-၁-၉၄) ရက်နေ့ထိ ပထမအကြိမ်၊ (၂၀-၃-၉၄) မှ (၂၅-၃-၉၄) ရက်နေ့ထိ ဒုတိယအကြိမ်၊ (၂၈-၆-၉၄) မှ (၁-၇-၉၄) ရက်နေ့ထိ တတိယအကြိမ်နှင့် (၂-၆-၉၅) မှ (၆-၆-၉၅)ရက်နေ့ထိ စတုတ္ထအကြိမ် လေးကြိမ်တိုင် တွေ့ဆုံဆွေးနွေးခဲ့သည်။ (၂၉-၆-၉၅) တွင် အပစ်အခတ် ရပ်စဲခဲ့သည်။ လက်ရှိဥက္ကဋ္ဌမှာ နိုင်ထောမွန်ဖြစ်ပြီး ဌာနချုပ်မှာ ရေးမြို့နယ်၊ ရေးချောင်းဖျားတွင် ဖြစ်သည်။

## (၁၆) MTA (ရှမ်းပြည်တပ်မတော် “Shan Land” Army) (ခွန်ဆာအဖွဲ့)

၁၉၆၅ ခုနှစ်လောက်တွင် ဗိုလ်ချုပ်နေဝင်း ဦးဆောင်သည့် တော်လှန်ရေးကောင်စီအစိုးရ၏ ‘ကာကွယ်ရေးတပ်’အဖြစ် အစိုးရစစ်တပ်နှင့် ပူးတွဲတာဝန်ယူခဲ့သည်။ နောက်ပိုင်းတွင် ဘိန်းမှောင်ခို လက်နက်ကိုင် အဖွဲ့အဖြစ် ထင်ရှားသည်။ (၅-၁-၁၉၉၆) ရက်နေ့တွင် နအဖထံ အကြွင်းမဲ့ လက်နက်ချခဲ့သည်။ သို့သော် အဖွဲ့ အင်အား၏ သုံးပုံ နှစ်ပုံ ခန့်မှာ ယခုတိုင် လက်နက်ကိုင်တိုက်နေသော (SSA-S) (ရှမ်းပြည်တပ်မတော် - တောင်ပိုင်း) သို့ ပူးပေါင်းသွားကြသည်။



**ခွန်ဆာ လက်နက်ချနေစဉ်**

## (၁၇) ဗမာပြည် ကွန်မြူနစ်ပါတီ (ရခိုင်အဖွဲ့)

ဗမာပြည်ကွန်မြူနစ်ပါတီ၏ ရခိုင်ပြည်နယ်ပါတီခွဲ ဖြစ်သည်။ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နယ်စပ်တွင် လှုပ်ရှားခဲ့သည်။ အဖွဲ့ခေါင်းဆောင်မှာ ဦးစောထွန်းဦးဖြစ်ပြီး ၁၉၉၆ ခုနှစ် အောက်တိုဘာ (၂၉) ရက်နေ့တွင် နဝတထောက်လှမ်းရေး ကိုယ်စားလှယ်အဖွဲ့နှင့် မောင်းတောမြို့နယ်၌ ပထမအကြိမ် တွေ့ဆုံဆွေးနွေးခဲ့သည်။ ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီ (၂၇) ရက်နေ့တွင် ဒုတိယအကြိမ် တွေ့ဆုံခဲ့ပြီး၊ ထိုနှစ် ဧပြီ (၆)ရက်နေ့တွင် အကြွင်းမဲ့ လက်နက်ချခဲ့သည်။

## အပစ်ရပ် (၁၇) ဖွဲ့၏အခြေအနေပြဇယား (၂၀၁၀ ခုနှစ်၊ မတ်)

| စဉ် | အဖွဲ့အစည်းအမည် | ဦးစီးအမည် | အပစ်ရပ်ရက်စွဲ | အခြေစိုက်ဒေသ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | Myanmar National Democracy Alliance Army (MNDAA) မြန်မာပြည်အမျိုးသား ဒီမိုကရေစီသွေးစည်းညီညွတ်ရေး တပ်မတော်၊ ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၁) | ပယ်ဆောက်ချိန် (ယာယီဦးစီးမှူး နအဖခန့်) | ၃၁. ၃. ၈၉ | လောက်ကိုင်ဒေသ၊ ရှမ်းပြည်မြောက်ပိုင်း | ၃၁-၃-၈၉ ခုနှစ်တွင် မတရားအသင်းမှ ပယ်ဖျက်ပေးခဲ့သည်။ ၄-၁၂-၀၉ ခုနှစ်တွင် BGF အသွင် ကူးပြောင်းသည်။ |
| ၂ | United Wa State Army/ Party (UWSA/UWSP) ဝ ပြည် သွေးစည်းညီညွတ်ရေးပါတီ၊ ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၂) | ပေါက်ယိုချမ်း | ၉. ၅. ၈၉ | ပန်ဆန်း (ပန်ခမ်း) တရုတ်-မြန်မာ နယ်စပ် | ၉-၅-၈၉ ခုနှစ်တွင် မတရားအသင်းမှ ပယ်ဖျက်ပေးခဲ့သည်။ BGF ကူးပြောင်းရန် ငြင်းဆန်နေဆဲဖြစ်သည်။ |
| ၃ | National Democratic Alliance Army (NDAA) အမျိုးသား ဒီမိုကရေစီသွေးစည်းညွတ်ရေး တပ်မတော် အထူးဒေသ (၄) ရှမ်းပြည်နယ် | စိုင်းလင်း (လင်မင်းရှင်) ဦးကြည်မြင့် (ကျန်းစီမင်) | ၃၀. ၆. ၈၉ | မိုင်းလား၊ အခါဒေသ တရုတ်-မြန်မာ နယ်စပ် | ၃၀-၆-၈၉ ခုနှစ်တွင် မတရားအသင်းမှ ပယ်ဖျက်ပေးခဲ့သည်။ BGF ကူးပြောင်းရန် ငြင်းဆန်နေဆဲဖြစ်သည်။ |
| ၄ | Shan State Army (N) (SSA-N) ရှမ်းပြည်တပ်မတော် အထူးဒေသ (၃) ရှမ်းပြည်မြောက်ပိုင်း | ကျောက်လွယ်မောင်း စဝ်ကိုင်ဖ | ၁၂. ၉. ၈၉ | စိန်ကြော့ကျေးရွာ သီပေါမြို့နယ်၊ ရှမ်းပြည် မြောက်ပိုင်း | ၄-၉-၈၉ ခုနှစ်တွင် DAB/NDF မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။ ၂၄-၉-၈၉ ခုနှစ်တွင် မတရားအသင်းမှ ပယ်ဖျက်ပေးခဲ့သည်။ Home Guard Force နယ်မြေခံပြည်သူ့စစ် အသွင်ကူးပြောင်းရန် ငြင်းဆန်နေဆဲဖြစ်သည်။ |

| | | | | | |
|---|---|---|---|---|---|
| ၅ | New Democratic Army (Kachin) ဒီမိုကရေစီသစ်တပ်မတော်။ အထူးဒေသ (၁) ကချင်ပြည်နယ် | စခုန်တိန့်ယိန်း | ၁၅. ၁၂. ၈၉ | ပန်ဝါဒေသ၊ ကချင်ပြည်နယ် တရုတ်-မြန်မာ နယ်စပ် | ၁၅-၁၂-၈၉ ခုနှစ်တွင် မတရားအသင်းမှ ပယ်ဖျက်ပေးခဲ့သည်။ ၈-၁၁-၀၉ ခုနှစ်တွင် BGF အသွင်ကူးပြောင်းခဲ့သည်။ |
| ၆ | Kachin Defence Army (KDA) ကချင်အမျိုးသား ကာကွယ်ရေးတပ်မတော်။ အထူးဒေသ (၅) ရှမ်းပြည်မြောက်ပိုင်း | မထုနော် | ၁၁. ၁. ၉၁ | ကောင်းခါဒေသ ကွတ်ခိုင်မြို့နယ် | ၁၁-၁-၉၁ ခုနှစ်တွင် မတရားအသင်းမှ ပယ်ဖျက်ပေးခဲ့သည်။ ကောင်းခါ (၁)၊ ကောင်းခါ (၂) ပြည်သူ့စစ်ဖွဲ့စည်းရန် နအဖနှင့် သဘောတူထားသည်။ |
| ၇ | Pa.O National Organization (PNO) ပအိုဝ်အမျိုးသားအဖွဲ့ချုပ်။ အထူးဒေသ (၆) ရှမ်းပြည်နယ် | ဦးအောင်ခမ်းထီ | ၁၈. ၂. ၉၁ | ကျောက်တလုံးဒေသ တောင်ကြီးမြို့နယ် | ၁၈-၂-၉၁ ခုနှစ်တွင် မတရားအသင်းမှ ပယ်ဖျက်ပေးခဲ့သည်။ ပြည်သူ့စစ်အသွင်အဖြစ်တည်ရှိသည်။ |
| ၈ | Plaung State Liberation (PSLA) ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်မတော်၊ အထူးဒေသ (၇) ရှမ်းပြည်နယ် | တာအိုက်မုန်း | ၂၁. ၄. ၉၁ | မန်တုန်ဒေသ နမ္မတူမြို့နယ် | ၂၄-၄-၉၁ ခုနှစ်တွင် DAB/NDF မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။ ၂၄-၉-၉၁ ခုနှစ်တွင် မတရားအသင်းမှ ပယ်ဖျက်ပေးခဲ့သည်။ ၂၀၀၅ ခုနှစ် လက်နက်ဖြုတ်ခံရ ပြည်သူ့စစ်အသွင်အဖြစ်ပြောင်းလဲခံရသည်။ |
| ၉ | Kayan National Guard (KNG) ကယန်းအမျိုးသား ကာကွယ်ရေးအဖွဲ့။ အထူးဒေသ (၁) ကယားပြည်နယ် | ဦးဌေးကို | ၂၇. ၂. ၉၂ | မိုးဗြဲဒေသ၊ ဖယ်ခုံမြို့နယ် | အပစ်ရပ်ပြီးနောက် ပြည်သူ့စစ် အသွင်သဏ္ဌာန်အဖြစ်ကူးပြောင်းသွား |

| | | | | | |
|---|---|---|---|---|---|
| ၁၀ | Kachin Independence Organization (KIA) ကချင်လွတ်လပ်ရေးအဖွဲ့၊ အထူးဒေသ (၂) ကချင်ပြည်နယ် | ဇောင်းဟာရာ | ၂၄၊ ၂၊ ၉၃ | လိုင်ဇာ၊ ကချင်ပြည်နယ်၊ တရုတ်-မြန်မာ နယ်စပ် | BGF အသွင်ကူးပြောင်းရန် ငြင်းဆန်နေဆဲဖြစ်သည်။ |
| ၁၁ | Karenni State Nationalities People's Liberation Army (KNPLF) ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ) အထူးဒေသ(၂) ကယားပြည်နယ် | ဦးစန္ဒာ၊ ဦးထွန်းကျော် | ၉၊ ၅၊ ၉၄ | ဟွေဆိုင်း မယ်စုံမြို့နယ် | ၈-၁၁-၀၉ ခုနှစ်တွင် BGF အသွင်ကူးပြောင်းခဲ့သည်။ |
| ၁၂ | Kayan New Land Party (KNLP) ကယန်းပြည်သစ်ပါတီ၊ အထူးဒေသ (၃) ကယားပြည်နယ် | ဦးသန်းစိုးနိုင် | ၂၆၊ ၇၊ ၉၄ | မြင်ဆောင် | ပြည်သူ့စစ်ဖွဲ့စည်းရန် နအဖ မှ ဖိအားပေးခံရဆဲဖြစ်သည်။ |
| ၁၃ | Shan State Nationalities People's Liberation Organization (SNPLO) ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရှလလဖ) | ဇောတာကလယ် | ၉၊ ၁၀၊ ၉၄ | နောင်ထောင် | ၂၀၀၇ ဩဂုတ်လဆန်းပိုင်းက ရပခ ၃ တိုင်းမှူး ဦးစီးပြီး ရှလလဖ ဌာနချုပ်အား ဝင်ရောက်သိမ်းပိုက်ခဲ့သည်။ ၃၊ ၈၊ ၂၀၀၇ နေ့က အများစု လက်နက်ချလိုက်ရ၊ အနည်းစုက လက်နက်ကိုင် တော်လှန်ရေးပြန်လည်ဆင်နွှဲသည်။ |
| ၁၄ | Karenni Progress Party (KNPP) ကရင်နီအမျိုးသား တိုးတက်ရေးပါတီ | မန်းအောင်သန်းလေး ခူးထဲဘူးဖဲ | ၂၁၊ ၃၊ ၉၅ | ဒေါ်တမကြီး ထီးပိုးကလိုး ကယားပြည်နယ် | အပစ်ရပ်ပြီး လပိုင်းအတွင်း လက်နက်ကိုင်တော်လှန်ရေးပြန်လည် ဆင်နွှဲခဲ့သည်။ |

| | | | | | |
|---|---|---|---|---|---|
| ၁၅ | New Mon State Party (NMSP) မွန်ပြည်သစ်ပါတီ | နိုင်ရွှေကျင် | ၂၉.၆.၉၅ | ရေးချောင်းဖျား ရေးမြို့နယ် | BGF နှင့် ပြည်သူ့စစ်အသွင်ပြောင်းရန် နအဖ တိုက်တွန်းမှုကို ပယ်ချထားသည်။ |
| ၁၆ | Mong Tai Army (MTA) | ဦးခွန်ဆာ | ၅.၁.၉၆ | ဟော်မိန်း၊ လွယ်လန်း | အကြွင်းမဲ့လက်နက်ချသည်။ |
| ၁၇ | ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်ဒေသ) | ဦးစောထွန်းဦး | ၆.၄.၉၇ | ဘူးသီးတောင် မောင်းတောမြို့နယ် | အကြွင်းမဲ့လက်နက်ချသည်။ |

ထို (၁၇) ဖွဲ့မှာ (နဝတ-နအဖ) စစ်အုပ်စုက ပြည်တွင်း၊ ပြည်ပ မီဒီယာများကို တရားဝင် ထုတ်ပြန်ထားပြီး၊ ၎င်းတို့လက်ထက်တွင် မည်သည့်ခေတ်အခါနှင့်မျှမတူ တိုင်းပြည်အေးချမ်းတည်ငြိမ်နေကြောင်း၊ စစ်ပွဲများမရှိတော့ကြောင်း ပြည်တွင်းနှင့် နိုင်ငံတကာသို့ ဝါဒဖြန့်ချိမှု ပြုလုပ်တိုင်း အဆိုပါ အပစ်ရပ် တိုင်းရင်းသားလက်နက်ကိုင် (၁၇) ဖွဲ့ကို ညွှန်းဆိုဖေါ်ပြလေ့ရှိသည်။ အင်အားနှင့် နယ်မြေပိုင်ဆိုင်မှုရှိပြီး ပါတီလိုက်၊ အဖွဲ့အစည်းလိုက်ဖြစ်သောကြောင့်လည်း စစ်အုပ်စုအတွက် ပြယုဂ်ကောင်း ဖြစ်နေပုံရသည်။ ထို (၁၇) ဖွဲ့အပြင် မူလ မိခင်အဖွဲ့အစည်းများမှ ခွဲထွက်သွားသော သို့မဟုတ် ကွဲထွက်သွားပြီး (နဝတ-နအဖ) စစ်အုပ်စုနှင့် အပစ်အခတ်ရပ်၊ လက်နက်ချခဲ့သော အဖွဲ့ငယ်လေးများလည်း အများအပြားရှိသေးသည်။ ■

အခန်း (၃)

# မူလ မိခင်အဖွဲ့အစည်းများမှ ခွဲထွက်သွားသော (သို့မဟုတ်) ကွဲထွက်သွားသော အဖွဲ့ငယ်များ

၁။ ***စပ်ကဏ်းယွတ် ဦးစီးသည့် (SSNA) အဖွဲ့*** သည် ခွန်ဆာ၏ (MTA) မှ (၇-၆-၉၅) တွင် ခွဲထွက်လာသည်။ ထို့နောက် (၁၁-၆-၉၅) ခုနှစ်တွင် အပစ်အခတ် ရပ်စဲရေး ပြုလုပ်ခဲ့သည်။ ထို့နောက် (SSA) နှင့် ပြန်လည်ပူးပေါင်းသွားပြီး ၁၉၉၆ ခုနှစ်တွင် ရှမ်းပြည်ငြိမ်းချမ်းရေးကောင်စီကို ဖွဲ့စည်းခဲ့သည်။

၂။ ***စောသမူဟဲ ဦးစီးသော (KPF) (ဟောင်သရောငြိမ်းချမ်းရေးအဖွဲ့)*** သည် (KNLA) တပ်ရင်း (၁၆) မှ ခွဲထွက်လာ၍ အင်အား ၅၀၀ ကျော်ဖြင့် နအဖထံ လက်နက်ချသည်။

၃။ ***လီးရယ်ဦးစီးသော ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ (နဂါးအဖွဲ့)*** သည် (KNPP) မှ ခွဲထွက်ခဲ့ပြီး၊ အင်အား (၆၀) ဖြင့် နအဖထံ လက်နက်ချသည်။

၄။ ***ခူးရယ်ဦးစီးသော ဟိုရာဒေသ (ကယောနီ) အဖွဲ့*** သည် (KNPP) မှခွဲထွက်ပြီး၊ အင်အား ၁၀၃ ယောက်ဖြင့် နအဖထံ လက်နက်ချသည်။

၅။ ***တဲနယ်၊ ကာရီထူး ဦးစီးသော 'ကရင်နီအမျိုးသား စည်းလုံးညီညွတ်ရေးအဖွဲ့ (ကြယ်ဖြူအဖွဲ့)***"သည် အင်အား ၂၂၇ ယောက်ရှိသည်။ (KNPP) မှ ခွဲထွက်ပြီး၊ နအဖထံ လက်နက်ချသည်။

၆။ ***မြိုင်ကြီးငူဆရာတော် ဦးသုဇနနှင့် ဦးသာထူးကျော် ဦးစီးသော 'တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော်' (DKBA)*** သည် (KNU) မှ ခွဲထွက်ကာ နအဖနှင့် အပစ်အခတ် ရပ်စဲခဲ့သည်။

၇။ ***ဗိုလ်မှူးကြီး မန်းလေးဝါးဦးစီးသည့် အင်အား (၂၀၀)*** သည် စောသမူဟဲ ဦးစီးသော 'ဟောင်သရောအထူးဒေသ အဖွဲ့' မှ ခွဲထွက်ပြီး နအဖထံ ထပ်မံ လက်နက်ချသည်။

၈။ ***စောပယ်ရီမိုး ဦးစီးသော 'ကရင်အထူးဒေသအဖွဲ့'*** သည် အင်အား (၁၀၈) ယောက်ရှိသည်။ (KNU) မှ ခွဲထွက်ပြီး နအဖထံ လက်နက်ချခဲ့သည်။

၉။ ***ဖဒိုအောင်ဆန်းဦးစီးသော 'KNU ငြိမ်းချမ်းရေးအဖွဲ့'*** သည် အင်အား (၁၂၇) ယောက်ရှိသည်။ (KNU) တပ်မဟာ (၃) နယ်မြေဘုရားကုန်း၊ ညောင်လေးပင်မြို့နယ်မှ ခွဲထွက်ပြီး၊ နအဖထံ လက်နက်ချသည်။

၁၀။ ***စောကိုကြီးဦးစီးသော 'သံတောင်မြောက် ငြိမ်းချမ်းရေးအဖွဲ့'*** သည် အင်အား (၁၈၈) ယောက်ရှိသည်။ သံတောင်မြို့နယ် (KNU) တပ်မဟာ (၂) မှ ခွဲထွက်၍ နအဖထံ လက်နက်ချသည်။

၁၁။ ***ဗိုလ်ချုပ်ထိန်မောင် ဦးစီးသော 'KNU - KNLA ငြိမ်းချမ်းရေးကောင်စီ'*** သည် ဖားအံခရိုင်၊ ထိုးကော်ကိုး ကျေးရွာ (KNU) တပ်မဟာ (၇) မှ ခွဲထွက်၍ (၁၁-၂-၂၀၀၇) ရက်နေ့တွင် နအဖနှင့် အပစ်အခတ် ရပ်စဲခဲ့သည်။

၁၂။ ***လဆန်အောင်ဝါ ဦးစီးသော 'Rebellion Resistance Force' (ငွေထူးပြည်သူ့စစ်)*** သည် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်၊ ငွေထူးကျေးရွာ ပြည်သူ့စစ်အဖွဲ့အဖြစ် ရပ်တည်နေသည်။

၁၃။ ***ဂျပီးကွယ် ဦးစီးသော 'လားဟူပြည်သူ့စစ်' (LDF)*** သည် မိုင်းဆတ် ပြည်သူ့စစ်အဖွဲ့အဖြစ် ရပ်တည်နေသည်။

၁၄။ ***ဦးသန်းရွှေ၊ ဦးခိုင်ဇော် ဦးစီးသော 'ရခိုင်တပ်မတော်' (NUPA-AA)***သည် အင်အား (၂၉၃) ယောက် ရှိသည်။ နအဖထံ လက်နက်ချခဲ့သည်။

၁၅။ ***နိုင်ချမ်း၊ နိုင်တိမ်း ဦးစီးသော 'နိုင်စိုက်ချမ်းအဖွဲ့'*** သည် အင်အား (၂၁၅) ယောက်ရှိသည်။ မွန်ပြည်သစ်ပါတီမှ ခွဲထွက်ပြီး နအဖထံ လက်နက်ချသည်။

၁၆။ ***ဦးစိုးသိမ်း ဦးစီးသော 'ထားဝယ်အမျိုးသားတပ်မတော်'*** သည် အင်အား (၆၀) ယောက် ရှိသည်။ နအဖထံ လက်နက်ချသည်။

၁၇။ ***စောတက်တိုး၊ နိုင်အောင်နိုင် ဦးစီးသော အင်အား (၄၀) ရှိ အဖွဲ့*** သည် မွန်ပြည်သစ်ပါတီမှ ခွဲထွက်ကာ နအဖထံ လက်နက်ချသည်။

၁၈။ ***ဖဒိုအုန်းသွင် ဦးစီးသော အင်အား (၇၂) ယောက်အဖွဲ့*** သည် (KNU) မှ ခွဲထွက်ကာ နအဖထံ လက်နက်ချသည်။

၁၉။ ***စောနေစိုးမြ (ဗိုလ်ချုပ်မြ၏သား) နှင့် အင်အား (၆၀) ယောက်***သည် (KNU) မှ ခွဲထွက်အဖွဲ့ ဖြစ်သည်။

၂၀။ ***SSA ရှမ်းတပ်မဟာ (၁၀) မှ ခွဲထွက် အင်အား (၄၀၀) အဖွဲ့*** သည် နအဖထံ လက်နက်ချခဲ့သည်။

၂၁။ ***မိန်းစိန် ဦးစီးသော အင်အား (၈၄၈) ယောက် ရှိသည့်အဖွဲ့*** သည် (SSA-S) တပ်မဟာ (၇၅၈) မှ ခွဲထွက်ကာ နအဖထံ လက်နက်ချသည်။

အထက်ဖော်ပြပါ အပစ်ရပ် ငြိမ်းချမ်းရေးအဖွဲ့များနှင့် ခွဲထွက်လက်နက်ချအုပ်စုများ ရှိနေသလို စစ်အစိုးရနှင့် အပစ်ရပ်စဲခြင်းမပြုဘဲ ဆက်လက် တိုက်ခိုက်နေကြသော ကရင်အမျိုးသားအစည်းအရုံး (KNU) ကဲ့သို့သော လက်နက်ကိုင် လူမျိုးစုအဖွဲ့အစည်းများလည်း ရှိနေပါသည်။ ကရင်နီအမျိုးသား တိုးတက်ရေးပါတီနှင့် ရှမ်းပြည်တပ်မတော်တို့သည် အပစ်ရပ် ငြိမ်းချမ်းရေးယူပြီးကာမှ သဘောတူညီချက်ပျက်ကာ စစ်ရေးအရ ပြန်လည် တိုက်ခဲ့ရသည်။ ■

အခန်း (၄)

# အပစ်အခတ် ရပ်စဲခြင်းမရှိသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများ

## (၁) ကရင်အမျိုးသားအစည်းအရုံး - Karen National Union (KNU)

ကရင်အမျိုးသားအစည်းအရုံး - Karen National Union (KNU) ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၅) ရက်နေ့တွင် ရန်ကုန်မြို့၌ စတင်ဖွဲ့စည်းသည်။ ကရင်အမျိုးသားအဖွဲ့ချုပ်ဟုလည်း ခေါ်ကြသည်။ အဖွဲ့တွင် ကရင်ဗဟို အစည်းအရုံး (KCO)၊ ကရင်လူငယ်များ အစည်းအရုံး (KYO) နှင့် အခြား ကရင်အဖွဲ့အစည်းများ၊ ခေါင်းဆောင်များ နှင့် စုပေါင်းပြီး (KNU)ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ စတင်ဖွဲ့စည်းစဉ်က ဥက္ကဋ္ဌမှာ စောစံဖိုးသင် ဖြစ်ပြီး ဒုတိယဥက္ကဋ္ဌမှာ စောဘဦးကြီး ဖြစ်သည်။ ၁၉၄၇ ခုနှစ်တွင် ကျင်းပသော ပင်လုံညီလာခံသို့ ကိုယ်စားလှယ် စေလွှတ်ခြင်းမရှိဘဲ လေ့လာသူ (၄) ဦးကိုသာ စေလွှတ်ခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တောင်းဆိုခဲ့သည်။ 'ကရင်တကျပ် ဗမာတကျပ် ချက်ခြင်းပြ'၊ 'ပြည်တွင်းစစ်အလိုမရှိ' စသည်ဖြင့် ကြွေးကြော်ခဲ့သည်။ သို့သော် ၁၉၄၉ ခုနှစ် ဇန်နဝါရီလ (၃၁) ရက်နေ့တွင် (KNDO) ကို မတရားအသင်းအဖြစ် ဖဆပလ အစိုးရက ကြေညာ လိုက်သည်။ ထိုနေ့၌ပင် (KNU) က လက်နက်ကိုင်တော်လှန်ရေးကို စတင်လုပ်ဆောင်ခဲ့သည်။ ၁၂-၈-၅၀ ရက်နေ့တွင် ဥက္ကဋ္ဌ စောဘဦးကြီး တိုက်ပွဲတွင် ကျဆုံးသွားပြီးနောက် စောဟန်သာမွှေး ဥက္ကဋ္ဌဖြစ်လာသည်။ စောဟန်သာမွှေး လက်နက်ချသွားပြီးနောက်တွင် မန်းဘဇံက ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ပဲခူးရိုးမတိုင်းနှင့် ဧရာဝတီတိုင်းရှိ (KNU) နယ်မြေများ ဆုံးရှုံးသွားပြီးနောက် ဗိုလ်ချုပ်ကြီး စောဘိုမြ ဆက်လက် ခေါင်းဆောင်ခဲ့သည်။

၁၉၈၈ နောက်ပိုင်းတွင် စစ်အုပ်စုသည် (KNU)အပေါ် အကြီးအကျယ် ထိုးစစ်ဆင်လာခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် (KNU) အဖွဲ့အတွင်းမှ (DKBA) ခွဲထွက်သွားသောကြောင့် (KNU) ဌာနချုပ်ဖြစ်သော မာနယ်ပလောဒေသ ကို လက်လွှတ်လိုက်ရသည်။ (DKBA) ခွဲထွက်သွားခြင်းသည် (KNU) အတွက် အကြီးမားဆုံး ထိခိုက်မှုကို ဖြစ်ပေါ် စေသည်။

ကရင်အမျိုးသားအစည်းအရုံး (KNU) သည် နအဖစစ်အုပ်စုနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို အကြိမ် ကြိမ် ကျင်းပခဲ့သည်။ စစ်အုပ်စုနှင့် အပစ်အခတ်ရပ်စဲရေးအတွက် ၁၉၉၆ ခုနှစ်တွင် (၄) ကြိမ်၊ ၂၀၀၃ ခုနှစ် နှစ်ကုန်ပိုင်းမှ ၂၀၀၅ ခုနှစ်ထိ စုစုပေါင်း (၇) ကြိမ်တိုင် တွေ့ဆုံဆွေးနွေးခဲ့သည်။ နအဖစစ်အုပ်စုက နိုင်ငံရေးပြဿနာ များကို ဆွေးနွေးရန် ငြင်းဆန်ခဲ့ပြီး 'တရားဥပဒေဘောင်'အတွင်း ဝင်ရောက်ရန်သာ တောင်းဆိုခဲ့သည်။

(KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောဘိုမြသည် ကိုယ်တိုင် ရန်ကုန်သို့သွား၍ စစ်အုပ်စုခေါင်းဆောင်များနှင့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးခဲ့သည်။ ၂၀၀၄ ခုနှစ် ဇန်နဝါရီလတွင် ဗိုလ်ချုပ်ကြီး စောဘိုမြနှင့် ထိုစဉ်က ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်ချုပ်ကြီး ခင်ညွန့်တို့အကြား နှုတ်အားဖြင့် သဘောတူညီမှု (Gentleman's Agreement) ရယူ၍ အပစ်အခတ်ရပ်စဲမှု ပြုလုပ်ခဲ့သည်။ သို့သော် ဗိုလ်ချုပ်ကြီး ခင်ညွန့် ပြုတ်သွားပြီးနောက်ပိုင်း စစ်အုပ်စု၏ သဘောထားမမှန်ကန်မှုကြောင့် နောက်ဆုံးတွင် အပစ်အခတ်ရပ်စဲရေး ပျက်ပြားခဲ့ရသည်။

၂၀၁၀ ခုနှစ် ဒီဇင်ဘာလ (၁၄) ရက်နေ့မှ (၁၈) ရက်နေ့အထိ ပြုလုပ်သော (KNU) ၏ (၁၄) ကြိမ်မြောက် ကွန်ဂရက်အပြီး ထုတ်ပြန်သော ကြေညာချက်တွင် ရွေးကောက်ပွဲအရ ဖြစ်ပေါ်လာမည့် အစိုးရသစ်သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အသက်သွင်းရန်သာ ဖြစ်သောကြောင့် မြန်မာနိုင်ငံတွင် ရင်ဆိုင်နေရသော အကြပ်အတည်းကို ဖြေရှင်းနိုင်မည်မဟုတ်ဘဲ ရှုပ်ထွေးမှုများသာ ပိုမိုဖြစ်ပေါ်စေမည်ဟု ဖော်ပြထားသည်။



**KNU တပ်ဖွဲ့ဝင်များ**

## (၂) ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ - Karenni Progress Party (KNPP)

ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) ကို ၁၉၄၈ ဩဂုတ်လဆန်းတွင် စတင်ဖွဲ့စည်းခဲ့သော်လည်း ၁၉၅၈ ခုနှစ် ဧပြီလတွင် တရားဝင် နိုင်ငံရေးပါတီအဖြစ် စတင်ဖွဲ့စည်းခဲ့သည်။ ပထမဆုံးဥက္ကဋ္ဌမှာ ရပ်စမိုင်း (ခ) စောထောပလို ဖြစ်ပြီး ၁၉၅၈ တွင် ဥက္ကဋ္ဌ စောမော်ရယ်မှ တာဝန်ယူခဲ့သည်။ (KNPP) သည် ကရင်နီပြည် (ကယားပြည်နယ်) ကို သီးခြားလွတ်လပ်သော ကရင်နီပြည် ထူထောင်ရေးကို လိုလားသည်။ ၁၉၆၃ ခုနှစ်တွင် တော်လှန်ရေးကောင်စီနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ လုပ်ဆောင်ခဲ့သော်လည်း သဘောတူညီချက် မရရှိခဲ့ချေ။

၁၉၉၅ ခုနှစ် မတ်လ (၂၀) ရက်နေ့တွင် စစ်အုပ်စုနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရရှိခဲ့သည်။ အပစ်အခတ်ရပ်စဲစဉ်က သဘောတူညီထားသော အချက်များကို စစ်အုပ်စုက ချိုးဖောက်ပြီး (KNPP) ထိန်းချုပ်ရာ ဒေသများသို့ စစ်တပ်များ စေလွှတ်ခဲ့သည်။ ထို့ကြောင့် အပစ်အခတ်ရပ်စဲပြီး (၃) လအကြာ ဇွန်လ(၁၅)ရက်နေ့တွင် လက်နက်ကိုင်တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့သည်။ ယခုအထိလည်း နအဖ စစ်အုပ်စုနှင့် (KNPP) တပ်ဖွဲ့များအကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည်။ နအဖစစ်အုပ်စုက အပစ်အခတ်ရပ်စဲရေး လုပ်ဆောင်ထားသော အဖွဲ့များစာရင်းတွင် (KNPP) ကို ထည့်သွင်းထားဆဲဖြစ်သည်။ (KNPP) မှ အဖွဲ့ငယ် (၃) ဖွဲ့ ခွဲထွက်ပြီး နအဖ

စစ်အုပ်စုနှင့် အပစ်အခတ် ရပ်စဲခဲ့ကြသည်။ ထိုအဖွဲ့များသည်လည်း နောက်ဆုံးတွင် လက်နက်ချခဲ့ရပြီး ပြည်သူ့စစ်အသွင် ပြောင်းလဲသွားကြသည်။

## (၃) ရှမ်းပြည်တော်လှန်ရေးတပ်ပေါင်းစု တပ်မတော် Shan United Revolutionary Army (SURA)

ရှမ်းပြည်တော်လှန်ရေးတပ်ပေါင်းစု တပ်မတော် (SURA) ကို ၁၉၉၆ ခုနှစ် ဇန်နဝါရီလတွင် ဗိုလ်မိုးဟိန်းမှ စတင်ဖွဲ့စည်းခဲ့သည်။ SSA မှ တပ်ရင်း (၃) ရင်းဖြင့် ခွဲထွက်လာခဲ့သည်။ ကျိုင်းတောင်း၊ မိုင်ကိုင်တွင် အခြေပြု၍ တရုတ်ဖြူ ကူမင်တန်တပ်ဖွဲ့ဝင်ဟောင်းများနှင့် (SSPP) မှ ခွဲထွက်လာသော ဗိုလ်စံမိုင် တပ်များ ပူးပေါင်းလာမှုကြောင့် အင်အားကြီးထွားလာခဲ့သည်။ ၂၆-၃-၈၅ ခုနှစ်တွင် ခွန်ဆာ၏ (SUA) တပ်များနှင့် ထပ်မံ ပူးပေါင်းခဲ့ပြန်သည်။ ၇-၅-၈၅ ရက်နေ့တွင် (UTLA - United Tai Liberation Army) ညီညွတ်သော ရှမ်းပြည်လွတ်မြောက်ရေးတပ်မတော်နှင့် (USSPC) ညီညွတ်သော ရှမ်းပြည် မျိုးချစ်ကောင်စီကို ဖွဲ့စည်းခဲ့သည်။ ဥက္ကဋ္ဌမှာ ဗိုလ်မိုးဟိန်းဖြစ်ပြီး ဒုဥက္ကဋ္ဌမှာ ခွန်ဆာဖြစ်သည်။

၁၂-၇-၉၁ ရက်နေ့တွင် ဗိုလ်မိုးဟိန်း ကွယ်လွန်သွားခဲ့သည်။ SURA နာမည် မှေးမှိန်လာပြီး ခွန်ဆာ၏ Mong Tai Army (MTA) အဖြစ် လူသိများလာသည်။ နအဖစစ်အုပ်စုထံ ၁၉၉၆ ခုနှစ် ဇန်နဝါရီလ (၅) ရက်နေ့တွင် ခွန်ဆာ အကြွင်းမဲ့ လက်နက်ချသွားခဲ့သည်။ ထို့နောက် ကျန်နေသော တပ်ဖွဲ့က ဗိုလ်ချုပ် စဝ်ရွက်စစ်က (SURA) နာမည်ဖြင့် ဆက်လက် တိုက်ပွဲဝင်နေသည်။

၁၃-၃-၉၆ ရက်နေ့တွင် (SSA) မှ စဝ်ကဏ်းရွတ်နှင့် သုံးပွင့်ဆိုင် ညီညွတ်ရေး လုပ်နိုင်ခဲ့သည်။ (SSPC) ကို အခြေခံကာ ရှမ်းပြည်အမျိုးသားအဖွဲ့ချုပ် (SSNO) အဖြစ် ဖွဲ့စည်းခဲ့သည်။ တပ်များကိုလည်း ရှမ်းပြည်တပ်မတော် (SSA) အဖြစ် ပြန်လည်ဖွဲ့စည်းခဲ့သည်။ (SURA) ကို ယခုအခါ ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S) အဖြစ် လူသိများလာခဲ့သည်။

## (၄) ချင်းအမျိုးသားတပ်ဦး - Chin National Front (CNF)

ယခင် နိုင်ငံရေးပါတီဟောင်းဖြစ်သော ဇိုမီးအမျိုးသားလွတ်မြောက်ရေးတပ်ဦး အမည်အစား (CNF) ချင်းအမျိုးသားတပ်ဦးအဖြစ် ပြောင်းလဲလှုပ်ရှားခဲ့သည်။ စတင်ဖွဲ့စည်းသူမှာ ပူတီးယားခါး (Pu Tiakhel) ဖြစ်သည်။ ၎င်းသည် ယခင် တည်မြဲဖဆပလအဖွဲ့မှ ဖလမ်းမြို့နယ်မှူးဟောင်း ဖြစ်သည်။ အန္တိယမှ လူမျိုးတူ နိုင်ငံရေးအဖွဲ့တဖွဲ့ဖြစ်သည့် မီဇိုအမျိုးသားတပ်ဦးဖြင့် ၁၉၆၈ လောက်က ပူးတွဲ လှုပ်ရှားသူဖြစ်သည်။ ချင်းအမျိုးသားကာကွယ်ရေးအဖွဲ့ (Chin National Deference - CND) ဖွဲ့စည်းရာတွင် ပါဝင်ခဲ့ဖူးသည်။

၁၉၈၉ ခုနှစ်တွင် ဥက္ကဋ္ဌ ဇင်ကြုံး (Zing Cung) (ခ) ဇော်ဝိတ်၊ ဒုဥက္ကဋ္ဌ သောမတ်စ်ထန်နို (Thomas Thangnou) အတွင်းရေးမှူး (Paul Sitha) တို့က ဦးဆောင်နေသည်။ ၂၀၀၄ ခုနှစ် ဇန်နဝါရီလ (၁၇) ရက်မှ (၂၉) ရက်နေ့အတွင်း နအဖစစ်အုပ်စုနှင့် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း သဘောတူညီမှု မရရှိခဲ့ချေ။ ယခုလက်ရှိကာလ ဥက္ကဋ္ဌမှာ သောမတ်စ်ထန်နို (Thomas Thangnou) ဖြစ်သည်။

(CNF) တွင် လက်နက်ကိုင်တပ်ဖွဲ့အဖြစ် (CNA) ချင်းအမျိုးသားတပ်မတော်ကို ဖွဲ့စည်းထားသည်။ ဦးစီးချုပ်မှာ သောမတ်စ်ထန်နို ဖြစ်သည်။ (CNF) ၏ နိုင်ငံရေး ရည်မှန်းချက်မှာ ဒီမိုကရေစီရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးတို့ ဖြစ်သည်။ (CNF) သည် အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု (NDF)နှင့် မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် (DAB)တို့တွင် အဖွဲ့ဝင်ဖြစ်သည်။

## (၅) ရခိုင်လွတ်မြောက်ရေးပါတီ - Arakan Liberation Party (ALP)

ရခိုင်လွတ်မြောက်ရေးပါတီ (ALP) နှင့်အတူ ရခိုင်လွတ်မြောက်ရေးတပ်မတော် (ALA) ကို တပြိုင်နက်တည်း ခိုင်မိုးလင်းမှ ဦးဆောင်၍ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ၁၉၇၄ ဇွန် မှ ၁၉၇၆ ဇွန်ထိ (KNU) နှင့်အတူ စစ်ရေး တွဲဖက်လှုပ်ရှားခဲ့သည်။ မဆလ စစ်အစိုးရလက်ထက်တွင် ရခိုင်သို့ပြန်ပြီး နိုင်ငံရေး၊ စစ်ရေးလှုပ်ရှားရန် (KNU) နယ်မြေမှ ရခိုင်ပြည်နယ်သို့ ဦးတည်၍ ထွက်ခွာခဲ့သည်။ ရှမ်း၊ ကချင်၊ ချင်း ပြည်နယ်များကို ဖြတ်သန်းပြီး ခရီးရှည် ချီတက်ရာတွင် ၄-၆-၇၇ ရက်နေ့၌ ခိုင်မိုးလင်း ကျဆုံးသွားခဲ့သည်။

ယခုအခါ ဥက္ကဋ္ဌ ခိုင်ရဲခိုင်၊ ဒုဥက္ကဋ္ဌ (၁) ခိုင်စိုးနိုင်အောင်၊ ဒုဥက္ကဋ္ဌ (၂) ခိုင်မျိုးမင်း၊ အထွေထွေအတွင်းရေးမှူး အောင်မိုးဝေ (ခ) စောမြရာဇာလင်းတို့က ဦးဆောင်နေသည်။ (ALP) သည် နအဖစစ်အုပ်စုအပေါ် စစ်ရေး၊ နိုင်ငံရေးနည်းများဖြင့် ဆက်လက် တိုက်ပွဲဝင်နေသည်။ အမျိုးသား ဒီမိုကရေစီတပ်ပေါင်းစု (NDF)နှင့် မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် (DAB) တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နေသည်။ ■

အခန်း (၅)

# စစ်အုပ်စုနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား သဘောတူညီချက်များ

၁၉၈၉ ခုနှစ်တွင် စစ်အစိုးရနှင့် တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အဖွဲ့များ အပစ်အခတ်ရပ်စဲရေး စတင်ပြုလုပ်ခဲ့သည်။ လူမျိုးစု ငြိမ်းချမ်းရေးအကျိုးဆောင်ဆိုသူများ၏ ကြားဝင်စေ့စပ်မှုဖြင့် နှစ်ဦးနှစ်ဘက်အကြား အပြန်အလှန်နားလည်မှု နှုတ်ကတိများနှင့်သာ အပစ်အခတ် ရပ်စဲခဲ့ကြသည်။ အပစ်အခတ်ရပ်စဲမှု ရခဲ့သော အဖွဲ့ပေါင်း (၁၇) ဖွဲ့ရှိသည်ဟု စစ်အစိုးရမှ ပြောကြားသည်။

## (၁) ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် လက်မှတ်ရေးထိုးသဘောတူညီချက်

ထိုအပစ်ရပ်အဖွဲ့ (၁၇) ဖွဲ့တွင် ကချင်တိုင်းရင်းသားတို့၏ လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သော ကချင်လွတ်လပ်ရေးတပ်မတော် (KIA) တဖွဲ့တည်းသာလျှင် (နဝတ-နအဖ) စစ်အုပ်စုနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုနိုင်ခဲ့သည်။ ***(နောက်ဆက်တွဲ က)***

စစ်အစိုးရဘက်မှ (၃) ဦး၊ (KIA) ဘက်မှ (၃)ဦး၊ အကျိုးဆောင် (၃) ဦး၊ စုစုပေါင်း (၉) ဦး လက်မှတ်ရေးထိုးကြသည်။ စစ်အစိုးရဘက်မှ ဗိုလ်ချုပ် အေးကျော် (အဖွဲ့ခေါင်းဆောင်)၊ ဗိုလ်ချုပ် စောလွင်နှင့် ဗိုလ်မှူးကြီး ကျော်သိန်း၊ (KIA) မှ မလိဇွပ်ဇော်မိုင် (ခေါင်းဆောင်)၊ လမုန်တူးဂျိုင်နှင့် ဗိုလ်ချုပ် ဂေါ်ရီဇော်ဆိုင်း၊ အကျိုးဆောင်များမှာ ဦးလဝမ်၊ ဦးဇဘွဲ့ဂွန်နှင့် ဦးခွန်မြတ်တို့ ဖြစ်ကြသည်။

သဘောတူညီချက်မှာ အပိုဒ် (၆) ပိုဒ်ပါရှိသည်။ အပိုဒ် (၄)၏ အပိုဒ်ခွဲ (က) မှ (ဠ) ထိအချက်(၁၁) ချက်ပါဝင်သည်။ ၁၉၉၃ ခုနှစ်တွင် မြစ်ကြီးနားမြို့၌ စစ်အစိုးရနှင့် (၅) ကြိမ်တိုင် တွေ့ဆုံဆွေးနွေးပြီး အပစ်အခတ်ရပ်စဲရေး သဘောတူခဲ့ကြသည်။ ကချင်ဒေသ၊ ယင်းနှင့်ဆက်စပ်နေသော ရှမ်းပြည်နယ်တွင် အပစ်ရပ်၍ ငြိမ်းချမ်းရေးတည်ဆောက်ရန်နှင့် ဒေသဖွံ့ဖြိုးမှုများ လုပ်ဆောင်ရန်၊ ထိုမှတဆင့် နိုင်ငံတဝှမ်း ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရန်၊ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာ (၂၇) ရက်နေ့တွင် ပြုလုပ်သော ပဥ္စမအကြိမ်ဆွေးနွေးပွဲ၌ နှုတ်အားဖြင့် အပစ်ရပ်စဲရေး သဘောတူညီချက်ကို ထပ်မံအတည်ပြုခဲ့သည်။

(KIA) ၏ တပ်ဖွဲ့တပ်ရင်းများ တပ်စွဲထားမှု၊ ဆက်သံရေးစခန်း ချထားမှုများ၊ တပ်လှုပ်ရှားသွားလာမှုနှင့် ရဲဘော်များ ခွင့်ပြန်ဆေးကု သွားလာရေးကိစ္စများ ဆောင်ရွက်ရာတွင် နှစ်ဖက်ညှိနှိုင်းလုပ်ဆောင်ရန်နှင့် ပြဿနာတစုံတခု ဖြစ်ပေါ်လာပါက နှစ်ဖက်အတူတကွ ပူးပေါင်းကွင်းဆင်း လေ့လာဖြေရှင်းသွားရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် ဥပဒေဘောင်အတွင်းမှ ဝင်ရောက်ပါဝင်ဆောင်ရွက်ရေးနှင့် (KIA) တပ်ဖွဲ့ဝင်များ ပြန်လည်

နေရာချထားရေးအား ဒုတိယအဆင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်ရေး စသည်တို့ဖြစ်သည်။ အထက်ပါ သဘောတူညီချက်များကို ကိုယ်စားလှယ် (၉) ဦးက ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် မြစ်ကြီးနားမြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

(KIO/ KIA) နှင့် သဘောတူညီချက်တွင် အဓိကအားဖြင့် တပ်တည်နေရာ၊ ဆက်ဆံရေးစခန်းများ တည်နေရာနှင့် ခရီးသွားလာရေးဆိုင်ရာ ကိစ္စရပ်များနှင့်ဆိုင်သည့် သဘောတူညီမှုများဖြစ်သည်။ နိုင်ငံရေးနှင့် သက်ဆိုင်သည့်အချက်မှာ အပစ်ရပ်ထားခြင်းမရှိသေးသော တခြားတိုင်းရင်းသား လက်နက်ကိုင်များနှင့် စစ်အုပ်စု အကြား ဆွေးနွေးပွဲများတွင် (KIO) မှ အကူအညီပေးရန်၊ စစ်အုပ်စုမှရေးဆွဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းရေးအတွက် 'ဥပဒေဘောင်' အတွင်းမှ ပါဝင်ဆောင်ရွက်ရန်ဆိုသည့် အချက်ဖြစ်သည်။

## (၂) အခြားတိုင်းရင်းသားလက်နက်ကိုင်အင်အားစုများနှင့် (Gentleman's Agreement) နှုတ်အားဖြင့် သဘောတူညီချက်

နဝတ/နအဖ စစ်အုပ်စုနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား အပစ်အခတ် ရပ်စဲရေးများ သည် စာနှင့်ပေနှင့် မှတ်တမ်းတင် နှစ်ဦးနှစ်ဘက် လက်မှတ်ထိုး သဘောတူညီမှု ယူခဲ့ကြရသည့် အပစ်အခတ်ရပ်ခဲ့ ကြရခြင်းမျိုးမဟုတ်။ ငြိမ်းချမ်းရေးကိုယ်စားလှယ် အမည်ခံများ၏ ကြားဝင်ဆောင်ရွက်မှု၊ စစ်ထောက်လှမ်းရေးမှ တာဝန်ရှိသူများ နှုတ်အားဖြင့် အပြန်အလှန်ဆွေးနွေးပြောဆိုမှု၊ နှုတ်ကတိစကားများနှင့်သာ အပစ်ရပ်ခဲ့ကြရခြင်း ဖြစ်သည်။

၁၉၉၄ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ခဲ့သော (KIO/ KIA) တဖွဲ့မှလွဲလျှင် တခြား အပစ်ရပ်အဖွဲ့ များမှာ တရားဝင် သဘောတူညီချက်အဖြစ် မည်သည့်စာချုပ်စာတန်းကိုမျှ လက်မှတ်ထိုးထားခြင်းမရှိပေ။ နှစ်ဖက် နှုတ်ကတိများ၊ ပါးစပ်သဘောတူညီချက်များနှင့် အပစ်ရပ်စဲခဲ့ကြခြင်းဖြစ်သည်။ 'နှုတ်ကတိ သဘောတူညီချက်' (Gentleman's Agreement) ဟု စစ်အစိုးရက သုံးနှုန်းသည်။ အလွန်ဆုံး အစည်းအဝေးမှတ်တမ်းတင်ခြင်းနှင့် နောက်ပိုင်း 'ဥပဒေဘောင်အတွင်း ဝင်ရောက်ခြင်း' အခမ်းအနားများဟုဆိုပြီး ပြည်တွင်းမီဒီယာများတွင် အနည်း အကျဉ်း ဖော်ပြခြင်းမျိုးသာ တွေ့ရသည်။

တရားဝင် စာရွက်စာတန်းနှင့် သဘောတူအတည်ပြုထားခဲ့ချက်များ မရှိသော်လည်း အပစ်ရပ်အဖွဲ့များ ကို ထိန်းချုပ်ကန့်သတ်နိုင်ရန် စစ်အုပ်စုသည် 'တဖက်အဖွဲ့အစည်းများ လိုက်နာရန်' ဆိုသော အချက် (၁၀) ချက်ပါ ပြဋ္ဌာန်းချက်ကို ထုတ်လာသည်။ ၎င်းအချက်များသည်ပင်လျှင် ကနဦး စတင်ဆွေးနွေးစဉ်ကတည်းက နှစ်ဦးနှစ်ဘက် သဘောတူထားသော အချက်များဖြစ်သည်ဟု စစ်အုပ်စုက ပြောသည်။ အမှန်မှာ ထို (၁၀) ချက်ကို အပစ်ရပ်အဖွဲ့များအနေဖြင့် လုံးဝ တွေ့ဖူးခြင်းမရှိခဲ့ပေ။ နောက်ပိုင်းတွင် ၎င်း 'တဖက်အဖွဲ့အစည်းများ လိုက်နာရန်' ဆိုသော ထို (၁၀) ချက်ကို အတင်းအကြပ် လက်မှတ်ရေးထိုးရန် စေခိုင်းခဲ့သည်။ ဤသည်ပင်လျှင် နဝတ/နအဖတို့ပြောသော 'နှုတ်ကတိသဘောတူညီချက်' ဖြစ်သည်။

ထို 'တဖက်အဖွဲ့အစည်းများ လိုက်နာရန်' (၁၀) ချက်မှာ . . .

၁။ သတ်မှတ်နယ်မြေအတွင်း၌သာ တပ်ဖွဲ့များ နေထိုင်ရမည်။

၂။ တပ်အင်အား တိုးချဲ့ခြင်းမပြုလုပ်ရ (တပ်သားသစ်မစုဆောင်းရ၊ စစ်သင်တန်းမပေးရ)။

၃။ ပြည်သူလူထုထံမှ ဆက်ကြေးကောက်ခံခြင်း၊ နာမည်အမျိုးမျိုးဖြင့် အခွန်အကောက်များ ကောက်ခံခြင်း မပြုရ။

၄။ ပြည်သူလူထုထံမှ ရိက္ခာ၊ သီးနှံများ မကောက်ခံရ။
၅။ နိုင်ငံတော်အုပ်ချုပ်ရေးတွင် ဝင်ရောက်မစွက်ဖက်ရ (ဒေသအုပ်ချုပ်ရေးမချရ၊ ဒေသရဲ၊ တရားရုံး၊ အကျဉ်းထောင် မထူထောင်ရ၊ ပြည်သူ့စစ်မဖွဲ့ရ)။
၆။ မြို့များရှိ ပါတီအဖွဲ့အစည်းများနှင့် မဆက်သွယ်ရ။
၇။ မတရားအသင်း၊ အဖွဲ့အစည်းများနှင့် မဆက်သွယ်ရ။
၈။ တပ်မတော်ထောက်လှမ်းရေး၏ ကြိုတင်ခွင့်ပြုချက် မရယူဘဲ အခြားငြိမ်းချမ်းရေးအဖွဲ့များနှင့် မဆက်သွယ်ရ။
၉။ မြို့များသို့ ဝင်ထွက်သွားလာရာ၌ လက်နက်ကိုင်ဆောင်ခြင်း၊ ဆက်သွယ်ရေးစက် ဆောင်ယူခြင်းမပြုရ။
၁၀။ မြို့များသို့ ဝင်ထွက်သွားလာရာ၌ စစ်ထောက်လှမ်းရေးအား ကြိုတင်အကြောင်းကြား ခွင့်ပြုချက် ယူရမည်။

အထက်ပါ အချက် (၁၀) ချက်၏ အနှစ်သာရမှာ အပစ်ရပ် လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများအား **နိုင်ငံရေးအရ သိက္ခာချရန်၊ နိုင်ငံရေးလုပ်ငန်းများ မလုပ်နိုင်ရန်၊ လူထုနှင့် အဆက်အသွယ်ပြတ်ထားရန်၊ တပ်စည်းရုံးရေးနှင့် တပ်တည်ဆောက်ရေးကို ထိန်းချုပ်ကန့်သတ်ရန်၊ အဓိက နိုင်ငံရေးအင်အားစုများနှင့် အဆက်ဖြတ်ထားရန်** ရည်ရွယ်လုပ်ဆောင်ထားခြင်း ဖြစ်သည်။

၁၉၈၉ ခုနှစ် အစောဆုံး အပစ်အခတ်ရပ်စဲမှု ဖြစ်စဉ်များတွင် နဝတ/နအဖတို့ဘက်မှ အဓိကကျသော ဇာတ်ကောင်မှာ စစ်အစိုးရ၏ စစ်ထောက်လှမ်းရေးအကြီးအကဲ (ထိုအချိန်က) ဗိုလ်မှူးချုပ် ခင်ညွန့်ပင်ဖြစ်သည်။ မူလပထမတွင် ၎င်း၏ ကျွမ်းကျင်ပိုင်နိုင်စွာ သရုပ်ဆောင်နိုင်မှုကြောင့် တိုင်းရင်းသားအဖွဲ့များ၏ တစုံတရာ ယုံကြည်မှုကို ရခဲ့သည်။ သူနှင့်အပေးအယူများ လုပ်ခဲ့ကြသည်။ ဗိုလ်မှူးချုပ် ခင်ညွန့်ကလည်း တိုင်းရင်းသား ခေါင်းဆောင်များအား ညီရင်းအစ်ကိုပမာ ဖက်လှဲတကင်း နွေးထွေးပြလိုက်သည်။ အရင်ဦးဆုံး အပစ်အခတ်ရပ်စဲရေး



**ဗိုလ်မှူးချုပ် ခင်ညွန့်နှင့် ဗိုလ်ချုပ်မောင်အေးတို့**
**'ဝ' ခေါင်းဆောင်များနှင့် သွားရောက်တွေ့ဆုံစဉ်**

လုပ်ခဲ့ကြသော ကိုးကန့်နှင့် 'ဝ'ခေါင်းဆောင်များကိုဆိုလျှင် ငြိမ်းချမ်းရေးသူရဲကောင်းများအဖြစ်လောက်ပင် ပြောဆိုသုံးနှုန်းခဲ့သည်။

စစ်ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်ချုပ်ခင်ညွန့်နှင့် သူ၏ စစ်ထောက်လှမ်းရေးအဖွဲ့ကို နအဖ စစ်ကောင်စီမှ ဖျက်သိမ်းဖယ်ရှားလိုက်ပြီးနောက် အပစ်ရပ်တိုင်းရင်းသားလက်နက်ကိုင်များနှင့် စစ်အစိုးရတို့အကြား ဆက်ဆံရေးမှာ အရင်လောက် မချောမွေ့တော့ပေ။ စစ်အုပ်စုကလည်း အပစ်ရပ်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ များနှင့်ပတ်သက်ပြီး လိုက်နာရမည့် 'တဖက်အဖွဲ့အစည်းများ လိုက်နာရန်' ဆိုသော စည်းကမ်းချက်များကို မူလ (၁၀) ချက်မှနေ၍ အချက်အလက်တချို့ကို ပြင်ဆင်ဖြည့်စွက် ပေါင်းစပ်၍ အချက် (၁၃) ချက်အဖြစ် ထပ်မံ ထုတ်ပြန်ကာ လိုက်နာစေခဲ့သည်။ ***(နောက်ဆက်တွဲ ခ)***

ယင်း (၁၃) ချက်မှာ . . .

၁။ အစိုးရဆန့်ကျင်သော အဖွဲ့အစည်းများနှင့် လုံးဝ မဆက်သွယ်ရ။
၂။ လက်နက်ကိုင် တော်လှန်ရေးလမ်းစဉ်ကို စွန့်လွှတ်ရန်။
၃။ လက်ရှိ တပ်အင်အားအပြင် ထပ်မံမတိုးချဲ့ရန်၊ လူသစ်မစုရန်၊ စစ်သင်တန်းဖွင့်လှစ်၍ စစ်ရေးလေ့ကျင့်မှု များ မပြုလုပ်ရန်။
၄။ ထောက်ပံ့မှုပေးရာတွင် လွယ်ကူရေးအတွက် လူ၊ လက်နက်၊ ခဲယမ်း၊ ဖွဲ့စည်းပုံစာရင်း အသေးစိတ် ပေးရန်။
၅။ ဆက်ကြေးကောက်ခြင်း၊ ဘိန်းခွန်ကောက်ခြင်း မပြုလုပ်ရန်။
၆။ ဓါးပြတိုက်ခြင်း၊ လုယက်ခြင်း၊ လူထုကို အနိုင်ကျင့်ခြင်း မပြုလုပ်ရန်။
၇။ အစိုးရကွပ်ကဲမှုနှင့် သွားလာလှုပ်ရှားရန်၊ သတ်မှတ်နယ်မြေအတွင်း သွားလာ၍ရသော်လည်း အခြား နေရာသို့ သွားလာပါက စခန်းများသို့ သတင်းပို့၍ လက်နက်မဲ့ သွားလာရန်။
၈။ မြေပေါ်နိုင်ငံရေးပါတီများနှင့် ကင်းရှင်းစွာ နေထိုင်ရန်။
၉။ အစိုးရ၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် တရားစီရင်ရေးအပိုင်းများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်။
၁၀။ နယ်မြေပြန့်ကျဲ၍ ကန့်သတ်ခြင်းမပြုဘဲ ဖွံ့ဖြိုးရေးလုပ်ကိုင်ဆောင်ရွက်လိုသည့် နေရာများအား သတ်မှတ်ပေးရန်။
၁၁။ နေထိုင်စားသောက်ရေးအတွက် နိုင်ငံတော်မှ အတတ်နိုင်ဆုံး ကူညီပံ့ပိုးသွားရန်။
၁၂။ နိုင်ငံတော် ဦးဆောင်မှုအောက်တွင် ဒေသရှိ ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက် သည့် လက်နက်ကိုင်အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းသွားရန်။
၁၃။ နိုင်ငံတော်၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများကို ထိရောက်စွာ အထောက်အကူပြု ဆောင်ရွက်သွားရန်။

အထက်ပါ ထပ်မံပြင်ဆင် ထုတ်ပြန်လိုက်သော (၁၃) ချက်အား လေ့လာလိုက်လျှင် စစ်အစိုးရ၏ အပစ်ရပ် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအပေါ် မည်သို့သဘောထားသည်ကို တွေ့မြင်နိုင်သည်။ တန်းတူ ရည်တူ ပူးပေါင်း၍ အမျိုးသားပြန်လည်သင့်မြတ်ရေး ဆောင်ရွက်လိုသည့် အရိပ်အရောင်ကို မတွေ့မြင်ရဘဲ လက်အောက်ခံ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များသဖွယ် ဆက်ဆံသည်ကို တွေ့မြင်ကြရသည်။

ပို၍ဆိုးသည်မှာ နံပါတ် (၆) အချက်တွင် ' . . . . . ဓါးပြတိုက်ခြင်း၊ လုယက်ခြင်း၊ လူထုကို အနိုင်ကျင့်ခြင်း မပြုလုပ်ရန်' တို့ကို ထည့်သွင်းထားခြင်းဖြင့် စစ်အစိုးရသည် အပစ်ရပ် အင်အားစုများအား သက်ဆိုင်ရာ လူမျိုးစုများကို ကိုယ်စားပြုသူများအဖြစ် မသတ်မှတ်ရုံမကဘဲ၊ သောင်းကျန်းသူများ၊ သူခိုး၊ ဓါးပြများသဖွယ် သတ်မှတ်ဆက်ဆံ စော်ကားထားခြင်းဖြစ်သည်။

ထို (၁၃) ချက်ထဲတွင် ယခင် (၁၀) ချက်တွင် မပါဝင်သော၊ အရေးကြီးသော အချက်တချက် ပါဝင်လာသည်ကို တွေ့ရသည်။ ယင်းမှာ နံပါတ် (၁၂) 'နိုင်ငံတော် ဦးဆောင်မှုအောက်တွင် ဒေသရှိ ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သည့် လက်နက်ကိုင် အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းသွားရန်' ဖြစ်သည်။ ယင်းအချက်သည် စစ်အစိုးရက အပစ်ရပ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို အနာဂတ်တွင် ၎င်းတို့ပြုလုပ်မည့် လမ်းကြောင်းကို ကြိုတင်၍ အရိပ်အမြွက် ပေးထားလိုက်ခြင်းဖြစ်သည်။ ယနေ့ စစ်အစိုးရ၏ နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးအစီအစဉ်သည် အဆိုပါလမ်းကြောင်းမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ■

အခန်း (၆)

# နှုတ်ကတိသဘောတူညီချက် ရရှိပြီး ပြန်လည်ပျက်ပြားသွားသော အဖွဲ့အစည်းများ

## (၁) ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် အပစ်ရပ် နှုတ်ကတိသဘောတူညီချက် ရရှိ၊ ပျက်ပြားပုံ

၁၉၉၅ ခု ဖေဖော်ဝါရီလ (၂၇) ရက်နေ့တွင် ငြိမ်းချမ်းရေး အကျိုးတော်ဆောင်ဟုဆိုသော ကရင်အမျိုးသားပုဂ္ဂိုလ်ကြီး (၅) ဦးပါဝင်သည့် အဖွဲ့မှတဆင့် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ရန် စစ်အုပ်စုက ဆက်သွယ်လာခဲ့သည်။ အဆိုပါ ကရင်အမျိုးသားပုဂ္ဂိုလ်ကြီး (၅) ဦးမှာ -

| | |
|---|---|
| (၁) အေစိုးမြင့် | - ကရင်ပြည်နယ် ပါလီမန်အတွင်းဝန်ဟောင်း |
| (၂) ပါမောက္ခ စောထွန်းအောင်ချိန် | - ရန်ကုန်တက္ကသိုလ် သမိုင်းသုတေသနဌာန |
| (၃) စောရစ်ချတ် | - သစ်တောအရာရှိဟောင်း |
| (၄) စောမာဂေကြီး | - သိက္ခာတော်ရဆရာ၊ နှစ်ခြင်းခရစ်ယန်အသင်းတော် |
| (၅) ဟန်ဆင်တဒေါ | - ရန်ကုန်တက္ကသိုလ် ကထိကဟောင်း |

တို့ ဖြစ်ကြသည်။

နဝတစစ်အုပ်စုသည် ငြိမ်းချမ်းရေးအကျိုးဆောင်များမှတဆင့်

(၁) ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားကြောင်း ပေါ်လွင်စေဖို့ ကေအဲန်ယူက ယာယီ အပစ်အခတ် ရပ်စဲထားကြောင်း၊

(၂) ကျနော်တို့ အမျိုးသားအရေး၊ ညီညွတ်ရေး၊ ငြိမ်းချမ်းရေးကို အလေးထားတဲ့အနေနဲ့ ကေအဲန်ယူသည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) နဲ့ ညီညွတ်ရေးရတဲ့အထိ တွေ့ဆုံဆွေးနွေးမည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာရန် တောင်းဆိုခဲ့သည်။ ***(နောက်ဆက်တွဲ-ဂ)***

၁၉၉၅ ခုနှစ် မတ်လ (၂၄) ရက်နေ့တွင် (KNU) က ၎င်းတို့လက်အောက်ခံ တပ်များသို့ အမိန့်ညွှန်ကြားချက်တရပ် ထုတ်ပြန်ခဲ့သည်။ ဗိုလ်ချုပ်ကြီး စောဘိုမြ လက်မှတ်နှင့် ထုတ်ပြန်သည့် အဆိုပါ အမိန့်ကြေညာချက်တွင် -

(၁) (KNLA), (KNDO) ဝယ်ကော်(ကာကွယ်ရေး) တပ်များအားလုံး ယာယီ အပစ်အခတ်ရပ်စဲထားရန်၊

(၂) ဤအတောအတွင်း ရန်သူတပ်များ ထိုးစစ်ဆင် လှုပ်ရှားလာပါက တိုက်ခိုက်သွားရမည်၊



**(KNU) ဥက္ကဋ္ဌဗိုလ်ချုပ်ကြီး စောဘိုမြနှင့် အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာလားဖန်း**

(၃) နဝတတပ်များ လှုပ်ရှားမှုမလုပ်ဘဲ သူတို့စခန်းမှာ ငြိမ်ငြိမ်နေရင် ဝင်ရောက်တိုက်ခိုက်ခြင်း မပြုရ၊
(၄) နောက်ထပ် အမိန့်ညွှန်ကြားချက်မရမချင်း ဤအမိန့်ညွှန်ကြားချက် တည်စေရမည် ဟု ပါရှိသည်။ ***(နောက်ဆက်တွဲ- ဃ)***

၁၉၉၅ ဒီဇင်ဘာလ (၁၃) ရက်နေ့တွင် (KNU) တွဲဘက် အထွေထွေအတွင်းရေးမှူး (၁) ဗိုလ်ချုပ် မောင်မောင် ခေါင်းဆောင်သော အဖွဲ့ဝင် (၂) ဦးပါ ပဏာမကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ခဲ့သည်။ ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီလ (၁၃) ရက်နေ့တွင် (KNU) အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာလားဖန်း ဦးဆောင်သည့် (၁၃) ဦးပါ ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ပြီး အပစ်အခတ်ရပ်စဲရေး ဆွေးနွေးမှုများကို ပြုလုပ်ခဲ့သည်။

(KNU) နှင့် စစ်အုပ်စုအကြား ၁၉၉၅ ဒီဇင်ဘာလမှ ၁၉၉၆ နိုဝင်ဘာလအထိ တရားဝင် ဆွေးနွေးပွဲ (၄) ကြိမ်၊ အလွတ်သဘောဆွေးနွေးပွဲ (၃) ကြိမ် ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲများအတွင်း (KNU) ဘက်မှ နိုင်ငံရေးပြဿနာများကို ဖြေရှင်းရန် တင်ပြခဲ့သော်လည်း စစ်အုပ်စုဘက်မှ လက်မခံခဲ့ချေ။ (KNU) အပေါ် တောင်းဆိုချက် (၆) ခုထဲတွင် 'ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာပါက လက်နက်စွန့်ရန်အတွက် ကြိုတင် ကတိပေးရန်' ဟူသည့် အချက်တချက် ပါရှိသည်။

၁၁-၁-၉၇ ခုနှစ်တွင် ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များကို စေလွှတ်ပြီး 'လက်နက်ကိုင် လမ်းစဉ် စွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ရန်' သို့မဟုတ်ပါက ဆက်လက်ဆွေးနွေးမည် မဟုတ်ကြောင်း ပြောဆိုခဲ့သည်။ ထို့နောက် (၁၀) ရက်အကြာတွင် တပ်မ (၇) ခုဖြင့် စစ်ဆင်ရေးများ ပြုလုပ်ခဲ့သည်။

၂၀၀၄ ခုနှစ် ဇန်နဝါရီလတွင်လည်း (KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောဘိုမြနှင့် နအဖ စစ်အုပ်စု ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်ချုပ်ကြီး ခင်ညွန့်တို့အကြား အပစ်အခတ်ရပ်စဲရန် (Gentleman's Agreement) နှုတ်ကတိ ရရှိခဲ့သည်။ သို့သော် ဗိုလ်ချုပ်ကြီးခင်ညွန့် အရေးယူခံရပြီးနောက်တွင် နအဖစစ်အုပ်စုသည် ၎င်းတို့၏ ကတိကို လျစ်လျူရှုပြီး (KNU) ထိန်းချုပ်ရာဒေသများသို့ တပ်များစေလွှတ်၍ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။

## (၂) ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) နှင့် အပစ်ရပ် နှုတ်ကတိသဘောတူညီချက် ရရှိ၊ ပျက်ပြားပုံ

(KNPP) နှင့် အပစ်အခတ်ရပ်စဲရေး ပျက်ပြားသွားသည့် ဖြစ်စဉ်ကို ကြည့်လျှင် စစ်အုပ်စု၏ နှုတ်ကတိသဘောတူညီချက်ကို ရှင်းလင်းစွာ သဘောပေါက်နိုင်မည်ဖြစ်သည်။ ၁၉၉၃ ခုနှစ် နိုဝင်ဘာလ (၁၇) ရက်နေ့နှင့် (၁၈) ရက်နေ့များတွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့သို့ ရောက်ရှိလာပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကို အပစ်အခတ်ရပ်စဲရေး ဆွေးနွေးရန် ဖိတ်ကြားခဲ့သည်။ ထိုဖိတ်ကြားချက်အရ (KNPP)သည် စစ်အစိုးရနှင့် ဆွေးနွေးခဲ့သည်။ နောက်ဆုံး ၁၉၉၅ ခု မတ်လ (၇) ရက်နေ့တွင် နှစ်ဘက်အကြား အပစ်အခတ်ရပ်စဲရန် သဘောတူညီချက် ရရှိသွားခဲ့သည်။ မတ်လ (၂၁) ရက်နေ့တွင် အပစ်အခတ်ရပ်စဲရေး အခမ်းအနားကို ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် အကြီးအကျယ် ကျင်းပပြီး နိုင်ငံတကာသို့ ဝါဒဖြန့်ချိခဲ့သည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရရှိပြီး (၃) လအကြာ ဇွန်လ (၁၄) ရက်နေ့တွင် 'တိုင်းလုံးဟိန်း' စစ်ဆင်ရေးဖြင့် (KNPP) ထိန်းချုပ်ရာဒေသအတွင်းသို့ စစ်တပ်များကို အလုံးအရင်း စေလွှတ်ခဲ့သည်။ (KNPP)က ဇွန်လ (၂၀) နှင့် (၂၂) ရက်နေ့တွင် လွိုင်ကော်ရှိ စစ်တပ်အကြီးအကဲများနှင့် ဆွေးနွေးရာတွင် ပြေလည်မှု မရရှိခဲ့။ ထို့ကြောင့် နိုဝင်ဘာလ (၂၁) ရက်နေ့တွင် ရန်ကုန်သို့ ကိုယ်စားလှယ်စေလွှတ်၍ ထပ်မံဆွေးနွေးခဲ့သည်။ ထိုဆွေးနွေးပွဲတွင် 'မတ်လ (၂၁) ရက်နေ့က ပြုလုပ်ထားသော အပစ်အခတ်ရပ်စဲရေးသည် တရားဝင် အပစ်အခတ်ရပ်စဲရေး ရယူထားသည့် အဆင့်မဟုတ်ကြောင်း' စစ်အစိုးရက ပြန်ကြားခဲ့သည်။

အပစ်အခတ် ရပ်စဲရေးအတွက် ပေးထားသည့် စစ်အစိုးရ၏ နှုတ်ကတိသဘောတူညီချက် ဆိုသည်မှာ စစ်အစိုးရသည် ၎င်းတို့ ကြိုက်နှစ်သက်သည့် အချိန်တွင် တည်၍ ၎င်းတို့ အကျိုးစီးပွားနှင့် ဆန့်ကျင်လာသည့်အခါ တဖက်သတ် ဖျက်သိမ်းနိုင်သည့် ကတိကဝတ်တခုမျှသာ ဖြစ်နေသည်။ ■

အခန်း (၇)

# အပစ်ရပ်စဲပြီးနောက် တိုင်းရင်းသားအဖွဲ့များ၏ စီးပွားရေး

## စီးပွားရေးမက်လုံးပေး

တဖက်တွင် ကန့်သတ်ချုပ်ကိုင်မှုများ ပြုလုပ်ထားပြီး တဖက်တွင် အပစ်ရပ်အဖွဲ့များအား စီးပွားရေးလုပ်ကိုင်ခွင့်အချို့ ချပေးခဲ့သည်ကိုတွေ့ရသည်။ ဒေသအလိုက် ကျောက်မျက်တူးဖေါ်ခြင်း၊ သစ်ထုတ်လုပ်ခြင်း၊ သတ္တုတူးဖေါ်ခြင်း စသည့်လုပ်ပိုင်ခွင့်များကို လုပ်ကိုင်စေသည်။ ယင်းလုပ်ငန်းများမှ အကျိုးအမြတ် အမြောက်အများ ရရှိလာကြသည်။ စစ်အစိုးရအတွက် ငြိမ်းချမ်းရေးအကျိုးဆောင်အဖြစ် အကျိုးပြုခဲ့သော ဘိန်းဘုရင် လော်စစ်ဟန်၏ မိသားစုကို စီးပွားရေးလုပ်ပိုင်ခွင့်များ အမြောက်အများပေးကာ ချီးမြှောက်ခဲ့သည်။

စစ်အစိုးရသည် အပစ်ရပ်အဖွဲ့အစည်းများကြားတွင် ပြိုကွဲမှုများဖြစ်စေရန် စီးပွားရေးရောဂါ ရည်ရွယ်ချက်ရှိရှိ ထည့်ပေးလိုက်သည်။ ဤသို့ဖြင့် အချို့သော အပစ်ရပ်ခေါင်းဆောင်မှုပိုင်းတွင် စီးပွားရေးအရ အကြီးအကျယ် ကိုယ်ကျိုးရှာမှုများ ပေါ်ပေါက်လာကြသည်။ ထိုစီးပွားရေးအကျိုးအမြတ်များအပေါ် အဝေမတည့်ဖြစ်ပြီး တချို့သော တိုင်းရင်းသားအပစ်ရပ်အဖွဲ့များအတွင်း ခေါင်းဆောင်မှုပိုင်း၌ အကွဲအပြဲများဖြစ်ကာ တချို့ဆိုလျှင် လက်နက်ကိုင် ပဋိပက္ခအထိပင် ရောက်ရှိကုန်ကြရသည်။ ဥပမာ- ကချင်ပြည်နယ် အထူးဒေသ (၁) အဖွဲ့ဖြစ်သည့် (NDAK) အဖွဲ့အတွင်း ဥက္ကဋ္ဌ စခုန်တိန့်ယိန်းနှင့် တခြားခေါင်းဆောင်များဖြစ်သော လယောက်ဇလွန်းတို့အကြား ပြဿနာများ ဖြစ်ပွါးပြီး အဖွဲ့တွင် အာဏာသိမ်းမှု၊ ပုန်ကန်မှုများ ဖြစ်ပွါးခဲ့သည်။ (MNDAA) အဖွဲ့ဥက္ကဋ္ဌ ဖုန်ကြားရှင်နှင့် ပယ်စောက်ချိန်အကြား ဖြစ်ပွါးသော ပြဿနာမှာလည်း စီးပွါးရေးလုပ်ပိုင်ခွင့် အကျိုးအမြတ်အပေါ် အခြေခံခြင်း ဖြစ်သည်။

အပစ်ရပ်အဖွဲ့များအနေနှင့် ကျောက်မျက်တူးဖေါ်ခြင်း၊ သစ်ထုတ်လုပ်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ လောင်းကစားရုံများဖွင့်လှစ်ခြင်း စသည့် လုပ်ငန်းများစွာတွင် ဝင်ရောက်လုပ်ကိုင်လာကြသည်။ နယ်စပ်ကုန်သွယ်ရေးကို တရားဝင်နည်း၊ တရားမဝင်နည်း နှစ်မျိုးစလုံးနှင့် ဝင်ရောက်လုပ်ကိုင်လာကြသည်။ အပစ်ရပ်အဖွဲ့များအတွင်းမှာပင် စစ်အုပ်စု၏အကြိုက်ကို လိုက်လျောသည့်အဖွဲ့နှင့် မလိုက်လျောသည့်အဖွဲ့ဟူ၍ ခွဲခြားဆက်ဆံခြင်းကိုလည်း ခံကြရသည်။

ရှမ်းပြည်တောင်ပိုင်း အထူးဒေသ (၆)၊ ပအိုဝ့်အမျိုးသားအဖွဲ့ချုပ် (PNO) ဆိုလျှင် နာမည်ကျော် 'ပတ္တမြားနဂါး' ကျောက်မျက်ရတနာကုမ္ပဏီကို တည်ထောင်ထားသည်။ နယ်ခြားစောင့်တပ်အစီအစဉ်ကို လက်ခံလိုက်သည့် ကချင်အထူးဒေသ (၁) (NDAK) ဆိုလျှင် 'ဆန်းလင်း' သွင်းကုန်ထုတ်ကုန်လုပ်ငန်း၊ ကျောက်စိမ်းတူးဖေါ်ရေးလုပ်ငန်း၊ ကျောက်မီးသွေးတူးဖေါ်ရေးလုပ်ငန်း၊ ဗန်မော် သစ်ထုတ်လုပ်ရေး၊ မြစ်ကြီးနား ရွှေတူးဖေါ်ရေး

စသည့် လုပ်ငန်းပေါင်းများစွာကို လုပ်ကိုင်နေသည်။ ချီဖွေ၊ ပန်ဝါ၊ ဖီမော် ဒေသတွင် ခဲမဖြူ၊ အဖြိုက်နက်၊ (Molybdenum) သတ္တုတူးဖေါ်ရေးအတွက် 'ပန်ဝါအထွေထွေဘိမ်းဟုခေါ်ထူထောင်ထားပြီး တရုတ်ကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ကိုင်နေသည်။

(DKBA) အဖွဲ့အပါအဝင် နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကို လက်ခံသောအဖွဲ့များအနေဖြင့် စီးပွါးရေးလုပ်ပိုင်ခွင့်များ ရရှိထားသည်။ နယ်ခြားစောင့်တပ် ဖွဲ့စည်းရေးကို လက်မခံသောအဖွဲ့များ၏ စီးပွါးရေးလုပ်ငန်းများကို ပိတ်ပင်ထားသည့်အပြင် ဒေသတွင်းသို့ ကုန်ပစ္စည်းတင်သွင်းခွင့်ကိုပါ ပိတ်ပင်ထားသည်။ အဆိုပါအဖွဲ့များ ပိုင်ဆိုင်သည့် မြို့ပေါ်ရှိ အိမ်ယာအဆောက်အဦများကိုပင် ပြန်လည်ရောင်းချခွင့် မပြုတော့ပေ။ အဖွဲ့အစည်းတခုတည်းမှာပင် နယ်ခြားစောင့်တပ် ဖွဲ့စည်းရေးကို လက်ခံသူများနှင့် လက်မခံသူများဟူ၍ ခွဲခြားပြီး အခွင့်အရေးများ ပေးအပ်သည်။

(DKBA) အဖွဲ့တခုတည်းမှာပင် နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကို လက်ခံသည့် ဗိုလ်မှူးကြီးစောချစ်သူနှင့် လက်မခံသည့် ဗိုလ်မှူးချုပ်စောလားဗွယ်တို့ကို အခွင့်အရေး ခွဲခြားပေးအပ်သည်။ (၉၉၉) ဗျူဟာမှူးဗိုလ်မှူးကြီးစောချစ်သူအား ကရင်ပြည်နယ်၊ ဖါးပွန်ခရိုင်၊ လဂွန်းပြိုဒေသအတွင်း ရွှေတူးဖေါ်ခွင့်လုပ်ငန်းများချပေးခဲ့သော်လည်း ဗိုလ်မှူးချုပ်စောလားဗွယ်၏ ကားများကို လိုင်စင်မဲ့ကားများအဖြစ် သိမ်းယူခဲ့သည်။



**ကရင်ပြည်နယ်၊ ဖါးပွန်ခရိုင်၊ လဂွန်းပြိုဒေသရှိ ရွှေတွင်း**

စီးပွါးရေးလုပ်ပိုင်ခွင့်များပေးခြင်းဖြင့် စစ်အုပ်စုသည် တိုင်းရင်းသား အပစ်ရပ်အဖွဲ့များအပေါ် ထိန်းချုပ်ခြင်း၊ သွေးခွဲခြင်းများကို စနစ်တကျ ဆောင်ရွက်ခဲ့သည်။

## ဘိန်းလုပ်ငန်းဖြင့် ဖျက်ဆီး

စစ်အုပ်စုသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုယူပြီးနောက် အဆိုပါအဖွဲ့များအား နိုင်ငံရေးကိစ္စမှလွဲလျှင် အကုန်လုပ်ခွင့်ပေးထားသည်ကို တွေ့ရသည်။ ဘိန်းစိုက်ပျိုး

ခြင်း၊ ဘိန်းဖြူချက်လုပ်ခြင်းနှင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖေါက်ကားခြင်းများကိုပင် မသိကျိုးကျွံပြုနေခဲ့သည်။ မူးယစ်ဆေးဝါး ရောင်းဝယ်သယ်ဆောင်ခြင်းကို စစ်ထောက်လှမ်းရေးများ၊ စစ်တပ်များ၏ အထောက်အကူဖြင့် တွင်ကျယ်စွာ ပြုလုပ်လာကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးကုန်သွယ်မှုတွင် မြန်မာစစ်တပ်မှ ပါဝင်ပတ်သက်မှု ရှိနေသည်ဟု နိုင်ငံတကာအဖွဲ့အစည်းများက စွပ်စွဲပြောဆိုမှုများ ရှိလာကြသည်။

၁၉၈၉ ခုနှစ်နောက်ပိုင်း မြန်မာပြည်မြောက်ပိုင်းတွင် ဘိန်းစိုက်ပျိုးမှု သိသိသာသာ တိုးတက်လာသည်။ အာဖဂန်နစ္စတန်ပြီးလျှင် မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး အများဆုံး ထွက်ရှိရာဒေသအဖြစ် နေရာရလာသည်။ ယင်းဒေသရှိ စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ပါဝင်ပတ်သက်မှု ရှိသည်ဟု အမေရိကန်နိုင်ငံ (D.E.A) အဖွဲ့နှင့် ကမ္ဘာ့ကုလသမဂ္ဂ (UNODC) တို့၏ အစီရင်ခံစာများက ဆိုသည်။ (UWSP) 'ဝ' ခေါင်းဆောင် ပေါက်ယိုချမ်းနှင့် ဝေ့ရှောက်ခမ်တို့နှစ်ဦးကို မူးယစ်ဆေးဝါး ရောင်းဝယ်မှု၊ ငွေမဲခဝါချမှုများနှင့် အမေရိကန်အစိုးရ တရားရုံးမှ ဖမ်းဝရမ်းထုတ်ရသည်အထိပင် ဖြစ်သည်။ အိမ်နီးချင်း ထိုင်းနိုင်ငံကလည်း ၎င်းတို့နိုင်ငံတွင်းသို့ ဝင်ရောက်လာသော မူးယစ်ဆေးဝါးအများစုမှာ မြန်မာစစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲထားကြသော တိုင်းရင်းသားလက်နက်ကိုင်များထံမှလာသည်ဟု ပြောဆိုကြသည်။

ထိုကာလ အပစ်အခတ် ရပ်စဲရေးလုပ်ထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့သည် မူးယစ်ဆေးဝါးကုန်သွယ်မှုတွင် ပါဝင်ပတ်သက်မှုများရှိသည်ဟု နိုင်ငံတကာ မူးယစ်ဆေးဝါး လေ့လာစောင့်ကြည့်သူများက ဆိုကြသည်။ ကမ္ဘာ့ကုလသမဂ္ဂ၊ အမေရိကန်နိုင်ငံနှင့် နိုင်ငံတကာတို့၏ ပြစ်တင်ဝေဖန်သံများ များပြားလာသောအခါမှ ဘိန်းစိုက်ပျိုးရေးကို လျှော့ချကာ ဘိန်းအစား စိတ်ကြွဆေး (ခေါ်) ရာဘဆေးပြားများ ထုတ်လုပ်မှုဘက်သို့ ပြောင်းလဲ ထုတ်လုပ်လာကြသည်။ ထိုအခြေအနေအားလုံးကို စစ်အုပ်စုက ထိရောက်စွာ တားဆီးမှုမပြုလုပ်ခဲ့ပေ။ ရည်ရွယ်ချက်ရှိရှိ မျက်နှာလွှဲထားခြင်းသာ ဖြစ်သည်။ မူးယစ်ဆေးဝါး မှောင်ခိုမှုများတွင် စစ်အုပ်စုမှ တိုက်ရိုက်ပါဝင်ခြင်းရှိသည့် အထောက်အထားကို မတွေ့ရှိရသော်လည်း စစ်ဘက်အရာရှိကြီးများ အနေဖြင့် လာဘ်ငွေရယူသည့် သတင်းများ၊ တဦးချင်းပါဝင်သည့် အထောက်အထားများကို တွေ့ရှိရသည်။ ထိုနည်းတူ ငွေမဲများကို ငွေဖြူအဖြစ် ခဝါချခြင်းများကို စစ်အုပ်စုက မျက်ကွယ်ပြုထားခြင်းဖြင့် အားပေး ကူညီခဲ့သည်။

ထိုကဲ့သို့ စီးပွါးရေးအခွင့်ထူးများ ပေးထားခြင်းနှင့် ဘိန်းလုပ်ငန်းများကို သွယ်ဝိုက်အားပေးနေခြင်းများသည် အပစ်ရပ်အဖွဲ့များအတွင်း နိုင်ငံရေး၊ အမျိုးသားရေးစိတ်ဓါတ်များ လျှော့ပါးပျောက်ကွယ်၍ စီးပွားရေး အကျင့်ပျက်ခြစားမှုအောက်သို့ လျှောကျသွားစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။ တချို့အပစ်ရပ်အဖွဲ့ ခေါင်းဆောင်များဆိုလျှင် နိုင်ငံရေးရည်ရွယ်ချက် လုံးဝပျောက်ကွယ်ပြီး စစ်အာဏာပိုင်များနှင့် ပေါင်းကာ ကိုယ်ကျိုးစီးပွားအတွက်သာ လုံးပမ်းနေကြသည့်အဆင့်သို့ ရောက်ရှိသွားကြသည်။

အပစ်ရပ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်များ၏ နေဥစ္စာရင်းနှီးမြှုပ်နှံမှု ပိုမိုများပြားတိုးပွားအောင် ဖန်တီးပေးခြင်းဖြင့် စစ်အစိုးရသည် ထိုအဖွဲ့များအား နိုင်ငံရေးအရ ပိုမိုထိန်းချုပ်နိုင်ရန် စီမံထားခြင်းဖြစ်သည်။ ၁၉၈၉ ခုနှစ်မှ နှစ် (၂၀) အတွင်း ပြန်ကြည့်လျှင် စစ်အစိုးရ၏ရည်မှန်းချက် အတော်အတန် ထိရောက်သည်ကို တွေ့ရပေမည်။ ဤသို့ဖြင့် တိုင်းရင်းသား အပစ်ရပ်အဖွဲ့တို့၏ ခေါင်းဆောင်မှုပိုင်းတွင် စီးပွားရေးနောက်လိုက်ချင်သောအစုနှင့် အမျိုးသားရေး၊ နိုင်ငံရေး ဆက်လုပ်ချင်သော အစုဟူ၍ သိသိသာသာရော၊ မသိမသာပါ ကွဲလာကြပါသည်။

## နိုင်ငံရေးအရ ချုပ်ကိုင်

စစ်အုပ်စုက အပစ်ရပ်အင်အားစုများအား ပြည်တွင်းနိုင်ငံရေးလှုပ်ရှားမှုများနှင့် အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဆက်ဆံရေးများကို ပိတ်ပင်ထားသည်။ သို့သော်လည်း အပစ်ရပ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် မြန်မာ့နိုင်ငံရေး၏ ပင်မရေစီးကြောင်းတွင်းသို့ အခြေအနေပေးလျှင် ပေးသလောက် ဝင်ရောက်ပြောဆိုလေ့ရှိသည်။

၁၉၉၈ ခုနှစ် ဩဂုတ်လ (၁၄) ရက်နေ့တွင် အပစ်အခတ် ရပ်စဲထားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ (၃) ဖွဲ့ဖြစ်သည့် ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)၊ ကယန်းပြည်သစ်ပါတီ၊ ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ကလလတ) ဥက္ကဋ္ဌများက 'အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် အကြံပြုတင်ပြခြင်း' ဆိုသည့် စာတစောင်ကို နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပေးပို့ခဲ့သည်။

ထိုစာထဲတွင် **'ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်အများစု ရွေးချယ်တင်မြှောက်ထားခြင်းခံခဲ့ရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် လက်ရှိ အခြေအနေ အချိန်အခါတွင် တင်ပြတောင်းဆိုထားသော ပြည်သူ့လွှတ်တော်ခေါ်ယူပေးရေး တောင်းဆိုချက်သည် ဥပဒေကြောင်းအရ တရားမျှတသည်ဟု ရိုးသားစွာ ယုံကြည်သည်။'**

**'နိုင်ငံတော်အစိုးရမှ ကမကထပြုကာ ဆောင်ရွက်နေသည့် အခြေခံဥပဒေ ရေးဆွဲရေးကို အကောင်အထည်ဖေါ်နေသော အမျိုးသားညီလာခံသည် လက်ရှိအခြေအနေတွင် ကျိုးကြောင်းဆီလျော်ခြင်းမရှိတော့ဟု ပွင့်လင်းစွာ သုံးသပ်မိပါသည်။'**

**'ထို့ကြောင့် ပြဿနာပေါင်းစုံ၊ ပဋိပက္ခပေါင်းစုံအား ဖြေရှင်းနိုင်မည့် အဓိကကျသည့် နိုင်ငံရေးသော့ချက်ဖြစ်သော တပ်မတော်အင်အားစု (လက်ရှိအာဏာပိုင်အဖွဲ့အစည်း)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားအင်အားစုများ ပါဝင်သော တွေ့ဆုံဆွေးနွေးခြင်းသာလျှင် လက်ရှိအခြေအနေနှင့် လျော်ကန်သင့်မြတ်ကောင်းမွန်လှကြောင်း အနူးအညွတ်အကြံပြုတင်ပြအပ်ပါသည်။'** ဟု ဖေါ်ပြထားသည်။

ထိုပေးစာကို ပေးပြီး မကြာမီမှာပင် အဆိုပါအဖွဲ့ (၃) ဖွဲ့တို့အား နအဖစစ်အုပ်စုက ပြင်းထန်စွာ ဖိအားပေးခဲ့သည်။ ထိုအဖွဲ့များ လုပ်ဆောင်နေသော စီးပွါးရေးလုပ်ငန်းများကို ပိတ်ပင်တားဆီးခဲ့သည်။ စစ်ရေးအရလည်း ခြိမ်းခြောက်ခဲ့သည်။ ■

အခန်း (၈)

# နဝတ – နအဖ အမျိုးသားညီလာခံနှင့် အပစ်ရပ် နိုင်ငံရေးအဖွဲ့အစည်းများ အခြေအနေ

ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီး၏ နိုင်ငံရေးအရှိန်အဟုန်မှာ အလွန်ကြီးမားခဲ့ပါသည်။ ထို့ကြောင့် စစ်အစိုးရမှ အာဏာသိမ်းအပြီးတွင် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရေးဆိုသည့် ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံကြီး၏ နိုင်ငံရေးတောင်းဆိုချက်ကို မလွှဲမရှောင်သာ ပြုလုပ်ပေးခဲ့ရသည်။ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးနိုင်ရန် နိုင်ငံရေးပါတီများ တည်ထောင်ခွင့်ပြုခြင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေး ခြင်းများကို ပြုလုပ်ပေးခဲ့ရသည်။

၁၉၈၈ ခုနှစ် စက်တင်ဘာလ (၂၇) ရက်နေ့တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ထုတ်ပြန်ခဲ့ သည်။ ထိုအခွင့်အလမ်းအောက်တွင် နိုင်ငံရေးပါတီပေါင်း (၂၃၅) ပါတီ တည်ထောင်ခွင့်ရရှိခဲ့သည်။ နဝတစစ်အစိုး ရက ဦးနေဝင်း၏ မဆလပါတီကို အသွင်ပြောင်းထားသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည) အနိုင်ရမည်ဟု ယူဆထားသောကြောင့် ၁၉၉၀ ခုနှစ် မေ (၂၇) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ကျင်းပပေးခဲ့သည်။

နိုင်ငံရေးပါတီပေါင်း (၉၃) ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD)က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နေရာပေါင်း (၃၉၂) နေရာ၊ တိုင်းရင်းသား ကိုယ်စားလှယ်များ က (၆၇) နေရာ အသီးသီး ရွေးကောက်ခံခဲ့ရသည်။ နတဝစစ်အုပ်စုမှ အနိုင်ရမည်ဟုမျှော်လင့်ထားသည့် (တစည) ပါတီကမူ (၁၀) နေရာသာ အနိုင်ရခဲ့သည်။ ထင်ထားသည့်အတိုင်း ဖြစ်မလာသောကြောင့် (နဝတ) စစ်အစိုးရသည် ရွေးကောက်ပွဲအနိုင်ရ (NLD) ပါတီအား အာဏာလွှဲပြောင်းပေးရန် ငြင်းဆိုခဲ့သည်။ ထိုနောက် စစ်အစိုးရသည် နိုင်ငံရေးအာဏာ ဆက်လက် ထိန်းချုပ်နိုင်ရေးအတွက် ဥပဒေများ၊ အမိန့်များ ထုတ်ပြန်ကာ နိုင်ငံရေးနှိပ်ကွပ်မှုမျိုးစုံ (နိုင်ငံရေးပါတီများ ဖျက်သိမ်းခြင်း၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးခြင်း) ကို အဆက်မပြတ် လုပ်လာခဲ့ သည်။

(နဝတ)စစ်အစိုးရသည် နိုင်ငံရေးအာဏာ လက်မလွှတ်ရေး ကနဦးခြေလှမ်းအဖြစ် ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ (၂၇) ရက်နေ့တွင် ကြေညာချက်အမှတ် (၁/၉၀) အား ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်၏ အပိုဒ်(၁၂) တွင် 'ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ (၃) တွင် ***လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်*** ဟူ၍ ပြဋ္ဌာန်းပါရှိသည်။ ယင်းပြဋ္ဌာန်းချက်နှင့်အညီ လွှတ်တော် ခေါ်ယူဖွဲ့စည်းခြင်းကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆောင်ရွက်ပေးမည်' ဟု ဖေါ်ပြထားပြီး၊ အပိုဒ် (၂၀) တွင်မူ 'ယနေ့အခြေအနေတွင် ပြည်သူများက ရွေးကောက်

တင်မြှောက်လိုက်သော ကိုယ်စားလှယ်များသည် အနာဂတ် ဒီမိုကရေစီနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်များဖြစ်သည်’ ဟု ဖော်ပြထားပြန်သည်။ ထိုကြေညာချက်၏ အနှစ်သာရမှာ ရွေးကောက်ပွဲပြီးလျှင် အနိုင်ရပါတီကို အာဏာလွှဲပြီး တပ်မတော်က စစ်တန်းလျားပြန်မည်ဟု ပြောဆိုခဲ့သော နဝတဥက္ကဌ၏ ကတိစကားကို ဖျက်သိမ်းလိုက်ခြင်းဖြစ်သည်။

ကြေညာချက်အမှတ် (၁/၉၀) ၏ နောက်ဆက်တွဲ လုပ်ဆောင်မှုများအဖြစ် အမျိုးသားညီလာခံတခု ကျင်းပရန် အမိန့်အမှတ် (၉ / ၉၂) ကို ၂၈-၅-၉၂ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။ ၁၉၉၂ ခုနှစ် အောက်တိုဘာ ၂ ရက်နေ့ရက်စွဲဖြင့် အမိန့်ကြေညာချက်အမှတ် (၁၃/ ၉၂) ကို ထုတ်ပြန်ပြီး အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ကို ဖွဲ့စည်းလိုက်သည်။ စစ်အစိုးရက ဦးစီးလုပ်ဆောင်သည့် အမျိုးသားညီလာခံကို ၁၉၉၃ ခုနှစ် ဇန်နဝါရီလ (၉) ရက်နေ့တွင် စတင်ကျင်းပခဲ့သည်။

ညီလာခံကိုယ်စားလှယ်များ ရွေးချယ်ရာတွင် အစုအဖွဲ့ (၈) ခု ခွဲကာ စစ်အစိုးရက လက်ရွေးစင် ရွေးချယ်ထားသူအများစုကို ပါဝင်တက်ရောက်စေခဲ့သည်။ အမိန့်အမှတ် (၁/၉၀) တွင် အနာဂတ် ဒီမိုကရေစီ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်များဖြစ်သည်ဟု ဆိုထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုမူ ညီလာခံကိုယ်စားလှယ်များ၏ ၁၃. ၉ ရာခိုင်နှုန်းသာ တက်ရောက်ခွင့်ပြုခဲ့သည်။ အောက်ဖော်ပြပါ ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များ၏ အင်အားအချိုးအစားကို ကြည့်ခြင်းအားဖြင့် စစ်အစိုးရက ညီလာခံတွင် မည်မျှ အပေါ်စီးရယူထားသည်ကို တွေ့မြင်ကြရပါလိမ့်မည်။



**နအဖ အမျိုးသားညီလာခံတက်ရောက်နေသော ကိုယ်စားလှယ်များ**

## အမျိုးသားညီလာခံ ကိုယ်စားလှယ်များအစုအဖွဲ့ အင်အားပြဇယား
(၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)

| စဉ် | ကိုယ်စားလှယ်အစုအဖွဲ့ | ကိုယ်စားလှယ်ဦးရေ |
|---|---|---|
| ၁ | တတ်သိပညာရှင်ကိုယ်စားလှယ် အစုအဖွဲ့ | ၃၅ ဦး |
| ၂ | လယ်သမားကိုယ်စားလှယ် အစုအဖွဲ့ | ၉၃ ဦး |
| ၃ | အလုပ်သမားကိုယ်စားလှယ် အစုအဖွဲ့ | ၂၉ ဦး |
| ၄ | နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ် အစုအဖွဲ့ | ၉၀ ဦး |
| ၅ | တိုင်းရင်းသားကိုယ်စားလှယ်များ အစုအဖွဲ့ | ၂၁၂ ဦး |
| ၆ | ရွေးချယ်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့ | ၉၉ ဦး |
| ၇ | နိုင်ငံရေးပါတီကိုယ်စားလှယ် အစုအဖွဲ့ | ၄၈ ဦး |
| ၈ | အထူးဖိတ်ကြားသင့်သောကိုယ်စားလှယ် အစုအဖွဲ့ | ၈၁ ဦး |
| | စုစုပေါင်း | ၇၀၂ ဦး |

## အမျိုးသားညီလာခံ ကိုယ်စားလှယ်များအစုအဖွဲ့ အင်အားပြဇယား
(ညီလာခံဒုတိယအပိုင်း)
(၂၀၀၄ ခုနှစ်၊ မေလ ၁၇ ရက်)

| စဉ် | ကိုယ်စားလှယ်အစုအဖွဲ့ | ကိုယ်စားလှယ်ဦးရေ |
|---|---|---|
| ၁ | တတ်သိပညာရှင်ကိုယ်စားလှယ် အစုအဖွဲ့ | ၅၆ ဦး |
| ၂ | လယ်သမားကိုယ်စားလှယ် အစုအဖွဲ့ | ၉၃ ဦး |
| ၃ | အလုပ်သမားကိုယ်စားလှယ် အစုအဖွဲ့ | ၄၈ ဦး |
| ၄ | နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ် အစုအဖွဲ့ | ၁၀၉ ဦး |
| ၅ | တိုင်းရင်းသားကိုယ်စားလှယ်များ အစုအဖွဲ့ | ၆၃၃ ဦး |
| ၆ | ရွေးချယ်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့ | ၁၅ ဦး |
| ၇ | နိုင်ငံရေးပါတီကိုယ်စားလှယ် အစုအဖွဲ့ | ၂၉ ဦး |
| ၈ | အထူးဖိတ်ကြားသင့်သောကိုယ်စားလှယ် အစုအဖွဲ့ | ၁၀၅ ဦး |
| | စုစုပေါင်း | ၁၀၈၈ ဦး |

၂၀၀၄ ခုနှစ် မေလတွင် ပြန်လည်စတင်သော ညီလာခံတွင်မူ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် ၁. ၃၇ ရာခိုင်နှုန်းသာ တက်ရောက်ခွင့်ရတော့သည်။

ညီလာခံကိုယ်စားလှယ်များ အစုအဖွဲ့စာရင်းတွင်ပါရှိသော အထူးဖိတ်ကြားသင့်သော ကိုယ်စားလှယ်အစုအဖွဲ့ဆိုသည်မှာ နဝတ စစ်အစိုးရနှင့် အပစ်အခတ် ရပ်စဲထားခဲ့ကြသော တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများ ဖြစ်ကြသည်။

ထိုအင်အားစုများသည် အပစ်ရပ်စဲခဲ့ကြစဉ်က နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်း (တွေ့ဆုံဆွေးနွေးအဖြေရှာရေးနည်းလမ်း) ဖြင့် ဖြေရှင်းကြရန် အကြိမ်ကြိမ် တင်ပြခဲ့ကြသည်။ ထိုအချိန်က စစ်အစိုးရခေါင်းဆောင်များသည် နိုင်ငံရေးပြဿနာများကို နောက်တက်လာသည့် အစိုးရနှင့်သာ ဖြေရှင်းကြရန် အကြောင်းပြန်ကြားခဲ့သည်။ အမျိုးသားညီလာခံ ပေါ်လာသောအခါတွင်မူ နိုင်ငံရေးပြဿနာများကို အမျိုးသားညီလာခံတွင် ဆွေးနွေးကြရန် စစ်အစိုးရက တမျိုးပြောင်း၍ ပြောဆိုလာပါသည်။

သို့သော် အမျိုးသားညီလာခံသို့ တက်ရောက်ခွင့် ပြုသောအခါတွင်လည်း အပစ်ရပ်အင်အားစုများအား အထူးဖိတ်ကြားသင့်သော ကိုယ်စားလှယ်အစုအဖွဲ့ဆိုသော အမည်နာမဖြင့်သာ တက်ရောက်စေခဲ့သည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ အမည်ရင်းကို လုံးဝ အသိအမှတ်ပြုဖော်ပြပေးခြင်း မပြုခဲ့ပါ။

စစ်အစိုးရ၏ ညီလာခံတွင် ပါဝင်သော အစုအဖွဲ့ (၈) ဖွဲ့တွင် တိုင်းရင်းသား ကိုယ်စားလှယ်များ အစုအဖွဲ့လည်း တခုပါဝင်သည်။ ၎င်းတိုင်းရင်းသားကိုယ်စားလှယ်များ အစုအဖွဲ့တွင် အပစ်ရပ် တိုင်းရင်းသားအင်အားစုများကို မထည့်သွင်းခြင်းအားဖြင့် အပစ်ရပ် တိုင်းရင်းသားအင်အားစုများသည် သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုးစုများအား ကိုယ်စားပြုသူများမဟုတ်ကြောင်း စစ်အစိုးရ၏သဘောထားကို တဘက်လှည့် ဖော်ပြလိုက်ခြင်းပင် ဖြစ်သည်။

အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရရှိသော အပစ်ရပ်အဖွဲ့ (၂၇) ဖွဲ့မှ ကိုယ်စားလှယ်စုစုပေါင်း ၇၄ ဦး (ညီလာခံပြီးဆုံးသည်အထိ) တက်ရောက်ခဲ့သည်။ ညီလာခံတက်ရောက်လာသော အပစ်ရပ် အဖွဲ့အစည်းမှ ကိုယ်စားလှယ်များသည် မိမိတို့နှင့်သက်ဆိုင်သည့် အမျိုးသားအခွင့်အရေးနှင့် ရပိုင်ခွင့်များကို တဖွဲ့ချင်းဖြစ်စေ၊ အဖွဲ့များစုစည်း၍ဖြစ်စေ တင်ပြတောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသည်။



**KIO ဒု-ဥက္ကဌ ဒေါက်တာတူးဂျာမှ အမျိုးသားညီလာခံအပြီး မော်ကွန်းတင်လက်မှတ် ပေးအပ်နေစဉ်**

၂၀၀၄ ခုနှစ် မေလ (၁၁) ရက်နေ့တွင် အပစ်ရပ်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များဖြစ်သော (KIO), (PSLO), (NMSP), (SSA), (SSNA), (KNLP), (SNPLO), (KNPLF) တို့ ပူးတွဲ၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌထံ 'အမျိုးသားညီလာခံနှင့်ပတ်သက်သော အမြင်သဘောထားကို တင်ပြခြင်း' ခေါင်းစဉ်ဖြင့် တင်ပြချက်ကို ပေးပို့ခဲ့သည်။

ထိုစာတွင် အဓိကအားဖြင့် 'နိုင်ငံရေးဦးတည်ချက် (၆) ရပ်နှင့် အခြေခံမူ (၁၀၄) ချက်သည် မိမိတို့ရည်မှန်းထားသော စည်းလုံးညီညွတ်ရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ပြည်ထောင်စုစစ်စစ်မှုတို့နှင့် ကွဲလွဲနေပါသည်။ ထို့ကြောင့် ယခုကျင်းပမည့် အမျိုးသားညီလာခံနှင့်ပတ်သက်၍ အပစ်အခတ် ရပ်စဲကာ ငြိမ်းချမ်းရေး ရယူထားသော မိမိတို့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ အမြင်သဘောထားများကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်'ဟူ၍ အစချီ ဖော်ပြထားပါသည်။ ***(နောက်ဆက်တွဲ - င)***

သို့သော် နအဖစစ်အုပ်စုက အပစ်ရပ် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ တင်ပြတောင်းဆိုချက်ကို လုံးဝ လက်မခံခဲ့ပါ။

ညီလာခံတွင် တိုင်းရင်းသား အပစ်ရပ်အဖွဲ့များ၏ တင်ပြတောင်းဆိုချက်တိုင်းကို ညီလာခံကျင်းပရေးကော်မရှင်က အခြေခံမူ (၆) ချက်နှင့် အသေးစိတ်အခြေခံရမည့် မူ (၁၀၄) ချက်တို့နှင့် မကိုက်ညီဟုဆို၍ ပယ်ချခြင်း (သို့မဟုတ်) မှတ်တမ်းတင်ထားမည်ဟု အကြောင်းပြန်ခြင်းများဖြင့် ငြင်းဆန်ပယ်ချခဲ့သည်။

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် အပစ်ရပ်အဖွဲ့ (၆) ဖွဲ့မှ ညီလာခံကျင်းပရေးကော်မရှင်သို့ ထပ်မံတင်ပြခဲ့သည်။ ညီလာခံသို့ နိုင်ငံရေးပါတီများ၊ ရွေးကောက်ခံကိုယ်စားလှယ်များ အစုံအလင် တက်ရောက်စေသင့်ကြောင်း ထိုပူးတွဲတင်ပြချက်တွင် ထောက်ပြတောင်းဆိုခဲ့ကြသည်။ ပူးတွဲတင်ပြသော အဆိုပြုချက်များကို ဘာတခုမှ ပြုပြင်စဉ်းစားပေးမှု မရကြချေ။ အချေအတင်ပြောဆိုခဲ့သော ညီလာခံကိုယ်စားလှယ်များကို ခြိမ်းခြောက်အကြပ်ကိုင်မှုများပင် လုပ်ခဲ့ကြသည်။

အပစ်ရပ်အဖွဲ့များသည် ၁၉၉၀ ပြည့် ရွေးကောက်ပွဲအနိုင်ရ နိုင်ငံရေးပါတီများနှင့် ရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ်များကို အလေးထားကြပါသည်။ စစ်အစိုးရအနေဖြင့် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ပေးရန် လိုကြောင်း၊ ပြည်သူ့လွှတ်တော်ခေါ်ယူပေးရန် လိုကြောင်း ထောက်ပြတောင်းဆိုခဲ့ကြသည်။ ကယန်းပြည်သစ်ပါတီ၊ ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦးနှင့် ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့တို့မှ ၁၉၉၈ ခုနှစ် ဩဂုတ်လ (၁၄)ရက်နေ့ နေ့စွဲဖြင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသို့ စာပေးပို့တောင်းဆိုခဲ့ကြသည်။

စစ်အစိုးရဘက်မှ ထိုတောင်းဆိုချက်ကို ထည့်သွင်းစဉ်းစားမှု၊ လိုက်လျောအကောင်အထည်ဖော်ပေးမှု လုံးဝ မရှိခဲ့ရုံမျှသာမက တင်ပြတောင်းဆိုခဲ့သည့် အဖွဲ့အစည်းများကို အပြင်းအထန် ဖိအားပေးခြင်း၊ အကြပ်ကိုင်ခြင်းများဖြင့် တုန့်ပြန်ခဲ့ပါသည်။

တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် (DKBA)နှင့် ပအိုဝ်အမျိုးသားအဖွဲ့ချုပ် (PNO) အပါအဝင် အချို့အဖွဲ့များဆိုလျှင် အမျိုးသားညီလာခံအတွင်း မည်သည့်တောင်းဆိုချက်မျှ မတောင်းဆိုဘဲ စစ်အစိုးရ၏ အစီအမံကို လုံးဝ ထောက်ခံခဲ့သည်ကို တွေ့ရသည်။ အများအားဖြင့် နိုင်ငံရေးဆိုင်ရာကိစ္စများကို လုံးဝ မပြောကြချေ။ စီးပွားရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ နယ်မြေဒေသ ပိုင်းခြားသတ်မှတ်ခြင်းကိစ္စနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စများလောက်သာ အဓိကထား တင်သွင်းကြသည်ကို တွေ့ရသည်။

၂၀၀၄ ခုနှစ်တွင် ပြန်လည်စတင်သော အမျိုးသားညီလာခံ၌ အပစ်ရပ်တိုင်းရင်းသား (၁၃) ဖွဲ့မှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဥပဒေပြုရေးကဏ္ဍ၊ အာဏာခွဲဝေရေးကဏ္ဍတို့နှင့်ပတ်သက်၍ အချက် (၇) ချက်ပါ တင်ပြချက်စာတမ်းတစ်စောင်ကို ညီလာခံ၌ တရားဝင် တင်ပြခဲ့သည်။

ယင်း (၇) ချက်မှာ . . .

(၁) ထပ်တူဥပဒေပြု စာရင်းထားရှိရေး၊
(၂) ကြွင်းကျန်အာဏာကို ပြည်နယ်များတွင် ထားရှိရေး၊
(၃) ဥပဒေပြုကဏ္ဍမှ တိုင်းရင်းသားလူမျိုးစုကို သီးခြားထားရှိရေး၊
(၄) ပြည်နယ်လွှတ်တော်များတွင် လုံခြုံရေး၊ ကာကွယ်ရေးဆိုင်ရာ ဥပဒေပြုပိုင်ခွင့် ရရှိရေး၊
(၅) ပြည်နယ်လွှတ်တော်များတွင် စာပေ၊ ယဉ်ကျေးမှုနှင့် ပတ်သက်သော ဥပဒေပြုပိုင်ခွင့်ရှိရေး၊
(၆) တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်း ဥပဒေများကို ပြည်နယ်များ၌ ဥပဒေပြုပြဋ္ဌာန်းနိုင်ရေး၊
(၇) ပြည်နယ်ဖွဲ့စည်းပုံ သီးခြား ရေးဆွဲပြဋ္ဌာန်းကျင့်သုံးခွင့် ရရှိရေး

စသည်တို့ဖြစ်သည်။

စစ်အစိုးရဘက်ကလည်း အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ဥပဒေပြုရေးကိစ္စများ ပါလာလျှင် လက်မခံဘဲ ပယ်ချခဲ့သည်။ (နဝတ-နအဖ)သည် ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာကိစ္စများအားလုံးကိုလည်း လုံးဝ ငြင်းဆိုထားသည်။

၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် ပြန်လည်ကျင်းပသော အမျိုးသားညီလာခံ (ဒုတိယအပိုင်း) တတိယအပတ်တွင် မွန်ပြည်သစ်ပါတီမှ ကိုယ်စားလှယ်မစေလွှတ်တော့ဘဲ လေ့လာသူအဖြစ်သာ စေလွှတ်ခဲ့သည်။ မွန်ပြည်သစ်ပါတီမှ ကိုယ်စားလှယ်မလွှတ်တော့သည့် အဓိကအကြောင်းရင်းမှာ ညီလာခံတွင် တင်သွင်းသည့် လူမျိုးစုများ၏ တင်ပြချက်များကို ငြင်းပယ်ခံရခြင်း၊ ညီလာခံသည် ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းနှင့် မညီညွတ်ခြင်း၊ မွန်ပြည်သစ်ပါတီ၏ ပါတီညီလာခံမှ ပါတီရပ်တည်ချက်များဖြင့် မကိုက်ညီခြင်း စသည့် အချက်များကြောင့် ဖြစ်သည်။ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ (၃) ရက်နေ့ ဘီဘီစီ-မြန်မာပိုင်းအစီအစဉ်မှ ထုတ်လွှင့်သည့် တွေ့ဆုံခန်းတွင် **'ကျနော်တို့တင်တဲ့အချက်တွေအပေါ် အမျိုးသားညီလာခံရဲ့ အခြေခံမူတွေနဲ့ မကိုက်ညီဘူးဆိုပြီးတော့ ဒါကိုပြင်ဆင်ဖြည့်စွက်ပေးတာ မရှိဘူး။ မှတ်တမ်းတင်ထားတာပဲ ရှိတယ်'** ဟု မွန်ပြည်သစ်ပါတီ အထွေထွေ အတွင်းရေးမှူး နိုင်ဟံသာက ရှင်းလင်း ပြောဆိုခဲ့သည်။

မွန်ပြည်သစ်ပါတီကဲ့သို့ ညီလာခံကိုယ်စားလှယ် စေလွှတ်ခြင်းမရှိတော့သည့် အပစ်ရပ်အဖွဲ့အစည်း ၂ ဖွဲ့ ရှိသည်။ ပထမတဖွဲ့မှာ Shan State Army(N) (SSA-N) ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) ဖြစ်သည်။ ၎င်းတို့ပါတီဥက္ကဋ္ဌ ဗိုလ်ချုပ်ဆေထင်အား နအဖစစ်အစိုးရက နိုင်ငံတော်ပြိုကွဲရန် ကြံစည်လုပ်ဆောင်မှုဖြင့် စွပ်စွဲကာ ထောင်ဒဏ် (၁၀၆) နှစ် ချမှတ်ခဲ့သောကြောင့်ဖြစ်သည်။ ဥက္ကဋ္ဌ ဗိုလ်ချုပ်ဆေထင် လွတ်မြောက်ရေးအတွက် (SSA-N) ဗဟိုကော်တီနှင့် အခြားအပစ်ရပ်အဖွဲ့ (၅) ဖွဲ့မှလည်း တောင်းဆိုခဲ့သည်။ ဗိုလ်ချုပ်ဆေထင်ကို လွှတ်ပေးခဲ့ခြင်းမရှိပေ။ (SSA-N) သည် ညီလာခံ တက်ရောက်ခြင်းမပြုတော့ပေ။ ဒုတိယတဖွဲ့သည် Shan State National Army (SSNA) ရှမ်းပြည် အမျိုးသားတပ်မတော်မှ ကိုယ်စားလှယ်များဖြစ်သည်။ လက်နက်ကိုင်တော်လှန်ရေးသို့ ပြန်လည် ဆင်နွှဲသွားသောကြောင့် ကိုယ်စားလှယ်မစေလွှတ်ခြင်း ဖြစ်သည်။

၂၀၀၇ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် အမျိုးသားညီလာခံကို အဆုံးသတ်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မတီကို စစ်အစိုးရမှ ၎င်းစိတ်တိုင်းကျ ပုဂ္ဂိုလ် (၅၄) ဦးဖြင့် ဖွဲ့စည်းပြီး အမျိုးသားညီလာခံမှ ချမှတ်ခဲ့သော အခြေခံမူများအပေါ် မူတည်၍ ရေးဆွဲစေခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတခု ထွက်ပေါ်လာခဲ့သည်။ ညီလာခံတက်ရောက်သော အပစ်ရပ် ကိုယ်စားလှယ်များအနေဖြင့် မိမိတို့သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ထွက်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို လက်မှတ်ရေးထိုးရာတွင် ကိုယ်တိုင် ပါဝင်ခဲ့ရတော့သည်။ ■

အခန်း (၉)

# ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းရင်းသားလူမျိုးစုများ၏ အခွင့်အရေး

မြန်မာပြည်၏ နိုင်ငံရေးပြဿနာများကို ဖြေရှင်းကိုင်တွယ်ကြရသည့်အခါ မုချတွေ့ကြုံကြရသည့် ပြဿနာတခုမှာ တိုင်းရင်းသားလူမျိုးစုများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် မည်ကဲ့သို့ သဘောထားမည်ဆိုသည့် ကိစ္စရပ်ပင်ဖြစ်သည်။ ထိုပြဿနာကို မှန်ကန်စွာ ချည်းကပ်ဖြေရှင်းနိုင်စွမ်းမရှိသည့် အုပ်စိုးသူတိုင်းသည် တိုင်းရင်းသားလူမျိုးစုများနှင့် ဖြစ်ပွားမည့် နိုင်ငံရေး၊ စစ်ရေး ပဋိပက္ခများကို ကျော်လွှားနိုင်မည်မဟုတ်ပါ။ ယခု စစ်အစိုးရမှ ပြဋ္ဌာန်းထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကို အာမခံထားခြင်းမရှိပါ။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၄) ဥပဒေပြုရေးအခန်းမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ခေါင်းစဉ်အောက်ရှိ ပုဒ်မ (၁၉၆) ***(နောက်ဆက်တွဲ စ)*** တွင် ဖေါ်ပြထားသည့် အခွင့်အရေးများသည် တိုင်းရင်းသား လူမျိုးစုများအတွက် ဒေသတွင်းလုပ်ပိုင်ခွင့်မှာ မြူနီစီပါယ်လုပ်ငန်းအဆင့်လောက်သာ ဖြစ်ပါသည်။ တိုင်းရင်းသားဒေသများတွင် ထူထပ်စွာရှိနေသော သစ်တောများအတွက် လုပ်ပိုင်ခွင့်ကို လုံးဝမပေးဘဲ 'ကျေးရွာထင်းစိုက်ခင်း'ကိုသာ စီမံခန့်ခွဲရမည်ဟု ဖေါ်ပြထားသည်။

ကချင်ပြည်နယ်တွင် ကျောက်စိမ်း၊ ရှမ်းပြည်နယ်တွင် ပတ္တမြား စသဖြင့် တိုင်းရင်းသားလူမျိုးစုဒေသများတွင် အဖိုးတန်သယံဇာတများ ထွက်ရှိခြင်းဖြင့် ကျော်ကြားလှသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်၏ ဥပဒေပြုပိုင်ခွင့်တွင် 'ကျောက်မျက်ရတနာသွေးခြင်းနှင့် ဖြတ်တောက်ခြင်း' ကိုသာ ခွင့်ပြုထားသည်။ ဗဟိုအစိုးရက ကျောက်မျက်ရတနာ လုပ်ပိုင်ခွင့်ကို တိုက်ရိုက်ချုပ်ကိုင်ထားသည်။ ထိုဥပဒေပုဒ်မများ၏ အဓိပ္ပါယ်အရဆိုလျှင် တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဟုဆိုသော နိုင်ငံရေးအခွင့်အရေးကို ပြောင်တားဆီးပိတ်ပင်ထားသည်ကို တွေ့ရသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၉၆) တွင် 'ပြည်ထောင်စုလွှတ်တော်သည် ဇယား (၁) တွင် ဖော်ပြထားသော ပြည်ထောင်စုဥပဒေစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတဝှမ်းလုံးအတွက်သော်လည်းကောင်း၊ ပြည်ထောင်စု၏ တစိတ်တဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်မှု ရှိစေရန် ဥပဒေပြုခွင့်ရှိသည်' ဟု ဖော်ပြထားသည်။ 'ပြည်ထောင်စုဥပဒေပြုစာရင်း ဇယား (၁)'၏ အပိုဒ် (၉) လူမှုရေးကဏ္ဍ အပိုဒ်ခွဲ (န) တွင် 'စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်၊ ဗီဒီယို' ဟုဖေါ်ပြထားသည်။ အဆိုပါ ဥပဒေဖော်ပြချက်အရ တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ယဉ်ကျေးမှုဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍လည်း ဗဟိုအစိုးရက တိုက်ရိုက်

ချုပ်ကိုင်ထားသည်။ တိုင်းရင်းသားစာပေ သင်ကြားခွင့်၊ ရိုးရာအနုပညာ လှုပ်ရှားခွင့်များကိုပင် ဗဟိုအစိုးရ၏ ခွင့်ပြုချက်မရရှိဘဲ လုပ်ကိုင်ခွင့် ဆုံးရှုံးနေရသည်။

တိုင်းရင်းသားလူမျိုးစုများ၏ ဥပဒေပြုခွင့်အာဏာများကို ကန့်သတ်ခြင်းသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုသည့် နိုင်ငံရေးအခွင့်အရေးများကို ကန့်သတ်ခြင်းဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မများသည် တိုင်းရင်းသားလူမျိုးစုများ၏ အမျိုးသားဆိုင်ရာ ကိုယ်ပိုင်လက္ခဏာများအား ဖော်ထုတ်ခွင့်၊ ထိန်းသိမ်းခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်များကို ပိတ်ပင်လိုက်သည့် ဥပဒေပုဒ်မများ ဖြစ်သည်။

အသစ်ဟု ပြောစရာဆို၍ ယခင်ဖွဲ့စည်းပုံများတွင် မပါဝင်ဘူးသော 'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း'နှင့် 'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ' ဟူ၍ တိုင်းရင်းသားလူမျိုးစု (၆) စုအတွက် သီးသန့်နယ်မြေ ပိုင်းခြားသတ်မှတ်ပေးထားမှုကို ထည့်သွင်းထားသည်။

- စစ်ကိုင်းတိုင်းရှိ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ် (၃) ခုအား စုစည်းကာ 'နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ'။
- ရှမ်းပြည်နယ်တွင် ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ် (၂) ခုကို စုစည်းကာ 'ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ'။
- ရှမ်းပြည်နယ်ရှိ ဟိုပုန်းမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ပင်လောင်းမြို့နယ် (၃) ခုကို စုစည်းကာ 'ပအိုဝ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ'။
- ရှမ်းပြည်နယ်ရှိ နမ့်ဆန်မြို့နယ်၊ မန်တုံမြို့နယ် (၂) ခုကို စုစည်းကာ 'ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ'။
- ရှမ်းပြည်နယ် ကုန်ကြမ်းမြို့နယ်နှင့် လောက်ကိုင်မြို့နယ် (၂) ခုကို စုစည်းကာ 'ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ'။
- ရှမ်းပြည်နယ်ရှိ ဟိုပန်မြို့နယ်၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ နားဖန်းမြို့နယ်၊ မက်မန်းမြို့နယ်နှင့် ပန်ဆန်းမြို့နယ် (၆) ခုအား ခရိုင်နှစ်ခုဖွဲ့ကာ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း' တို့အဖြစ် ဖွဲ့စည်းပေးခဲ့သည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသများ နယ်မြေပိုင်းခြားသတ်မှတ်မှုတွင် 'ဝ'လူမျိုးစုမှလွဲ၍ ကျန်လူမျိုးစုများမှာ ကန့်ကွက်ငြင်းခုံခြင်းမျိုး မတွေ့ရပါ။ 'ဝ'ခေါင်းဆောင်များက ရှမ်းပြည်နယ် ဟိုပန်၊ မိုင်းမော၊ ပန်ဝိုင်၊ နားဖန်း၊ မက်မန်းနှင့် ပန်ဆန်း(ပန်ခမ်း) (၆) မြို့နယ်အပြင် ရှမ်းပြည်တောင်ပိုင်း ထိုင်းနယ်စပ် 'ဝ'တပ်များ ထိန်းချုပ်ထားရာ မုန်းပေါက်နှင့် မုန်းဖျန် (၂) မြို့နယ်ပါ ထည့်သွင်းပေးရန် တောင်းဆိုထားသည်။

၎င်းအသစ်တိုးလာသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသများမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဆိုသော စကားလုံးမှလွဲလျှင် အမှန်တကယ် အုပ်ချုပ်ခွင့်ကို ဥပဒေအရ ပေးမထားပေ။ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဆင့်တိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်မှ တိုက်ရိုက်ခန့်အပ် တာဝန်ပေးသော တပ်မတော်သားများ နေရာမလပ် နေရာယူထားကြပေသည်။

လက်တွေ့တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် တိုးမြှင့်ပေးလိုက်သည်ဟု လူကြားကောင်းအောင် ဝါဒဖြန့်ထားခြင်းသာဖြစ်သည်။ စစ်မှန်ပြည့်ဝသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတခု၏ အနှစ်သာရများကို နအဖစစ်အုပ်စု၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လုံးဝ မပါရှိပါ။

အပစ်ရပ်ပြဿနာကို ဖြေရှင်းရန်အတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မတခု ထည့်သွင်းပြဋ္ဌာန်းထားသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း (၇)၊ ပုဒ်မ (၃၃၈) တွင် **"နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင် ရှိရမည်"** ဟု ပြဋ္ဌာန်းထားသည်။

ထိုဥပဒေပုဒ်မ၏ ရည်ရွယ်ချက်သည် အပစ်ရပ်အဖွဲ့များ၏ နိုင်ငံရေးဘဝ ရှင်သန်ရပ်တည်ခွင့်ကို ဖြတ်တောက်ပစ်ရန်ဖြစ်သည်။ **ထိုဥပဒေပုဒ်မ၏ ပြဋ္ဌာန်းချက်အရ အပစ်ရပ်အဖွဲ့များအား အသွင်ပြောင်းပစ်သည့်နည်းဖြင့် ဖျက်သိမ်းရေးဖြစ်သည်။** အပစ်ရပ်အဖွဲ့အစည်းများအား နယ်ခြားစောင့်တပ်ဖွဲ့၊ ဌာနေပြည်သူ့စစ်စသဖြင့် အသွင်ပြောင်းဖွဲ့စည်းရန် ဖိအားမျိုးစုံပေးခဲ့သည်။ တချို့အဖွဲ့အစည်းများက စစ်အစိုးရ၏ အစီအမံအတိုင်း နာခံခဲ့ကြသည်။ အချို့အဖွဲ့အစည်းများကမူ ယနေ့အထိ လက်မခံ ငြင်းဆန်နေဆဲဖြစ်သည်။

ချုပ်၍ဆိုရလျှင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားလူမျိုးစုများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဖြစ်သည့် နိုင်ငံရေးအခွင့်အရေးများကို ပေးထားခြင်း လုံးဝ မရှိကြောင်း ရှင်းရှင်းလင်းလင်း တွေ့မြင်ရပါသည်။ ■

## အခန်း (၁၀)

# စစ်အစိုးရ၏ နယ်ခြားစောင့်တပ် (Border Guard Force)၊ ဌာနေပြည်သူ့စစ်တပ်ဖွဲ့ (Home Guard Force) ဖွဲ့စည်းရေးအစီအစဉ်နှင့် တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများ

တိုင်းရင်းသား လက်နက်ကိုင် အပစ်ရပ်အဖွဲ့များနှင့်ပတ်သက်သည့် ကိစ္စရပ်များအားလုံးကို စစ်အစိုးရ၏ ထောက်လှမ်းရေးက အဓိကထား ကိုင်တွယ်ခဲ့သည်။ အပစ်အခတ်ရပ်စဲရေးအစီအစဉ်ကို နဝတ အတွင်းရေးမှူး(၁) လည်းဖြစ်၊ စစ်ထောက်လှမ်းရေးအကြီးအကဲလည်းဖြစ်သူ ဗိုလ်ချုပ်ခင်ညွန့်က တာဝန်ယူခဲ့သည်။ ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဗိုလ်ချုပ်ခင်ညွန့်ကို ဖယ်ရှားလိုက်ပြီးနောက်တွင် အပစ်ရပ် တိုင်းရင်းသားများအား ယခင်ထောက်လှမ်းရေးအဖွဲ့ကို နာမည်ပြောင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည့် စစ်ဘက်ရေးရာ လုံခြုံရေးအဖွဲ့(စရဖ) အကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဆက်လက်တာဝန်ယူခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် စစ်အစိုးရ၏ အပစ်ရပ် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအား နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးအစီအစဉ်ကို အကောင်အထည်ဖော်ရန် အဓိကထား တာဝန်ယူခဲ့သည်။ ၎င်းစီမံချက်တွင် နယ်မြေတည်ရှိမှုအနေအထားအရ မြန်မာနိုင်ငံနယ်စပ်ဒေသများနှင့် ထိစပ်နေသော တိုင်းရင်းသား အပစ်ရပ် လက်နက်ကိုင်များအား နယ်ခြားစောင့်တပ် (Border Guard Force) အဖြစ် ခေါ်ဆိုဖွဲ့စည်း၍ အတွင်းပိုင်း ဒေသများတွင်ရှိကြသော တိုင်းရင်းသား အပစ်ရပ်များကိုမူ ဌာနေပြည်သူ့စစ်တပ်ဖွဲ့ (Home Guard Force)အဖြစ် ဖွဲ့စည်းရန်ဖြစ်သည်။ ထိုကဲ့သို့ နယ်ခြားစောင့်တပ် ပြောင်းလဲဖွဲ့စည်းခိုင်းခြင်းနှင့် ပတ်သက်၍ တိုင်းရင်းသား လက်နက်ကိုင် အပစ်ရပ်အဖွဲ့များအား ညွှန်းဆိုရာတွင် စစ်အစိုးရသည် ၂၀၀၈ ဖွဲ့စည်းပုံ၏ အခန်း (၇) ပုဒ်မ (၃၃၈) ကို ဖော်ပြလေ့ရှိသည်။

၂၀၀၉ ခုနှစ် ဧပြီလ ၂၈ ရက်နေ့မှစ၍ အပစ်ရပ် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအားလုံးကို နယ်ခြားစောင့်တပ် (BGF) နှင့် ဌာနေပြည်သူ့စစ်တပ်ဖွဲ့များ (HGF) အဖြစ် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းရန် ပြောကြား လာသည်။ နယ်စပ်နှင့်နီးသော အပစ်ရပ်အဖွဲ့များအား နယ်ခြားစောင့်တပ် ဖွဲ့စည်းမည်။ နယ်ခြားစောင့်တပ်ရင်း တရင်းလျှင် . . .

- အရာရှိ (၁၈) ဦးနှင့် အခြားအဆင့် (၃၀၈) ဦး စုစုပေါင်း စစ်သား (၃၂၆) ဖြင့် ဖွဲ့စည်းရန်၊
- ယင်းအင်အားထဲတွင် စစ်အစိုးရဘက်မှ အရာရှိအပါအဝင် အင်အား (၃၀) ပါဝင်ရန်၊
- တပ်ရင်းအုပ်ချုပ်ရေး အရာရှိတယောက်ကို စစ်အစိုးရစစ်တပ်မှ ခန့်ထားရန်၊
- မူလအဖွဲ့အစည်းတွင်းရှိ အသက် (၅၀) အထက် တပ်ဖွဲ့ဝင်များကို တပ်မှ အနားပေးရန်၊
- ပြောင်းလဲဖွဲ့စည်းပြီးသော တပ်ဖွဲ့များအား စစ်သင်တန်းများ ပေးရန်အတွက် စစ်အစိုးရ၏ စစ်သင်တန်း ကျောင်းများသို့ စေလွှတ်တက်ရောက်စေရန်ဖြစ်သည်။ ***(နောက်ဆက်တွဲ- ဆ)***

နယ်စပ်ဒေသနှင့်ဝေးသော အပစ်ရပ်အဖွဲ့များကို ဌာနေပြည်သူ့စစ်တပ်ဖွဲ့များအဖြစ် လူအင်အားပေါ် မူတည်၍ သုံးမျိုးသုံးစား ဖွဲ့စည်းပေးရမည်ဖြစ်သည်။

(၁) ပြည်သူ့စစ်တပ်ဖွဲ့ကြီးတွင် လူအင်အား (၉၀) ယောက်ဖြင့် ဖွဲ့စည်း၍ လူ (၆၀) ကို လက်နက်တပ်ဆင်မည်။ ကျန်အယောက် (၃၀) မှာ အရံအင်အားအဖြစ် ထားမည်။

(၂) ပြည်သူ့စစ်တပ်ဖွဲ့အလတ်တွင် လူအင်အား (၆၀) ယောက်ဖြင့် ဖွဲ့စည်း၍ အယောက် (၄၀)အား လက်နက်တပ်ဆင်ပေးမည်။ ကျန် (၂၀) မှာ အရံအင်အားဖြစ်သည်။

(၃) ပြည်သူ့စစ်တပ်ဖွဲ့အငယ်တွင် လူအင်အား အယောက် (၃၀) ဖြင့် ဖွဲ့စည်း၍ (၂၀) အား လက်နက်တပ်ဆင်ပေးပြီး ကျန် (၁၀) ယောက်ကို အရံအင်အားအဖြစ်ထားကာ ဖွဲ့စည်းသွားမည်ဟုဆိုသည်။

စစ်အစိုးရ၏ အဆိုပြုချက်များကို 'ဝ'ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)၊ မြန်မာပြည် အမျိုးသားဒီမိုကရေစီသွေးစည်းညီညွတ်ရေးတပ်မတော် (MNDAA)၊ အမျိုးသားဒီမိုကရေစီသွေးစည်းညီညွတ်ရေး တပ်မတော် (NDAA)၊ ရှမ်းပြည်တပ်မတော် (SSA)၊ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၊ မွန်ပြည်သစ်ပါတီ (NMSP) နှင့် (KNU-KNLA) ငြိမ်းချမ်းရေးကောင်စီ စသော အပစ်အခတ်ရပ်စဲထားသော အဖွဲ့များက သဘောမတူ ငြင်းပယ်ကြသည်။ နိုင်ငံရေးအရ မည်သည့်ဆွေး နွေးသဘောတူညီမှုမျှ မရသေးမီ ၎င်းတို့၏တပ်အင်အားကို လျှော့ချမခံလိုကြပေ။

စစ်အစိုးရ၏ နယ်ခြားစောင့်တပ် ပြောင်းလဲဖွဲ့စည်းရေးအပေါ် သဘောမတူဆန့်ကျင်လိုက်သော အဖွဲ့များနှင့် စစ်အစိုးရအကြား ဆက်ဆံရေးများ တင်းမာလာကြတော့သည်။ စစ်အစိုးရကလည်း ၎င်း၏ စစ်တပ်များကို အပစ်ရပ်အဖွဲ့များ၏ ဒေသအနီး စစ်ရေးလှုပ်ရှားမှုများပြုလုပ်ပြီး ခြိမ်းခြောက်အကြပ်ကိုင်သကဲ့သို့ တိုင်းရင်းသား လက်နက်ကိုင်များဘက်ကလည်း စစ်ရေးပြင်ဆင်မှုများ ပြုလုပ်လာကြသည်။ နယ်ခြားစောင့်တပ် ပြင်ဆင်ပြောင်းလဲရေးကို လက်မခံလျှင် ၁၉၈၉ ခုနှစ် နောက်ပိုင်းအခြေအနေကို ပြန်ရောက်သွားမည်ဟုလည်း စစ်အုပ်စုက ခြိမ်းခြောက်သည်။ ယင်းတို့၏အစီအမံကို လက်ခံရန် စစ်ရေးအရ ခြိမ်းခြောက်သောနည်း၊ ခွင့်ပြုထားသော စီးပွားရေး လုပ်ပိုင်ခွင့်များကို ပြန်လည်ကန့်သတ်သည့်နည်း၊ စီးပွားရေးအခွင့်အရေးပေး စည်းရုံးသောနည်း၊ အဖွဲ့တွင်း သွေးကွဲအောင် သပ်လျှိုသွေးခွဲသောနည်း စသဖြင့် နည်းပေါင်းစုံ ကျင့်သုံးလာသည်ကို တွေ့မြင်ရသည်။

၂၀၀၉ ခုနှစ် ဩဂုတ်လတွင် ဖုန်ကြားရှင်ခေါင်းဆောင်သော ကိုးကန့်တပ်ဖွဲ့တို့၏ (MNDAA) ဌာနချုပ်ရှိရာ လောက်ကိုင်တွင်ဖြစ်ပွားသော အရေးအခင်းသည် စစ်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ အပစ်အခတ်ရပ်စဲရေး သဘောထူညီမှုရရှိပြီး နှစ် ၂၀ အကြာတွင် ပြန်ဖြစ်သော ပထမဦးဆုံး စစ်ရေးပဋိပက္ခပင်ဖြစ်သည်။ (BGF) ပြောင်းလဲရေးလက်မခံသော (MNDAA) ခေါင်းဆောင် ဖုန်ကြားရှင်နေအိမ်၌ လျှို့ဝှက်လက်နက်စက်ရုံနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်နေသည်ဟု အကြောင်းပြချက်ဖြင့် စစ်အစိုးရတပ်မှ ဝင်ရောက်ကာ ဖုန်ကြားရှင်ကို ဖမ်းဆီးရာမှ နှစ်ဖက်တပ်များအကြား အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားတော့သည်။ ထိုအရေးအခင်းကို အကြောင်းပြုပြီး စစ်အစိုးရတပ်များ အလုံးအရင်းနှင့် ကိုးကန့်ဒေသသို့ ဝင်လာကာ (MNDAA) ဌာနချုပ် လောက်ကိုင်ဒေသအား ထိန်းချုပ်ထားလိုက်တော့သည်။ ရှောင်တိမ်းသွားသော ဖုန်ကြားရှင်နေရာတွင် စစ်အစိုးရအလိုကျ (BGF) ပြောင်လဲရေးကို လက်ခံသော ပယ်စောက်ချိန်ကို အစားထိုးလိုက်သည်။

ကိုးကန့်အရေးအခင်းသည် အပစ်ရပ် တိုင်းရင်းသားလက်နက်ကိုင်များအတွက် စစ်အစိုးရအပေါ် ထားရှိသော ၎င်းတို့၏ သဘောထားများကို ပြန်လည်သုံးသပ်ရန် လုံလောက်သော သခ်ဲန်းစာကို ပေးလိုက်လေသည်။ အမျိုးသားတန်းတူရေးနှင့် တိုင်းရင်းသားလူမျိုးစုများ၏ ရပိုင်ခွင့်များဆိုင်ရာ နိုင်ငံရေးပြဿနာများကို အကျေအလည် မဖြေရှင်းဘဲ စစ်အစိုးရက အပစ်ရပ် လက်နက်ကိုင်တော်လှန်ရေးတပ်များကို ၎င်း၏ လက်အောက်ခံတပ်များအဖြစ် ပြောင်းလဲပစ်ရန် အားထုတ်ခြင်းသာဖြစ်သည်။




**ဖုန်ကြားရှင် နှင့် ပယ်စောက်ချိန်**

အပစ်ရပ် တိုင်းရင်းသားအဖွဲ့များက နယ်ခြားစောင့်တပ်၊ ပြည်သူ့စစ်တပ်ဖွဲ့ ပြန်လည်ဖွဲ့စည်းရေးနှင့် ပတ်သက်၍ ၎င်းတို့လိုလားသော ပုံစံများကို စစ်အစိုးရထံ ပြန်လည်တင်ပြ တောင်းဆိုဆွေးနွေးမှုများ ပြုလုပ်ကြသည်။ (UWSP) 'ဝ'အဖွဲ့သည် ပထမအကြိမ် ၁၀-၁၁-၂၀၀၉ တွင် အချက် (၉) ချက်ပါ တင်ပြချက် နှင့် ၃၁-၃-၂၀၁၀ တွင် ယခင် (၉) ချက်ကိုပယ်၍ (BGF) အသွင်ပြောင်းရေးဆိုင်ရာ အချက် (၈) ချက်ပါ တင်ပြချက်ကို ဒုတိယအကြိမ်အဖြစ် စစ်အစိုးရတာဝန်ရှိသူများထံသို့ 'ဝ'ခေါင်းဆောင် ပေါက်ယိုချမ်းကိုယ်တိုင် စာဖြင့် ရေးသားတင်ပြ ဆွေးနွေးခဲ့သည်။ ပေါက်ယိုချမ်းမှ မြန်မာစစ်အစိုးရထံ စာရေးသား တောင်းဆိုခဲ့သော အချက် (၈) ချက်မှာ . . .

(၁) မိုင်းပေါက်ဒေသအား လက်ရှိ 'ဝ'ဒေသပိုင်နယ်မြေအတွင်း ဆက်လက်ထားရှိရန်။

(၂) (BGF) အသွင်ပြောင်းရာတွင် သက်ကြီးပိုင်းအရာရှိများ အသက် (၆၀) ထိ တာဝန်ထမ်းဆောင်ခွင့်ပေးရန်၊ မြောက်ပိုင်း 'ဝ'နယ်ရှိ နယ်ခြားစောင့်တပ်ရင်း (၁၀) ရင်းအား ရမခ လက်အောက်ခံအဖြစ် ထားရှိပြီး တပ်ရင်းမှူးရာထူးအား စစ်အစိုးရအရာရှိမှ တာဝန်ယူရန်။

(၃) (BGF) အတွက် (မြောက်ပိုင်း 'ဝ' တပ်ဖွဲ့) စစ်သင်တန်းအား ပန်ဆန်း၊ မိုင်းပေါက်နှင့် မိုင်းမော(မိုင်းမိုင်) တို့တွင် ထားရှိရန်။

(၄) 'ဝ'နယ်ပြည်သူ့ရဲတပ်ဖွဲ့၊ အုပ်ချုပ်ရေးယန္တယားဆိုင်ရာများ ယခုအတိုင်း ဆက်လက်ထားရှိပြီး ပင်စင်စား ပုဂ္ဂိုလ်များအတွက် ရှမ်းပြည်တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားစဉ် ကျဆုံးသွားသော 'ဝ'ရဲဘော်များ၏ ကလေးများ (မိဘမဲ့ကလေးများ တာဝန်အတွက်) စစ်အစိုးရမှ တာဝန်ယူဖြေရှင်းရန်။

(၅) 'ဝ'ပြည်သူများအတွက် နိုင်ငံသားစီစစ်ရေးကဒ်ပြား မှတ်ပုံတင်များထုတ်ပေးရန်၊ 'ဝ'ပိုင်ကားများအားလုံး လိုင်စင်ထုတ်ပေးရန်။

(၆) တောင်ပိုင်း 'ဝ'တပ်ဖွဲ့အတွက်လည်း တြိဂံတိုင်းစစ်ဒေသလက်အောက်ခံ နယ်ခြားစောင့်တပ်ရင်း (၁၀) ရင်း ထားရှိပြီး ဆိုင်ရာ စစ်သင်တန်းကို တောင်ပိုင်း 'ဝ'ဌာနချုပ် ဟွေအော့နှင့် ဝမ်ဟုန်တွင် ထားရှိရန်။

(၇) တောင်ပိုင်းရှိ 'ဝ'ပြည်သူတို့သည် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများတွင် အမြောက်အများ ရင်းနှီးမြှုပ်နှံထားသောကြောင့် မြောက်ပိုင်း 'ဝ'နယ်သို့ ရွှေ့ပြောင်းခြင်းမလုပ်ဘဲ မြေပိုင်ဆိုင်ခွင့် (မြေဂရန်) ထုတ်ပေးပြီး နေထိုင်ခွင့်ပြုရန်။

(၈) 'ဝ'ပိုင် စီးပွားရေးလုပ်ငန်းများ၊ ဖက်စပ်လုပ်ငန်း လုပ်ကိုင်နေသည့် နိုင်ငံခြားသားများအားလုံး နဂိုအတိုင်း ထားရှိရန်
စသည်တို့ဖြစ်သည်။

အားလုံးပယ်ချခံရသည်။ အမျိုးသားညီလာခံတွင် အတည်ပြုပြီးဖြစ်၍ မည်သည့်အချက်ကိုမျှ ပြင်ဆင်ပြောင်းလဲ၍မရဟု စစ်အစိုးရဘက်မှ အကြောင်းပြန်သည်။ နောက်ဆုံးတွင် 'အသွင်ကူးပြောင်းရေး လုပ်ခွင့်မရှိတော့၊ လုံးဝလက်နက်ချရန်သာ ရှိတော့သည်' ဟုပင် စစ်အစိုးရစစ်ခေါင်းဆောင်တို့က 'ဝ'တို့အား ရာဇသံပေးလာသည်။

ထို့အတူ (NDAA-ESS) မိုင်းလားအဖွဲ့ကလည်း အသွင်ပြောင်းရေးနှင့်ပတ်သက်၍ စစ်အစိုးရထံ တင်ပြချက် (၆) ချက် တင်ပြညှိနှိုင်းခဲ့သည်။

ယင်း (၆) ချက်မှာ . . .

(၁) နအဖစစ်အရာရှိများ မိုင်းလားတပ်ဖွဲ့အတွင်း ဝင်ရောက်တာဝန်ထမ်းခြင်း မပြုလုပ်သေးရန်။
(၂) မွန်းမံစစ်သင်တန်းများကိုလည်း မိုင်းလားနယ်မြေအတွင်း၌သာ ပြုလုပ်ရန်။
(၃) တာဝန်ထမ်းဆောင်နိုင်သေးသည့် အသက် ၅၀ ကျော် မိုင်းလားအရာရှိများ ရာထူးမှ ရပ်နားခြင်းမပြုရန်။
(၄) မိုင်းလားတပ်ဖွဲ့ ထိန်းချုပ်နယ်မြေအားလုံး နဂိုအတိုင်း ထားရှိသွားရန်။
(၅) စစ်အစိုးရ၏ ဌာနဆိုင်ရာ အုပ်ချုပ်ရေးယန္တယားများ မိုင်းလားဒေသအတွင်း တာဝန်ဝင်ရောက်ထမ်းဆောင်ခြင်း မပြုသေးရန်။
(၆) မိုင်းလားတပ်ဖွဲ့၏ စစ်တပ်ပိုင်းဆိုင်ရာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ကော်မတီများအား နဂိုအတိုင်း ထားရှိရန်
စသည်တို့ဖြစ်သည်။

စစ်အစိုးရက လက်မခံ ပယ်ချခဲ့သည်။ နောက်ပိုင်း မိုင်းလားအဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးမင်းအိမ်လုပ်ကြံသတ်ဖြတ်ခံလိုက်ရသည်။ လက်သည်မပေါ်ခဲ့ပေ။

(KIA) အဖွဲ့အနေဖြင့် စစ်အစိုးရ၏ (BGF) ကို လက်မခံဘဲ တပ်အသွင်ကူးပြောင်းရေးနှင့်ပတ်သက်၍ ကချင်လူမျိုးကို ကိုယ်စားပြုမည့် ကချင်ဒေသလုံခြုံရေးတပ် (KRGF)၊ (သို့မဟုတ်) ပြည်ထောင်စု တပ်မတော်အတွင်းရှိ တပ်များအဖြစ် ပြင်ဆင်ဖွဲ့စည်းရန်ကိုအဆိုပြုသည်။ စစ်အစိုးရ တာဝန်ရှိသူများနှင့် အကြိမ်ကြိမ် ဆွေးနွေးကာ ညှိနှိုင်းခဲ့သည်။ ၂၀၁၀ ခုနှစ် ဩဂုတ်လ (၂၂) ရက်နေ့တွင် (စရဖ) အကြီးအကဲ ဒုဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် (KIA) ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံရာတွင် ၂၀၁၀ ခုနှစ် စက်တင်ဘာလ (၁) ရက်နေ့မှစ၍ လက်နက်ချရမည်ဟု တောင်းဆိုလိုက်သည်။ ထိုတောင်းဆိုချက်ကို ၂၀၁၀ ခုနှစ် ဩဂုတ်လ (၂၇) ရက်နေ့မှ (၂၉) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သော (KIO) ညီလာခံက လက်မခံ ပယ်ချခဲ့သည်။

(KIA) အဖွဲ့က ဗိုလ်ချုပ်အောင်ဆန်းတို့နှင့် သဘောတူချုပ်ဆိုခဲ့သော ပင်လုံစာချုပ်အတိုင်း ဖြစ်မည်ဆိုလျှင် (BGF) ဖွဲ့ရန်မလို၊ မိမိတို့အနေဖြင့် လက်နက်ကိုင်လမ်းစဉ်ကိုပင် စွန့်လွှတ်မည်ဟူ၍ စစ်ခေါင်းဆောင်ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ၂၀၀၉ အောက်တိုဘာလအတွင်း စာရေးကာ တင်ပြပြောဆိုခဲ့သည်။ တိုင်းရင်းသားတို့ဘက်က မည်သို့ပင် ညှိနှိုင်းစေကာမူ စစ်အစိုးရက မလိုက်လျောဘဲ ၎င်းတို့အစီအစဉ်အတိုင်းသာ လိုက်နာရန် ဖိအားပေးခဲ့သည်။



**DKBA တပ်ဖွဲ့ဝင်များကို နယ်ခြားစောင့်တပ် အသွင်ပြောင်းသည့် အခမ်းအနား**

စစ်အစိုးရအနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင် အပစ်ရပ်အဖွဲ့အားလုံးကို နယ်ခြားစောင့်တပ်နှင့် ဌာနေပြည်သူ့စစ်အဖွဲ့များအဖြစ် အပြီးတိုင် ပြင်ဆင်ပြောင်းလဲစေချင်သည်။ (UWSP, NDAA, KIO, KPC နှင့် NMSP) အဖွဲ့တို့ကလည်း မိမိတို့တပ်များ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းရန် ယခုထက် အချိန်ပိုယူ၍ ညှိနှိုင်းဆွေးနွေးချင်ကြသည်။ တိုင်းရင်းသားများဘက်က လောလောဆယ် ယခုအတိုင်းထား၍ ၂၀၁၀ ရွေးကောက်ပွဲအပြီး နောင်တက်လာသော အစိုးရသစ်နှင့်သာ လိုအပ်သော နိုင်ငံရေးရာကိစ္စများကို အကြေအလည် ပြီးပြတ်အောင် ညှိနှိုင်းဆွေးနွေးပြီးမှ တပ်များ ပြင်ဆင်ပြောင်းလဲမှုကို ပြုလုပ်ချင်ကြသည်။

သို့သော် စစ်အစိုးရသည် စစ်ရေးအရ ခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ စီးပွားရေးအရ အကြပ်ကိုင်ခြင်း၊ အပစ်ရပ်အဖွဲ့များ၏ သွားလာခွင့်များကို ကန့်သတ်ချုပ်ချယ်ခြင်း၊ ခေါင်းဆောင်များကို လုပ်ကြံသတ်ဖြတ်ခြင်း၊ အချင်းချင်း ရန်တိုက်ပေးခြင်း၊ စီးပွားရေးလုပ်ကိုင်ခွင့်များ၊ အထူးအခွင့်အရေးများနှင့် သွေးဆောင်ခြင်း စသော နည်းလမ်းပေါင်းစုံဖြင့် တပ်အသွင်ပြောင်းရေးအတွက် ကြံစည်ကြလေသည်။ ထိုအခြေအနေအောက်တွင် အပစ်ရပ်အဖွဲ့တချို့အတွင်း၌ (BGF) ပြောင်းချင်သောအစုနှင့် မပြောင်းချင်သောအစု ဟူ၍ ကွဲလာမှုများ၊ အက်ကြောင်းများ ရှိလာသည်။ ဤသို့ဖြင့် အချို့သော အင်အားစုများအကြား ဆယ်စုနှစ်ပေါင်းများစွာ မိမိအမျိုးသားရေးရပ်တည်ချက်ကို အခိုင်အမာကိုင်စွဲကာ လက်တွဲတိုက်ပွဲဝင်ခဲ့ကြသူအချင်းချင်း တကွဲတပြား ဖြစ်ကြရတော့သည်။

ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) (SSA-N) တွင် တပ်မဟာ (၃) ခုရှိသည်။ ထိုအထဲမှ ဥက္ကဋ္ဌ ကျောက်လွယ်မောဝ်းနှင့် ဒုဥက္ကဋ္ဌ စဝ်ကိုင်ဖတို့၏ တပ်မဟာ (၃) နှင့် (၇) တို့သည် စစ်အစိုးရ၏ ဖိအားနှင့် ပြည်သူ့စစ်ဖွဲ့စည်းရေးကို လက်ခံသွားကြ၍ ဗိုလ်ချုပ်ပန်ဖု၏ တပ်မဟာ (၁) ကမူ ထိုကိစ္စကို သဘောမတူပေ။ ကျေးသီအခြေစိုက် ဝမ်ဟိုက်စခန်းတွင် တပ်မဟာ (၁) မှာ အင်အား ၄၀၀၀ ခန့်ရှိသည်ဟု ဆိုသည်။

ထို့အတူ (KNU) မှခွဲထွက်လာသည့် တိုးတက်သော ကရင်အမျိုးသား ဗုဒ္ဓဘာသာတပ်မတော် (DKBA) ခေါင်းဆောင်အများစုသည် စစ်အစိုးရ၏ နယ်ခြားစောင့်တပ်ပြောင်းလဲရေးကို အလွယ်တကူ လက်ခံလိုက်သော်လည်း ၎င်းတို့ထဲမှ ဗိုလ်မှူးချုပ် စောလားဗွယ် (ဗိုလ်နူတ်ခမ်းမွှေး) ဦးဆောင်သော (DKBA) တပ်မဟာ (၅) မှာ (BGF) ပြောင်းရေးကို လက်မခံဘဲငြင်းဆန်နေသည်။ တပ်မဟာ (၅) လက်အောက်တွင် ဗျူဟာတခုနှင့် တပ်ရင်း (၅) ရင်း အင်အား (၁၀၀၀) ခန့် ရှိသည်။ ■

## နယ်ခြားစောင့်တပ်ဖွဲ့ (BGF) နှင့် ဌာနေပြည်သူ့စစ် (HGF) အသွင်ကူးပြောင်းသည့် အဖွဲ့အစည်းများ

| စဉ် | အပစ်ရပ်အဖွဲ့အစည်းအမည် | တပ်ဖွဲ့အမှတ် | တပ်တည်နေရာ | ကူးပြောင်းရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | NDA(K)<br>ဒီမိုကရေစီသစ်တပ်မတော် (ကချင်)<br>ကချင်အထူးဒေသ(၁) | ခစတ (၁၀၀၁) | လော်ဘီ | ၈ . ၁၁. ၀၉ | နယ်ခြားစောင့်တပ်ဖွဲ့ (BGF) |
| | | ခစတ (၁၀၀၂) | ဂန်ဂွင်း | | |
| | | ခစတ (၁၀၀၃) | စင်ကြိုင် | | |
| ၂ | KNPL (ကလလတ)<br>ကရင်နီပြည်လူမျိုးပေါင်းစုံပြည်သူ့ရှေ့လွတ်မြောက်ရေးတပ်ဦး<br>ကယားပြည်နယ်။ အထူးဒေသ (၂) | ခစတ (၁၀၀၄) | ဆွတ်ပိုင် | ၈ . ၁၁. ၀၉ | နယ်ခြားစောင့်တပ်ဖွဲ့ (BGF) |
| | | ခစတ (၁၀၀၅) | ပန်တီန်း | | |
| ၃ | MNDAA မြန်မာပြည် အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေးတပ်မတော်<br>(ကိုးကန့်အဖွဲ့)<br>ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ (၁) | ခစတ (၁၀၀၆) | လောက်ကိုင် | ၄. ၁၂. ၀၉ | ၂၇. ၈. ၀၉ စစ်အစိုးရနှင့် ကိုးကန့်အဖွဲ့ လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားခဲ့သည်၊ ယခု ၎င်းနေရာသို့ လောက်ကိုင်ဒေသ ယာယီ ဦးစီးကော်မတီ ပယ်စောက်ချိန်အား စစ်အစိုးရမှတာဝန်ယူ အုပ်ချုပ်စေခဲ့သည်။ |
| ၄ | လားဟူပြည်သူ့စစ်အဖွဲ့ (LDF)<br>(ရှမ်းပြည်တောင်ပိုင်း၊ မိုင်းတုန်နယ်) | ခစတ (၁၀၀၇) | မိုင်းတုန်၊<br>ပုံပါကျင်မြို့နယ် | ၃၀. ၃. ၁၀ | အင်အား (၂၉၆)တွင် အရာရှိ ၃၀ ရှိသည်။ လက်နက် အလက် ၁၀၀ ရှိသည်။ |
| ၅ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဌာနေပြည်သူ့စစ်<br>လားဟူလူမျိုး (ဂျပီကွယ် ဦးစီး) | ခစတ (၁၀၀၈) | မိုင်းယောင်း<br>မိုင်းယု | ၃၀. ၃. ၁၀ | မိုင်းယောင်း၊ မိုင်းယုဒေသ တွင် တပ်တည်ရှိသည်။ |
| ၆ | ရှမ်းပြည်နယ် - အရှေ့ပိုင်း<br>တာချီလိတ်၊ ဌာနေပြည်သူ့စစ်များ | ခစတ (၁၀၀၉) | ကျိုင်းတုံမြို့နယ် | ၁၈. ၅. ၁၀ | နော်ခမ်းဘိန်းဂိုဏ်း ခွဲထွက်များ၊ ဒေသခံ ရှမ်းကာကွယ်ရေးပြည်သူ့စစ်၊ ခွန်ဆာကာကွယ်ရေးလက်ကျန်အဖွဲ့များနှင့် တာချီ |

| | | | | | |
|---|---|---|---|---|---|
| | | | | | နေရာလက်ကျန်အဖွဲ့များနှင့် တာချီလိတ်အနီးရှိ (ပောင်လိတ်၊ မိုင်းဖုန်ဖုပ်စု၊ မိုင်းကိုး၊ ဖန်မင်၊ နားယောင်ဝ်၊ ရန်ကုန်ရွာ၊ ရန်ကင်း၊ ရန်ရှင်းရွာများ) ပြည်သူ့စစ်များအဖြင့် စုပေါင်းဖွဲ့စည်းထားသည်။ |
| ၇ | ရှမ်းပြည်အရှေ့ပိုင်း (မက်မန်း) | ခစတ (၁၀၁၀) | မက်မန်း ကျိုင်းတုံမြို့နယ် | ၂၀. ၅. ၁၀ | ဗိုလ်ချုပ်ကြီးရဲမြင့်၊ ဗိုလ်ချုပ်ကျော်မြင့်တို့ တက်ရောက်ပြီး ဖွဲ့စည်းပေးသည်။ |
| ၈ | Democratic Karen Buddhist Army (DKBA) တိုးတက်သော ကရင်ဗုဒ္ဓဘာသာတပ်မတော် | ခစတ (၁၀၁၁) | ပန်တော်မို၊ လှိုင်းဘွဲ့မြို့နယ် | ၁၈. ၈. ၁၀ | ၁၈၊ ၂၀၊ ၂၂ ဩဂုတ် ၂၀၁၀ ရက်များက လှိုင်းဘွဲ့၊ မြိုင်ကြီးငူ၊ ပိုင်ကျုံ၊ မြဝတီမြို့နယ်များတွင် DKBA တပ်ဖွဲ့များအား နယ်ခြားစောင့်တပ်ဖွဲ့ (BGF) အသွင်ပြောင်းလဲရေး အခမ်းအနားပြုလုပ်ခဲ့သည်။ DKBA တပ်ဖွဲ့ တပ်မဟာ (၅) မှ ဗိုလ်မှူးချုပ် စောလားဘွယ် (ဗိုလ်နှတ်ခမ်းမွှေး) က (BGF) အသွင်ပြောင်းလဲမှုကို လက်မခံ၊ လက်နက်ကိုင်တော်လှန်ရေးဆက်လက်ဆင်နွှဲခဲ့သည်။ (BGF) အသွင်ပြောင်းတပ်ဖွဲ့ (၁၃) ဖွဲ့ကို အရှေ့တောင်တိုင်း လက်အောက်ရှိ တပ်ရင်းတပ်ဖွဲ့များနှင့် တွဲဖက်တပ်များအဖြစ် ဆက်လက်ထားရှိသည်။ |
| | | ခစတ (၁၀၁၂) | ကျုံတော်၊ လှိုင်းဘွဲ့မြို့နယ် | ၂၀. ၈. ၁၀ | |
| | | ခစတ (၁၀၁၃) | ကတိုင်တီ (တောင်သူစု) ကမမောင်း (ဖာပွန်) | ၂၂. ၈. ၁၀ | |
| | | ခစတ (၁၀၁၄) | တိတ်တားဦး ကမမောင်း (ဖာပွန်) | | |
| | | ခစတ (၁၀၁၅) | ပိုင်ကျုံ ထန်းတပင် ပိုင်ကျုံ (လှိုင်းဘွဲ့) | | |
| | | ခစတ (၁၀၁၆) | ဒေါ်လန်း ကလားကုန်း လှိုင်းဘွဲ့မြို့နယ် | | |
| | | ခစတ (၁၀၁၇) | မဲပလဲ ကျေးရွာ မြဝတီမြို့နယ် | | |

| | | | | | |
|---|---|---|---|---|---|
| | | ခစတ (၁၀၁၈) | ကျော်ဒိုကျေးရွာ မြဝတီမြို့နယ် | | |
| | | ခစတ(၁၀၁၉) | တောအုပ် မြဝတီမြို့နယ် | | |
| | | ခစတ (၁၀၂၀) | ထီဝါကလေး မြဝတီမြို့နယ် | | |
| | | ခစတ(၁၀၂၁) | ထီဟူးသံ ကော့ကရိတ် | | |
| | | ခစတ (၁၀၂၂) | အတွင်းကွင်းက လေး မြဝတီမြို့နယ် | | |
| | | ခစတ (၁၀၂၃) | ကိုးကိုင်းဆိပ် ကြာအင်းဆိပ်ကြီး | | |
| ၉ | Shan State Army(N) (SSA-N) ရှမ်းပြည်တပ်မတော် အထူးဒေသ (၃) ရှမ်းပြည်မြောက်ပိုင်း | ဌာနေပြည်သူ့စစ် အမှတ်(၁) | စိန်ကျော့ဒေသ သီပေါမြို့နယ် | မေ ၂၀၁၀ | စိန်ကျော့တွင် ယခင်ဗိုလ်မှူးဟောင်း ကျော်လွယ်မောင်းနှင့် ဗိုလ်မှူး စဝ်ကိုင်ဖတို့ ဦးစီးသည်၊ မိန်းခေးဌာနေပြည်သူ့စစ်တပ်ဖွဲ့များ ကို ဦးလှမြင့် ဦးစီးသည်၊ လွယ်မှာ - ကာလိဒေသ ဌာနေ ပြည်သူ့စစ်တပ်ဖွဲ့ကို ဦးလောင်ကွန်း ဦးစီးသည်၊ ပြည်သူ့စစ်အသွင်ပြောင်းခြင်းကို မီဒီယာတွင် မဖော်ပြရန် စရဖ အရာရှိချုပ် ရဲမြင့်နှင့် သဘောတူညီချက်ရယူထားသည်၊ (၇. ၁. ၁၁ သျှမ်းသံတော်ဆင့်မှ) |
| | | ဌာနေပြည်သူ့စစ် အမှတ်(၂) | မိန်းခေး၊ သီပေါမြို့နယ်၊ တမဟ ၃ နေရာဟောင်း။ | | |
| | | ဌာနေပြည်သူ့စစ် အမှတ်(၃) | ကာလိဒေသ၊ ကွန်းဟိန်းမြို့နယ်၊ တမဟ ၇ နေရာဟောင်း | | |

အခန်း (၁၁)

# အပစ်ရပ်အဖွဲ့အစည်းများအတွင်း ရိုက်ခတ်လာသော ၂၀၁၀ ရွေးကောက်ပွဲ၏ သက်ရောက်မှုများ

၂၀၁၀ ရွေးကောက်ပွဲဂယက်သည် အပစ်ရပ်အဖွဲ့အစည်းအချို့၏ အတွင်းပိုင်း နိုင်ငံရေးအနေအထား ပြောင်းလဲမှုများကို ဖြစ်ထွန်းစေခဲ့သည်။ ထိုဖြစ်ထွန်းမှုများမှာ နိုင်ငံရေးပါတီများထူထောင်ခြင်း သို့မဟုတ် မိမိတို့၏ မိခင်နိုင်ငံရေးပါတီအဖွဲ့အစည်းများ ပျောက်ကွယ်သွားပြီး တဦးချင်းလက္ခဏာဆောင်သည့် နိုင်ငံရေးလုပ်ဆောင်မှု အဖြစ် အဆင့်လျှောကျသွားခြင်း (တသီးပုဂ္ဂလ ကိုယ်စားလှယ်အဖြစ် ဝင်ရောက်အရွေးခံကြခြင်း) သို့မဟုတ် လက်နက်ကိုင်တော်လှန်ရေးသို့ ပြန်လည်ကူးပြောင်းခြင်း စသည့်အနေအထားများကို တွေ့ရသည်။

စစ်အစိုးရသည် အာဏာကို ထာဝရ ဆုပ်ကိုင်ထားနိုင်ရေးအတွက် နိုင်ငံရေးလုပ်ငန်းစဉ် အဆင့်ဆင့်ကို ချမှတ်၊ အကောင်အထည်ဖော်နေသည်။ ထိုလုပ်ငန်းစဉ်ထဲတွင် ရှစ်လေးလုံးအရေးတော်ပုံ၏ အောင်ပွဲရလဒ်တခု ဖြစ်သည့် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို ဖျက်သိမ်းရန်နှင့် ၎င်းရလဒ်ပိုင်ရှင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ချေမှုန်းပစ်ရန် ဦးစားပေးလုပ်ငန်းအဖြစ် ထားရှိခဲ့သည်။

တပြိုင်နက်တည်း စစ်အစိုးရ၏ နိုင်ငံရေးလိုအပ်ချက်နှင့် မကိုက်ညီတော့သည့် အပစ်ရပ်နိုင်ငံရေး အခြေအနေကိုလည်း အဆုံးသတ်ပစ်ရန် အရေးကြီးလုပ်ငန်းစဉ်တခုအဖြစ် သတ်မှတ်ထားရှိပြန်သည်။ ထိုလုပ်ငန်းစဉ် (၂) ခုကို တပြိုင်တည်း လုပ်နိုင်ဖို့ဆိုလျှင် စစ်အာဏာရှင်စနစ်ကို အသိအမှတ်ပြုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ တခု ရှိဖို့လိုအပ်သည်ဟု စစ်အစိုးရမှ အခိုင်အမာ တွက်ချက်ထားသည်။ ၂၀၀၈ ခု မေ (၁၀) ရက်တွင် လူထုဆန္ဒခံ ယူပွဲ အတုအယောင်ကို ပြုလုပ်အတည်ပြုသွားခဲ့သော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်၊ ရလဒ်ပိုင်ရှင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် နိုင်ငံရေးပါတီများနှင့် အပစ်ရပ် အဖွဲ့အစည်းများအား အပြီးအပိုင် ဖျက်သိမ်းပစ်ရန် ဖြစ်သည်။

ထိုဖွဲ့စည်းပုံအခြေခံဥပဒေကို အသက်သွင်းရန် စစ်အစိုးရသည် ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၇ ရက်နေ့တွင် ရွေးကောက်ပွဲတခုကို ပြုလုပ်ရန် ပြင်ဆင်လာခဲ့သည်။ ထိုရွေးကောက်ပွဲကို အခက်အခဲမရှိ ကျင်းပနိုင်ရေးအတွက် အဟန့်အတားမှန်သမျှကို ချေမှုန်းရန် ပြင်ဆင်သည့်အနေဖြင့် အရေးကြီးပစ်မှတ်အဖြစ် လက်နက်ကိုင်ဆောင်ထား သည့် အပစ်ရပ်အဖွဲ့များကို လက်နက်ဖြုတ်ရန် သို့မဟုတ် အဖွဲ့အစည်းများ ဖျက်သိမ်းရန် လုပ်ငန်းစဉ်ကို ကြိုးပမ်း လာခဲ့သည်။ ထိုလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် စစ်အစိုးရ၏ ထိပ်တန်းတာဝန်ရှိသူ စစ်ဘက်ရေးရာ လုံခြုံရေး ဌာနအကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဦးဆောင်ခဲ့သည်။

လုပ်ငန်းစဉ် ချမှတ်ပြီး စစ်အစိုးရ၏ လက်တွေ့လုပ်ဆောင်ချိန် တနှစ်တာ (၂၀၁၀ ဧပြီ နောက်ဆုံးအပတ် အထိ) ကာလအတွင်း၌ အပစ်ရပ် တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများအတွင်း အပြောင်းအလဲအချို့

ရှိလာခဲ့သည်။ နအဖ၏ အသွင်ပြောင်းလဲရေးပေါ်လစီကို လက်ခံသည့်အဖွဲ့နှင့် လက်မခံသည့်အဖွဲ့အဖြစ် အုပ်စု (၂) ခု အထင်အရှား ကွဲပြားလာသည်။

အသွင်ပြောင်းရေးပေါ်လစီကို လက်ခံသည့် အပစ်ရပ်အဖွဲ့အစည်းများမှာ . . .

၁။ (NDA-K) ဒီမိုကရေစီသစ်တပ်မတော် (ကချင်)၊ ကချင်အထူးဒေသ (၁)
၂။ (KNPLF) ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ)၊ ကယားပြည်နယ်၊ အထူးဒေသ (၂)
၃။ (MNDAA) မြန်မာပြည်အမျိုးသားဒီမိုကရေစီသွေးစည်းညီညွတ်ရေး တပ်မတော် (ကိုးကန့်အဖွဲ့)၊ ရှမ်းပြည်မြောက်ပိုင်း၊ အထူးဒေသ (၁)
၄။ လားဟူပြည်သူ့စစ်အဖွဲ့ (LDF) (ရှမ်းပြည်တောင်ပိုင်း၊ မိုင်းတုန်နယ် )
၅။ (DKBA) တိုးတက်သော ကရင်ဗုဒ္ဓဘာသာတပ်မတော်
၆။ (SSA -N) ရှမ်းပြည်တပ်မတော်၊
ရှမ်းပြည်နယ်မြောက်ပိုင်း၊ အထူးဒေသ(၃) (ရှမ်းပြည်တပ်မတော်မှ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် တပ်မဟာ(၃)၊ တပ်မဟာ (၇) တို့သာ စစ်အစိုးရ ပေါ်လစီကို လက်ခံပြီး၊ ဗိုလ်ချုပ်ပန်ဖှ ဦးစီးသည့် တပ်မဟာ (၁) မှာ စစ်အစိုးရပေါ်လစီကို လက်မခံဘဲ ၎င်းတို့၏ မူလရည်တည်ချက်များအတိုင်း ဆက်လက် ရပ်တည်နေဆဲ ဖြစ်သည်။)

အပစ်ရပ်အဖွဲ့များထဲမှ တပ်ဖွဲ့အင်အားနည်းသည့် အင်အားစုများကို စစ်အစိုးရက ၂၀၀၅ ခုနှစ်တွင် အပြီးအပိုင် လက်နက်ချစေခဲ့ပြီး ပြည်သူ့စစ်အဖြစ် တည်ရှိစေခဲ့သည်။ (၂၀၀၉-၂၀၁၀) ခုနှစ်များအတွင်း စစ်အစိုးရ၏ အသွင်ပြောင်းလဲရေးပေါ်လစီကို လက်ခံသည့် အဖွဲ့များထဲတွင်ပင် အပိုင်း (၂) ပိုင်း ကွဲနေသည်။ ပထမတပိုင်းမှာ အသွင်ပြောင်းလိုက်သော်လည်း စစ်အစိုးရ၏ ၂၀၁၀ ရွေးကောက်ပွဲတွင် မပါဝင်သည့်အဖွဲ့နှင့် ဒုတိယအပိုင်းရှိ အဖွဲ့များသည် နိုင်ငံရေးပါတီထူထောင်ခြင်း သို့မဟုတ် ရွေးကောက်ပွဲများတွင် တသီးပုဂ္ဂလအမတ်များအဖြစ် ဝင်ရောက်ခြင်းများရှိခဲ့သည်။

ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦးနှင့် ရှမ်းပြည်တပ်မတော် မြောက်ပိုင်းတို့သည် ရွေးကောက်ပွဲကိုလည်း ဝင်ရောက်ခြင်းမရှိ၊ ပါတီတည်ထောင်ခြင်းလည်း မရှိကြပါ။

**ပါတီမှတ်ပုံတင်သည့် အဖွဲ့များထဲတွင်** -

၁။ ***ပါတီမှတ်ပုံတင်အမှတ် (၁၂) တအာင်း(ပလောင်) အမျိုးသားပါတီ Taaung (Palaung) National Party*** သည် ယခင်က Palaung State Liberation Army (PSLA) ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်မတော်၊ အထူးဒေသ (၇)၊ ရှမ်းပြည်နယ် ဖြစ်သည်။ ရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော်၌ ကိုယ်စားလှယ် (၂) ဦး၊ ပြည်သူ့လွှတ်တော်၌ (၅) ဦးနှင့် ပြည်နယ်လွှတ်တော်၌ (၉) ဦး စုစုပေါင်း (၁၆) ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ထိုသို့ယှဉ်ပြိုင်ရာတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၁) ဦး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၁)ဦးနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၄)ဦး စုစုပေါင်း (၆)ဦး အရွေးချယ်ခံခဲ့ရသည်။

| စဉ် | အမည် | မဲဆန္ဒနယ် | ဒေသ | လွှတ်တော် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးထွန်းကျော် | အမှတ် (၁၀) | ရှမ်းပြည်နယ် | အမျိုးသားလွှတ်တော် | ရွေးကောက်ပွဲ အနိုင်အရှုံး စာရင်းတွင်မဖော်ပြဘဲ သီးခြား အတည်ပြုကြေညာခဲ့သည်။ |
| ၂ | ဦးအိုက်မုန်း | မန်တုံ | ရှမ်းပြည်နယ် | ပြည်သူ့လွှတ်တော် | |
| ၃ | ဦးမောင်ကျော် (ခ) ဦးထွန်းကျော် | နမ့်ဆမ် (၁) | ရှမ်းပြည်နယ် | ပြည်နယ်လွှတ်တော် | |
| ၄ | ဦးအောင်ထွန်း | နမ့်ဆမ် (၂) | ရှမ်းပြည်နယ် | ပြည်နယ်လွှတ်တော် | |
| ၅ | မိုင်အုန်းခိုင် | မန်တုံ (၁) | ရှမ်းပြည်နယ် | ပြည်နယ်လွှတ်တော် | |
| ၆ | ဦးအိုက်ခ | မန်တုံ (၂) | ရှမ်းပြည်နယ် | ပြည်နယ်လွှတ်တော် | |

၂။ ***ပါတီမှတ်ပုံတင်အမှတ်(၅) (Pa.O National Organization (PNO)) ပအိုဝ်အမျိုးသားအဖွဲ့ချုပ်***သည် ယခင်က Pa.O National Organization (PNO) ပအိုဝ်အမျိုးသားအဖွဲ့ချုပ်၊ အထူးဒေသ (၆) ရှမ်းပြည်နယ် အပစ်ရပ်အဖွဲ့ ဖြစ်သည်။ စစ်အစိုးရ၏ အသွင်ကူးပြောင်းရေးကို စောစီးစွာ လက်ခံခဲ့ပြီး ဌာနေပြည်သူ့စစ်အဖွဲ့ပုံစံဖြင့် ရပ်တည်ခဲ့သည်။ ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၃)ဦး အမျိုးသားလွှတ်တော်ကိုယ် စားလှယ် (၁)ဦးနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်(၆)ဦး စုစုပေါင်း (၁၀)ဦး အရွေးချယ်ခံခဲ့ရသည်။

| စဉ် | အမည် | မဲဆန္ဒနယ် | ဒေသ | လွှတ်တော် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးနေဝင်းထွန်း | အမှတ် (၉) | ရှမ်းပြည်နယ် | အမျိုးသားလွှတ်တော် | ရွေးကောက်ပွဲ အနိုင် အရှုံးစာရင်းတွင် မဖော် ပြဘဲ သီးခြားအတည်ပြု ကြေညာခဲ့သည်။ |
| ၂ | ခွန်သိန်းဖေ | ဟိုပုန်း | ရှမ်းပြည်နယ် | ပြည်သူ့လွှတ်တော် | |
| ၃ | ဦးဝင်းကို | ဆီဆိုင် | ရှမ်းပြည်နယ် | ပြည်သူ့လွှတ်တော် | |
| ၄ | ခွန်မောင်သောင်း | ပင်လောင်း | ရှမ်းပြည်နယ် | ပြည်သူ့လွှတ်တော် | |
| ၅ | ဦးစံလွင် | ဟိုပုန်း (၂) | ရှမ်းပြည်နယ် | ပြည်နယ်လွှတ်တော် | |
| ၆ | ခွန်အောင်နိုင်ဦး | ပင်လောင်း(၂) | ရှမ်းပြည်နယ် | ပြည်နယ်လွှတ်တော် | |
| ၇ | ခွန်အေးမောင် | ဟိုပုန်း (၁) | ရှမ်းပြည်နယ် | ပြည်နယ်လွှတ်တော် | |
| ၈ | ခွန်လှသိန်း | ဆီဆိုင် (၁) | ရှမ်းပြည်နယ် | ပြည်နယ်လွှတ်တော် | |
| ၉ | ခွန်မောင်ငယ် | ဆီဆိုင် (၂) | ရှမ်းပြည်နယ် | ပြည်နယ်လွှတ်တော် | |
| ၁၀ | ခွန်လှဆန်း | ပင်လောင်း (၁) | ရှမ်းပြည်နယ် | ပြည်နယ်လွှတ်တော် | |

၃။ ***(NDAK) ဒီမိုကရေစီသစ်တပ်မတော် (ကချင်) အဖွဲ့***သည် နယ်ခြားစောင့်တပ်ဖွဲ့ အဖြစ် အသွင်ပြောင်းသွား ခဲ့သော်လည်း နိုင်ငံရေး ပါတီတရပ်အဖြစ် မှတ်ပုံတင်ခြင်း မရှိပါ။ သို့သော် ဥက္ကဋ္ဌ စခုန်တိန့်ယိန်းသည် ရွေးကောက်ပွဲ တွင် တသီးပုဂ္ဂလအနေဖြင့် ဝင်ရောက်အရွေးခံခဲ့သည်။ ၎င်းဝင်ရောက် အရွေးခံသော မဲဆန္ဒနယ်မြေတွင် နအဖ စစ်အုပ်စုပါတီဖြစ်သော ကြံ့ဖွံ့ပါတီမှ ဝင်ရောက်ခြင်း မရှိသည်ကို တွေ့ရှိရသည်။

| စဉ် | အမည် | မဲဆန္ဒနယ် | ဒေသ | လွှတ်တော် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | စခုန်တိန့်ယိန်း | အမှတ် (၄) | ကချင်ပြည်နယ် | အမျိုးသားလွှတ်တော် | တသီးပုဂ္ဂလအဖြစ် ဝင်ရောက်သည်။ |
| ၂ | မှတ်ယင်ဒေါင်ဟောင်း | ဆော့လော် | ကချင်ပြည်နယ် | ပြည်သူ့လွှတ်တော် | တစည ပါတီကိုယ်စားပြုရှုံးနိမ့်သည်။ |
| ၃ | နဘုတ်ထောခေါင် | ချီဖွေ | ကချင်ပြည်နယ် | ပြည်သူ့လွှတ်တော် | တစည ပါတီကိုယ်စားပြုရှုံးနိမ့်သည်။ |
| ၄ | မဂျီဇော်တောင် | အမှတ် (၅) | ကချင်ပြည်နယ် | အမျိုးသားလွှတ်တော် | တစည ပါတီကိုယ်စားပြုရှုံးနိမ့်သည်။ |

(၄) အပစ်ရပ်အဖွဲ့ Kachin Independence Organization (KIO) ကချင်လွတ်လပ်ရေးအဖွဲ့မှ အနားယူသွားသည့် ဒုတိယဉက္ကဋ္ဌ ***ဒေါက်တာ တူးဂျာသည် ကချင်ပြည်နယ်တိုးတက်ရေးပါတီ (Kachin State Progressive Party)*** တည်ထောင်ခွင့် လျှောက်ထားခဲ့သော်လည်း နအဖ စစ်အုပ်စုက လက်မခံ ပယ်ချခဲ့သည်။ ပါတီတည်ထောင်ခွင့် မရသောကြောင့် (KSPP) ပါတီမှ ပုဂ္ဂိုလ်များသည် တသီး ပုဂ္ဂလိက ကိုယ်စားလှယ်လောင်းများအဖြစ် အရွေးချယ်ခံခွင့်ရရန် လျှောက်လွှာတင်သော်လည်း စစ်အစိုးရက အကြောင်းမပြန် ပယ်ချခဲ့ပြန်သည်။

(၅) ***ပါတီ မှတ်ပုံတင်အမှတ်(၄၁) ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီသည် (Kayin State Democracy and Development Party (KSDDP)*** ယခင် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် Democratic Karen Buddhist Army (DKBA) ဖြစ်သည်။ (KSDDP) သည် ရွေးကောက်ပွဲတွင် ကိုယ်စားလှယ် (၄) ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

| စဉ် | အမည် | မဲဆန္ဒနယ် | ဒေသ | လွှတ်တော် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | မန်းတင်အောင်မြင့် | အမှတ် (၁၂) | ကရင်ပြည်နယ် | အမျိုးသားလွှတ်တော် | |
| ၂ | ဦးချစ်လှိုင် | မြဝတီ | ကရင်ပြည်နယ် | ပြည်နယ်လွှတ်တော် | |
| ၃ | စောသာထူးကျော် | လှိုင်းဘွဲ့ | ကရင်ပြည်နယ် | ပြည်နယ်လွှတ်တော် | DKBA ဥက္ကဋ္ဌဖြစ်သည်။ ဖလုံစဝေါ ပါတီကိုယ်စားလှယ်အား ရှုံးနိမ့်သည်။ |
| ၄ | စောအောင်ငွေ | အမှတ် (၄) | ကရင်ပြည်နယ် | အမျိုးသားလွှတ်တော် | ရှုံးနိမ့်သည်။ |

ရွေးကောက်ပွဲ မကျင်းပမီ ၂၀၁၀-ခုနှစ် ဩဂုတ်လ (၁၈)ရက်နေ့တွင် စစ်အစိုးရက တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် Democratic Karen Buddhist Army (DKBA) အား (BGF) အသွင်ကူးပြောင်းမှု လုပ်ခဲ့သည်။ (DKBA) တပ်ဖွဲ့ အများစုက လက်ခံခဲ့သော်လည်း အချို့တပ်ဖွဲ့များသည် (KNU) နှင့် ပူးပေါင်း သွားခဲ့သည်။ အချို့တပ်ဖွဲ့များ ((DKBA) တပ်မဟာ (၅) မှ ဗိုလ်မှူးချုပ်စောလားဖွယ် (ဗိုလ်နူတ်ခမ်းမွှေး)က BGF အသွင်ပြောင်းလဲမှုကို လက်မခံ) (BGF) မလုပ်ဘဲ ယခင် (DKBA) တပ်ဖွဲ့အဖြစ် ဆက်လက် ရပ်တည်နေခဲ့သည်။

၂၀၁၀ နိုဝင်ဘာ ၇ ရက် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဗိုလ်မှူးချုပ်စောလားဖွယ်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များသည် ရွေးကောက်ပွဲကို ဆန့်ကျင်သည့်အနေဖြင့် မြဝတီမြို့ရှိ အချက်အခြာနေရာတချို့ကို သိမ်းပိုက်ခဲ့သည်။ ထို့နောက် နိုဝင်ဘာလ (၈)ရက်နေ့တွင် စစ်အစိုးရစစ်တပ်နှင့် (DKBA) တပ်မဟာ (၅) တို့အကြား လက်နက်ကိုင်တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့သည်။ နိုဝင်ဘာ ၈ ရက်နေ့မှ စတင်ခဲ့သော သေနတ်သံသည် ယနေ့အထိ ရပ်စဲခြင်းမရှိသေးပေ။

နယ်ခြားစောင့်တပ် အသွင်ပြောင်းလဲရေးပေါ်လစီကို လက်ခံခဲ့သည့် အခြားအဖွဲ့များအနေဖြင့်မူ တရားဝင်နိုင်ငံရေးပါတီ ထူထောင်ခြင်း၊ တသီးပုဂ္ဂလအနေဖြင့် ရွေးကောက်ပွဲ တွင်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မရှိသည်ကို တွေ့ရှိရသည်။ သို့သော် အသွင်ပြောင်းလဲရေး ပေါ်လစီကြောင့် ဖြစ်ပေါ်လာသော အပစ်ရပ်နိုင်ငံရေးဂယက်သည် ကြီးမားလှပေသည်။ အပစ်ရပ်အဖွဲ့အစည်းတိုင်းအား ပြင်းထန်သည့် ဂယက်ရိုက်ခတ်မှု ဖြစ်ပေါ်စေခဲ့သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လုပ်ဆောင်နေသည့် စစ်အစိုးရ၏ အသွင်ကူးပြောင်းရေး ပေါ်လစီဆိုသည်မှာ တိုင်းရင်းသား လူမျိုးစုများ၏ နိုင်ငံရေးဖြစ်တည်မှုကို မွှေနှောက် ဖျက်ဆီးလိုက်သကဲ့သို့ တွေ့မြင်ကြရသည်။ ထိုနိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲလာမှုများက ဖော်ပြနေသည်မှာ အသွင်ကူးပြောင်းရေး ပေါ်လစီသည် အမျိုးသားသွေးစည်းညီညွတ်ရေး ပေါ်လစီမဟုတ်၊ အမျိုးသားသွေးခွဲရေး ပေါ်လစီသာ ဖြစ်ကြောင်း ထင်ရှားလှပါသည်။ ■

အခန်း (၁၂)

# ၂၀၁၀ ရွေးကောက်ပွဲအပြီး အပစ်ရပ် လက်နက်ကိုင်အင်အားစုများ၏ နိုင်ငံရေး စစ်ရေး အခြေအနေ

နအဖစစ်အုပ်စုသည် ၂၀၁၀ ရွေးကောက်ပွဲကို အနှောင့်အယှက်နည်းပါးစွာနှင့် သူ့စိတ်တိုင်းကျ ကျင်းပနိုင်ခဲ့ပါသည်။ ထိုရွေးကောက်ပွဲတွင် စစ်အုပ်စု၏ ကိုယ်ပွားပါတီဖြစ်သည့် ကြံ့ဖွံ့ပါတီအနိုင်ရရေးအတွက် အရှုံးအမူး ကြိုးပမ်းအားထုတ်ခဲ့ကြသည်။

အထူးသဖြင့် နအဖစစ်အစိုးရသည် ၂၀၁၀ ရွေးကောက်ပွဲအလွန် နိုင်ငံရေးအခင်းအကျင်းကို ဆက်လက်ထိန်းထား နိုင်ရေးအတွက် ရွေးကောက်ပွဲမတိုင်မီ ကတည်းက စီမံချက်များရေးဆွဲပြင်ဆင်ခဲ့သည်။ ထိုပြင်ဆင်ချက်များထဲမှ တခုဖြစ်သည့် အပစ်ရပ်နိုင်ငံရေး အခြေအနေ အဆုံးသတ်ရေး စီမံချက်သည် အလွန်ထင်ရှားသည့် ပြင်ဆင်ချက် တခုဖြစ်ခဲ့သည်။

စစ်အစိုးရသည် စစ်အာဏာရှင်စနစ်ကို အပြည့်အဝအကာအကွယ်ပေးထားသည့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အဓမ္မနည်းဖြင့် အတည်ပြုခဲ့သည်။ တဆက်တည်းတွင် နိုင်ငံရေးနည်းပရိယာယ်များကို ခြေလှမ်းသွက်သွက်နှင့် ချမှတ် လုပ်ဆောင်လာခဲ့သည်။ ၂၀၀၉ ဧပြီနောက်ဆုံးအပါတ်မှ စတင်၍ နိုင်ငံရေး နည်းပရိယာယ် တရပ်ချမှတ်ကာ အပစ်ရပ်အဖွဲ့အစည်းများအား ပစ်မှတ်ထားဆောင်ရွက်ခဲ့သည်။

နအဖစစ်အစိုးရ၏ နိုင်ငံရေးနည်းပရိယာယ်ကြောင့် အပစ်ရပ်အဖွဲ့အစည်းတိုင်းမှာ နိုင်ငံရေး အနေအထား အပြောင်းလဲဖြစ်ကုန်၏။ စစ်အစိုးရနှင့် အပစ်ရပ်စဲမှု သဘောတူညီထားသည့် အဖွဲ့အစည်းအချို့မှာ စစ်အစိုးရ၏ နိုင်ငံရေးနည်းပရိယာယ်အတွင်းကျရောက်ခဲ့ရသည်။ အချို့အဖွဲ့အစည်းများသည် အင်အားအလွန်နည်းလွန်းသဖြင့် ၂၀၀၅ ခုနှစ်လောက်ကတည်းက စစ်အစိုးရ၏ စစ်ရေးအရ ဖိအားပေးမှုအောက်တွင် မလွန်ဆန်နိုင်ပဲ အသွင်ပြောင်းလိုက်ရသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြီးနောက်ပိုင်းတွင်လည်း အချို့အဖွဲ့အစည်းများသည် ၎င်းတို့၏ အတွင်းပိုင်းအခြေအနေ (နိုင်ငံရေး၊ အတွေးအခေါ်၊ စည်းရုံးရေး) အားနည်းချက်များကြောင့် စစ်အစိုးရ၏ နိုင်ငံရေးနည်းပရိယာယ်ကို အလိုမကျပေမယ့် တောင့်မခံနိုင်ပဲ လက်ခံပေးခဲ့ကြရသည်။ နယ်ခြားစောင့်တပ် (BGF) နှင့် ပြည်သူစစ်တပ်ဖွဲ့များအဖြစ် အသွင်ပြောင်းစေမှုကို လက်ခံလိုက်ကြရသည်။

သို့သော် အချို့အပစ်ရပ်အဖွဲ့အစည်းများသည် စစ်အစိုးရ၏ နိုင်ငံရေးနည်းပရိယာယ်တခုဖြစ်သည့် အသွင်ကူးပြောင်းရေးစီမံချက်ကို မိမိတို့နှင့် သက်ဆိုင်သည့် အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံကာ တုန့်ပြန်တားဆီးထားနိုင်ခဲ့သည်။

စစ်အစိုးရ၏ ဝါးမြိုရေး၊ ချေမှုန်းရေးပေါ်လစီကို လက်မခံသည့် ထိုအပစ်ရပ် အဖွဲ့အစည်းများမှာ -

(၁) တိုးတက်သော ကရင်ဗုဒ္ဓဘာသာ တပ်မတော် (DKBA) တပ်မဟာ ၅
(၂) ကချင် လွတ်လပ်ရေးအဖွဲ့ (KIA)
(၃) ရှမ်းပြည်တပ်မတော် (SSA-N) မှ တပ်မဟာ (၁)
(၄) ဝ ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP/ UWSA)
(၅) အမျိုးသား ဒီမိုကရေစီ သွေးစည်းညီညွတ်ရေးတပ်မတော် (NDAA) မိုင်းလားအဖွဲ့
(၆) မွန်ပြည်သစ်ပါတီ (NMSP) ... စသည်တို့ဖြစ်သည်။

အသွင်ကူးပြောင်းရေးကို လက်မခံသည့် ထိုအဖွဲ့များနှင့် စစ်အစိုးရတို့၏ ဆက်ဆံရေးသည် ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ လအချို့ ကတည်းက ယိုယွင်းမှုရှိလာခဲ့သည်။ နှစ်ဘက် (အပစ်ရပ်အဖွဲ့များနှင့် စစ်အစိုးရကြား) ဆက်ဆံရေးများ သိသိသာသာပြောင်းလဲလာမှုများကို လေ့လာကြည့်ပါက တဒေသနှင့် တဒေသ၊ တဖွဲ့နှင့် တဖွဲ့ မတူကွဲပြားလျက်ရှိသည်ကို အောက်ပါအတိုင်း တွေ့မြင်နိုင်ပါသည်။

## (၁) ၂၀၁၀ ရွေးကောက်ပွဲအပြီး တိုးတက်သော ကရင်ဗုဒ္ဓဘာသာ တပ်မတော် (DKBA) တပ်မဟာ (၅) အခြေစိုက်ဒေသရှိ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး အခြေအနေများ

တိုးတက်သော ကရင်ဗုဒ္ဓဘာသာ တပ်မတော် (DKBA) ၊ တပ်မဟာ ၅ ဦးစီးသူ ဗိုလ်မှူးချုပ် စောလားဗွယ်အား စစ်အစိုးရ၏ တွန်းအားပေးမှုကြောင့် (DKBA) ၏ နာယက မြိုင်ကြီးငူ ဆရာတော်က ၂၀၁၀ အောက်တိုဘာ တတိယအပတ်ထဲတွင် ခေါ်ယူပြီး ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်ခဲ့သည်။ ဗိုလ်မှူးချုပ် စောလားဘွယ် (ဗိုလ်နှုတ်ခမ်းမွေး) က (BGF) တပ်ဖွဲ့အသွင်ပြောင်းလဲခြင်းကို လက်မခံနိုင်သည့်အတွက် ညှိနှိုင်းမှု မအောင်မြင်ဖြစ်ခဲ့ရသည်။

တပ်မဟာ (၅) တွင် တပ်ရင်း ၄ ရင်းရှိပြီး မြဝတီမြို့တောင်ဘက်တွင် အခြေပြုလှုပ်ရှားလျက်ရှိသည်။ (BGF) တပ်ဖွဲ့စည်းခြင်း ကို လက်မခံသည့် (DKBA) တပ်ဖွဲ့များ၊ တပ်မှူးများ၊ တပ်သားများကလည်း တပ်မဟာ (၅) ကိုအားဖြည့်ပေးလျက်ရှိသည်။

((DKBA) တပ်မဟာ (၅) သည် ၂၀၁၀ နိုဝင်ဘာ ၇ ရက်နေ့ စစ်အစိုးရက ကျင်းပပေးသည့် ရွေးကောက်ပွဲမှာ လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲမဟုတ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ထိုအကြောင်းအချက်ဖြင့်ပင် နိုဝင်ဘာ ၈ ရက်နေ့နံနက်ပိုင်းက မြဝတီမြို့ကို လက်နက်ကိုင်တိုက်ခိုက်ကာ ဆန္ဒပြခဲ့သည်။ မြို့တွင်း တိုက်ပွဲများဖြစ်ပေါ်ခဲ့သဖြင့် မြို့နေလူထု ၂ သောင်းကျော်သည် ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်ခိုလှုံခဲ့ရသည်။ မြဝတီမြို့တွင်းတိုက်ပွဲဖြစ်နေစဉ်မှာပင် အခြားတနေရာဖြစ်သော တပ်မဟာ ၅ လက်အောက်ခံတပ်အချို့က ဘုရားသုံးဆူ နယ်စပ်မြို့ကိုတိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

ထိုတိုက်ပွဲများသည် (DKBA) တပ်ဖွဲ့များအနေနှင့် စစ်အစိုးရနှင့် အပစ်ရပ်စဲပြီး ၁၆ နှစ်တာကာလအတွင်း အကြီးဆုံး တိုက်ပွဲများပင်ဖြစ်သည်။ စစ်အစိုးရနှင့် (DKBA) တပ်မဟာ (၅) အကြားကတိုက်ပွဲများသည် မြဝတီနှင့် ဘုရားသုံးဆူတို့တွင် တိုက်ပွဲစတင်ဖြစ်ခဲ့သည်။ တိုက်ပွဲငယ်များသည် ယနေ့အထိ ရပ်နားခြင်း မရှိသေး

ချေ။ ထိုတိုက်ပွဲအရှိန်ကြောင့် ဒေသတွင်းလုံခြုံရေးကို ထိခိုက်စေသည်။ ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ရပ်တန့်သွားခြင်း၊ ထိုင်းမှိုင်းလာခြင်း၊ ဆုတ်ယုတ်ကျဆင်းလာခြင်းတို့ကို ဖြစ်ပေါ်နေစေသည်။ ထိုအချင်းအရာများက လူမျိုးစုံပြည်သူများ၏ နေ့စဉ်နေထိုင်မှုဘဝအပေါ် ကြီးမားစွာဖိစီးနေသည်။

စစ်အုပ်စု၏ (BGF) အသွင်ကူးပြောင်းရေး စီမံချက်သည် (DKBA) အဖွဲ့အစည်းအတွင်းသို့ ၂၀၁၀ ဩဂုတ်လ ၁၈ ရက်တွင် စတင်ဝင်ရောက်လာခဲ့သည်။ (DKBA) အဖွဲ့အစည်း၏ နိုင်ငံရေးအနှစ်သာရ ကွယ်ပျောက်သွားစေရေးအတွက် များစွာသက်ရောက်စေခဲ့သည်။ (DKBA) အတွင်းမှာ (BGF) ကို လက်ခံသူ၊ လက်မခံသူဆိုပြီး အုပ်စု ၂ စု ကွဲထွက်သွားသည်။ ဤသို့ကွဲထွက်သွားခြင်းဖြင့် ထိုဒေသရှိ နိုင်ငံရေးအသွင်အပြင်များကို အပြောင်းအလဲ ဖြစ်ပေါ်လာစေသည်။

ထိုသို့ နိုင်ငံရေးအသွင်အပြင်အပြောင်းအလဲကို ပထမဆုံးဖော်ပြချက်မှာ စစ်အစိုးရနှင့် အပစ်ရပ်ထားသည့် (DKBA) အဖွဲ့အစည်းအတွင်း အတွင်းပိုင်း ပြိုကွဲမှုများဖြစ်တည်လာခဲ့သည်။ တဖွဲ့နှင့် တဖွဲ့ နိုင်ငံရေးအယူအဆများနှင့် ရည်မှန်းချက်များပါ ကွဲပြားခြားနားမှုရှိလာသည်။ တဖွဲ့နှင့်တဖွဲ့အကြားရှိ ကွဲပြားခြားနားမှုများသည် တဖြေးတဖြေးနှင့် ပဋိပက္ခအသွင်ဆောင်လာသည်။ (BGF) လက်မခံသူနှင့် အစိုးရကြားက ပဋိပက္ခ၊ (BGF) လက်မခံသူနှင့် လက်ခံသူတို့ကြားရှိ ပဋိပက္ခများ ဖြစ်ထွန်းလာခဲ့သည်။ ထိုမှတဆင့် အချို့သောအခြေအနေများတွင် လက်နက်ကိုင် ပဋိပက္ခအဆင့်ထိ ကူးပြောင်းသွားခဲ့သည်။ သာဓကများမှာ - DKBA (တပ်မဟာ ၅)နှင့် အစိုးရတပ်ဖွဲ့များကြားတွင် မကြာခဏ ဖြစ်ပေါ်နေသော လက်နက်ကိုင်တိုက်ပွဲများ၊ DKBA (တပ်မဟာ ၅)နှင့် (BGF) လက်ခံသည့် တပ်ဖွဲ့များအကြားရှိ လက်နက်ကိုင် တိုက်ပွဲများ (၂၃. ၄. ၁၁ နှင့် ၂၃. ၆. ၁၁ နေ့များတွင်ဖြစ်ပွားခဲ့သော တိုက်ပွဲများ)များ ဖြစ်သည်။

၂၀၁၀ ရွေးကောက်ပွဲအပြီး ထိုဒေသတွင်ဖြစ်ထွန်းနေသောလက်နက်ကိုင်တိုက်ပွဲများ အခြေအနေကို ကြည့်ခြင်းအားဖြင့် ထိုဒေသ၏ အပစ်ရပ်နိုင်ငံရေးအခြေအနေ ပျက်စီးသွားပြီဟုပင် ဆိုနိုင်ပါသည်။

ထိုဒေသရှိ လက်နက်ကိုင်ပဋိပက္ခများ တိုးပွားလာရခြင်းအကြောင်းမှာ နိုင်ငံရေးပြဿနာများကို မဖြေရှင်းနိုင်ခြင်းကြောင့် နောက်ဆက်တွဲ ဖြစ်ထွန်းလာမှုများသာ ဖြစ်သည်။ အုပ်စိုးသူအစိုးရတိုင်းက ဖော်ထုတ်လာသည့် လွဲမှားဖောက်ပြန်သော နိုင်ငံရေးသဘောထားများကြောင့် ဤကဲ့သို့ ရလဒ်ဆိုးများ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ အုပ်စိုးသူအစိုးရတိုင်းက လူမျိုးစု လက်နက်ကိုင်အင်အားစုများအပေါ် စစ်အင်အား အသာစီးရှိမှုကို အသုံးပြုပြီး စစ်ရေးနည်းဖြင့် ဝါးမြိုခြေမှုန်းရေး ပေါ်လစီကို ကျင့်သုံးရာမှ ပေါ်ထွက်လာသော အကျိုးရလဒ်ဖြစ်သည်။ ပိုဆိုးသည့် အဖြစ်မှာ လူမျိုးတူအချင်းချင်းအကြား သွေးကွဲမှုနှင့် မတည်ငြိမ်မှုများကို ပိုမိုဖြစ်ပေါ်စေခဲ့ခြင်း ဖြစ်သည်။

## (၂) ၂၀၁၀ ရွေးကောက်ပွဲအပြီး (KIA) အခြေစိုက်ဒေသရှိ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး အခြေအနေအများ။

၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ အောက်တိုဘာ လလယ်လောက်ကစတင်ပြီး စစ်အစိုးရနှင့် (KIA)နှစ်ဖက်အကြား ဆက်ဆံရေးများတင်းမာသည့်အဆင့် တဖြေးဖြေးမြင့်တက်လာခဲ့သည်။ အထူးသဖြင့် မိုးညှင်းမြို့နယ်နှင့် ဟိုပင်မြို့နယ်တို့တွင်ရှိ (KIA) ဆက်ဆံရေးရုံးများကို စစ်တပ်ဖြင့်ဝိုင်းရံခြင်း၊ ဆက်ဆံရေးတာဝန်ခံများကို ဖမ်းဆီးခြင်း၊ ၂၀၁၀ အောက်တိုဘာ ၁၅ ရက်နေ့ထုတ် စစ်အစိုးရသတင်းစာတွင် (KIA) အပစ်ရပ်အဖွဲ့အား သောင်းကျန်းသူများဟု စတင်သုံးစွဲလာခြင်းများကို စစ်အစိုးရဘက်မှ ဆက်တိုက်ပြုလုပ်လာသည်။ ***(နောက်ဆက်တွဲ- ၈)***

၂၀၁၀ ရွေးကောက်ပွဲအပြီး နိုဝင်ဘာ (၁၉) ရက်နေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ စစ်ဘက်ရေးရာလုံခြုံရေးဌာနမှ ဒုဗိုလ်မှူးကြီးသက်ပိုက မြစ်ကြီးနားတွင် ဖွင့်လှစ်ထားသော (KIO) ဆက်ဆံရေးရုံးသို့ အကြောင်းကြားမှု တခုပြုလုပ်ခဲ့သည်။ ထိုအကြောင်းကြားချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်ရှိ (KIA) ဆက်ဆံရေးရုံးများအားလုံးကို နိုဝင်ဘာ (၂၅) ရက်နောက်ဆုံးထားပြီး ပိတ်ပစ်ရန်ဖြစ်သည်။ အပစ်ရပ်ပြီး (၁၆) နှစ်တာအတွင်း (KIA) ဆက်ဆံရေးရုံး (၂၂) ရုံး ကို ဖွင့်လှစ်ထားခဲ့သည်။ ရွေးကောက်ပွဲအပြီး မိုးကောင်းမြို့နယ် နမ္မတီးအရှေ့ဘက်၊ (KIA) တပ်မဟာ (၂) လှုပ်ရှားဒေသတွင် စစ်အစိုးရတပ်များ တိုးဖြည့် တပ်ချထားကြောင်းကိုလည်း သတင်းဌာနများတွင် ဖော်ပြပါရှိခဲ့ သည်။ အခြားနေရာဒေသများတွင်လည်း နှစ်ဘက်စစ်ရေး ပြင်ဆင်မှုများ ရှိနေခဲ့သည်။

(KIA) ဌာနချုပ်အနီးရှိ လဂျန်းယန် ကုန်သွယ်ရေးဂိတ်ကို ၂၀၁၀ နိုဝင်ဘာ တတိယအပါတ်အတွင်းက စစ်အစိုးရဘက်မှ စတင်ပိတ်ထားလိုက်သည်။ ယနေ့အထိ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကို ဖွင့်လှစ်ခြင်း မရှိသေးပေ။

၂၀၁၁ ခုနှစ် ဇန္နဝါရီ ၇ ရက်နေ့သည် ကချင်ပြည်နယ်နေ့ဖြစ်သည်။ (၆၃)ကြိမ်မြောက်ကချင်ပြည်နယ်နေ့ကို မြစ်ကြီးနားမြို့တွင် ကျင်းပခဲ့ပြီး၊ ထိုအခမ်းအနားကို ကချင်ရိုးရာယဉ်ကျေးမှုအဖွဲ့က ဦးဆောင်ခွင့်မရရှိဘဲ မြောက်ပိုင်းတိုင်းစစ်ဌာချုပ်မှ ဦးစီးကွပ်ကဲပြီး ကျင်းပခဲ့သည်။ ထိုပွဲကျင်းပရေးနှင့် ပတ်သက်ပြီး ကချင်ပြည်သူလူထုနှင့် ကျောင်းသားများက မကြေမနပ်ဖြစ်ခဲ့ကြသည်။ ကချင်ပြည်နယ်လုံးဆိုင်ရာ ကျောင်းသားသမဂ္ဂမှ လက်ကမ်းစာစောင်များဖြန့်ဝေပြီး ကန့်ကွက်ခဲ့သည်။

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်နေ့သည် (KIA) ၏ လက်နက်ကိုင်တော်လှန်ရေးအနှစ် (၅၀)ရွှေရတုအထိမ်းအမှတ်နေ့ဖြစ်သည်။ ထိုအခမ်းအနားကို (KIA) တပ်မဟာ (၃) နယ်မြေ၊ တရုတ်ပြည်နယ်စပ်ရှိ မိုင်ဂျာယန်မြို့တွင် ကျင်းပခဲ့သည်။ ထိုအခမ်းအနားသို့ (KIA) ဥက္ကဌ ဇောင်းဟရား တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။ မိန့်ခွန်းတွင် ပင်လုံသဘောတူညီချက်ကို အကောင်အထည်ပေါ်သည်အထိ ကချင်လူမျိုးတွေအားလုံး စည်းစည်းလုံးလုံးနဲ့ တစုတစည်းတည်း လုပ်ဆောင်သွားကြရန်တိုက်တွန်းခဲ့သည်။ အခြားတိုင်းရင်းသားအဖွဲ့အစည်းတွေနှင့်လည်း မဟာမိတ်ပြုလုပ်ထားကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။ ထိုအပြင် ဒုတိယအကြိမ်မြောက်ပင်လုံညီလာခံခေါ်ယူနိုင်ရေး ကြိုးပမ်းသွားကြရန် တိုက်တွန်းသွားခဲ့သည်။

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်နေ့တွင် (KIA) တပ်ရင်း(၂၇) နှင့် စစ်အစိုးရ တပ်ရင်း ခလရ (၁၅) တို့ ဗန်းမော်မြို့တောင်ဘက် မန်စီမြို့နယ်တွင် တနာရီ ကြာတိုက်ပွဲဖြစ်ပွားခဲ့သည်။ စစ်အစိုးရနှင့် (KIA) တို့အကြား ဤကဲ့သို့ တိုက်ပွဲဖြစ်ပေါ်မှုသည် (၁၆) နှစ်အကြာ အပစ်အခတ်ရပ်စဲပြီးနောက် ပထမဦးဆုံးအကြိမ် ဖြစ်သည်။ စစ်အစိုးရဘက်မှ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ယဉ်ထွေး ကျဆုံးခဲ့ပြီး (၇) ဦး ဒဏ်ရာရခဲ့သည်။

၂၀၁၀ ရွေးကောက်ပွဲအပြီး (KIA) အခြေစိုက်ဒေသရှိ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးအခြေအနေသည် ၁၉၉၄ခု မတိုင်မီကာလ သို့မဟုတ် အပစ်ခတ် မရပ်စဲမီက အခြေအနေသို့ နောက်ပြန်လှည့်စပြုနေပြီ။ နေ့စဉ်ဖော်ပြနေသော နှစ်ဘက် (KIA နှင့် စစ်အစိုးရ) ဆက်ဆံရေးက တိုးတက်မှုမရှိတော့ချေ။ အပြန်အလှန် ယုံကြည်မှုကင်းမဲ့လာကြောင်းကိုလည်း ၎င်းတို့၏ စစ်ရေးပြင်ဆင်မှုတွေက ဖော်ပြနေသည်။ အထူးသဖြင့် ၂၀၁၁ ဖေဖော်ဝါရီလဆန်းပိုင်းက ဖြစ်ပွားခဲ့သည့် ရင်ဆိုင်တိုက်ပွဲကြောင့် အပစ်ရပ်နိုင်ငံရေးအခြေအနေသည် မရေရာမှုတွေနှင့် ဆုတ်ရုတ်လာနေသည်ကို တွေ့မြင်ရသည်။

## KIA ထိန်းချုပ်နယ်မြေများအတွင်း စစ်ရေးပြင်ဆင်မှုအခြေအနေများ

ဖေဖေဝါရီ လဆန်းပိုင်းက ထွက်ပေါ်လာသည့် သေနတ်သံသည် နှစ်ဘက်စလုံးအတွက် စစ်ရေးသတိပေးလိုက်သလိုဖြစ်ခဲ့သည်။ ထိုနောက် စစ်ရေး ပြင်ဆင်မှုအခြေအနေကို နှစ်ဘက်စလုံးတွင်တွေ့လာရသည်။

- (KIA) ထိန်းချုပ်နယ်မြေများသို့ စစ်အစိုးရစစ်တပ်များ အင်အားတိုးဖြည့် လှုပ်ရှားလာခြင်း၊
- စစ်အစိုးရစစ်တိုင်းတခုဖြစ်သည့် မပခဌာနချုပ်မှ လက်အောက်ခံဖွဲ့များအား တပ်သားသစ်စုဆောင်းရန် ညွှန်ကြားခြင်း (၁၇ . ၂ . ၁၁)
- (KIA) ဘက်ကလည်း ပြည်သူစစ်ဖွဲ့စည်းရေးလှုပ်ရှားမှု လှုံ့ဆော်ပွဲများလုပ်ခြင်း (၂၁ . ၂ . ၁၁)
- စစ်အစိုးရစစ်တပ်ဘက်မှ မြစ်ကြီးနားမြို့တွင်းလှည့်လည်၍ စစ်ရေးပြခြင်း (၂၂ . ၂ . ၁၁)
- လိုင်ဇာ (ဌာနချုပ်)၊ ဝိုင်းမော်၊ ဆဒုံးဒေသများသို့ စစ်အစိုးရစစ်တပ်မှ စစ်ကားများ နေရာချခြင်း၊ အင်အားပြခြင်းများ ဆက်လက်လုပ်ဆောင်လာခြင်း။
- နှစ်ဘက်စစ်ရေးပြင်ဆင်မှု နောက်ဆက်တွဲအဖြစ် လူထုတွေ၏ သွားလာလှုပ်ရှားမှုများကို တားမြစ်ခြင်း၊ ကန့်သတ်ချုပ်ချယ်ခြင်းများလည်း ရှိလာခဲ့သည်။

စစ်ရေးပြင်ဆင်မှုများ နှစ်ဘက်မှ တိုးမြှင့်လုပ်ဆောင်နေစဉ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့နယ် အကောက်ခွန်ရုံးတွင် အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲနိုင်သည့် လက်ပစ်ဗုံး (၁၀) လုံး စစ်အစိုးရတပ်မှ (၂. ၃. ၁၁) နေ့တွင် သိမ်းဆည်းရမိသည်။ စစ်အစိုးရဘက်မှ (KIA) ကပြုလုပ်သည့် ဗုံးများဖြစ်သည်ဟု စွပ်စွဲခဲ့သည်။ နှစ်ဘက် စစ်ရေးတင်းမာမှု (တပ်အင်အားတိုးဖြည့်နေရာချထားမှုနှင့် ပြင်ဆင်မှုများ) ဆက်လက်ဖြစ်ပေါ်နေသည်။


ရှမ်းပြည်မြောက်ပိုင်းတွင် တည်ရှိသော (KIA) တပ်မဟာ (၄) နယ်မြေသို့ ဦးတည်လျှက် စစ်အစိုးရစစ်တပ်မှ လမ်းများဖောက်လုပ်ခဲ့သည်။ (KIA) ဘက်မှ လမ်းဖောက်လုပ်ခြင်းကိုရပ်ဆိုင်းရန် တင်ပြ တောင်းဆိုခဲ့သည်။ စစ်အစိုးရ ဘက်မှလည်း ရှမ်းပြည်နယ်မှ (KIA) တပ်မဟာ (၄) ရုတ်သိမ်းပေးဖို့ အကြိမ်ကြိမ် တောင်းဆိုခဲ့သည်။ (KIA)ကလည်း ထိုကိစ္စကို ပယ်ချငြင်းဆန်ခဲ့သည်။ (၁၈. ၅. ၁၁)နေ့တွင် မိုးညှင်းမြို့နယ်အတွင်းရှိ (KIA) ထိန်းချုပ်နယ်မြေရှိ တပ်စခန်းများကို စစ်အစိုးရ တပ်မှ လောင်ချာဖြင့်ပစ်ခတ်မှုဖြစ်ခဲ့သည်။

ထိုအချိန်မှစတင်ပြီး (KIA) ဌာနချုပ်က ၎င်းတို့တပ်ဖွဲ့များကို စစ်ရေးအခြေအနေ အမြင့်ဆုံး တပ်လှန့်ထားလိုက်သည်။ စစ်အစိုးရတပ်များလည်း စစ်အင်အား တိုးချဲ့ဆဲ၊ နေရာယူဆဲဖြစ်သည်။ (၂၁. ၅. ၁၁) ရက်စွဲဖြင့် (KIA)ဌာနချုပ်က တပ်များရုပ်သိမ်းပေးဖို့ မပခ စစ်တိုင်းဌာနချုပ်သို့ စာရေးအကြောင်းကြားလိုက်သည်။ ထိုအကြောင်းကြားစာတွင် (၂၅. ၅. ၁၁) နေ့ထိ (KIA) ထိန်းချုပ်နယ်မြေအတွင်းမှ စစ်အစိုးရတပ်ဖွဲ့များ ရုတ်သိမ်းခြင်း မရှိပါက ဖြစ်ပေါ်လာသော ဖြစ်စဉ်များကို (KIA) တာဝန်ယူမှာမဟုတ်ကြောင်း သတိပေးထားသည်။ ထို သတိပေးစာပေးပို့ခဲ့သော်လည်း စစ်အစိုးရတပ်များသည် ဗန်းမော်မြို့ အရှေ့ဘက် မြို့သစ်ဒေသတွင် အခြေစိုက်လျက်ရှိသည့် (KIA) တပ်ရင်း (၂၅) ဒေသအတွင်းသို့ စစ်အစိုးရစစ်တပ်များ အင်အားတိုးမြှင့်ချလျက် ရှိသည်။ ထိုအခြေအနေကို (KIA) စစ်တပ်ဘက်မှ အဆက်မပြတ်စောင့်ကြည့်လျက်ရှိသည်။

## (KIA) **ထိန်းချုပ်နယ်မြေအတွင်း နောက်ထပ်တကြိမ် တိုက်ပွဲဖြစ်ပွားခြင်း**

(KIA) ထိန်းချုပ်နယ်မြေ (ဗန်းမော်ခရိုင်၊ မန်စီမြို့နယ်) အတွင်းသို့ စစ်အစိုးရ စစ်တပ်က ၉. ၂. ၁၁ နေ့တွင် ဝင်ရောက်လှုပ်ရှားသဖြင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။ (KIA) အနေနှင် အပစ်ရပ်ကာလ (၁၇) နှစ်ကျော်အတွင်း ပထမဦးဆုံး သေနတ်သံ ပြန်လည်ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်မှ စပြီး (KIA) ထိန်းချုပ်နယ်မြေတွင် စစ်အစိုးရတပ်ဖွဲ့များနှင့် (KIA) တပ်ဖွဲ့တို့အကြား စစ်ရေးအရ တင်းမာမှု ဖြစ်ပေါ်နေခဲ့သည်။ ထိုတင်းမာမှုဖြစ်နေသည့် ကာလ (၄) လအကြာ၊ (၉. ၆. ၁၁) နေ့တွင် ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်အတွင်း (KIA တပ်ရင်း ၁၅ ထိန်းချုပ်နယ်မြေ) ၌ မိုးမောက် အခြေစိုက် ခမရ (၄၃၇)နှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။ နှစ်ဘက် သေကြေ ဒဏ်ရာရရှိသူများရှိခဲ့သည်။ တိုက်ပွဲချိန်ကာလ (၃) နာရီကြာမြင့်သည်။

ထိုတိုက်ပွဲမှစတင်၍ (KIA) ထိန်းချုပ်နယ်မြေအတွင်းရှိ အခြားနေရာဒေသများသို့ စစ်မီးများ ကူးစက်ခဲ့သည်။ စစ်အစိုးရတပ်ကူများ ပေးပို့ရာ လမ်းကြောင်းပေါ်ရှိ တံတား (၂၅) စင်းကို (KIA) မှ ချိုးဖျက်ခဲ့သည်။ စစ်ပွဲဖြစ်ရာဒေသများမှ လူထုများသည် မြို့များပေါ်သို့လည်းကောင်း၊ တရုတ်နိုင်ငံသို့လည်းကောင်း စစ်ဘေးမှ ရှောင်တိမ်းခဲ့ကြသည်။ စစ်ပြေးဒုက္ခသည် နှစ်သောင်းခန့်ရှိသည်ဟု မီဒီယာသတင်းများတွင်ဖော်ပြပါရှိသည်။




**KIA ဧရိယာအတွင်း စစ်ပွဲများဖြစ်ပွားရာပြမြေပုံ**

## အပစ်ရပ်နိုင်ငံရေးခြေအနေ ပျက်စီးသွားခြင်းအပေါ် စစ်အစိုးရ၏ အမြင်သဘောထား

(KIA) နှင့် စစ်အစိုးရ စစ်တပ်တို့ ၉. ၆. ၁၁ နေ့က ဖြစ်ပွားခဲ့သောတိုက်ပွဲများနှင့် ပတ်သက်၍ စစ်အစိုးရ ဘက်က ၁၈. ၆. ၁၁ နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် သတင်းထုတ်ပြန်မှုတခုပြုလုပ်ခဲ့သည်။ ထိုသတင်း ထုတ်ပြန်မှုတွင် စစ်အစိုးရဘက်မှ (KIA) တပ်စခန်းတခု (မိုးမောက်မြို့နယ်၊ ရေအား လျှပ်စစ်စီမံကိန်း အနီးရှိ ဆင်ဂန်စခန်း) ကို တိုက်ခိုက်သိမ်းပိုက်ရခြင်းမှာ အရေးကြီးသည့် လျှပ်စစ်စီမံကိန်းအား ကာကွယ် စောင့်ရှောက်လိုသည့် ရည်မှန်းချက် တခုတည်းဖြင့် လုပ်ဆောင်ရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ အခြား ရန်လိုဖိနှိပ်လိုသည့် ရည်ရွယ်ချက်များ မရှိကြောင်းလည်း ပါရှိသည်။

စစ်အစိုးရတပ်များနှင့် (KIA) အကြား စတင်တိုက်ပွဲဖြစ်ပြီး (၉) ရက်အကြာတွင် နှစ်ဘက် အပစ်ခတ် ရပ်စဲကြပြီး တဆင့်တက်ဆွေးနွေးမှုများ ပြုလုပ်လိုကြောင်း ပြည်နယ်အာဏာပိုင်များကတဆင့် ကမ်းလှမ်းလာသည်။ ထိုသို့ အပစ်ရပ်စဲရန် ကမ်းလှမ်းလာခဲ့သည့်နောက်ပိုင်းတွင်လည်း (KIA) နှင့် စစ်အစိုးရ စစ်တပ်တို့ မိုးညှင်းမြို့နယ်၊ ရွှေဂူမြို့နယ်၊ ကာမိုင်းနှင့် မံစီမြို့နယ်တို့တွင် တိုက်ပွဲများဆက်လက် ဖြစ်နေဆဲဖြစ်သည်။

ထိုအခြေအနေကိုမျက်ကွယ်ပြုပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးရွှေမန်းက ၂၄. ၆. ၁၁ နေ့တွင် ရန်ကုန် မြို့ရှိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအား (KIA) နှင့် အစိုးရ စစ်တပ်အကြားရှိ ပဋိပက္ခများ တည်ငြိမ်သွားပြီ ဟု လိမ်ညာပြောဆိုခဲ့သည်။ တကယ့်ဖြစ်ရပ်မှန်များကို ဖုံးကွယ်ပြောဆိုခဲ့သည်။

## (KIA) နှင့် စစ်အစိုးရ စစ်တပ်အကြားဖြစ်ပေါ်နေသောတိုက်ပွဲများ အပစ်ရပ်စဲရန် တွေ့ဆုံဆွေးနွေးကြခြင်း

(KIA) နှင့် စစ်အစိုးရ စစ်တပ်အကြား (၃) ပတ်ကြာ တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ၃၀. ၆. ၁၁ နေ့က လဂျန်းယန်တွင် ပထမဦးဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထိုဆွေးနွေးပွဲသို့ စစ်အစိုးရဘက်မှ ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးဝန်ကြီး ဗိုလ်မှူးချုပ်သန်းအောင် ဦးစီးကျင်းပခဲ့သည်။ (KIA) ဘက်မှ ဒု စစ်ဦးချုပ် ဗိုလ်မှူးချုပ်ဂွမ်မော် ခေါင်းဆောင်၍ (၆) ဦးတက်ရောက်ဆွေးနွေးခဲ့သည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲတွင် (KIA) မှ တင်ပြချက်မှာ **'အပစ်ရပ်စဲရေး ယာယီအဆင့်အတွက် တောင်းဆိုချက်မှာ ခိုင်မာရမယ်၊ ယုံကြည်မှုရှိရမယ်၊ သက်သေအထောက်အထားရှိရှိနဲ့ လုပ်ရမယ်။ ဒီအတွက် အစိုးရဘက်က ခိုင်မာသည့်အထောက်အထားပြဖို့လိုတယ်'** စသဖြင့် တင်ပြသွားသည်။

ထိုတင်ပြချက်များသည် ယခင် (၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလ) အပစ်ရပ်စဲစဉ်က ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်ခရိုင်အတွင်းတွင် စစ်အစိုးရဘက်မှ ပစ်ခတ်မှုကြောင့် (KIA) တပ်သား (၁၀)ဦးထိ ကျဆုံးခဲ့သည့် အတွေ့ အကြုံကြောင့် တင်ပြရခြင်းဖြစ်သည်ဟု (KIA) တွဲဘက်အတွင်းရေးမှူး ဦးလနန် ကပြောဆိုခဲ့သည်။

## အပစ်ရပ်ဆွေးနွေးပွဲများပြုလုပ်ခဲ့သည်၊ သို့သော် တိုက်ပွဲများကား ဆက်လက်ဖြစ်နေဆဲ

၂၀၁၁ ဇွန် ၃၀ ရက်နေ့က (KIA) နှင့် စစ်အစိုးရ စစ်တပ်အကြား အပစ်ရပ်စဲရေးအတွက် ဆွေးနွေးခဲ့ကြ သော်လည်း တစုံတရာပြေလည်မှုမရသေးပေ။ (KIA) ထိန်းချုပ်နယ်မြေများတွင် တိုက်ပွဲများ ဆက်လက် ဖြစ်ပွား နေဆဲဖြစ်သည်။ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်အတွင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း (KIA) ထိန်းချုပ်နယ်မြေ ဖြစ်သော ကွတ်ခိုင်မြို့နယ်များတွင် ဇူလိုင် (၂) ရက်နေ့က နှစ်ဘက်ရင်ဆိုင် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ စစ်အစိုးရ စစ်တပ်မှ သေကျေ၊ ဒဏ်ရာရမှုများနှင့် စစ်သုံးပစ္စည်းများအဖြစ်လည်း အဖမ်းခံရကြောင်း သိရှိရသည်။

"အပစ်ရပ်စဲရေးအတွက် ဆွေးနွေးခဲ့ကြသော်လည်း အစိုးရဘက်မှ အပစ်ရပ်စဲတာ မပြုသနိုင်ဘူးဆိုရင် ရင်ဆိုင်တိုက်ပွဲတွေဟာ ဆက်လက်ဖြစ်ပေါ်နေမှာ ဖြစ်တယ်" ဟု (KIA)ဘက်မှ ဇူလိုင် (၂) ရက်နေ့က ဘီဘီစီ သတင်းဌာနကို ပြောသွားခဲ့သည်။

## ပြန်လည်အပစ်ရပ်စဲရေး ဆွေးနွေးပွဲများ၏ အလားအလာ

(၁၇) နှစ်ကြာ ထိန်းထားနိုင်ခဲ့သည့် (KIA)နှင့် စစ်အစိုးရ စစ်တပ်အကြားက အပစ်ရပ်နိုင်ငံရေး အခြေအနေသည် ပျက်စီးသွားခဲ့ပါပြီ။

ယခု (KIA) နှင့် စစ်အစိုးရ စစ်တပ်အကြားတွင်ဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခကို အပစ်ရပ် နိုင်ငံရေးအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဖြေရှင်းနေကြသည်။ ထိုပြဿနာများကိုဖြေရှင်းသည့်အခါ စစ်အစိုးရဘက်မှ အမျိုးသားလူနည်းစုများ၏ အကျိုးစီးပွားကို ထည့်သွင်းမစဉ်းစားဘဲ၊ စစ်အုပ်စုအကျိုးစီးပွား အတွက် ရည်ရွယ်ရေးဆွဲထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုသာ ရှေ့တန်းတင် ပြောဆိုလျက်ရှိသည်။ စစ်အစိုးရဘက်မှ ထိုသို့သောသဘောထားကို ဆုပ်ကိုင်ထားသမျှ အပစ်ရပ်နိုင်ငံရေးအခြေအနေ ပြန်လည် ရောက်လာဖို့ မရှိနိုင်သည့်အပြင် လက်နက်ကိုင်ပဋိပက္ခသည်သာ ပိုမိုကြီးထွားကျယ်ပြန့်လာမည် ဖြစ်ပါသည်။

# (၃) ၂၀၁၀ ရွေးကောက်ပွဲအပြီး ရှမ်းပြည်တပ်မတော် (SSA-N) မှ တပ်မဟာ (၁) အခြေစိုက်ဒေသရှိ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး အခြေအနေများ

၂၀၁၀ ဧပြီလ နောက်ပိုင်း ၌ SSA-N (ရှမ်းပြည်တပ်မတော် မြောက်ပိုင်း)၊ အဖွဲ့တွင်းသို့ စစ်အစိုးရ၏ နယ်မြေစောင့်တပ်ဖွဲ့ (Home Guard Force) HGF အသွင်ကူးပြောင်းရေးပေါ်လစီ သွပ်သွင်းခြင်းခံလိုက်ရသည်။ ထိုပေါ်လစီအပေါ် အကြောင်းပြုပြီး (SSA-N) အဖွဲ့အတွင်း၌ အဖွဲ့ (၂) ခုအဖြစ် ကွဲထွက်လာခဲ့သည်။ စစ်အစိုးရ ၏ အသွင်ကူးပြောင်းရေးကိုလက်ခံသည့် အဖွဲ့သည် ဌာနေပြည်သူ့စစ်အဖွဲ့ကြီးအဖြစ်လက်ခံလိုက်သည်။ (SSA-N) ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် တပ်မဟာ (၃)၊ တပ်မဟာ (၇) တို့က အသွင်ကူးပြောင်းရေးကို လက်ခံလိုက်သည်။ တပ်မဟာ (၁) ဦးစီးသူ ဗိုလ်ချုပ်ပန်ဖှ က အသွင်ပြောင်းပေါ်လစီကို လက်မခံဘဲ ငြင်းပယ်ခဲ့သည်။


(SSA-N) တပ်မဟာ (၁) သည် မိမိထိန်းချုပ်ရာနယ်မြေများတွင် တပ်အင်အား (၂၀၀၀) ခန့်ဖြင့် လက်နက်ကိုင်တော်လှန်ရေး ဆက်လက် ဆက်နွှဲလိုက်ကြသည်။ တပ်မဟာ (၁) ၏ ဌာနချုပ်မှာ မိုင်းရှူးမြို့နယ်၊ ဝမ့်ဟိုင်းဒေသ ဖြစ်သည်။ စက်တင်ဘာ (၁) ရက်နောက်ပိုင်း စစ်အစိုးရ၏ သဘောထားမှာ တပ်မဟာ (၁) သည် ပြည်သူ့စစ်အသွင် ကူးပြောင်းခြင်း မရှိသည့်အတွက် ဥပဒေပြင်ပအဖွဲ့အစည်းအဖြစ် သတ်မှတ်လိုက်သည်။

တပ်မဟာ (၁)နှင့် အခြားတပ်မဟာများ ဆက်ဆံရေးကိုလည်း ဖြတ်တောက်ပစ်ရန် စစ်အစိုးရက ဆက်လက်ညွှန်ကြားခဲ့သည်။ တပ်မဟာ(၁) ထိန်းချုပ်ရာ ဒေသများကိုလည်း နအဖ တပ်များတိုးဖြည့်ချထား လိုက်သည်။ တပ်ချင်းထိတွေ့မှု (၅) ကြိမ်ထက်မနည်း ဖြစ်ခဲ့သည်။ စက်တင်ဘာ လဆန်းမှ စတင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ရွေးကောက်ပွဲပြီးနောက်ပိုင်းတွင်လည်း တပ်မဟာ (၁) ဌာနချုပ်တောင်ဖက်၊ ဝမ်ဆော့ အခြေစိုက် စစ်အစိုးရ တပ်မ (၃၃) လက်အောက်ခံတပ်ဖွဲ့က (SSA-N) တပ်ရင်း (၂၄) ကို စတင်တိုက်ခိုက်ခဲ့သည်။

ရွေးကောက်ပွဲပြီးနောက်ပိုင်း ဒီဇင်ဘာလဆန်းပိုင်းမှစတင်၍ စစ်အစိုးရသည် ရှမ်းပြည်တောင်ပိုင်းရှိ မိုင်းရှူး၊ ကွန်ဟိန်း၊ နမ့်ဇန် မြို့နယ်များမှ ကျေးရွာများ စုပေါင်း၍ မြို့နယ်ခွဲများအဖြစ် ဖွဲ့စည်းလိုက်ပြန်သည်။

- မိုင်းရှူးမြို့နယ်တွင် မိုင်းဇန်မြို့နယ်ခွဲတခု
- ကွန်းဟိန်းမြို့နယ်တွင် ကာလိမြို့နယ်ခွဲ (ကာလိ သည် ယခင် SSA-N တပ်မဟာ ၇ ထိန်းချုပ်ထားသည့်ဒေသ ဖြစ်သည်) တခု
- နမ့်ဇန်မြို့နယ်တွင် ခိုလမ်မြို့နယ်ခွဲတခု . . . စသဖြင့်တိုးမြှင့်ဖွဲ့စည်းလိုက်သည်။




**ကာလိမြို့နယ်ခွဲနှင့် အရှေ့အလယ်ပိုင်း စစ်တိုင်းရုံးသစ် တည်ရှိရာ**

ယခင်ထိုရွာများမှာ တိုက်နယ်အဆင့်သာရှိသည်။ ထိုမြို့နယ်ခွဲများ၏ လုံခြုံရေးကိုအကြောင်းပြပြီး စစ်တပ်များ၊ ဌာနဆိုင်ရာများဖြင့်နေရာယူ တိုးချဲ့ ဖွဲ့စည်းနေသည်။ (နောင်ရှမ်းပြည်အလယ်ပိုင်းရှိ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်အတွက် ကြိုတင်ပြင်ဆင်ချက်တခုဖြစ်သည်)


ဤနေရာများကို ရွေးချယ်ပြီး တပ်တည်ရခြင်း၏ ရည်ရွယ်ချက်မှာ အောက်ပါ အချက် (၃) ချက်ကြောင့် ဖြစ်သည်။

(၁) (UWSA) 'ဝ' တပ်ဖွဲ့များ သံလွင်အနောက်ခြမ်းသို့ ဝင်၊ ထွက် သွားလာမှုကိုထိန်းချုပ်ရန်၊

(၂) (SSA-N) တပ်မဟာ (၁) နှင့် (SSA–S) ရှမ်းပြည်တပ်မတော်တောင်ပိုင်းတို့အကြားရှိ ဆက်သွယ်မှုကိုဖြတ်တောက်ရန်၊ ပိတ်ဆို့ရန်၊

(၃) ပြည်သူ့စစ်အသွင်ပြောင်း (SSA-N) တပ်မဟာ (၇) ၏ လှုပ်ရှားမှုများကို ထိန်းချုပ်ရန် . . . စသည်တို့ဖြစ်သည်။

(SSA-N) တပ်မဟာ (၁) သည် ပြည်သူ့စစ်အသွင်ပြောင်းရေး စီမံချက်ကို လက်မခံဘဲ၊ လက်နက်ကိုင်တော်လှန်ရေးလမ်းကြောင်းသို့ ပြန်လည်ဦး လှည့်လာခဲ့သည်။ တချိန်တည်းတွင် ၂၀၁၀ ဒီဇင်ဘာ တတိယအပတ်ထဲတွင် ဖရိုဖရဲဖြစ်သွားသော မူလ (SSA) ရှမ်းပြည်တပ်မတော်ကို ပြန်လည်ဖွဲ့စည်းရန် စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့သည်။ ၁၉၉၅ ခုနှစ်ကတည်းက လုပ်ငန်းလည်ပတ်မှု ရပ်ဆိုင်းထားခဲ့သည့် (SSPP) (ရှမ်းပြည်တိုးတက်ရေးပါတီ) ကိုလည်း ပြန်လည်ထူထောင်ရန် ကြိုးပမ်းအားထုတ်ခဲ့သည်။




**စစ်အစိုးရ ဗိုးကြဲတိုက်ခိုက်ထိုးစစ်ဆင်နေသော ဝမ်ဟိုင်းဌာနချုပ်ဒေသမြေပုံ**

**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ သုတေသနနှင့် လေ့လာရေးဌာန**

၂၀၁၁ ဇန္နဝါရီ နောက်ဆုံးအပတ်ထဲမှစတင်ပြီး (SSA-N) တပ်မဟာ (၁) ဌာနချုပ် ဝမ့်ဟိုင်းတွင် အရေးပေါ်အစည်းဝေး ကျင်းပခဲ့သည်။ ထိုအစည်းအဝေးမှ (SSA-N) တပ်မဟာ (၁) အစား ရှမ်းပြည်တပ်မတော် (SSA) နာမည်သစ် (တပ်မဟာအစား မိခင်အဖွဲ့အစည်း နာမည်ဖြင့်အစားထိုးခြင်း) ဖြင့် အစားထိုးကာ ပြန်လည်ဖွဲ့စည်းလိုက်သည်။ တပ်ဖွဲ့များတိုးချဲ့ဖွဲ့စည်းလိုက်သည်။ စစ်ဒေသ (၅) ခု၊ တပ်မဟာ (၅) ခု နှင့် အထူးတပ်ဖွဲ့၊ လက်နက်ကြီးတပ်၊ လက်နက်ထိန်းသိမ်းရေးတပ်များလည်း ပါဝင်ဖွဲ့စည်းခဲ့သည်။ (SSPP)၏ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ဗိုလ်ချုပ်ပန်ဖှ က တာဝန်ယူသည်။ ၂၀၁၀ စက်တင်ဘာ ၂၆ ရက်နေ့တွင် ပြုလုပ်သည့် ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေးကော်မတီ (Committee for Emergence of Fedral Union – CEFU (Burma) ဖြစ်မြောက်ရေး အစည်းအဝေးတွင်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ၂၀၁၁ ဖေဖော်ဝါရီ ၁၂ မှ ၁၆ ရက်နေ့ထိ ပြုလုပ်သော တိုင်းရင်းသားများညီလာခံတွင်လည်း (SSPP) မှ ပါဝင်တက်ရောက်ခဲ့သည်။ ထိုညီလာခံမှ ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ် ကောင်စီ (United Nationalities Federal Council (Union of Burma) ကို ဖွဲ့စည်းလိုက်သည်။

(SSPP/SSA) ပြန်လည်ဖွဲ့စည်းပြီးသည်နှင့် မရှေးမနှောင်း ၂၀၁၁ ဖေဖော်ဝါရီ ဒုတိယအပတ်အစတွင် ဝမ့်ဟိုင်း ဌာနချုပ်သို့ ကုန်ကား၊ ခရီးသည်ကားများ သွားလာခွင့် ရပ်ဆိုင်းထားသည်။ တပြိုင်နက်တည်းမှာ စစ်အစိုးရ စစ်ယာဉ်တန်းများကတော့ ရှမ်းပြည်အလယ်ပိုင်းနှင့် အရှေ့ပိုင်းသို့ အများအပြား ချီတက်လျက်ရှိနေသည်။ ထိုအခြေအနေအပေါ် (SSA) တပ်မှူးတယောက်က **“အပစ်ရပ်လာတဲ့ အနှစ် (၂၀) ကာလအတွင်း အခုလို ကျနော်တို့ကို ဖြတ်တာဟာ ပထမဦးဆုံးအကြိမ်ပါပဲ။ စစ်အစိုးရရဲ့ ပေါ်လစီဖြစ်နေတာမို့ ကျနော်တို့ စီးပွားရေးပျက်ပြားအောင်၊ ကျနော်တို့ကို ကောင်းကောင်းမနေရအောင် သူဆက်လုပ်သွားမှာဘဲ။ ဒါကြောင့် ကျနော်တို့နေတဲ့ဘက်ကို စစ်အင်အားတွေ အဆက်မပြတ် ပို့နေတာပေါ့”**ဟု ထင်မြင်ချက် ပေးပါသည်။ (သျှမ်းသံတော်ဆင့် ၊ ၁၀ ဖေဖော်ဝါရီ ၂၀၁၁)

## ရှမ်းပြည်နယ် အရှေ့အလယ်ပိုင်းဒေသအတွင်း မတည်ငြိမ်မှုများ

(SSA-N) တပ်မဟာ (၁) သည် နအဖစစ်အစိုးရလက်ထက်က ဌာနေပြည်သူ့စစ် အသွင်ပြောင်းလဲခြင်းကို လက်မခံပဲ ငြင်းဆန်မှုပြုလုပ်ခဲ့သည်။ မူလ (SSA-N) ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) အဖြစ်ဆက်လက်ရပ်ခဲ့ပြီး ရှမ်းပြည်တိုးတက်ရေးပါတီကို ပြန်လည်ဖွဲ့စည်းလိုက်သည်။ ထိုအချိန်မှစတင်ပြီး စစ်အစိုးရစစ်တပ်များသည် (SSA-N) တပ်မဟာ(၁) ထိန်းချုပ်ရာဒေသ (ရှမ်းပြည်နယ် အရှေ့အလယ်ပိုင်းဒေသ)များအတွင်း စစ်ရေးအရဖိအားပေးမှု ပိုမိုလုပ်ဆောင်လာခဲ့သည်။

၂၀၁၁ ဖေဖော်ဝါရီ နောက်ဆုံးအပတ်ထဲကစတင်ပြီး (SSA-N) ဌာနချုပ်ဖြစ်သည့် ဝမ့်ဟိုင်သို့ဝင်၊ ထွက် သွားလာနေသည့် ကားမျိုးစုံအား ပိတ်ပင်တားဆီးခြင်းကို စစ်အစိုးရဘက်ပြုလုပ်လာသည်။ မိုင်းရှူး - တန့်ယန်း ၊ လားရှိုး ၊ တောင်ကြီး ကားလိုင်းများကို ပိတ်ပင်လိုက်သည်။ ဤသို့လုပ်ဆောင်လိုက်သဖြင့် ဝမ်ဟိုင်ဒေသကို ကုန်စည်စီးဆင်းမှုများ ရပ်တန့်သွားမည်။ လူဝင် လူထွက် ရပ်ဆိုင်းသွားမည်။ လူထုနှင့် တပ်ကို ဖြတ်တောက်လိုက်ခြင်း ဖြစ်သည်။ ဝမ့်ဟိုင်ကို ဖြတ်လေးဖြတ်စနစ် စတင်ကျင့်သုံးလာတာဖြစ်သည်။ အကျိုးဆက်အားဖြင့် ဒေသခံလူထုကိုလည်း ကြီးမားစွာရိုက်ခတ်မှု ဖြစ်စေသည်။ ကုန်စည်စီးဆင်းမှုရပ်တန့်သွားသည်။ ကုန်ဈေးနှုန်းများ အဆမတန် မြင့်တက်သွားသည်။ အချိန်မရွေး ပေါ်တာအန္တရာယ်ကျရောက်နိုင်သဖြင့် လူထုအတွင်း လုံခြုံမှုကင်းမဲ့လာသည်။

စစ်အစိုးရ စစ်တပ်များက ဝမ့်ဟိုင်ဒေသကို ကန့်သတ်နယ်မြေအဖြစ်သတ်လိုက်သည်။ (SSPP/ SSA) ထိန်းချုပ်နယ်မြေများတွင် စစ်အစိုးရစစ်တပ် တပ်ရင်း (၁၀) ရင်း ဖြန့်ခွဲနေရာယူထားသည်။ ထို့နောက် စစ်အစိုးရ စစ်တပ်များ၏ လူထုဆန့်ကျင့်ရေးလုပ်ငန်းများ တဆင့်ပြီးတဆင့် တိုးမြှင့်လုပ်ဆောင်လာသည်။

- လူထုများ ထိုဒေသအတွင်း ဝင်ထွက်ခြင်းပြုလုပ်ပါက နယ်ကျော်ဝင်ရောက်မှုဖြင့် ပစ်သတ်ခွင့်ရှိသည်ဟု ပစ်မိန့် ပေးထားသည်။
- ရမခ နယ်မြေအတွင်းရှိ လူထုများကို စစ်သင်တန်း အတင်းအဓမ္မတက်ခိုင်းသည်။ စစ်သင်တန်းစရိတ်များကို ကျေးရွာများမှ ကုန်ကျခံရသည်။ ကျေးရွာအုပ်စုတခုလျှင် (၄) သိန်း သို့မဟုတ် (၅) သိန်းအထိ ပေးရသည်။ (SSA-N တပ်ဖွဲ့များ နယ်မြေအတွင်း မဝင်ရောက်နိုင်ရန်နှင့် အဆက်အသွယ်မလုပ်နိုင်ရန် ရည်ရွယ် ဆောင်ရွက် ခြင်းဖြစ်သည်။)
- နမ့်ဇန်မြို့နယ်မှရှိကျေးရွာများမှ အိမ်ခြေ (၂၀၀) အား ခိုလမ် မြို့နယ်ခွဲသို့ အတင်းအဓမ္မပြောင်းရွှေ့ခိုင်းသည်။ (SSA-N တပ်ဖွဲ့များအား ထောက်ခံသည့် ရွာများဖြစ်သည်ဟု စစ်အစိုးရတပ်မှ ယူဆထားသောကြောင့်ဖြစ်သည်)
- ၁၀. ၃. ၁၁ နေ့က ခိုလမ်နှင့် ကွန်ဟိန်းအကြားရှိ နမ့်လင်း (ပလောင်ကျေးရွာ) တွင် စစ်အစိုးရတပ်နှင့် (SSA-N) တပ်ဖွဲ့များ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ စစ်အစိုးရတပ်မှ သေကြေ၊ ဒဏ်ရာရမှုများရှိသည်။ တိုက်ပွဲအပြီး ကျေးရွာရှိ စပါးများကို မီးရှို့ဖျက်ဆီးခဲ့သည်။
- ၁၅. ၃. ၁၁ နေ့က (SSPP/SSA) ထိန်းချုပ်နယ်မြေများတွင် စစ်အစိုရတပ်များ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ယောက်ျား၊ မိန်းမ မရွေး ပေါ်တာအဖြစ် စစ်အစိုးရစစ်တပ်မှ ခိုင်းစေခဲ့သည်။
- တိုက်ပွဲဖြစ်ပွားသည့် (တန့်ယန်းမြို့နယ်၊ နမ့်လောင်း ကျေးရွာ) ရှိဘုန်းကြီးကျောင်း ပျက်စီးမှုရှိခဲ့သည် ရွာသားများ နေရပ်မှ စွန့်ခွာထွက်ပြေးကြရသည်။ အချို့ စစ်အစိုးရစစ်တပ်မှ ပေါ်တာအဖြစ် အသုံးပြုခြင်းခံရသည်။
- မတ်လ (၁၃) ရက်မှ ဧပြီ ပထမပတ်အထိ (SSPP/SSA) ထိန်းချုပ်နယ်မြေတွင် စစ်အစိုးရတပ်ဖွဲ့များနှင့် (၆၅)ကြိမ် တိုက်ပွဲဖြစ်ပွားခဲ့သည်။ ကျေးလက်လူထု (၃၀၀၀) ကျော် နေရပ်မှ စွန့်ခွာထွက်ပြေးကြသည်။
- မတ်လအတွင်းက (SSPP/SSA) ထိန်းချုပ်နယ်မြေအတွင်းရှိ (ရှမ်းပြည်အရှေ့အလယ်ပိုင်း) (၄)မြို့နယ်အတွင်းသာ စစ်အစိုးရတပ်များနှင့် တိုက်ပွဲဖြစ်ခဲ့သည်။ ဧပြီ လဆန်းပိုင်းရောက်သည့်အခါ အခြား (၁၀) မြို့နယ်သို့ ကူးစက်သွား ခဲ့သည်။
- မတ်လ (၁၃) ရက်မှ (၂၀) ရက်နေ့အထိ (SSPP/SSA) ထိန်းချုပ်နယ်မြေတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲများတွင် အစိုးရစစ်တပ်မှ တပ်ရင်းပေါင်း (၂၀) ကျော်ဖြင့် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။
- ရှမ်းပြည်နယ် အရှေ့အလယ်ပိုင်းမှ စတင်ခဲ့သော စစ်ပွဲများသည် ရှမ်းပြည်နယ်မြောက်ပိုင်းသို့ ကူးစက်ပျံ့နှံ့သွားသည်။ ကျောက်မဲခရိုင် အတွင်းရှိလူထုတွေလည်း (SSPP/SSA) တပ်များနှင့် ဆက်သွယ်မှုရှိနေသည်ဟုဆိုကာ စစ်အစိုးရစစ်တပ်များမှ ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခြင်းများလည်း ရှိခဲ့သည်။
- ၁၉. ၄. ၁၁ နေ့က ကျိုင်းတုံမြို့နယ်၊ မိုင်းပူးကျေးရွာအုပ်စုအုပ်စုမှ ရွာ (၇)ရွာ (ပလောင်ရွာ ၄ ရွာ၊ လားဟူရွာ ၃ ရွာ) အား စစ်အစိုးရစစ်တပ်မှ မီးရှို့ဖျက်ဆီးခြင်းခံရသည်။ ရွာလူထုအများအပြားသည် ထိုင်းနိုင်ငံ၊ ချင်းမိုင်ခရိုင်၊ မိုင်းဖုန်ဒေသသို့ ထွက်ပြေးခိုလှုံသွားကြသည်။

(SSA-N) တပ်မဟာ (၁) သည် စစ်အစိုးရ၏ နိုင်ငံရေးနည်းပရိယာယ်အရ ဖန်တီးထားသည့် ဌာနေပြည်သူ့စစ် (HGF) လက်မခံ ငြင်းဆန်ခဲ့သည်။ ထို့ကြောင့် ၂၀၁၀ ခုနှစ် စက်တင်ဘာလမှ စတင်၍ ယနေ့အထိ (ဇွန် ၃၀ ထိ) စစ်အစိုးရစစ်တပ်များ၏ စစ်ရေးအရ ဖိအားပေး တိုက်ခိုက်မှုကို ခံနေရသည်။ (SSA-N) နှင့် စစ်အစိုးရအကြား တည်ရှိခဲ့သော ( ၁၉၈၉ ခုနှစ် စက်တင်ဘာမှ စတင်ခဲ့သည့်) အပစ်ရပ်နိုင်ငံရေးအခြေအနေသည် လုံးဝပျက်စီးသွားပြီဟု ပြောနိုင်သည်။ တကျော့ပြန်လည်ဖြစ်ထွန်းလာနေသည့် ပြည်တွင်းစစ်သည် ရှမ်းပြည်နယ်၏ နေရာဒေသများစွာတွင် နေ့စဉ် ဖြစ်ပွားလျက်ရှိသည်။

၂၀၁၀ ရွေးကောက်ပွဲဖြင့် အာဏာရယူထားသည့် အစိုးရသစ်သည် ယခင်စစ်အုပ်စု၏ နိုင်ငံရေးအမွေကို လက်လွှဲယူခဲ့သည်။ နအဖစစ်အုပ်စု ချန်ရစ်ခဲ့သော နိုင်ငံရေးပြဿနာများကိုလည်း ဆက်လက်ပြီး ဆက်ခံခဲ့ရသည်။ ယခုဖြစ်ပေါ်နေသော လူနည်းစုအမျိုးသားများနှင့် ဖြစ်ပေါ်ခဲ့သော၊ ဖြစ်ပေါ်နေသော နိုင်ငံရေးပြဿနာများ (လက်နက်ကိုင်ပဋိပက္ခ)ကို မည်သို့ဖြေရှင်းမည်ဆိုသည့်အချက်ကိုမူ ယနေ့အထိ လက်တွေ့ကျကျ ဆောင်ရွက်နေခြင်း မတွေ့ရသေးပါ။

(SSA-N) နှင့် စစ်အစိုးရအကြား ဖြစ်တည်နေသော လက်နက်ကိုင်ပဋိပက္ခ မည်သို့အဆုံးသတ်မည်နည်း။ မည်သည့် အတိုင်းအတာအထိ ကူးစက်ပျံ့နှံ့သွားမည်ဆိုသည်ကို မည်သူမျှ အတိအကျပြောဆိုနိုင်ဦးမည် မဟုတ်ပါ။

## (၄) ၂၀၁၀ ရွေးကောက်ပွဲအပြီး "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSA/UWSA) အခြေစိုက်ဒေသရှိ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး အခြေအနေများ

၂၀၁၀ ခုနှစ် စက်တင်ဘာ ၁ ရက် နောက်ဆုံးထားပြီး လက်နက်စွန့်ရန် (BGF အသွင်ပြောင်းရန် ပြောဆိုခြင်းမျိုး မဟုတ်တော့ပါ) စစ်အစိုးရဘက်က (UWSA) တပ်ဖွဲ့ကိုပြောဆိုခဲ့သည်။ ထိုပြောဆိုလာမှုအပေါ် (UWSA) ကငြင်းဆိုလိုက်သည့် အခါ 'ဝ' ဒေသရှိ နအဖ ဝန်ထမ်းများကို ပြန်လည် ဆုတ်ခွာစေသည်မျိုးအထိ လုပ်ဆောင်လာခဲ့သည်။ စစ်အစိုးရက (UWSA) အား ၂၀၀၉ ဧပြီ နောက်ဆုံးအပတ်တွင် (BGF) အသွင်ကူးပြောင်းခိုင်းစဉ်ကလည်း စစ်အစိုးရ၏ဝန်ထမ်းများကို ဆုတ်ခွာခိုင်းခဲ့သေးသည်။ ရွေးကောက်ပွဲမတိုင်မီ 'ဝ' ဘက်မှ (BGF) မူကို လက်မခံကြောင်း အကြောင်းပြန်ခဲ့ပြီးနောက် စစ်အစိုးရနှင့် (UWSA) တို့၏ ဆက်ဆံရေးသည် အေးတိအေးစက် ဖြစ်လာနေခဲ့သည်။

ရွေးကောက်ပွဲပြီးနောက် ၂၀၁၀ ဒီဇင်ဘာ ၂၀ ရက်မှ ၂၉ အထိ (UWSP) ပါတီက (၅) ကြိမ်မြောက် ကွန်ဂရက်ကို မိုင်းမောဒေသတွင် ကျင်းပခဲ့သည်။

ထိုကွန်ဂရက်ကို (UWSP) ပါတီ ဒုဥက္ကဌ ရှောက်မိင်းလျှံက ဦးစီးကျင်းပခဲ့သည်။ ဆွေးနွေးပွဲ ပထမဆုံးနေ့မှာပဲ ရှောက်မိင်းလျှံက ဆွေးနွေးပွဲ ပထမနေ့တွင် နောက်တက်လာမယ့် အစိုးရသစ်နှင့် ထပ်မံဆွေးနွေးဖို့ ဆန္ဒရှိကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးအပေါ် အခြေခံသည့် ဆွေးနွေးပွဲသာလုပ်လိုသည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

မိုင်းမောညီလာခံတွင် ရှောက်မိင်းလျှံ တင်ပြချက်များတွင် နောက်အစိုးရသစ်နှင့် ယခု စစ်အစိုးရတို့အကြား ကွာခြားချက်မှာ ယူနစ်ဖောင်းသာ ဖြစ်ကြောင်း၊ သို့သော် အစိုးရသစ်နှင့် ဆွေးနွေးရန် ဆက်ဆံရေးကော်မတီကို လွှတ်လိုကြောင်း၊ (UWSA/UWSP) သည် ပြည်တွင်းစစ်ကို ဆန့်ကျင်ပြီး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုး

တိုးတက်ရေးအတွက် အခြေခံရပ်တည်ကြောင်း၊ ငြိမ်းချမ်းရေးကို မပျက်ပြားစေရန် အထူးထိန်းသိမ်းစောင့်ရှောက်သွားမည် ဖြစ်ကြောင်း၊ ဖွံ့ဖြိုးရေးကို တစိုက်မတ်မတ်လုပ်သွားလိုကြောင်း ပြောကြားခဲ့သည်။

(UWSA) သည် ၂၀၁၀ ခုနှစ် စက်တင်ဘာ ၁ ရက်နေ့နောက်ဆုံးထားပြီး လက်နက်စွန့်ရန် စစ်အစိုးရက ရက်သတ်မှတ်ပေးပြီးနောက်ပိုင်း အရေးကြီး ရှေ့တန်းစစ်မျက်နှာအတွက် အထူးတပ်မဟာတခုကို တိုးချဲ့ဖွဲ့စည်းလိုက်သည်။ ယခင်က UWSA တွင် တပ်မဟာ (၉)ခု ရှိသည်။ ပြည်သူ့စစ် တပ်မဟာတခုကိုလည်း ဖွဲ့စည်းထားသေးသည်။ ယခုဖွဲ့စည်းလိုက်သော တပ်မဟာ နံပါတ် (၆၁၈) ဖြစ်ပြီး တပ်မဟာမှူးမှာ ပေါက်ဆမ်ရိုင်း ဖြစ်သည်။

အသွင်ပြောင်းလဲရေးပေါ်လစီကို (UWSA) က ငြင်းဆန်ပြီးနောက်ပိုင်း 'ဝ' နယ်စစ်တလျှောက်တွင် စစ်အစိုးရစစ်တပ်များ တပ်စခန်း ချထားသည်။ 'ဝ' တပ်ဖွဲ့ကလည်း မိမိကိုယ်မိမိ ခုခံကာကွယ်ရန် တပ်အင်အားပိုမိုစုဆောင်းမှုများ ပြုလုပ်လျက်ရှိသည်။

(SSPP/ SSA) နှင့် စစ်အစိုးရတို့ တိုက်ပွဲဖြစ်နေသည်နှင့်ပတ်သက်၍ (UWSP) အရာရှိတယောက်က "(SSPP/ SSA) ကိုစစ်ရေးအရ အကူအညီပေးရန် ခက်ခဲမှုရှိကြောင်း၊ နှစ်ဘက်စလုံးက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနှင့် ဖြေရှင်းစေလိုကြောင်း" ပြောကြားခဲ့သည်။ ထို့အပြင် (UWSP) ၏ စစ်အစိုးရအပေါ်ထားရှိသည့် သဘောထားကို "စစ်အစိုးရကို အရင်စပြီး မတိုက်ဘူး။ စစ်အစိုးရက ကျူးကျော်ထိုးစစ်ဆင်လာရင် ပြန်ပြီးခုခံသွားဖို့ အသင့်ပြင်ထားတယ်။ ကိုယ့်ခြံစည်းရိုးပြင်ပမှာ တိုက်ပွဲဖြစ်နေတော့ ကိုယ့်နယ်ထဲ စစ်မီး မကူးလာဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားတယ်" ဟူ၍ ဖေါ်ပြကြပါသည်။

၁၉. ၃. ၁၁ ရက်စွဲဖြင့် (UWSP) က "ငြိမ်းချမ်းရေးကို လိုလားပြီး၊ စစ်ဆန့်ကျင်ကြောင်း" ဖော်ပြထားသည့် ကြေညာချက်တစောင်ကို ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်သည် အပစ်ရပ်တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ အပေါ် ဖြတ်လေးဖြတ်စနစ်ဖြင့် စစ်ဆင်ရေး ပြုလုပ်နေချိန် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ လားရှိုးအခြေစိုက် ရမခ စစ်တိုင်းရုံးသို့လည်း မတ်လ (၂၃) ရက်နေ့တွင် မိတ္တူပေးပို့ခဲ့သည်။

ထိုကြေညာချက်၏ အနှစ်ချုပ်မှာ တိုင်းရင်းသားလက်နက်ကိုင်များနှင့် စစ်အစိုးရတို့၏ ငြိမ်းချမ်းရေးသည် (BGF) ပြောင်းလဲရေးဆွေးနွေးချိန်မှစ၍ ပြောင်းလာခဲ့ခြင်းဖြစ်သည်။ ယခု နှစ်ဘက်တိုက်ကြသည့် အခြေအနေသို့ ရောက်ရှိနေသည်ဟု ဖော်ပြထားသည်။ ထိုအပြင် ကြေညာချက်တွင် (BGF) ပြောင်းလဲရေး ဆွေးနွေးစဉ်က တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ၏ တောင်းဆိုမှုကို စစ်အစိုးရဘက်က တုန့်ပြန်ရာတွင် ကျေနပ်ဖွယ်ရာ အဖြေမရခဲ့ကြောင်း၊ စစ်အစိုးရ ပြောသည်ကို ထိုင်နားထောင်ရသည့်အဆင့်သာရှိကြောင်း ဖော်ပြပါရှိသည်။ မပြေလည်သေးသည့် ပဋိပက္ခများအပေါ် စစ်အစိုးရမှ နိုင်ငံရေးအရ စကားပြောခြင်း၊ တန်းတူဆွေးနွေးခြင်း၊ ငြိမ်းချမ်းစွာ ဖြေရှင်းခြင်းတို့ဖြင့်သာ ဆောင်ရွက်သင့်ကြောင်း၊ ခြိမ်းခြောက်ခြင်းနှင့် စစ်ရေးနည်းဖြင့်ဖြေရှင်းခြင်းကို (UWSP) က ဆန့်ကျင်ကြောင်း ကြေညာချက်တွင်ဖော်ပြထားသည်။

ထိုကြေညာချက်ကို မတ်လ (၂၀) ရက်ရက်နေ့က ပန်ဆန်းရောက်လာသော စစ်အစိုးရတပ် အရာရှိကြီးတဦးထံသို့ ပေးခဲ့သော်လည်း လက်ခံရန်ငြင်းဆန်ခဲ့သည်။

လတ်တလောအခြေအနေအရ (UWSA/UWSP) နှင့် စစ်အစိုးရအကြားတွင် လက်နက်ကိုင်ပဋိပက္ခအဆင့်ထိ ရောက်ရှိမလာသေးသော်လည်း နယ်မြေပြဿနာနှင့် ပတ်သက်ပြီး ကြေလည်မှု မရရှိကြသေးချေ။ စစ်အစိုးရဘက်မှ အပစ်ရပ်စဲမှုပြုလုပ်ခဲ့စဉ်က သဘောတူသတ်မှတ်ထားသည့် နယ်မြေ၏ ပြင်ပတွင် ရောက်နေသော (UWSA/UWSP) တပ်ဖွဲ့များ ၂၀၁၁ ဧပြီ ၃၀ ရက်နေ့တွင် နောက်ဆုံးထားပြီးရုပ်သိမ်းပေးရန် တောင်းဆိုခဲ့သည်။ ထိုတောင်းဆိုချက်ကို (UWSA/UWSP)ဘက်မှ ပြန်လည်ရုပ်သိမ်းမည်၊ မရုပ်သိမ်းဘူး ဆိုသည်ကို အကြောင်းမပြန်ခဲ့ပါ။သို့သော် ယခင်စစ်အစိုးရနှင့် သဘောတူထားသည့် အပစ်ရပ်စဲရေးကို ဆက်လက်ထိန်းထားပြီး အစိုးရသစ်နှင့် ဆွေးနွေးလိုကြောင်း (UWSP) ဘက်မှ လိုလားကြောင်း ပြောဆိုခဲ့သည်။

၂၀၁၀ ရွေးကောက်ပွဲမတိုင်မီကပင် စစ်အစိုးရသည် ၎င်းတို့၏ (BGF) အသွင်ပြောင်းလဲရေးပေါ်လစီကို (UWSA/UWSP) အား လက်ခံဖို့ ဖိအားပေးတောင်းဆိုခဲ့သည်။ သို့သော် ထိုဖိအားပေးမှုသည် ရွေးကောက်ပွဲကျင်းပပြီးစီးသွားသည့် တိုင်အောင် (UWSP) အတွက် ထိရောက်မှုမရှိခဲ့ပေ။ ယခုတက်လာသည့် အစိုးရသစ်သည်လည်း နအဖစစ်အစိုးရကဲ့သို့ (BGF) အသွင်ပြောင်းလဲရေးပေါ်လစီကိုပဲ ဆက်လက် အကောင်အထည်ဖော်လာမည်ဆိုပါက အစိုးရသစ်နှင့် (UWSP) အကြားရှိ ဆက်ဆံရေးသည် ကောင်းမွန်ချောမွေ့စရာ အကြောင်း မရှိနိုင်ပါ။

## (၅) ၂၀၁၀ ရွေးကောက်ပွဲအပြီး အမျိုးသားဒီမိုကရေစီသွေးစည်းညီညွတ်ရေးတပ်မတော် (NDAA) မိုင်းလားအဖွဲ့ အခြေစိုက်ဒေသရှိ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး အခြေအနေအမျာ း

မိုင်းလားအပစ်ရပ်အဖွဲ့သည် စစ်အစိုးရ၏ အသွင်ပြောင်းရေးပေါ်လစီကို မူအားဖြင့်လက်ခံထားသည်။ သို့သော် မိုင်းလားအပစ်ရပ်အဖွဲ့အနေဖြင့် တကယ် လက်တွေ့ကျသည့်တောင်းဆိုချက် (၆) ချက်ကို ဖြေရှင်းပေးနိုင်မှသာ လက်ခံသွားမည်ဟု စာဖြင့်လည်းကောင်း၊ လူချင်းတွေ့ဆုံခဲ့စဉ်ကလည်းကောင်း အကြောင်းပြန်ခဲ့သည်။

စရဖ အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် လက်ရှိရာထူးမှ မဆင်းမီ ဩဂုတ်လ (၂၀) ရက်နေ့က မိုင်းလား ကိုယ်စားလှယ်အဖွဲ့နှင့် ကျိုင်းတုံတွင် တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် မိုင်းလားတောင်းဆိုချက်များကို မည်သို့မျှ တုန့်ပြန်ပြောဆိုခြင်းမျိုး မရှိခဲ့ပေ။ စစ်အစိုးရဘက်မှ သဘောထားများကိုသာ ထပ်မံပြီးပြောဆိုခဲ့သည်။ ထိုပြောဆိုချက်များတွင် မိုင်းလားအဖွဲ့ ရပ်တည်ရေးအတွက် အရေးကြီးအချက် အချို့ပါရှိသည်။ ထိုအချက်များမှာ မိုင်းလားတပ်ဖွဲ့အနေဖြင့် (BGF) ကူးပြောင်းရန် အချိန်နှောင်းသွားပြီဖြစ်ကြောင်း၊ လက်နက်ချလျှင် အခွင့်အရေး အပြည့်အဝပေးမည်။ ကုမ္ပဏီထောင် စီးပွားရေးလုပ်ခွင့်ရရှိမည်ဟု ပြောခဲ့သည်။ စက်တင်ဘာ (၁)ရက်နေ့ နောက်ပိုင်းမှာ လက်နက်ချခြင်းမပြုလုပ်ပါက ရွေးကောက်ပွဲပြီးသည်နှင့် အလိုအလျောက် မတရားအသင်း ဖြစ်သွားမည်ဟု ခြိမ်းခြောက် ပြောဆိုသွားခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၏ ဖိအားပေး တောင်းဆိုလာမှုအား မိုင်းလားအဖွဲ့က ဩဂုတ်လ (၂၄)ရက်နေ့တွင် လက်နက်မချနိုင်ကြောင်း အကြောင်းပြန်ခဲ့သည်။ ရွေးကောက်ပွဲအပြီး တက်လာမည့်အစိုးရတိုင်အောင် လက်ရှိအနေအထားအတိုင်း ဆက်နေသွားမည်ဟု အကြောင်းပြန်ခဲ့သည်။

ရွေးကောက်ပွဲမကျင်းပမီ စစ်အစိုးရ၏ နိုင်ငံရေးအရ ဖိအားပေး၊ အကျပ်ကိုင်မှုဟာ ဒီအကြိမ်သည် နောက်ဆုံးအကြိမ်ဖြစ်ခဲ့သည်။ မိုင်းလားအဖွဲ့၏ ရွေးကောက်ပွဲနှင့် ပတ်သက်သည့် သဘောထားမှာ ရွေးကောက်ပွဲကို မဆန့်ကျင်သလို ပါဝင်မည်လည်း မဟုတ်ကြောင်း၊ ထို့ကြောင့်ရွေးကောက်ပွဲကော်မရှင်ကို မိုင်းလားဒေသတွင် လွှတ်စရာမလိုကြောင်းလည်း အကြောင်းပြန်ကြားခဲ့သည်။

ရွေးကောက်ပွဲပြီးနောက်ပိုင်း မိုင်းလားဒေသအား စီးပွားရေးပိတ်ဆို့မှုလုပ်လာခဲ့သည်။ ၂၀၁၀ နိုဝင်ဘာ ၂၃ ရက်မှစတင်ပြီး တာ့ပင်းတံတား ကုန်အဝင်အထွက်ကိုပိတ်လိုက်သည်။ စီးပွားရေးပိတ်ဆို့မှုလုပ်ခဲ့သော်လည်း မိုင်းလားအဖွဲ့နှင့် ဒေသခံလူထုများ၏ စီးပွားရေးကို မထိခိုက်နိုင်ဟု သိရသည်။ မိုင်းလားဒေသ၏ အဓိကစီးပွားရေး လုပ်ငန်းများမှာ ရာဘာစိုက်ခင်းများ၊ ငှက်ပျောစိုက်ခင်း၊ သတ္တုတူးဖော်ရေးလုပ်ငန်းနှင့် အခွန်အကောက်လုပ်ငန်း တို့ဖြစ်သည်။ မိုင်းလားဒေသသည် မဲခေါင်မြစ်ကို အသုံးပြုပြီး အိမ်နီးချင်းနိုင်ငံ (တရုတ်၊ ထိုင်း၊ လာဝ) တို့နှင့် စီးပွားရေး ဆက်သွယ်လုပ်ကိုင်လျက်ရှိသည်။ (စစ်အစိုးရဘက်မှ မိုင်လား - ကျိုင်းတုံ ကုန်သွယ်မှုကို တလနီးပါး ပိတ်ခဲ့ပြီး ဒီဇင်ဘာ (၂၂) တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်)

၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၇ ရက်နေ့အထိ မိုင်းလားတွင် ရှမ်းနှစ်သစ်ကူးပွဲတော်ကျင်းပသည်။ ထိုနှစ်သစ်ကူးပွဲတော်တွင် အပစ်ရပ်အဖွဲ့ (၃)ဖွဲ့ (မိုင်းလားအဖွဲ့၊ (UWSP)၊ (SSA-N)မှ တပ်မဟာ(၁) အသွင်ပြောင်း လက်မခံသည့်အဖွဲ့) တို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထိုတွေ့ဆုံဆွေးနွေးပွဲမှ အပစ်ရပ် အနှစ် (၂၀) ကာလကို ပြန်လည်သုံးသပ်မှု ပြုလုပ်နိုင်ခဲ့ကြသည်ဟု သိရသည်။

စစ်အစိုးရသည် (BGF) အသွင်ပြောင်းရေး ပေါ်လစီလက်မခံသည့် အဖွဲ့အစည်းများအား ၎င်း၏ လုပ်နည်းအတိုင်း နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး တို့ဖြင့် ဖိအားပေး အကျပ်ကိုင်လေ့ရှိသည်။ ထိုနည်းနာဟောင်း အတိုင်း မိုင်းလားဒေသကိုလည်း ကျင့်သုံးခဲ့သည်။ ကျင့်သုံးနေဆဲဖြစ်သည်။

မိုင်းယောင်မြို့နယ်အတွင်းရှိ မိုင်းလားတပ်စခန်းများကို ပြန်လည်ရုပ်သိမ်းဖို့ အကြောင်းကြားလာခဲ့သည်။ ထိုတပ်စခန်းများသည် မိုင်းလားအတွက် အရေးကြီးသကဲ့သို့ စစ်အစိုးရအတွက်လည်း (SSA) တပ်များနှင့် တိုက်ခိုက်ရာတွင် ခံတပ်များကဲ့သို့ ဖြစ်နေသောကြောင့် တောင်းဆိုခြင်းဖြစ်နိုင်သည်ဟု စစ်ရေး အကဲခတ်များက သုံးသပ်ကြသည်။ မိုင်းလားနှင့် (UWSP) အပစ်ရပ် (၂) ဖွဲ့သည် ၂၀၁၀ ဧပြီလမှ စတင်၍ စစ်ရေးအရ ပေါင်းထားသည်။ ထိုအဖွဲ့ (၂) ဖွဲ့၏ နိုင်ငံရေး ရပ်တည်ချက်မှာ

၁။ လက်နက်မချရန်
၂။ မိုင်းလားတောင်းဆိုချက် (၆) ချက် နှင့် 'ဝ' တောင်းဆိုချက် (၇) ချက် (နောက်ဆုံးအကြိမ်) အား နအဖမှ လျစ်လျူထားခြင်းကြောင့် နအဖ အလိုကျ တဖတ်သတ်လက်မခံရန်
၃။ ဦးစွာတိုက်ခိုက်ခြင်းမပြု
၄။ မိမိကိုယ် မိမိကာကွယ်ရန် စစ်ရေး အရပြင်ဆင်ထားရှိရန် . . . စသည်တို့ဖြစ်သည်။

ရွေးကောက်ပွဲပြီးနောက် မိုင်းလားအခြေအနေသည် စစ်ရေးအရဖိအာပေးခြင်းနှင့် စီးပွားရေးအရ ပိတ်ဆို့ခြင်းတို့သည် လျော့ပါးမသွားပဲ ဆက်လက် ရှိနေခဲ့သည်။ မိုင်းလားအပစ်ရပ်အဖွဲ့ကလည်း နောက်တက်လာမည့် အစိုးရသစ်နှင့် မပြီးပြတ်သေးသော နိုင်ငံရေးကိစ္စများ ဆက်လက် ဖြေရှင်းသွားရန် ရည်ရွယ်ထားသည်။

သို့သော် အစိုးရသစ်တက်လာပြီးနောက် မိုင်းလားအဖွဲ့ မျှော်လင့်သကဲ့သို့ဖြစ်မလာခဲ့ချေ။ မိုင်းလားဒေသ အတွင်းသို့ ဝင်ရောက်သည့် ကားလမ်း မှန်သမျှကို ၂၀၁၁ ဖေဖော်ဝါရီ ၆ ရက်နှင့် မတ်လ ၁ ရက်နေ့များက ပိတ်ဆို့မှုထပ်မံပြုလုပ်ခဲ့သည်။ ထိုပိတ်ဆို့မှုသည် ကားမျိုးစုံ၊ ဆိုင်ကယ်နှင့် နိုင်ငံခြားသားများ ဝင်၊ ထွက် မှုကို ပိတ်ပင်လိုက်ခြင်းဖြစ်သည်။ မိုင်းလားအဖွဲ့အား ဥပဒေပြင်ပမှ အဖွဲ့အစည်းအဖြစ် တဖက်သတ် သတ်မှတ်ပြီး တင်းကြပ်လာခြင်းဖြစ်သကဲ့သို့ စစ်ရေးအရ ဖိအားပေးရန် ရွေ့ပြောင်းလုပ်ရပ်များလည်းဖြစ်သည်။

စစ်အစိုးရ၏ လက်နက်ချရန်တောင်းဆိုမှုကို မိုင်းလားအဖွဲ့က ၂၀၁၀ ဩဂုတ်လ ၂၄ ရက်နေ့တွင် ငြင်းပယ်လိုက်ပြီးနောက်ပိုင်း စစ်အစိုးရ၏ မိုင်းလားအပေါ်ထားရှိသည့် နိုင်ငံရေး၊ စစ်ရေးသဘောထားများ ပြောင်းလဲလာမှုကို ဖော်ပြခြင်းဖြစ်သည်။ ၂၀၁၀ ဒီဇင်ဘာ ၂၉ ရက် နေ့ကလည်း တြိဂံတိုင်းမှ စရဖ စစ်ဦးစီးပထမတန်း ဗိုလ်မှူးကြီးခင်မောင်ထွေးက မိုင်းယောင်းအရှေ့မြောက်ရှိ ကျိုင်းကုန်းအုပ်စုမှ ဝမ့်မိုင်းဖန်ကျေးရွာရှိ မိုင်းလား တပ်စခန်းကို ရုပ်သိမ်းခိုင်းသည်။ ထိုစခန်းသည် (SSA) တောင်ပိုင်းတပ်ဖွဲ့များ၏ လှုပ်ရှားနယ်မြေနှင့် ထိစပ်နေသည့် ဒေသဖြစ်သည်။ ထိုအပြင် မိုင်းလားမြို့၏ တာ့ဆွပ်လွေ ဆိပ်ကမ်းပေါက်တခုလည်းဖြစ်သည်။ ထိုစခန်းကြောင့် စစ်အစိုးရ စစ်ကြောင်းလှုပ်ရှားမှုများကို အနှောင့်အယှက်ဖြစ်စေသည်။ ဤကဲ့သို့ ဗျူဟာကျသည့်စခန်းကို ရုပ်သိမ်း ပေးဖို့ စစ်အစိုးရတပ်က တောင်းဆိုရခြင်းဖြစ်သည်။ ယခင်ကလည်း လွယ်ပန်နောဝ်တောင်ကြောဘေးရှိ မိုင်းလား


တပ်ဖွဲ့များ၏ ခံတပ်တခုကိုလည်း ရုပ်သိမ်းဖို့ (BGF) အသွင်ပြောင်းရေး အဆင်မပြေဖြစ်ခဲ့ပြီးနောက်ပိုင်း စစ်အစိုးရဘက်က တောင်းဆိုခဲ့ဖူးသည်။

(BGF) အသွင်ပြောင်းရေး အဆင်မပြေဖြစ်ခဲ့ပြီး နောက်ပိုင်း မိုင်းလားတပ်ဖွဲ့များနှင့် စစ်အစိုးရအကြားရှိ ဆက်ဆံရေးအခြေအနေသည် အေးစက်မာကျောနေသည့် လက္ခဏာများတွေ့ရသည်။ သို့သော် လက်နက်ကိုင် ပဋိပက္ခအထိတော့ မရောက်ရှိခဲ့သေးပေ။ သို့သော် စစ်အစိုးရဘက်မှ သတ်မှတ်ပေးထားသည့် ဧရိယာအပြင်ဖက်တွင် နေရာယူထားသည့် မိုင်းလားတပ်ဖွဲ့များကို ရုတ်သိမ်းပေးရန် ၁၁. ၄. ၁၁ နေ့က အပြင်းအထန် တောင်းဆိုမှု ရှိခဲ့သည်။ စခန်းများ ဆုတ်ခွာရမည့်ရက်ကိုလည်း (၃၀ ဧပြီ ၂၀၁၁) အဖြစ် သတ်မှတ်ပေးထားသည်။ ၂၇. ၄. ၁၁ နေ့မှာတော့ မိုင်းယောင်းမြို့နယ် အတွင်းရှိ ဝမ်ခိုးတပ်စခန်းမှ မိုင်းလားတပ်များ ဆုတ်ခွာပေးလိုက်သည်။ ဝမ်းခိုးတပ်စခန်းသည် ယခင် ဗကပ (၈၁၅ ) ဒေသ၏ တပ်စခန်းတခုဖြစ်သည်။ နှစ်ပေါင်း (၃၀)ကျော် ထိန်းချုပ်လာနိုင်ခဲ့ပြီး ယခုကဲ့သို့ ဆုတ်ခွာပေးလိုက်ရခြင်း ဖြစ်သည်။

၂၈. ၄. ၁၁ နေ့ကလည်း ဝမ်ခိုးစခန်း၏ အရှေ့တောင်ဘက်ရှိ ပုံဟက်စခန်းကို စစ်အစိုးရစစ်တပ်များက အင်အားသုံးဝိုင်းရံထားမှုကြောင့် စခန်းကို လက်လွှတ်ပေးလိုက်ရပြန်သည်။ ဝမ်ခိုးစခန်းနှင့် ပုံဟက်စခန်းများ လက်လွှတ်လိုက်ရပြီးနောက် နမ့်လွေချောင်းဝရှိ မိုင်းဖုန်တပ်စခန်း၏ လုံခြုံရေးကိုပါ ထိခိုက်လာနိုင်ဖွယ်ရှိသည်။ ထိုစခန်း (၃)ခုကို လက်လွှတ်လိုက်ရမည်ဆိုပါက မိုင်းလားနှင့် (UWSP)တို့၏ အဓိက အသက်ရှူပေါက်ကို ပိတ်ဆို့လိုက်သလိုဖြစ်သွားမည်။ ထိုစခန်း (၃) ခုသည် မဲခေါင်မြစ် အနောက်ဘက်ကမ်းတွင် တည်ရှိသည်။ မိုင်းလားမြို့၏ (နမ့်လွေချောင်းဝမှ တရုတ်၊ လော၊ ထိုင်း  နိုင်ငံများသို့ ဝင်ထွက်သည့်အပေါက်) အဓိက ဂိတ်ပေါက်တခုဖြစ်သည်။

(UWSP) နှင့် မိုင်းလားတပ်ဖွဲ့များအနေနှင့် သတ်မှတ်ပေးထားသည့် ဧရိယာအပြင်ဖက်ရှိ တပ်စခန်းများမှ ၃၀. ၄. ၁၁ နေ့ နောက်ဆုံးထား၍ ရုတ်သိမ်းပေးရန် တယ်လီဖုန်းဖြင့် အကြောင်းကြားထားသည်။ ပန်ဆန်းသို့ အကြောင်းကြားသူမှာ ရမခ မှ စစ်ဦးစီးပထမတန်း ဗိုလ်မှူးကြီးထွန်းထွန်းညီ ဖြစ်သည်။ မိုင်းလားသို့ အကြောင်းကြားသူမှာ တြိဂံတိုင်းစစ်ဌာနချုပ်မှ စစ်ဦးစီးပထမတန်း ဗိုလ်မှူးကြီး ခင်မောင်ထွေးတို့ဖြစ်သည်။ အကြောင်းကြားမှုကို စာဖြင့်မဟုတ်ပဲ တယ်လီဖုန်းဖြင့်သာ အကြောင်းကြားလာသဖြင့် စစ်အစိုးရဘက်မှ (BGF) အသွင်ပြောင်းရေးကို လက်မခံသည့် အပစ်ရပ်အဖွဲ့အစည်းများအပေါ် သဘောထားမှာ ယခင်ဆက်ဆံရေးပုံစံ မဟုတ်တော့ဘဲ အဆင့်နှိမ့်ပြီး ဆက်ဆံလာသည်ကို တွေ့ရသည်။

မိုင်းလားဒေသသည်လည်း  စစ်အစိုးရ (BGF) အသွင်ပြောင်းရေးပေါ်လစီကို မူအားဖြင့်လက်ခံသည်။ သို့သော် လက်တွေ့ကျသည့် တောင်းဆိုချက် (၆) ချက်ကို ဖြေရှင်းပေးရန်တောင်းဆိုခဲ့သဖြင့် စစ်အစိုးရများက တရားမဝင်အဖွဲ့အစည်းကဲသို့ ပြုမူဆက်ဆံခြင်းခံနေရသည်။ အပစ်ရပ်နိုင်ငံရေး အခြေအနေ ပျက်စီးသွားပြီဟု မဆိုနိုင်သော်လည်း နှစ်ဘက်ဆက်ဆံရေး အခြေအနေမှာ မူလအနေအထား မရှိတော့ပေ။




မိုင်းလားတပ်ဖွဲ့ထိန်းချုပ်နယ်မြေနှင့် ဆုတ်ပေးလိုက်ရသော တပ်စခန်းများတည်နေရာပြ မြေပုံ

# (၆) ၂၀၁၀ ရွေးကောက်ပွဲအပြီး မွန်ပြည်သစ်ပါတီအခြေစိုက်ဒေသရှိ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး အခြေအနေများ

၂၀၁၀ ဩဂုတ် ၂၃ ရက်နေ့က အရှေ့တောင်တိုင်းတိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက မွန်ပြည်သစ်ပါတီ ခေါင်းဆောင်များကို ခေါ်ယူတွေ့ဆုံခဲ့သည်။ ထိုသို့ခေါ်ယူတွေ့ဆုံချိန်တွင် လက်နက်စွန့်လွှတ်ရေးဆောင်ရွက်မှုကို ၂၀၁၀ စက်တင်ဘာ ၁ ရက်နေ့တွင် နောက်ဆုံးထားဆောင်ရွက်ရန် အကြောင်းကြားခဲ့သည်။ ဆောင်ရွက်မှုမပြုဘဲ ထိုရက်ထက်ကျော်လွန်လုပ်ကိုင်ပါက နဂိုမူလ သောင်းကျန်းသူအဖြစ် သတ်မှတ်လိုက်မည်ဖြစ်ကြောင်းနှင့် ဥပဒေ အရ တရားဝင်ဆက်သွယ်မှု ရှိတော့မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

စက်တင်ဘာ (၁) ရက်နောက်ပိုင်းမှစတင်၍ မွန်ပြည်သစ်ပါတီ ထိန်းချုပ်ရာနယ်မြေများကို စစ်ဒေသ အဖြစ် သတ်မှတ်ထားပြီး နအဖတပ်များဝင်ရောက်လာပါက ပစ်ခတ်ရန် သက်ဆိုင်ရာတပ်မှူးများအား မွန်ပြည်သစ် ပါတီ ဗဟိုကော်မတီမှ ညွှန်ကြားထားသည်။ မွန်ပြည်သစ်ပါတီနှင့် စစ်အစိုးရတို့၏ ဆက်ဆံရေးရုံးများကိုလည်း ပြန်လည် ရုပ်သိမ်းလိုက်သည်။

ရွေးကောက်ပွဲပြီးနောက် တက်လာသည့်အစိုးရသစ်နှင့် မွန်ပြည်သစ်ပါတီတို့အကြားဆက်ဆံရေးသည် ယခင် စစ်အစိုးရနှင့် နောက်ဆုံးထိတွေ့ ဆက်ဆံခဲ့ကြသည့်အခြေအနေအတိုင်း အေးစက်စက်ဖြစ်နေခဲ့သည်။ အစိုးရအသစ် တက်လာပြီး လအချို့အတွင်းမှာ ဆုတ်ယုတ်မှုလက္ခဏာများ ပိုမိုဖော်ပြလာသည်။ မွန်ပြည်သစ်ပါတီ အပေါ် အစိုးရသစ်၏ သဘောထားကို သွယ်ဝိုက်သောနည်းဖြင့် ဖော်ပြလာခဲ့သည်။ ၂၀၁၁ ဖေဖော်ဝါရီ ၄ (သောကြာ) နေ့ထုတ် မြန်မာအလင်းသတင်းစာတွင် မွန်ပြည်သစ်ပါတီအား ‘သောင်းကျန်းသူ’ ဆိုသည့် စကားလုံး ဖြင့် သုံးနှုန်းဖော်ပြလာသည်။ ဤသို့ သုံးနှုန်းပြောဆိုလာခြင်း၏ အဓိပ္ပါယ်မှာ မွန်ပြည်သစ်ပါတီကို စစ်အစိုးရနှင့် အပစ်ရပ်စဲမှု မပြုလုပ်မီက သဘောထားအတိုင်း သဘောထားလိုက်ပြီဆိုသည်ကို အသိပေးလိုက်ခြင်းပင်ဖြစ်သည်။

မွန်ပြည်သစ်ပါတီနှင့် အစိုးရကြားရှိ ဆက်ဆံရေးသည် တဖြေးဖြေး ဝေးသထက်ဝေးကွာလာသည်။ သို့သော် နှစ်ဘက် လက်နက်ကိုင်ပဋိပက္ခ အဆင့်ထိတော့ မရောက်ရှိသေးပေ။

မွန်ပြည်သစ်ပါတီသည် မြို့ပေါ်ရှိ ၎င်းတို့၏ ဆက်ဆံရေးရုံးများ ပိတ်ပင်ခြင်းခံလိုက်ရသည်မှစတင်ပြီး ယခင်၎င်းတို့အဖွဲ့အစည်း၏ အခြေခံဒေသများ တွင် ပြန်လည်စုဝေးလျက်ရှိနေကြသည်။

၂၉ ဇွန် ၂၀၁၁ ရက်မှာတော့ မွန်ပြည်နယ်ရှိ လက်နက်ကိုင်ဆောင်သူများ ဇွန် (၃၀) ရက်နေ့ နောက်ဆုံး ထားပြီး လက်နက်များ လာရောက်အပ်နှံကြရန် ဆော်ဩမှုပြုလုပ်ခဲ့သည်။ အချို့မြို့နယ်များတွင် အာဏာပိုင်များ က အသံချဲ့စက်များဖြင့်လည်းကောင်း၊ စာရွက်ဖြန့်ဝေခြင်းနှင့် လူမြင်ကွင်း တွင် စာကပ်ခြင်း (ပိုစတာစာရွက်များ ကပ်ခြင်း) များဖြင့်လည်းကောင်း အသိပေးနှိုးဆော်ခဲ့သည်။ ကျန်ရှိနေသေးသည့် လက်နက်များကို သက်ဆိုင်ရာ ရဲစခန်းနှင့် စရဖ ရုံးများသို့ အပ်နှံရမည်ဟု နှိုးဆော်စာများတွင်ပါရှိသည်။ စာပါအကြောင်းအရာများသည် အရှေ့ တောင်တိုင်းစစ် ဌာနချုပ်၏ ညွှန်ကြားချက်ဖြင့် ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး များက လိုက်လံဖြန့်ဝေခဲ့သည်။ စာဖြန့်ဝေသည့် မြို့နယ်များမှာ သံဖြူဇရပ်၊ မုဒုံ၊ ကျိုက်မရော မြို့နယ်များတွင် ဖြစ်သည်။

အရှေ့တောင်တိုင်း (ရတခ) စစ်ဌာချုပ်၏ ညွှန်ကြားချက်ဖြင့် လက်နက်အပ်နှံရေးလှုံ့ဆော်မှုပြုလုပ်ခဲ့ သော်လည်း လာရောက်အပ်နှံသူများ မရှိကြောင်း သိရပါသည်။

မွန်ပြည်သစ်ပါတီသည် ၎င်းတို့၏ လွတ်မြောက်ဒေသများတွင် လက်နက်ကိုင်ဆောင်မြဲ ကိုင်ဆောင်လျှက်ရှိနေသည်။ တဖက်မှလည်း နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးကို ဆက်လက် တောင်းဆိုနေသည်။ မွန်ပြည်သစ်ပါတီသည် အပစ်ရပ် နိုင်ငံရေးအခြေအနေ ပျက်စီးသွားခဲ့ပြီဖြစ်သော်လည်း အခြားလူမျိုးစု လက်နက်ကိုင်အင်အားစုများနှင့် ပြန်လည် ချိတ်ဆက်ကာ လူမျိုးရေးဆိုင်ရာ နိုင်ငံရေးအခွင့်အရေးများ ရရှိရေးအတွက် ဆက်လက်ရုန်းကန်နေသည်။

၂၀၁၀ စက်တင်ဘာ ၂၆ ရက်နေ့တွင် ပြုလုပ်သည့် ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးကော်မတီ (Committee for Emergence of Fedral Union – CEFU (Burma) ဖြစ်မြောက်ရေး အစည်းအဝေးတွင် အဖွဲ့ဝင်အဖြစ် မွန်ပြည်သစ်ပါတီ ပါဝင်ခဲ့သည်။ ၂၀၁၁ ဖေဖော်ဝါရီ ၁၂ မှ ၁၆ ရက်နေ့ထိ ပြုလုပ်သော တိုင်းရင်းသားများညီလာခံမှ ဖွဲ့စည်းလိုက်သည့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (United Nationalities Federal Council (Union of Burma) တွင် အဖွဲ့ဝင်အဖြစ် မွန်ပြည်သစ်ပါတီမှ ပါဝင်ခဲ့သည်။ ■

အခန်း (၁၃)

# ၂၀၁၀ ရွေးကောက်ပွဲအလွန် အပစ်ရပ်အဖွဲ့အစည်းများ၏ နိုင်ငံရေး၊ စစ်ရေး ဆိုင်ရာစုဖွဲ့မှု အခြေအနေသစ်

အပစ်ရပ်နိုင်ငံရေး ဆိုသည်မှာ စစ်အစိုးရနှင့် လူမျိုးပေါင်းစုံပြည်သူတို့ အကြားမှာ ဖြစ်တည်နေသည့် နိုင်ငံရေး ပြဿနာကို နိုင်ငံရေးနည်းလမ်းနှင့် ဖြေရှင်းရန်အတွက် ပေါ်ထွက်လာခဲ့သည့် ပထမခြေလှမ်း ဖြစ်သင့်ပါသည်။သို့သော် စစ်အုပ်စု၏ နိုင်ငံရေးအာဏာ ထိန်းသိမ်းရေးနှင့် ခိုင်မာအောင်ပြုလုပ်ရေး လုပ်ငန်းစဉ်အတွက် ငြမ်း တခုအဖြစ်သာ စစ်အစိုးရဘက်မှ အသုံးချခဲ့သည်။

စစ်အစိုးရသည် နှစ်ပေါင်း (၂၀) ကျော်အတွင်းတွင် နိုင်ငံရေးအာဏာကို ထိန်းသိမ်းထားနိုင်ခဲ့သည်။ ထိုမှတဆင့် အာဏာကို ရေရှည်ခိုင်မြဲနိုင်ရေးအတွက် နိုင်ငံရေးလုပ်ငန်းများကို အစီအစဉ်တကျ လုပ်ဆောင်ခဲ့သည်။ အသုံးမလိုတော့သည့် ကာလများသို့ရောက်လာသည့်အခါ အပစ်ရပ်နိုင်ငံရေး အခင်းအကျင်းကို ဖယ်ရှားပစ်နိုင်ရန်အတွက် စနစ်တကျ အကွက်ချ ဆောင်ရွက်ခဲ့သည်။ ၂၀၀၅ ခုနှစ် ဝန်းကျင်လောက်ကစတင်၍ စစ်အစိုးရသည် တပ်အင်အားနည်းသော၊ အဖွဲ့အစည်းတွင်း ညီညွတ်မှုမရှိသော အဖွဲ့အစည်းများအား စစ်အင်အင်အားသုံးပြီး လက်နက်ဖြုတ်ကာ နိုင်ငံရေးအဆင့်နေရာမှ ဖယ်ရှားပစ်ခဲ့သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတင်းအားမဓမ္မ အတည်ပြုခဲ့ပြီး နောက်ပိုင်းတွင် စစ်အစိုးရသည် အရေးကြီးနိုင်ငံရေးလုပ်ဆောင်မှု (၂) ခုဖြစ်သည့်

- **၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ ရလဒ်ဖျက်သိမ်းရေးနှင့် NLD ကိုချေးမှုန်းရေး**
- **အပစ်ရပ်နိုင်ငံရေး အဆုံးသတ်ပစ်ရေး**

တို့ကို ပြီးမြောက်အောင်မြင်ရေးအတွက် အပူတပြင်း လုပ်ဆောင်လာခဲ့သည်။

အပစ်ရပ်နိုင်ငံရေးကို အဆုံးသတ်နိုင်ရန် ရှေးဦးလုပ်ငန်းစဉ်အဖြစ် အသွင်ပြောင်းလဲရေး စီမံချက်ကို ရေးဆွဲရတော့သည်။ ၂၀၀၉ ခုနှစ် ဧပြီ နောက်ဆုံး အပတ်မှ စတင်ပြီး ချမှတ် အကောင်အထည်ဖော်ခဲ့သည်။ စီမံချက်ချ၊ အကောင်အထည်ဖော်ရာတွင် အပစ်ရပ်အဖွဲ့အစည်းတိုင်းအား နိုင်ငံရေး အရ၊ စစ်ရေး အရ၊ စီးပွားရေး အရ ဖိအားပေးပြီး အကောင်အထည်ဖော်ခဲ့သည်။ သို့သော်စစ်အစိုးရ၏ ထိုစီမံချက်သည် ၂၀၁၀ ရွေးကောက်ပွဲ မတိုင်မီ (၂၀၁၀ နိုဝင်ဘာ ၇ ရက်) အထိ အောင်မြင်မှု အပြည့်အဝ မရရှိခဲ့ပေ။ လက်ကျန်ပြဿနာများကို နောက်အစိုးရအတွက် ဆက်လက်ချန်ထားပေးခဲ့ရသည်။ ထို့အတွက်လည်း ရွေးကောက်ပွဲအပြီး အစိုးရသစ် အနေဖြင့် ထိုပြဿနာ (၂) ရပ်လုံးကို ကိုင်တွယ်ဖြေရှင်းရန် ဖြစ်လာရတော့သည်။ မှန်ကန်သောသဘောထားဖြင့်



**ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်လ်ကောင်စီ (UNFC)**
**အထွေထွေအတွင်းရေးမှူး နိုင်ဟံသာ**

ကိုင်တွယ်ဖြေရှင်းမည်ဆိုလျှင် ဤပြဿနာများမှာ ဖြေရှင်း၍မရသော ပြဿနာများ မဟုတ်ကြပါ။ သို့သော် စစ်အစိုးရသစ်တွင်လည်း မှန်ကန်စွာ ဖြေရှင်းရန် နိုင်ငံရေးသဘောထား ကင်းမဲ့နေပြီး လက်နက်ဖြုတ်ရေး၊ အသွင်ပြောင်းခိုင်းရေးနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို နာခံခိုင်းရေးများသာ ဆက်လက်ဆောင်ရွက်နေတော့သည်။

အကျိုးဆက်အဖြစ် ထိုစိန်ခေါ်ချက်များကိုရင်ဆိုင်နိုင်ရန်အတွက် တိုင်းရင်းသားအင်အားစုများအတွင်း တွေ့ဆုံညှိနှိုင်းမှုများ ပေါ်ထွက်လာခဲ့သည်။

၂၀၁၀ ရွေးကောက်ပွဲမတိုင်မီကတည်းက အချို့အဖွဲ့များ၏ စည်းရုံးစုဖွဲ့မှုများ စတင်ခဲ့သည်။ တိုင်းရင်းသားများ၏ စုစည်းညီညွတ်မှုကို ဖော်ဆောင်နိုင်ရန်အတွက် တိုင်းရင်းသားအင်အားစုများ ၂၀၁၀ စက်တင်ဘာ ၂၆ ရက်နေ့မှ စတင်ညှိနှိုင်းခဲ့ကြသည်။ ထိုညှိနှိုင်းမှုတွင် အပစ်ရပ်အင်အားစုများ၊ အပစ်မရပ်အင်အားစုများ ပါဝင်ခဲ့ကြသည်။ ထိုတွေ့ဆုံညှိနှိုင်းပွဲသို့ (KIA, KNU, NMSP, KNPP, CNF, NUPA, SSA – N) စသည့် အဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ ထိုညှိနှိုင်းပွဲ၏ရလဒ်အဖြစ် ၂၀၁၀ ခုနှစ် နိုဝင်ဘာလ (၄) ရက်နေ့တွင် ဖက်ဒရယ် ပြည်ထောင်စုပေါ်ထွန်းရေးကော်မတီ [Committee for Emergence of Federal Union – CEFU (Burma)] ကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ကြသည်။

ထိုအစည်းအဝေးမှ လူမျိုးစုများညီညွတ်ရေးကိစ္စ၊ ရွေးကောက်ပွဲနောက်ပိုင်း နိုင်ငံရေးအခြေအနေ ဆိုးလာနိုင်သည့်ကိစ္စ၊ တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများအခြေအနေ၊ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု အခြေအနေ၊ သုံးပွင့်ဆိုင်ဆွေးနွေးရေးကိစ္စများအခြေအနေတို့ကို ဆွေးနွေးခဲ့ကြသည်။ ဆက်လက်ပြီးလည်း ဆွေးနွေးညှိနှိုင်းမှုများရှိခဲ့သည်။ ထိုညှိနှိုင်းမှုများ၏ ရလဒ်အဖြစ် တိုင်းရင်းသားညီလာခံတခုကို (၂၀၁၁ ဖေဖော်ဝါရီ ၁၂ မှ ၁၆ ထိ) ကျင်းပနိုင်ခဲ့သည်။ ထိုညီလာခံမှ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအင်အားစု (၁၂)ဖွဲ့ စုစည်းထားသည့် **ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်လ်ကောင်စီ (United Nationalites Fedral Council) UNFC** ဟူသည့် တပ်ပေါင်းစုတခု ပေါ်ထွက်လာခဲ့သည်၊ (UNFC) သည် ၂၀၁၀ ရွေးကောက်ပွဲ အလွန် နိုင်ငံရေးအခင်းအကျင်းသစ်များအတွက် အပစ်ရပ်အဖွဲ့များနှင့် အပစ်မရပ်အဖွဲ့များ ပူးပေါင်းပြီး အခြေအနေသစ်ကိုရင်ဆိုင်ရန် ရည်ရွယ်ဖွဲ့စည်းလိုက်သော လက်နက်ကိုင် တိုင်းရင်းသားအင်အားစုများ၏ တပ်ပေါင်းစု အသစ် ဖြစ်သည်။ ■

အခန်း (၁၄)

# အပစ်အခတ်ရပ်စဲပြီးနောက် နအဖစစ်အုပ်စု၏ စစ်အင်အား တိုးချဲ့မှုများ

စစ်အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အများစုနှင့် အပစ်အခတ်ရပ်စဲရေးလုပ်ခဲ့ပြီးနောက် "တိုင်းပြည် တည်ငြိမ်အေးချမ်းသွားပြီ" ဟု မကြာခဏ ထုတ်ဖော်ကြွေးကြော်နေသော်လည်း၊ တဖက်တွင်မူ စစ်တပ်အင်အားကို အဆမတန် တိုးချဲ့နေသည်။

၁၉၈၈ ခုနှစ်အထိ မြန်မာနိုင်ငံ၌ ခြေလျင်နှင့် ခြေမြန်တပ်ရင်းအရေအတွက်မှာ (၁၆၈) ရင်းသာရှိသည်။ ၁၉၈၉ ခုနှစ်က တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းများနှင့် စတင်၍ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ ရရှိလာခဲ့ပြီးနောက်ပိုင်း စစ်တပ်များကို အလုံးအရင်းနှင့် တိုးချဲ့လာခဲ့ရာ ၂၀၀၇ ခုနှစ်တွင် ခြေလျင်နှင့် ခြေမြန် တပ်ရင်းပေါင်း (၅၀၄) ရင်းအထိ တိုးများလာသည်ကို တွေ့ရသည်။

တပ်ရင်း အရေအတွက် တိုးများလာသည်နှင့်အမျှ တပ်မအသစ်များ၊ တိုင်းစစ်ဌာနချုပ် အသစ်များကို ဖွင့်လှစ်ခဲ့သည်။ တပ်မ အသစ်ဟု ဆိုရာတွင် ယခင်ရှိပြီး တပ်မအခေါ်ဖြင့် ဖွဲ့စည်းသောတပ်မဌာနချုပ် အသစ်များရှိသကဲ့သို့ ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (ဒကစ) များ၊ စစ်ဆင်ရေးကွပ်ကဲမှု စစ်ဌာနချုပ်များကိုလည်း အသစ်တိုးချဲ့ဖွဲ့စည်းခဲ့သည်။ တပ်မဌာနချုပ်များကဲသို့ပင် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (ဒကစ)နှင့် စစ်ဆင်ရေးကွပ်ကဲမှု စစ်ဌာနချုပ် အသီးသီး၏ ကွပ်ကဲမှုအောက်တွင် ခြေမြန်တပ်ရင်း သို့မဟုတ် ခြေလျင်တပ်ရင်း ၁၀ ရင်းစီ ထားရှိသည်။ ထို့ကြောင့် စစ်တပ်တွင်း၌ ယင်း ဒကစ၊ စကခ များကို တပ်မဟုပင် ခေါ်ဝေါ်သုံးစွဲကြသည်ကို တွေ့ရသည်။

တိုးချဲ့ခဲ့သည့် စစ်တိုင်းဌာချုပ်များမှာ -

၁၉၉၀ ခုနှစ်တွင်၊ စစ်ကိုင်းတိုင်း၊ မုံရွာမြို့၌ အခြေစိုက်သည့် အနောက်မြောက်တိုင်း စစ်ဌာနချုပ်၊

၁၉၉၆ ခုနှစ်တွင် တနင်္သာရီတိုင်း၊ မြိတ်မြို့တွင် အခြေစိုက်သည့် ကမ်းရိုးတန်းတိုင်း စစ်ဌာချုပ်နှင့် ရှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံမြို့ အခြေစိုက်သည့် တြိဂံတိုင်းစစ်ဌာနချုပ်တို့ဖြစ်သည်။

၂၀၀၅ ခုနှစ်တွင် မန္တလေးတိုင်း၊ ပျဉ်းမနားမြို့နယ် ကြပ်ပြေးဒေသတွင် နေပြည်တော်ဆိုသည့် မြို့တော်သစ် တည်ပြီးနောက်၊ နေပြည်တောင် စစ်ဌာနချုပ်ကိုပါ ထပ်မံဖွဲ့စည်းပြီး အဆိုပါဒေသတွင် အခြေစိုက်ထားသည်။

အလားတူ တပ်မများ၊ ဒကစများ၊ စကခများကိုလည်း တိုးချဲ့ခဲ့ရာ

၁၉၈၈ ခုနှစ် ဒီဇင်ဘာလတွင် ခြေမြန်တပ်မဌာနချုပ် အမှတ် (၁၁)ကိုလည်းကောင်း၊

၁၉၉၁ ခုနှစ်တွင် ခြေမြန် တပ်မ (၁၀၁) ကိုလည်းကောင်း တိုးချဲ့ဖွဲ့စည်းခဲ့သည်။

ဒေသကွပ်ကဲရေး စစ်ဌာနချုပ် (ဒကစ) ၆ ခုနှင့် စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (စကခ) ၂၀ ကိုတိုးချဲ့ဖွဲ့စည်းခဲ့သည်။

၂၀၁၁ ခုနှစ်အတွင်း တိုင်းစစ်ဌာနချုပ် (၂) ခု ဖွဲ့စည်းရန်အစီအစဉ်ကို စတင်ခဲ့သည်။ ယင်းစစ်တိုင်းများ၏ အမည်နာမများ၊ တပ်တည်နေရာများကို တရားဝင်ထုတ်ပြန်ခြင်း မပြုသေးသော်လည်း ရရှိသော သတင်းများအရ ရှမ်းပြည်နယ် ကွန်ဟိန်းမြို့အနီး ခိုလန်ဒေသတွင် အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်ကိုလည်းကောင်း၊ လွိုင်ကော် ဒေသအနီးတွင် အခြားအမည် မသိရသေးသော စစ်ဌာနချုပ်တခုကိုလည်း ဖွင့်လှစ်သွားမည်ဟု သိရသည်။

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၀ ရက်နေ့က စတင်တည်ဆောက်ပြီး စစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်မ၊ ဗျူဟာ၊ တပ်ရင်းများအတွက် အရာရှိနှင့် အခြားအဆင့်တပ်အင်အား (၁၅၀၀) ဖြင့် ဖွဲ့စည်းသွားရန် အစီအစဉ် ရှိသည်ဟု သိရသ၂ည်။

ယင်း စစ်တိုင်း အသစ်ကို ဖွဲ့စည်းသည့်ရည်ရွယ်ချက်သည် လက်ရှိ ရပခ ခွင်နှင့် ရှမ်းပြည်အရှေ့ပိုင်းဒေသ အကြားနယ်မြေကို ထိန်းချုပ် စိုးမိုးထားရန်ဖြစ်သည်ဟု စစ်ရေးအကဲခတ်များက သုံးသပ်သည်။

ဒုတိယ စစ်တိုင်းဌာနချုပ်အသစ်မှာ လွိုင်ကော်ဒေသတွင် တည်ဆောက်ရန်ရှိသည်ဟု သိရသော်လည်း အခြား အတည်ပြုနိုင်သည့် သတင်းအချက်အလက်များ မရရှိသေးပေ။ အခြားသတင်းတခုအရ ယင်းဒုတိယ စစ်တိုင်းအသစ်မှာ လွိုင်ကော်ဒေသတွင် မဟုတ်ပဲ ကချင်ပြည်နယ်၊ အိန္ဒိယ၊ မြန်မာနယ်စပ် တနိုင်းဒေသတွင် ဖြစ်သည်ဟုလည်း သိရသည်။

နအဖစစ်အုပ်စု အာဏာရယူပြီးနောက်ပိုင်း အသစ်ဖွဲ့စည်းလိုက်သော တပ်ဖွဲ့မှာ လေကြောင်းရန် ကာကွယ်ရေး တပ်ဖွဲ့ ဖြစ်သည်။ ထိုဌာနကို ၁၉၉၀ ဆယ်စုနှစ် နှောင်းပိုင်းကာလများတွင် စတင်ဖွဲ့စည်းခဲ့သော် လည်း ၁၉၉၉ ခုနှစ်နှောင်းပိုင်း ကာလ မတိုင်ခင်အထိ အပြည့်အဝ မလည်ပတ်နိုင်သေးပေ။



**စစ်အစိုးရ၏ စစ်တက္ကသိုလ်ကျောင်းဆင်းပွဲ အခမ်းအနား**

၂၀၀၀ ခုနှစ် အစောပိုင်းတွင် မြန်မာ့ပူးပေါင်းလေကြောင်း ကာကွယ်ရေးစနစ် Myanmar Integrated Air Defense System (MIADS) ကို ရုရှ၊ ယူကရိန်းနှင့် တရုတ်တို့ အကူအညီဖြင့် တည်ထောင်ခဲ့သည်၊ လေကြောင်းရန် ကာကွယ်ရေးတပ်များကို စစ်ဆင်ရေးနယ်မြေ အပိုင်းအခြား Sector Operation Centers (SOCs) (၆)ခုဖြင့် ဖွဲ့စည်းထားသည်။

ထို (SOCs) များမှာ

(၁) မြစ်ကြီးနားတွင် ဌာနချုပ်ထားသော မြောက်ပိုင်း (SOCs)

(၂) မြိတ်တွင် ဌာနချုပ်ထားသော တောင်ပိုင်း (SOCs)

(၃) စစ်တွေတွင် ဌာနချုပ်ထားသော အနောက်ပိုင်း (SOCs)

(၄) တာချီလိတ်တွင် ဌာနချုပ်ထားသော အရှေ့ပိုင်း (SOCs)

(၅) ရေးတွင် ဌာနချုပ်ထားသော အရှေ့တောင်ပိုင်း (SOCs)

(၆) (SOCs) များ၏ ဗဟိုဌာနချုပ်ကို မိတ္ထီလာတွင် ထားရှိသည်။

လေကြောင်းရန်ကာကွယ်ရေးတပ်များတွင် ရုရှားနိုင်ငံထုတ် S125 Neva/ Pechora ဝေဟင်ပစ်ဒုံးကျည်များကို တပ်ဆင်ထားကြောင်း သိရှိရသည်။

ထို့အပြင် တနိုင်ငံလုံးတွင် ရေဒါစခန်းပေါင်း (၄၀) ကျော်ကို ချထားပြီး ရေဒါပေါင်း ၁၀၀ ခန့်ရှိသည်။ ထိုရေဒါစခန်းများအတွင်း 1L117 ရေဒါ၊ ဂလက်ဆီကြိုတင်သတိပေးရေဒါနှင့် 'ဏ' စီးရီး ရေဒါအသစ်များ တပ်ဆင်ထားသည်။

စစ်အစိုးရသည် လေတပ်အင်အားကိုလည်း တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ၁၉၉၀ ခုနှစ် နှောင်းပိုင်း ၁၀ စုနှစ်များတွင် လေတပ်အတွက် တရုတ်ပြည်မှ အမေရိကန်ဒေါ်လာ သန်း (၂၀၀၀) တန်ဖိုးရှိသည့် J10 နှင့် F1 တိုက်လေယာဉ်များ၊ စစ်လက်နက်ပစ္စည်းများ ဝယ်ယူအားဖြည့်ခဲ့သည်။

ဆက်လက်ပြီး တရုတ်လေယာဉ်များထက် ပိုမိုခေတ်မီသော ရုရှားနိုင်ငံလုပ် MIG 29 တိုက်လေယာဉ်များကို ဝယ်ယူခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် MIG 29 တိုက်လေယာဉ် (၁၂) စီးကို ဝယ်ယူခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် ဒေါ်လာ သန်း (၅၇၀) တန်ဖိုးရှိသော MIG 29 တိုက်လေယာဉ် အစီး (၂၀)ကို ဝယ်ယူအားဖြည့်ခဲ့ပါသည်။ ထို့အတူ ရုရှားနိုင်ငံလုပ် MI -24 စစ်သုံးရဟတ်ယာဉ် အစီး (၅၀)နှင့် MI-2 အမျိုးအစား သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ် (၁၂) စီးကိုလည်း ဝယ်ယူခဲ့ပါသည်။

မြောက်ကိုရီးယားနှင့် ပူးပေါင်းပြီး မြေပြင်မှ မြေပြင်ပစ် ဒုံးကျည်များနှင့် တာဝေးပစ် လက်နက်များ ထုတ်လုပ်နိုင်ရန် ကြိုးစားနေသည့် သတင်းများလည်း ထွက်ပေါ်နေသည်။ ထို့အတူ ရုရှားနိုင်ငံမှ (၁၀) မီဂါဝပ် အင်အားရှိသည့် နျူးကလီးယား ဓါတ်ပေါင်းဖိုတခု ဝယ်ယူရန် ကြိုးစားခဲ့ပြီး အနုမြူလက်နက် ထုတ်လုပ်ရန်အတွက် မြောက်ကိုရီးယားနှင့် ပူးပေါင်းလုပ်ဆောင်နေသည်ဟု သတင်းများ ထွက်ပေါ်နေသည်။ စစ်အရာရှိ အများအပြားကိုလည်း ရုရှားနိုင်ငံသို့ ပညာသင်ရန် စေလွှတ်နေသည်။ နိုင်ငံတကာ အနုမြူစွမ်းအင်အေဂျင်စီ (IAEA)က စစ်အစိုးရ၏ အနုမြူစွမ်းအင် စီမံကိန်းကို ဝင်ရောက်စစ်ဆေးခွင့် တောင်းဆိုခံရသည့် အနေအထားထိ ရောက်ရှိခဲ့ပါသည်။

စစ်အစိုးရသည် အပစ်ရပ်ထားစဉ်ကာလအတွင်း လက်နက်ကိုင်တော်လှန်ရေးအင်အားစုများအား တပ်သားသစ် မစုဆောင်းရ၊ စစ်သင်တန်းမပေးရဟု တားမြစ်ထားသော်လည်း ၎င်းကိုယ်တိုင်ကမူ စစ်တိုင်းများ တိုးချဲ့ခြင်း၊ MIG-29 အပါအဝင် စစ်လေယာဉ်များ၊ စစ်လက်နက်များ၊ စစ်ယန္တရားများ တိုးချဲ့ဝယ်ယူအားဖြည့်ခြင်းနှင့် စစ်သင်တန်းကျောင်းများ၊ စစ်အင်ဂျင်နီယာတက္ကသိုလ်၊ စစ်ဆေးဖက်ဆိုင်ရာတက္ကသိုလ်များဖွင့်လှစ်ခြင်း စသည့် ဘက်ပေါင်းစုံ စစ်ရေးဆိုင်ရာတိုးချဲ့တည်ဆောက်ခြင်းများအား တစိုက်မတ်မတ် ဆောင်ရွက်နေကြောင်း တွေ့ရပါသည်။ ■

## အခန်း (၁၅)

# ဦးသိန်းစိန် အစိုးရသစ်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏အနာဂတ်

၂၀၁၀ ရွေးကောက်ပွဲအပြီး ဖွဲ့စည်းလိုက်သည့် ဦးသိန်းစိန်အစိုးရ၏ အရေးကြီးသော နေရာများတွင် ယခင် စစ်ဗိုလ်ချုပ်ဟောင်းများပင် နေရာယူထားသည်။ သမ္မတအဖြစ် ယခင်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယသမ္မတ အဖြစ် ဗိုလ်ချုပ်ကြီးဟောင်းသီဟသူရတင်အောင်မြင့်ဦး၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှာ ဗိုလ်ချုပ်ကြီးဟောင်းရွှေမန်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌမှာ ယခင် ယဉ်ကျေးမှုဝန်ကြီးဟောင်း ဗိုလ်ချုပ်ခင်အောင်မြင့်တို့ ဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်သော အရေးကြီးသည့် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီ၌ အဖွဲ့ဝင် (၁၁) နေရာရှိသည်။ ထိုနေရာများတွင် ဗိုလ်ချုပ်များနှင့် ဗိုလ်ချုပ်ဟောင်းများသာ ပါဝင်ပြီး အရပ်သားတဦးသာ ပါဝင်သည်။ ထိုအရပ်သားပုဂ္ဂိုလ်မှာလည်း ကြံ့ဖွံ့ပါတီဝင်ဖြစ်သည်။

၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးလိုက်သော အစိုးရ အဖွဲ့၌ အများစုမှာ စစ်ဗိုလ်ချုပ်များနှင့် ဗိုလ်ချုပ်ဟောင်းများ ဖြစ်ကြသည်။

## ၂၀၁၀ ရွေးကောက်ပွဲအပြီး ဖွဲ့စည်းခဲ့သည့် အစိုးရအဖွဲ့

| စဉ် | အမည် | လက်ရှိအစိုးရအဖွဲ့တာဝန် နှင့် ဌာန | ယခင်ရာထူး |
|---|---|---|---|
| ၁ | ဦးသိန်းစိန် | နိုင်ငံတော်သမ္မတ | ဗိုလ်ချုပ်ကြီးဟောင်း |
| ၂ | သီဟသူရ တင်အောင်မြင့်ဦး | ဒုတိယသမ္မတ | ဗိုလ်ချုပ်ကြီးဟောင်း |
| ၃ | ဒေါက်တာစိုင်းမောက်ခမ်း | ဒုတိယသမ္မတ | ကြံ့ဖွံ့ပါတီဝင် |
| ၄ | ဗိုလ်ချုပ်လှမင်း | ဝန်ကြီး - ကာကွယ်ရေးဝန်ကြီးဌာန | ယခင် တပခ တိုင်းမှူး၊ ကစထ မှူး (ကစထ ၃) |
| ၅ | ဒု ဗိုလ်ချုပ်ကြီး ကိုကို | ဝန်ကြီး - ပြည်ထဲရေးဝန်ကြီးဌာန | ၂၇-၈-၁၀ မတိုင်ခင် ကစထမှူး (ကစထ ၃) |
| ၆ | ဗိုလ်ချုပ်သိန်းဌေး | ဝန်ကြီး - နယ်စပ်ရေးရာဝန်ကြီးဌာန။ မြန်မာစက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန | ဗိုလ်ချုပ် |
| ၇ | ဦးဝဏ္ဏမောင်လွင် | ဝန်ကြီး - နိုင်ငံခြားရေးဝန်ကြီးဌာန | ဥရောပသမဂ္ဂဆိုင်ရာသံအမတ်<br>ဗိုလ်မှူးကြီးဟောင်း |
| ၈ | ဦးမြင့်လှိုင် | ဝန်ကြီး - လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ဗိုလ်ချုပ်ဟောင်း |
| ၉ | ဦးကျော်ဆန်း | ဝန်ကြီး - ပြန်ကြားရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန | ဗိုလ်မှူးချုပ်ဟောင်း |
| ၁၀ | ဦးခင်မောင်မြင့် | ဝန်ကြီး - ဆောက်လုပ်ရေးဝန်ကြီးဌာန | ဗိုလ်မှူးချုပ်ဟောင်း |
| ၁၁ | ဦးလှထွန်း | ဝန်ကြီး - ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | ဗိုလ်မှူးချုပ်ဟောင်း |
| ၁၂ | ဦးကျော်စွာခိုင် | ဝန်ကြီး - အမှတ် (၁) စက်မှုဝန်ကြီးဌာန | ဗိုလ်ချုပ်ဟောင်း |
| ၁၃ | ဦးစိုးသိန်း | ဝန်ကြီး - အမှတ် (၂) စက်မှုဝန်ကြီးဌာန | ဒုဗိုလ်ချုပ်ကြီးဟောင်း (ရေ) |
| ၁၄ | ဦးအောင်ကြည် | ဝန်ကြီး - အလုပ်သမားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဗိုလ်ချုပ်ဟောင်း |
| ၁၅ | ဦးအုန်းမြင့် | ဝန်ကြီး - သမဝါယမဝန်ကြီးဌာန | ဗိုလ်မှူးချုပ်ဟောင်း |
| ၁၆ | ဦးဇော်မင်း | ဝန်ကြီး - အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ဗိုလ်မှူးကြီးဟောင်း |
| ၁၇ | ဦးခင်မောင်စိုး | ဝန်ကြီး - အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ဗိုလ်မှူးကြီးဟောင်း |
| ၁၈ | သူရ ဦးမြင့်မောင် | ဝန်ကြီး - သာသနာရေးဝန်ကြီးဌာန | ဗိုလ်မှူးချုပ်ဟောင်း |
| ၁၉ | ဦးခင်ရီ | ဝန်ကြီး - လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | ဗိုလ်မှူးချုပ်ဟောင်း |
| ၂၀ | ဦးသိန်းထွန်း | ဝန်ကြီး - ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန | ဗိုလ်ချုပ်ဟောင်း |

| စဉ် | အမည် | လက်ရှိအစိုးရအဖွဲ့တာဝန်နှင့်ဌာန | ယခင်ရာထူး |
|---|---|---|---|
| ၂၁ | ဦးဥ ဘော်ထွန်းအောင် | *ဝန်ကြီး - ပို့ဆောင်ရေးဝန်ကြီးဌာန* | ဗိုလ်မှူးချုပ်ဟောင်း (လေ) |
| ၂၂ | ဦးသန်းဌေး | *ဝန်ကြီး - စွမ်းအင်ဝန်ကြီးဌာန* | ဗိုလ်မှူးချုပ်ဟောင်း |
| ၂၃ | ဦးအောင်မင်း | *ဝန်ကြီး - ရထားပို့ဆောင်ရေးဝန်ကြီးဌာန* | ဗိုလ်မှူးကြီးဟောင်း |
| ၂၄ | ဦးသိန်းထိုက် | ဝန်ကြီး - သတ္တုတွင်းဝန်ကြီးဌာန | ဗိုလ်ချုပ်ဟောင်း |
| ၂၅ | ဦးတင်နိုင်သိန်း | *ဝန်ကြီး - အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန* | ဗိုလ်မှူးချုပ်ဟောင်း |
| ၂၆ | ဦးဝင်းထွန်း | ဝန်ကြီး - သစ်တောရေးရာဝန်ကြီးဌာန | အရပ်သား |
| ၂၇ | ဦးအေးမြင့် | *ဝန်ကြီး - သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန* | ဗိုလ်ချုပ်ဟောင်း (စစ်ရုံး) |
| ၂၈ | ဦးဝင်းမြင့် | ဝန်ကြီး - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဗိုလ်မှူးချုပ်ဟောင်း |
| ၂၉ | ဦးတင့်ဆန်း | ဝန်ကြီး - ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာန | အရပ်သား |
| ၃၀ | ဒေါက်တာ ဖေသက်ခင် | ဝန်ကြီး - ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်ဟောင်း ဆေးတက္ကသိုလ် (ရန်ကုန်) |
| ၃၁ | ဒေါက်တာမြအေး | ဝန်ကြီး - ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်ဟောင်း ဆေးတက္ကသိုလ် (မန္တလေး) |
| ၃၂ | ဦးသိန်းညွန့် | *ဝန်ကြီး - သမဝါယမဝန်ကြီးဌာန* | ဗိုလ်မှူးကြီးဟောင်း |
| ၃၃ | ဦးစိုးမောင် | ဝန်ကြီး - သမ္မတရုံးဝန်ကြီးဌာန | ဗိုလ်ချုပ်ဟောင်း (စစ်ရုံး) |
| ၃၄ | ဒေါက်တာ ထွန်းရှင် | ပြည်ထောင်စုရှေ့နေချုပ် - ပြည်ထောင်စုရှေ့နေချုပ်ရုံး | အရပ်သား |
| ၃၅ | ဦးတင်မျိုးကြည် | ညွှန်ကြားရေးမှူးချုပ် - ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | အရပ်သား |

မှတ်ချက်။ ။ စာလုံးစောင်းဖြင့် ဖော်ပြထားသူများသည် နအဖလက်ထက်တွင် နောက်ဆုံးအချိန်အထိ တာဝန်ထမ်းဆောင်ခဲ့ ဝန်ကြီးနှင့် ဒုဝန်ကြီးများဖြစ်သည်။

ဦးသိန်းစိန်အစိုးရအဖွဲ့၏ ဝန်ကြီးများကို လေ့လာကြည့်ပါက

| | |
|---|---|
| လက်ရှိတာဝန်ထမ်းဆောင်ဆဲ စစ်အရာရှိ | (၃) ဦး |
| အငြိမ်းစား စစ်အရာရှိဟောင်း | (၂၅) ဦး |
| အရပ်သား | (၇) ဦး ဖြစ်နေသည်ကို တွေ့ကြရပါသည်။ |

ယခု အသစ်ဖွဲ့စည်းသည့် အစိုးရအဖွဲ့ဆိုသည်မှာ နအဖစစ်အုပ်စုမှ မွေးမြူထားသည့် ယခင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို အသွင်ပြောင်းထားသည့် ကြံ့ဖွံ့ပါတီဝင်အရပ်သားများနှင့် စစ်ဗိုလ်များသာ ဖြစ်သည်ကို တွေ့မြင်နိုင်ပါသည်။ နအဖ စစ်အုပ်စုသည် ကြံ့ဖွံ့ကို ၎င်းတို့၏ အာဏာတည်တံ့ရေးအတွက် လက်ကိုင်တုတ်သဖွယ် အသုံးချနိုင်ရန် ရည်ရွယ်၍ ၁၉၉၃ ခုနှစ် စက်တင်ဘာလ (၁၅) ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ စတင် ဖွဲ့စည်းစဉ်က လူမှုရေးအသင်း (NGO) ဟု အမည်ခံယူခဲ့သည်။ ယနေ့ထိ ဦးသိန်းစိန်အစိုးရမှ ကြွေးကြော်နေသော ပြည်သူ့သဘောထား၊ နိုင်ငံရေးဦးတည်ချက်၊ စီးပွားရေးဦးတည်ချက်၊ လူမှုရေးဦးတည်ချက် ဆိုသည်များကို ချမှတ်ရာတွင် အဆိုပါ ကြံ့ဖွံ့အဖွဲ့ဝင်များအား အသုံးချခဲ့သည်။

ကြံ့ဖွံ့၏ နာမည်ကျော် လုပ်ဆောင်ချက်မှာ ၂၀၀၃ ခု မေ (၃၀) ဒီပဲယင်း အကြမ်းဖက်မှု ဖြစ်သည်။ ငြိမ်းချမ်းရေး နိုဘယ်ဆုရှင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကို ဒီပဲယင်းအနီး ကြည်ရွာ၌ လုပ်ကြံရာတွင် ကြံ့ဖွံ့အဖွဲ့က ဦးဆောင်ခဲ့သည်။ ကြံ့ဖွံ့အား စစ်အစိုးရ၏ နိုင်ငံရေး ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရန်နှင့် အတိုက်အခံ ဒီမိုကရေစီ အင်အားစုများအား နှိမ်နင်းရန် အတွက် အသုံးချခဲ့သည်။



**ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အရ လွှတ်တော်တိုင်းတွင် ၂၅ ရာခိုင်နှုန်းကို စစ်ဗိုလ်ကိုယ်စားလှယ်များမှ နေရာယူထားပုံ**

၂၀၁၁ တွင် ဖွဲ့စည်းခဲ့သည့် ဦးသိန်းစိန်အစိုးရသည် ယခင် နအဖ စစ်အုပ်စု၏ မူဝါဒဟောင်းများကိုသာ ဆက်လက်ကိုင်စွဲသည်။ ထို့အပြင် အဆိုပါ အာဏာပိုင်အဖွဲ့သစ်သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ထွန်းလာခြင်း ဖြစ်သည်။ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူတို့၏ ဒီမိုကရေစီ အခွင့်အရေးများနှင့် တိုင်းရင်းသား လူမျိုးများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို လုံးဝ လျစ်လျူရှုထားသည်။

## တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများဘက်မှ ပြင်ဆင်မှု

ထိုသို့ လျစ်လျူရှုမှုများကြောင့် အပစ်ရပ် တိုင်းရင်းသားလက်နက်ကိုင်များ၊ အပစ်မရပ် တိုင်းရင်းသား လက်နက်ကိုင်များအနေဖြင့် ပြင်ဆင်သင့်သည်များကို ပြင်ဆင်ခဲ့ကြရသည်။ ၂၀၁၁ ခုနှစ် နိုင်ငံရေး အခင်းအကျင်း သစ်အတွက် ပြင်ဆင်မှုများ ပြုလုပ်ကြရသည်။ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့မှ (၁၆) ရက်နေ့အထိ တိုင်းရင်းသားအင်အားစု (၁၅) ဖွဲ့မှ ကိုယ်စားလှယ် (၅၀)ကျော် တက်ရောက်ခဲ့သည့် တိုင်းရင်းသား ညီလာခံတခုကို ကျင်းပခဲ့ကြသည်။ ထိုညီလာခံမှ လက်နက်ကိုင်တိုင်းရင်းသား တော်လှန်ရေးအင်အားစု (၁၂) ဖွဲ့တို့ ပူးပေါင်းပြီး **ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (United Nationalites Fedral Council) UNFC** ကို ဖွဲ့စည်းလိုက်သည်။

(UNFC) ၏ အခြေခံမူ (၂)ချက်မှာ

**(၁) တိုင်းရင်းသားတို့၏ တရားသောခုခံတော်လှန်ရေးကို တရားဝင်အသိအမှတ်ပြုမှု ပိုမိုရရှိရေး။**

**(၂) နိုင်ငံရေးပြသနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေး** တို့ဖြစ်သည်။

(UNFC) သည် စစ်အစိုးရ၏ နိုင်ငံရေးသဘောထား၊ ပေါ်လစီများအပေါ် လူမျိုးစုံပြည်သူများ၏ မယုံကြည်မှုကနေ ပေါ်ထွက်လာသည့် တိုင်းရင်းသားတပ်ပေါင်းစု၊ တနည်းပြောရလျှင် ၂၀၁၀ ရွေးကောက်ပွဲလွန် နိုင်ငံရေးအခင်းအကျင်းအတွက် ပြင်ဆင်ထားကြသည့် နိုင်ငံရေး ပြင်ဆင်မှုများစွာထဲက ခြေလှမ်းတလှမ်းဖြစ်သည်။

(UNFC) ၌ တရုတ်နယ်စပ်တွင် အခြေစိုက်သည့် (UWSP) နှင့် မိုင်းလားအပစ်ရပ်အဖွဲ့တို့ ပါဝင်မှု မရှိသေးပါ။ သို့သော် ထိုအဖွဲ့များသည်လည်း ၎င်းတို့၏ တပ်အင်အားကို တိုးချဲ့ဖွဲ့စည်းခြင်း၊ ပြင်ဆင် မွမ်းမံခြင်းများ ပြုလုပ်နေသည်ကို တွေ့နေရသည်။ ■

## အခန်း (၁၆)

# နိဂုံး

ပြည်တွင်းစစ်ကြီးဖြစ်ပွားနေသည်မှာ ယနေ့ဆိုလျှင် အနှစ် (၆၀) ကျော်ခဲ့ပြီဖြစ်သည်။

နိုင်ငံရေးပြဿနာများကို နိုင်ငံရေးအရ အာဏာရအစိုးရအဆက်ဆက်ကိုယ်တိုင်ကလည်း ပြေလည်အောင်မဖြေရှင်းခဲ့၊ လူမျိုးပေါင်းစုံ မြန်မာပြည်သူများကိုလည်း ဖြေရှင်းခွင့် လုံးဝမပေးခဲ့ကြသည့် ဖြစ်ရပ်များ၏ အကျိုးဆက်ပင်ဖြစ်သည်။

ပြည်တွင်းစစ်ကြောင့် မြန်မာနိုင်ငံသည် တည်ငြိမ်မှုကင်းမဲ့ခဲ့ရသည်။ တည်ငြိမ်မှုမရှိသည့်အတွက် ဖွံ့ဖြိုးတိုးတက်ရေးမှာ အိမ်နီးချင်းနိုင်ငံများနှင့်စာလျှင် အကြီးအကျယ် နောက်ကျ ကျန်ရစ်ခဲ့ရသည်။ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ၊ ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်သို့ ကျရောက်ခဲ့ရသည်။

လူမျိုးပေါင်းစုံမြန်မာပြည်သူများအနေဖြင့် ပြည်တွင်းစစ်ကိုရပ်စဲလိုကြသည်။ ထာဝရ ငြိမ်းချမ်းရေးကို တည်ဆောက်လိုကြသည်။ အမျိုးသားတန်းတူခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အပြည့်အဝအာမခံနိုင်သည့် ဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်လိုကြသည်။

ထို့အတွက် "ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး" ကြွေးကြော်သံသည် ခေတ်အဆက်ဆက်မြန်မာပြည်သူများ၏ ရင်ထဲနှလုံးသားထဲက ကြွေးကြော်သံများဖြစ်ခဲ့ကြသည်။

ဤအချက်ကို အုပ်စိုးသူ အာဏာရအစိုးရများကလည်း သိကြသည်။ ထို့အတွက် ပြည်တွင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ အတုအယောင်များကို လူထုတောင်းဆိုမှုအရှိန် ကြီးလျှင်ကြီးသလို ခေါ်ယူခဲ့ကြသည်။

တော်လှန်ရေးကောင်စီအစိုးရက ၁၉၆၃ ခုနှစ်တွင် ခေါ်ယူခဲ့သည်။

မဆလအစိုးရက ၁၉၈၀ ခုနှစ်တွင် ခေါ်ယူခဲ့သည်။

သို့သော် အာဏာရအစိုးရ အဆက်ဆက်၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ခေါ်ယူရခြင်းရည်ရွယ်ချက်ကိုက ငြိမ်းချမ်းရေး အမှန်တကယ်ရရှိဖို့မဟုတ်ပဲ

၁။ လူထု၏ ပြည်တွင်းငြိမ်းချမ်းရေးတောင်းဆိုမှုနိုင်ငံရေးအရှိန်အဟုန်ကို လျှော့ချပစ်ရန်၊

၂။ လူထု၏အာရုံကိုပြောင်းပစ်ရန်နှင့်

၃။ ငြိမ်းချမ်းရေးမရရှိခြင်းသည် အုပ်စိုးသူများကြောင့်မဟုတ်ပဲ လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲနေသော အင်အားစုများကြောင့်သာ ဖြစ်သည်ဟု အချက်အလက်အတုအယောင်များဖြင့် တံဆိပ်ဆိုးကပ်ရန်တို့အတွက် ဖြစ်ခဲ့ကြသည်။

ခေတ်အဆက်ဆက် အာဏာရအစိုးရများသည် တော်လှန်ရေးအင်အားစုများအပေါ် တန်းတူရည်တူ ဆွေးနွေးအဖြေရှာပြီး ငြိမ်းချမ်းရေးကို တည်ဆောက်ဖို့ထက် လက်နက်ချရေး၊ အပြုတ်တိုက်ရေးကိုသာ တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ကြသည်။

ယခုနဝတ၊ နအဖစစ်အစိုးရများကာလတွင်လည်း ဤအတိုင်းပင်ဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင်အင်းအားစုများနှင့် အပစ်အခတ်ရပ်စဲခဲ့ကြသည်။ မြန်မာနိုင်ငံသမိုင်းတွင် မည်သည့်အစိုးရကမျှ မဆောင်ရွက်နိုင်ခဲ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လုပ်ဆောင်နိုင်ခဲ့ပြီဟု နိုင်ငံတကာသို့ အကြိမ်များစွာ ဂုဏ်ယူပြီး ကြွားဝါပြောဆိုခဲ့ကြသည်။

သို့သော် နဝတ၊ နအဖ စစ်အစိုးရများသည်လည်း ယခင်အစိုးရများကဲ့သို့ပင် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ရန် လုံးဝ မရည်ရွယ်ခဲ့ပါ။ လက်နက်ချခိုင်းရန်၊ လက်နက်ဖြုတ်သိမ်းရန်နှင့် လက်အောက်ခံတပ်များအဖြစ် သိမ်းသွင်းရန် စသည့်ရည်မှန်းချက်များဖြင့်သာ ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) တွင် အခန်း (၇) ပုဒ်မ (၃၃၈) အဖြစ်ပြဋ္ဌာန်းထားပြီး **"နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့ အားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင်ရှိရမည်"** ဟု အတိအလင်း တောင်းဆိုလာခဲ့သည်။

ထိုဥပဒေအရဆိုလျှင် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများသည် ၎င်းတို့၏တပ်အားလုံးကို နယ်ခြားစောင့်တပ်များအဖြစ် လည်းကောင်း၊ ဌာနေပြည်သူ့စစ်တပ်ဖွဲ့များအဖြစ်လည်းကောင်း အသွင်ပြောင်းပေးကြရမည်ဖြစ်သည်။ ဖွဲ့စည်းအခြေခံဥပဒေ (၂၀၀၈) ကို အကြွင်းမဲ့နာခံပြီး စစ်အစိုးရ၏ လက်အောက်ခံအဖွဲ့အစည်းများအဖြစ် ခေါင်းလျှိုဒူးထောက်ပေးကြရတော့မည် ဖြစ်သည်။ မိမိတို့၏ အမျိုးသားများနှင့် မိမိတို့၏ နယ်မြေကို ကာကွယ်စောင့်ရှောက်ရန်ဟူသည့် မူလရည်မှန်းချက်ကို စွန့်လွှတ်ကြရတော့မည် ဖြစ်သည်။ စစ်အစိုးရ၊ စစ်အာဏာရှင်တစု၏ ထားရာနေ စေရာသွားအဆင့်သို့ လျှော့ကျသွားရတော့မည် ဖြစ်သည်။

စစ်အစိုးရ၏ ဤကဲ့သို့ တဖက်သတ်တောင်းဆိုနေမှုများသည် လူမျိုးပေါင်းစုံမြန်မာပြည်သူများ လိုလားတောင်းဆိုနေကြသော အမျိုးသားတန်းတူရေး နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက်ရှိပါသည်။

သို့အတွက်

ကချင်ပြည်နယ်တွင် စစ်ပွဲများဖြစ်ပေါ်လာရသည်။

ရှမ်းပြည်နယ်တွင် စစ်ပွဲများဖြစ်ပေါ်လာရသည်။

ကရင်ပြည်နယ်၊ ကရင်နီပြည်နယ်တို့တွင် စစ်ပွဲများဖြစ်ပေါ်လာရသည်။

၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင်ပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော်တွင် အစိုးရသစ် သမ္မတ ဦးသိန်းစိန်က ၎င်း၏ ပထမဆုံးအဖွင့်မိန့်ခွန်းတွင် ဤသို့ပြောကြားခဲ့သည်။

**"နိုင်ငံရေးအင်အားဆိုတာကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပဲ ဖြစ်ပါတယ်။ လူမျိုးစုပေါင်း တစ်ရာကျော်နဲ့ စုစည်းနေထိုင်ကြတဲ့ ကျွန်တော်တို့နိုင်ငံအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ အလွန် အရေးကြီးပါတယ်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲရင် နိုင်ငံတော်ကြီးလည်း အစိတ်စိတ် အမြွှာမြွှာ ပြိုကွဲပျက်စီးသွားမှာဖြစ်တဲ့အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အထူးအလေးထားပြီး တည်ဆောက်သွားမှာ ဖြစ်ပါတယ်။"**

တဆက်တည်းတွင် အမျိုးသားသွေးစည်းညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဦးသိန်းစိန်က

**"တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုတာ ယခင်အတွေ့အကြုံများအရ ပါးစပ်ကပြောနေရုံနဲ့မရဘူး။ စားပွဲမှာထိုင်ပြီး ဆွေးနွေးရုံနဲ့လည်း ဖြစ်မလာနိုင်ပါဘူး"** ဟု ဆက်လက်ပြောဆိုခဲ့သည်။

ဤမိန့်ခွန်းအရဆိုလျှင် လက်တွေ့ကျသည့်၊ ထင်သာမြင်သာရှိသည့် လုပ်ငန်းစဉ်များ ဆက်၍လုပ်ဆောင်ရမည်ဖြစ်ပါသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များကို ပြီးခဲ့သော စစ်အစိုးရများနှင့် တဘာသာကွဲပြီး ပြတ်သားတိကျစွာ အကောင်အထည် ဖော်ရတော့မည် ဖြစ်ပါသည်။

သို့သော် ဦးသိန်းစိန်အစိုးရသည် သူ၏မိန့်ခွန်းမှာ သူကိုယ်တိုင်ဝန်ခံပြောဆိုထားသည့်အတိုင်း နဝတ၊ နအဖ စစ်အစိုးရတို့၏ အမွေကိုဆက်ခံကာ **"တပ်မတော်အစိုးရက အသင့်ခင်းထားပေးတဲ့လမ်းကို လျှောက်၊ အသင့်ထိုးပေးထားတဲ့ တံတားကိုကျော်ဖြတ်ပြီး"** စစ်အာဏာရှင်စနစ် ရှင်သန်ကြီးထွားရေးဆိုင်ရာ မူလရည်မှန်းချက်များအတိုင်း ဆက်လက်လျှောက်လှမ်း ဆောင်ရွက်လျက်ရှိပါသည်။

အခြေအနေများသည် တနေ့ထက်တနေ့ ပိုမိုဆိုးဝါးလာလျက်ရှိနေပါသည်။

ထောင်သောင်းချီသည့်စစ်ပြေးဒုက္ခသည်များ နီးစပ်ရာ အိမ်နီးချင်းတိုင်းပြည်များသို့ ထွက်ပြေးတိမ်းရှောင်နေကြရသည်။

ဦးသိန်းစိန်အစိုးရ၏ တပ်သားများက တိုင်းရင်းသူများအပေါ် မတရားပြုကျင့်မှုများ အပါအဝင် စစ်ရာဇဝတ်မှုများကို ကျူးလွန်နေကြပါသည်။

ကျူးကျော်မှုများ၊ စော်ကားမှုများ၊ ခြိမ်းခြောက်မှုများနှင့် လေကြောင်းတိုက်ခိုက်မှု အပါအဝင် ထိုးစစ်ဆင်တိုက်ခိုက်နေမှုများကို ဆောင်ရွက်လျက် ရှိနေပါသည်။

နေ့စဉ်နှင့်အမျှ ပိုမိုဆိုးဝါးစွာ ဖြစ်ပေါ်လာနေသော အခြေအနေများကို အမြော်အမြင်ကြီးစွာ ကိုင်တွယ်ဖြေရှင်းခြင်းမပြုနိုင်လျှင်၊ ပြည်သူတရပ်လုံး၏ အကျိုးစီးပွားကိုမျက်နှာမူပြီး ဖြေရှင်းခြင်း ပျက်ကွက်နေမည်ဆိုလျှင် ပိုမိုပြင်းထန်သည်းသန်သော ပြည်တွင်းစစ်ကြီးကို မုချရင်ဆိုင်ရတော့မည်ဖြစ်သည်။

မိမိတို့ မြန်မာနိုင်ငံအဖို့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်နေပါသည်။

ပြည်တွင်းစစ်အဆုံးသတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်နေပါသည်။

အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းစစ်အဆုံးသတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို အမှန်တကယ်ဆောင်ရွက်ကြမည်ဆိုလျှင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း တလျှောက်လုံးထောက်ပြခဲ့သကဲ့သို့၊ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်တွင်းငြိမ်းချမ်းရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌဟောင်း ဆရာဒဂုန်တာရာတို့ ပန်ကြားတောင်းဆိုနေသကဲ့သို့ **သူမနာကိုယ်မနာ တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းမှတပါး အခြားနည်း လုံးဝမရှိနိုင်ပါ**။

သူမနာကိုယ်မနာ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းကို ငြင်းပယ်ပြီး၊ အနှစ်သာရမပါသည့် ဆွေးနွေးညှိနှိုင်းခြင်းအချို့ကို ဟန်ပြလုပ်ပြကာ လက်တွေ့က လက်နက်အားကိုးဖြင့် စစ်အနိုင်တိုက်ရေး၊ လက်နက်ဖြုတ်ရေး တို့ကိုသာ ဆက်လက်ဆောင်ရွက်နေဦးမည်ဆိုပါက ပြည်တွင်းစစ်မီးကို ရှောင်လွှဲနိုင်တော့မည်မဟုတ်ပါ။ အမျိုးသားကျေပြန်မှုများနှင့် ဆင်းရဲခြင်း၊ ခေတ်နောက်ကျခြင်း သံသရာများကို လူမျိုးစုံ မြန်မာပြည်သူများ၏ အနာဂတ်ပေါ်မှ ဆယ်ထုတ်ဖယ်ရှားပေးနိုင်လိမ့်မည်မဟုတ်ပါ။

အစိုးရသစ် အနေဖြင့်

- ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ဘောင်ထဲကပဲ ဖြေရှင်းမည်ဟု ခေါင်းမာစွာဖြင့် အတင်းအကြပ် ဆုပ်ကိုင်တောင်းဆိုနေဦးမည်ဆိုလျှင်၊
- ပြည်တွင်း ပြည်ပအင်အားစုအသီးသီးနှင့် နိုင်ငံတကာ၏ ပန်ကြား တိုက်တွန်းနေမှုများကို မျက်ကွယ်ပြုပြီး လက်နက်အားကိုးဖြင့် ဆက်လက်ပြီး ဗိုလ်ကျရမ်းကား နေဦးမည်ဆိုလျှင်၊
- လူမျိုးပေါင်းစုံ မြန်မာပြည်သူတို့၏ -ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး- ဆန္ဒသဘောထားများကို ပစ်ပယ်မြဲပစ်ပယ်ပြီး ထိုးစစ်ဆင်တိုက်ခိုက်နေခြင်းများကိုသာ အရှိန်မြှင့် ဆောင်ရွက်နေဦးမည်ဆိုလျှင်၊
- ပြည်တွင်းစစ် ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းများကို ပြည်တွင်းနှင့် နိုင်ငံတကာဖိအားများ လျော့ကျစေရေး ရည်မှန်းချက်ဖြင့် ဟန်ပြသာလုပ်ဆောင်တတ်ကြသည့် အာဏာရအစိုးရ အဆက်ဆက်တို့၏အစဉ်အလာများမှ လမ်းခွဲမထွက်နိုင်သေးဘူးဆိုလျှင်၊
- ထိုးစစ်ဆင်ခြင်း၊ အပြုတ်တိုက်ခြင်း၊ လက်နက်ချခိုင်းခြင်း စသည့် နည်းနာများဖြင့် ငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်၊ တန်းတူရည်တူ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်သည် ဆိုသည့်အချက်ကို အလေးအနက်ထားမှု ကင်းမဲ့နေဦးမည်ဆိုလျှင်၊
- လက်နက်ကိုင်တော်လှန်ရေး အင်အားစုများအား ငြိမ်းချမ်းရေးဆွေးနွေးဖက်များအဖြစ် အပြန်အလှန်တန်ဖိုးထားမှု၊ အပြန်အလှန် အသိအမှတ်ပြုမှု မပေးဘဲ နိုင်ငံရေးဂုဏ်သိက္ခာကို ထိပါးစော်ကားပြီး ပြောဆို ပြုမူ တုန့်ပြန်နေဦးမည်ဆိုလျှင်၊

ပြည်တွင်းစစ် ရှည်သည်ထက်ရှည်၊ အမျိုးသားသွေးစည်းညီညွတ်မှု ပြိုကွဲသည်ထက်ပြိုကွဲ၊ လူမျိုးစုံပြည်သူတွေလည်း ဆင်းရဲတွင်း နက်သည်ထက်နက်၊ ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုများနှင့်လည်း ဝေးသည်ထက် ဝေးနေကြရတော့မည် ဖြစ်ပါသည်။ ■

# အချက်အလက်ရရှိမှု


(၁) လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ သုတေသန မှတ်တမ်းများ

(၂) မြန်မာပြည် နိုင်ငံရေးပါတီ၊ အဖွဲ့အစည်း၊ အသင်းအပင်းများ အညွှန်း (ဝင်းတင့်ထွန်း)

(၃) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈)

(၄) မဇ္ဈိမ အင်တာနက် အွန်လိုင်းသတင်းများ

(၅) သျှမ်းသံတော်ဆင့် အွန်လိုင်းသတင်းများ

(၆) ဧရာဝတီ အင်တာနက်သတင်းများ

(၇) ကရင်သတင်းစဉ်၊ ကချင်သတင်းစဉ်၊ လွတ်လပ်သော မွန်သတင်းအေဂျင်စီ၊ သောသီခု အွန်လိုင်းသတင်း

(၈) DVB, VOA, RFA, BBC, AFP သတင်းများနှင့် ဝက်ဘ်ဆိုက်စာမျက်နှာများ

(၉) မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ

(၁၀) မြန်မာနိုင်ငံ အထူးဒေသ(၂) 'ဝ' ပြည်နယ်ငြိမ်းချမ်းရေး တည်ဆောက်မှု နှစ် (၂၀) ပြည့် ဂုဏ်ပြုရုပ်စုံ

(၁၁) မြန်မာနိုင်ငံ ဒီမိုကရက်တစ် အင်အားစု ၏ *မတရားဆုံး မတရားမှုများ ၂၀၁၀ ရွေးကောက်ပွဲ* အစီရင်ခံစာ

(၁၂) လွတ်လပ်ရေးရွှေရတု ပြည်တွင်းစစ် နှစ်ငါးဆယ် (အောင်စောဦး)

(၁၃) ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ သမိုင်းဝင်မှတ်တမ်းမှတ်ရာများ ၁၉၉၈-၂၀၀၃ (ဦးခင်ကျော်ဟန်)

(၁၄) ချစ်ကြည်ရေး စာစဉ်များ

(၁၅) NEITHER WAR NOR PEACE (Transnational Institute)

(၁၆) Jane's World Insurgency and Terrorism

(၁၇) Armed conflicts Report 2006

(၁၈) Chinese investment in Myanmar tops $8 bln this year-data (The Star online)

(၁၉) Aljazeera News

(၂၀) Burma cease-fires at risk (TNI)

(၂၁) http://en.wikipedia.org/wiki/Myanmar_Army#Air_Defence_Command

# နောက်ဆက်တွဲ (က)

နေဝင်ရေးအမှတ် (၁၀

လျှို့ဝှက်

**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့နှင့်**
**ကေအိုင်အို ကိုယ်စားလှယ်အဖွဲ့တို့၏**
**နှစ်ဦး နှစ်ဖက် နားလည်သဘောတူညီချက်များ**

၁။ ကချင်ပြည်နယ် ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေဒေသနှင့် ကချင်ပြည်နယ်နှင့် ဆက်စပ်လက်ရှိသည့် ရှမ်းပြည်နယ်မြောက်ပိုင်း ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေဒေသများအတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ရည်မျှော်၍ ငြိမ်းချမ်းမှု တည်ဆောက်နိုင်ရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့နှင့် ကေအိုင်အို ကိုယ်စားလှယ်အဖွဲ့တို့သည် ရိုးသားပွင့်လင်းစွာဖြင့် [illegible] ၊ လုံ့လစိုက်ထုတ်လျက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသည် ။ နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များသည် ၁၉၉၃ ခုနှစ်အတွင်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ( ၅ ) ကြိမ်တိုင်တိုင် တွေ့ဆုံ ဆွေးနွေး ခဲ့ကြပြီး အပစ်အခတ်ရပ်ဆိုင်းရေး ဆိုင်ရာ နားလည်သဘောတူညီမှုများ ရရှိခဲ့ကြပြီး ဖြစ်သည် ။

၂။ ဤနားလည်သဘောတူညီမှုများ ရရှိရေးအတွက် အောက်ပါတူညီသော ရည်မှန်းချက်များ အပေါ်အခြေခံ ဆောင်ရွက်ခဲ့သည် –

(က) ကချင်ပြည်နယ်နှင့် ကချင်ပြည်နယ်နှင့် ဆက်စပ်လျက် ရှိသည့် ရှမ်းပြည်နယ် မြောက်ပိုင်း ဒေသများအတွင်း အပစ်အခတ်ရပ်ဆိုင်းခြင်းဖြင့် ငြိမ်းချမ်းသာယာမှု ရရှိစေရန် ။

(ခ) အထက်အပိုဒ်ခွဲ ( က ) ပါ ဒေသများအတွင်း ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး [illegible] ဖွံ့ဖြိုးမှု ရရှိစေရန် ။

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် ပြည်တွင်း ငြိမ်းချမ်းရေး ရေရှည်တည် တွက် ဆက်လက် ကြိုးပမ်းဆောင်ရွက် သွားရန် ။

၃။ နှစ်ဖက် ကိုယ်စားလှယ်အဖွဲ့များသည် ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပသော [illegible]အကြိမ် ဆွေးနွေးပွဲ၌ ၁၉၉၃ ခုနှစ် ၊ အောက်တိုဘာလ ၂၁ ရက်နေ့မှစ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ် ပေါ်ထွန်းရေးအတွက် ဥပဒေဘောင်အတွင်းက ပါဝင်ဆောင်ရွက်နိုင်ရန် နှစ်ဖက် အပစ်အခတ်ရပ်ဆိုင်းရေးတို့ကို မူတ်အားဖြင့် သဘောတူညီခဲ့သည်ကို ဤနားလည်သဘောတူညီချက်ဖြင့် ထပ်မံ၍ အတည်ပြုသည် ။

၄။ နှစ်ဖက် ကိုယ်စားလှယ်အဖွဲ့များ အကြိမ်ကြိမ် ဆွေးနွေး ညှိနှိုင်းချက်များအရ နားလည်သဘောတူညီချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

လျှို့ဝှက်

<u>လျှို့ဝှက်</u>

၂

(က) ကောအိုင်အို ဗဟိုဌာနချုပ်နှင့် တပ်မဟာများ ၊ တပ်ရင်းများ ၊ တပ်ခွဲများ ကပ်ခွဲ အခြေပြုသည့် နေရာများကို ပူးတွဲ ( က ) ပါအတိုင်း ထားရှိရန် ။

(ခ) နှစ်ဦး နှစ်ဖက် ကိစ္စအဝဝကို ညှိနှိုင်းဆောင်ရွက်ရန်အတွက် အောက်ပါနေရာများ ကို ဆက်ဆံရေးစခန်း နေရာများအဖြစ် သတ်မှတ်ရန် –

(၁) <u>ဗဟိုဌာနချုပ် ၊ ရင်း ( ၁ / ၂၅၁ / ၂၅၃ / ၂၅၄ / ၂၅၅ )</u> ။ လ ဂျားယန် ခမ ( ကျ – ၂၈၀၇၀၇ ) ။

(၂) <u>တပ်ရင်း ( ၃ )</u> ။ ဂါရားယန် ခမ ( ဒီ – ၂၉၂၂၁၄ )၊ ခ ခမ ( ဒီ – ၆၆၅၅၀၉ ) ။

(၃) <u>တပ်မဟာ (၃) ၊ ရင်း (၁၅) ၊ ရင်း (၁၆)</u> ။ (၂၃) မိုင်စခန်း ခမ ( ကျ – ၂၆၅၂၅၅ ) ၊ လွယ်ဂျယ် ( ကျ – ၅၇၃၀၈၅ ) ။

(၄) <u>တပ်ရင်း (၁၂)</u> ။ ကိုက်ထိပ် ( အို – ၃၀၀၈၄၀ ) ။

(၅) <u>တပ်မဟာ (၁) ၊ ရင်း ( ၄ / ၇ / ၁၀ )</u> ။ ဆွမ်ပရာဘွမ် ( အင်န် ဝိုင် – ၂၃၉၀ ) ၊ တီယန်ဇွတ် ( အင်န်ဝိုင် – ၂၃၂၀ ) ။

(၆) <u>တပ်မဟာ (၂) ၊ ရင်း (၁၄) ၊ ရင်း (၂၅၂)</u> ။ တိန်ကောက် ( အိက်စ် – ၃၄၉၂၇၃ ) ။

(၇) <u>တပ်ရင်း (၁၁)</u> ။ စီတီးယန် ( စီ – ၆၅၈၄၈၉ ) ၊ ဒွန်ဘန် ( စီ – ၄၃၅၈၅၁ ) ။

(၈) <u>တပ်ရင်း (၆)</u> ။ လုံးခင်း ( ဘီ – ၉၈၃၈၄၉ ) ၊ လုံးတုံ ( ဘီ – ၉၃၁၀၈၈ ) ။

(၉) <u>တပ်ရင်း (၅)</u> ။ ဆင်ဘို ( အိပ်ချ် – ၈၈၂၈၅၄ ) ၊ တိန်လုံ ( အိပ်ချ် – ၂၅၆၆၂၄ ) ။

(၁၀) <u>တပ်ရင်း (၈)</u> ။ နမ့်ဟိုင်း ( အက်စ်အို – ၃၅၀၃ ) ၊ တာမိုးညဲ ( အက်စ်ပီ – ၀၅၃၆ ) ၊ ကွတ်ခိုင် ။

(၁၁) <u>တပ်မဟာ (၄) ၊ တပ်ရင်း (၂) ၊ တပ်ရင်း (၉)</u> ။ နမ့်ဟိုင်း (အက်စ် အို – ၃၅၀၃ ) ၊ တာမိုးညဲ ( အက်စ်ပီ – ၀၅၃၆ ) ၊ ကွတ်ခိုင် ။

(ဂ) အောက်ပါကိစ္စရပ်များကို ဆက်သွယ်ရေးစခန်းများမှ သက်ဆိုင်ရာနှင့် ညှိနှိုင်းဖြေ ရှင်းဆောင်ရွက်ရန် –

(၁) အုပ်ချုပ်မှု ကိစ္စအကြောင်းကြောင့် တပ်လှုပ်ရှားသွားလာခြင်း ။

(၂) ခွင့်ပြန်ခြင်း ၊ ဆေးကုသခြင်း ၊ အခြား ကိစ္စအဝဝကြောင့် သွားလာရေး ကိစ္စကို ဖြေရှင်းခြင်း ။

(၃) နယ်မြေဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန် သွားလာခြင်း ။

<u>လျှို့ဝှက်</u>

လျှို့ဝှက်

၃

(ဃ) တစ်ဖက် တပ်စခန်း အနီးပတ်ဝန်းကျင်တွင် အခြားတစ်ဖက်မှ လက်နက်ကိုင်ဆောင် ဖြတ်သန်းသွားလာရန် အကြောင်းရှိပါက အချိန်မီကြိုတင် အကြောင်းကြားပြီး ဖြတ်သန်းသွားလာရန် ။

(င) ပြစ်မှုကျူးလွန်ပြီး တစ်ဖက်တပ်တစ်ခုမှ အခြားတစ်ဖက် တပ်တစ်ခုသို့ ထွက်ပြေးတိမ်း ရှောင်ဝင်ရောက်လာသော ရာဇဝတ်သားများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များက ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ရန် ။

(စ) ကေအိုင်အို လက်အောက်ခံ တပ်ဖွဲ့နယ်မြေ အချို့တွင် နယ်မြေ အခြေအနေအရ စားသောက်ရေး ရိက္ခာရရှိရန် ခက်ခဲနိုင်သဖြင့် ယင်းတပ်ဖွဲ့များ စားသောက်နေထိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းမှူးစစ်ဌာနချုပ်များက ကူညီပေးရန် ။

(ဆ) ကေအိုင်အို လက်အောက်ခံ တပ်ဖွဲ့များအနေဖြင့် မြို့ရွာ အေးချမ်းသာယာရေး တရားဥပဒေစိုးမိုးရေးတို့အား ပံ့ပိုးဆောင်ရွက်သွားရန်နှင့် ပြည်သူများအား ဝန်ထုပ်ဝန်ပိုးဖြစ်စေမည့် လုပ်ရပ်များရှောင်ကြဉ်ရန် ။

(ဇ) ကေအိုင်အို တပ်ဖွဲ့ဝင်ဖြစ်သောကြောင့် သော်လည်းကောင်း ၊ လောက်ခံအားပေးမှုကြောင့် သော်လည်းကောင်း တရားဥပဒေအရအရေးယူထားသူများအား နိုင်ငံတော်အစိုးရက သက်ညှာစွာ စဉ်းစားပေးရန် ။

(ဈ) ကျန်ရှိနေသေးသော အခြားတိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များအနေဖြင့် နိုင်ငံတော် အေးချမ်းသာယာရေးအတွက် ဆွေးနွေး ညှိနှိုင်းရန်ကြိုးပမ်းမှုများကို ကေအိုင်အိုအဖွဲ့မှလည်း တတ်နိုင်သည့်ဘက်မှ ကြိုးပမ်းဆောင်ရွက်ရန် ။


(ည) ကေအိုင်အို တပ်ဖွဲ့များ အခြေပြုတပ်စွဲသည့် နေရာဒေသများနှင့် စပ်လျဉ်း၍ သော်လည်းကောင်း ၊ အခြားရှင်းလင်းရန် လိုအပ်သည့်ကိစ္စရပ် တစ်ခုခု ပေါ်ပေါက်လာလျှင်သော်လည်းကောင်း နှစ်ဦး နှစ်ဖက် အတူတကွ ... လေ့လာပြီး ဆွေးနွေး ညှိနှိုင်းဖြေရှင်းသွားရန် ။

(ဋ) ဤပထမအဆင့် အောင်မြင်ပြီးမြောက်သွားပါက ဒုတိယအဆင့် အနေနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ်ပေါ်ထွန်းရေးအတွက် ဥပဒေဘောင်အတွင်းက ပါဝင်ဆောင်ရွက်နိုင်ရေး ၊ ကေအိုင်အိုတပ်ဖွဲ့ဝင်များအား ပြန်လည်နေရာချထားရေးအတွက် ဆက်လက်ညှိနှိုင်းဆွေးနွေး ဆောင်ရွက်သွားရန် ။

နှစ်ဖက် သဘောတူညီချက်များကို အခြေခံ၍ ကချင်ပြည်နယ်နှင့် ကချင်ပြည်နယ်နှင့် ဆက်စပ်လျက်ရှိသည့် ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသများအတွင်း တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် တစ်ဝန်းလုံး ပြည်တွင်းငြိမ်းချမ်းမှု ရရှိရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ နှစ်ဦး နှစ်ဖက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် သဘောတူညီမှုရရှိကြသည် ။

လျှို့ဝှက်

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ သုတေသနနှင့် လေ့လာရေးဌာန



၄

၆။ အထက်ပါနားလည်း သဘောတူညီချက်များကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့နှင့် ကေအိုင်အို ကိုယ်စားလှယ်အဖွဲ့ တို့သည် ယနေ့ ၁၉၉၄ ခုနှစ် ဖေဖေါ်ဝါရီလ ၂၄ ရက်နေ့တွင်ကချင်ပြည်နယ် ၊ မြစ်ကြီးနားမြို့၌ အောက်တွင် လက်မှတ်ရေးထိုးကြသည် ။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့

၁။ အဖွဲ့ခေါင်းဆောင် ----------
( ဗိုလ်ချုပ် အေးကျော် )

၂။ အဖွဲ့ဝင် ----------
( ဗိုလ်ချုပ် စောလွင် )

၃။ အဖွဲ့ဝင် ----------
( ဒုတိယဗိုလ်မှူးကြီး ကျော်သိန်း )

ကေအိုင်အို ကိုယ်စားလှယ်အဖွဲ့

၁။ အဖွဲ့ခေါင်းဆောင် ----------
( ဦးမလိဇွပ်ဇော်မိုင် )

၂။ အဖွဲ့ဝင် ----------
( ဦးလမုန်တူးဂျိုင် )

၃။ အဖွဲ့ဝင် ----------
( ဦးဇေါ်နီဇော်ဆိုင်း )


အကျိုးဆောင် ပုဂ္ဂိုလ်များ

၁။ ဦးလဝမ် ----------

၂။ ဦးဇော့ရှန် ---------- 24/2/94

၃။ ဦးခွန်မြတ် ---------- 24-2-94

လျှို့ဝှက်



လျှို့ဝှက်

နောက်ဆက်တွဲ ( က )


ကေအိုင်အို ဗဟိုဌာနချုပ်နှင့် တပ်မဟာများ ၊ တပ်ရင်းများ ၊ ...ခွဲများ
တပ်စွဲအခြေပြုသည့်နေရာများ

ဗဟိုဌာနချုပ်နှင့် လက်အောက်ခံတပ်ရင်းများ
(က) ဗဟိုဌာနချုပ် ။ လိုင်ဇာစခန်း ခမ ( အက်စ်ကျေ - ၅၇၈၇ ) ။
(ခ) ဧရှကုန်းလှုပ်ရှားဌာနချုပ် ။ လိုင်ဂရီဘွမ် ခမ ( အက်စ်ကျေ - ၅၁၈၅ ) ။
(ဂ) ရှင်ဘိုင်ကုန်း ။ ဆမားလမ်းခွဲ ခမ ( အက်စ်ကျေ - ၄၇၈၃ ) ။
(ဃ) လက်နက်ကြီးကုန်း ။ ဆမားလမ်းခွဲ ခမ ( အက်စ်ကျေ - ၄[illegible] ) ။
(င) ဝသင်းရင်း (၃) ဌာနချုပ် ။ တိန်ဂါ ခမ ( အက်စ်ဒီ - ၅၅၂ ) ။
(၁) ခွဲ(၁)ခွဲ ။ လဖိုင် ခမ ( အက်စ်ဒီ - ၇၅၅၇ ) ။
(၂) ခွဲ(၁)ခွဲ ။ ပွန်တောင် ခမ ( အက်စ်ဒီ - ၃၈၃၀ ) ။
(၃) ခွဲ(၁)ခွဲ ။ နင်တပ်အနီး ခမ ( အက်စ်ဒီ - ၅၅၃၇ ) ။
(၄) ခွဲ(၁)ခွဲ ။ စံပိုင် ခမ ( အက်စ်ဒီ - ၃၈၂၈ ) ။
(၅) ခွဲ(၁)ခွဲ ။ မုန်ကာဇွတ် ခမ ( အက်စ်ဒီ - ၅၅၁၆ ) ။
(၆) ခွဲ(၁)ခွဲ ။ ဆမားဟော ခမ ( အက်စ်ဒီ - ၇၁၄၀ ) ။
(စ) တပ်ရင်း (၂၅၁) ဌာနချုပ် ။ အူရာဘွမ် ခမ ( အက်စ်ကျေ - ၃၂၆၃ ) ။
(၁) ခွဲ(၁)ခွဲ ။ အာလောချက် ခမ ( အက်စ်ကျေ - ၃၅၂၀ ) ။
(၂) ခွဲ(၁)ခွဲ ။ ခဝါဘွမ် ခမ ( အက်စ်ကျေ - ၃၅၅၇ ) ။
(၃) ခွဲ(၁)ခွဲ ။ ပုန်းလိန် ခမ ( အက်စ်ကျေ - ၃၁၃၄ ) ။
(ဆ) တပ်ရင်း (၂၅၃) ဌာနချုပ် ။ လောခွန် ခမ ( အက်စ်ကျေ - [illegible]၂၇၉ ) ။
(၁) ခွဲ(၁)ခွဲ ။ တိန်ပွတ် ခမ ( အက်စ်ကျေ - ၃၆၈၁ ) ။
(ဇ) တပ်ရင်း (၂၅၄) ဌာနချုပ် ။ မုန်လိုင်ချက် ခမ ( အက်စ်ကျေ - ၃၇၇၉ ) ။
(၁) ခွဲ(၁)ခွဲ ။ ခရင်တူခချောင်းဆုံ ခမ ( အက်စ်ကျေ - ၃၂၇၉ ) ။
(၂) ခွဲ(၁)ခွဲ ။ ကဖုံမြောက်ဖက်ကုန်း ခမ ( အက်စ်ကျေ - ၃၂၇၃ ) ။
(၃) ခွဲ(၁)ခွဲ ။ ထိန်မြူးအရှေ့ဖက်တောင်ကုန်း ခမ ( အက်စ်ကျေ - ၃၁၆၁ ) ။
(ဈ) တပ်ရင်း (၂၅၅) ဌာနချုပ် ။ ဂျန်မိုင်ကောင်း ခမ (အက်စ်ကျေ - ၅၆၈၆) ။
(၁) ခွဲ(၁)ခွဲ ။ နရ / ဖလ ခမ ( အက်စ်ကျေ - ၅၀၀[illegible] ) ။
(၂) ခွဲ(၁)ခွဲ ။ ငါတုံ ခမ ( အက်စ်ကျေ - ၅၂၉၃ ) ။
(၃) ခွဲ(၁)ခွဲ ။ ခရာ ခမ ( အက်စ်ကျေ - ၄၆၉၉ ) ။

လျှို့ဝှက်

လူ့အဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ သုတေသနနှင့် လေ့လာရေးဌာန

## နောက်ဆက်တွဲ (ခ)



အပစ်အခတ်ရပ်စဲရေး မူဝါဒလမ်းစဉ် (၁၃) ချက်

၁။ အစိုးရနှင့်ဆန့်ကျင်သော အဖွဲ့အစီးများနှင့်လုံးဝမဆက်သွယ်ရ။

၂။ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကို စွန့်လွှတ်ရန်

၃။ လက်ရှိတပ်ဖင်အားအပြင် ထပ်မံမတိုးချဲ့ရန်၊ လူသစ်မစုရန်၊ စစ်သင်တန်းဖွင့်လှစ်၍ စစ်ရေးလေ့ကျင့်မှုများ မပြုလုပ်ရန်။

၄။ ထောက်ပံ့မှုပေးရာတွင် လွယ်ကူရေးအတွက် လူ/လက်နက်ခဲယမ်းဖွဲ့စည်းပုံအသေးစိတ်ပေးရန်။

၅။ စစ်ကြေးကောက်ခံခြင်း၊ ဘီးခွန်ကောက်ခံခြင်း မပြုလုပ်ရန်။

၆။ ခါးမြတိုက်ခြင်း၊ လုယက်ခြင်း၊ လူထုကို အနိုင်ကျင့်ခြင်း မပြုလုပ်ရန်။

၇။ အစိုးရကွပ်ကဲမှုနှင့် သွားလာလှုပ်ရှားရန်၊ သတ်မှတ်နယ်မြေအတွင်း သွားလာ၍ ရသော်လည်း အခြားနေရာများသို့ သွားလာပါက စခန်းများသို့ သတင်းပို့၍ လက်နက်မဲ့ သွားလာရန်။

၈။ မြေပေါ်နိုင်ငံရေးပါတီများနှင့် ကင်းရှင်းစွာ နေထိုင်သွားရန်။

၉။ အစိုးရ၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ တရားစီရင်ရေးအပိုင်းများတွင် ဝင်ရောက်စွပ်ဖက်ခြင်း မပြုရ။

၁၀။ နယ်မြေပြန့်ကျဲ၍ မကန့်သတ်ဘဲ ဖွံ့ဖြိုးရေးဆောင်ရွက်လိုသည့်နေရာ တစ်နေရာ သတ်မှတ်ပေးရန်။

၁၁။ နေထိုင်စားသောက်ရေးအတွက် နိုင်ငံတော်မှ အတတ်နိုင်ဆုံး ကူညီပံ့ပိုးသွားရန်။

၁၂။ နိုင်ငံတော်၏ ဦးဆောင်မှုအောက်တွင် ဒေသရှိ ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သည့်လက်နက်ကိုင်အဖွဲ့အဖြစ် ဖွဲ့စည်းသွားရန်။

၁၃။ နိုင်ငံတော်၏မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ အထောက်အကူပြု ဆောင်ရွက်သွားရန်။

## နောက်ဆက်တွဲ (ဂ)

### ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့က KNU ဥက္ကဋ္ဌထံပေးစာ

သို့

ဥက္ကဋ္ဌ
ကေအဲန်ယူ

စည်းလုံးညီညွတ်ရေးနဲ့ စစ်မှန်တဲ့ ငြိမ်းချမ်းရေး၊ လူမျိုးတစ်မျိုးနဲ့ တစ်မျိုး ပြန်လည်ပေါင်းစည်းလာရေး စတာတွေအတွက် ကရင်တစ်မျိုးသားလုံးကိုယ်စား ကျနော်တို့က ကရင်လူကြီးတွေက အောက်ပါအတိုင်း စာရေး ပန်ကြားလိုပါတယ်။

၁။ ကေအဲန်ယူဟာ မိမိအမျိုးသားကို ချစ်မြတ်နိုးတဲ့ အဖွဲ့အစည်းဖြစ်ပြီး၊ ကျနော်တို့ ကရင်လူမျိုး အတွက် ဦးဆောင် လုပ်ကိုင်နေတာ ဖြစ်တယ်။

၂။ ကျနော်တို့ အမျိုးသားအတွက် အခုလို လုပ်ခဲ့ပေမယ့် စည်းလုံးညီညွတ်မှုမရရှိတဲ့အတွက် ကျနော်တို့ ကရင်အမျိုးသား တွေဟာ ဒုက္ခအမျိုးမျိုး ခံစားကြရပြီး အဖက်ဖက်မှာ အောက်ကျနောက်ကျဖြစ်ခဲ့ရတဲ့အတွက် ကျနော်တို့ ကရင်အမျိုးသားအားလုံး စည်းလုံးညီညွတ်မှုကို အမှန်တကယ် လိုလား မျှော်လင့်လျက် ရှိပါတယ်။

၃။ အခုလို နိုင်ငံရေး၊ လူမှုရေး အပြောင်းအလဲ အမျိုးမျိုးရှိနေတဲ့အချိန်မှာ ကျနော်တို့ ကရင်အမျိုးသား အားလုံးက အရင်းခံကျပြီး အလိုလားဆုံး အရာကတော့ စည်းလုံးညီညွတ်မှုပဲ ဖြစ်တဲ့အတွက် ကရင်အမျိုးသား အကျိုးအတွက် ထိထိရောက် ရောက်ဆောင်ရွက်နိုင်ဖို့ အမှန်ပဲ စည်းလုံးညီညွတ်မှု လိုအပ်ပါတယ်။

၄။ အခုအချိန်မျိုးမှာ ညီညွတ်ရေးနဲ့ ကျနော်တို့ ကရင်တွေ အခွင့်အရေးရဖို့အတွက် အကောင်းဆုံး အချိန်ဖြစ်သည့် အားလျော်စွာ ညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးရရှိဖို့ ကျနော်တို့က (KNU)ကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ)နဲ့ တွေ့ဆုံဆွေးနွေးဖို့ ပန်ကြားအပ်ပါတယ်။

(ပုံ) အေ- စိုးမြင့် (ပုံ) စောရစ်ချတ် (ပုံ) စောထွန်းအောင်ချိန် (ပုံ) ဟန်ဆင်တဒေါ (ပုံ) စောမာဂရေကြီး

# နောက်ဆက်တွဲ (ဃ)

## KNU ကာကွယ်ရေးဌာနလက်အောက်ရှိ တပ်များသို့ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်

ရက်စွဲ - ၂၄-၃-၉၅

**နဝတနှင့် တွေ့ဆုံဆွေးနွေးနိုင်ရေးအတွက် -**

(၁) KNLA, KNDO ဂယ်ကော် (ကာကွယ်ရေး) တပ်များအားလုံး ယာယီ အပစ်အခတ်ရပ်စဲထားရန်၊
(၂) ဤအတောအတွင်း ရန်သူတပ်များ ထိုးစစ်ဆင်လှုပ်ရှားလာပါက တိုက်ခိုက်သွားရမည်၊
(၃) နဝတ တပ်များ လှုပ်ရှားမှုမလုပ်ဘဲ သူတို့စခန်းမှာ ငြိမ်ငြိမ်နေယင် ဝင်ရောက်တိုက်ခိုက်ခြင်း မပြုရ၊
(၄) ဗနာက်ထပ် အမိန့် ညွှန်ကြားချက် မရမချင်း ဤအမိန့်ညွှန်ကြားချက် တည်စေရမည်။

ဗိုလ်ချုပ်ကြီး စောဘိုမြ
ကာကွယ်ရေးဌာန တာဝန်ခံ

ကရင်အကျိုးဆောင်လူကြီးများ သိသာရန်/

# နောက်ဆက်တွဲ (င)

ချစ်ကြည်ရေး 11

သို့
ဥက္ကဋ္ဌ
အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်

နေ့စွဲ၊ ။ ၂၀၀၄ ခုနှစ်၊ မေ (၁၁)ရက်၊

အကြောင်းအရာ။ ။<u>အပစ်အခတ်ရပ်စဲကာ ငြိမ်းချမ်းရေးရယူထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ အမျိုးသားညီလာခံနှင့် ပတ်သက်သော သဘောထားအမြင်ကို တင်ပြခြင်း။</u>

အပစ်အခတ်ရပ်စဲကာ ငြိမ်းချမ်းရေး ရယူထားသော တိုင်းရင်းသား၊ လက်နက်ကိုင် အဖွဲ့အစည်းများသည် နိုင်ငံရေးပြဿနာများကို စစ်ရေးနည်းဖြင့် မဖြေရှင်းဘဲ နိုင်ငံရေးနည်းဖြင့်သာ ဖြေရှင်းရန်အတွက် လည်းကောင်း၊ မြန်မာပြည်အား ဒီမိုကရေစီစနစ်သို့ ရောက်ရှိအောင် ပြုပြင်ပြောင်းလဲရေးနှင့် တိုင်းရင်းသား ပြည်သူအားလုံးအတွက် ရေရှည်အကျိုးပြုမည့် စည်းလုံးညီညွတ်ရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံသည့် ပြည်ထောင်စုစစ်စစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာရေးအတွက် လည်းကောင်း အစဉ်တစိုက် ကြိုးစားဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် အပစ်အခတ်ရပ်စဲကာ ငြိမ်းချမ်းရေးယူထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် အခါအခွင့်သင့်လျှင်သင့်သလို မိမိတို့၏ ရပ်တည်ချက်သဘောထားများကို ထုတ်ပြန်ကြေငြာ၍ လက်ရှိနိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုထံသို့ အသိပေးဖော်ထုတ်ခဲ့ပါသည်။

ပထမဦးဆုံးသော သဘောထားကြေငြာချက်မှာ "မျက်မှောက်ကာလ အခြေအနေနှင့် ပတ်သက်၍ ငြိမ်းချမ်းရေးရယူထားသော လက်နက်ကိုင်အဖွဲ့အစည်းများ၏ သဘောထား" ဟူသော ခေါင်းစဉ်ဖြင့် (၁)ရှမ်းပြည်ငြိမ်းချမ်းရေးကောင်စီ(SSPC) (က) ရှမ်းပြည်တပ်မတော် (SSA) (ခ) ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA)၊ (၂) မွန်ပြည်သစ်ပါတီ(NMSP)၊ (၃)ကရင်နီပြည် လူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ဦး(KNPLF)၊ (၄) ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(SNPLO)၊ (၅)ကယန်းပြည်သစ်ပါတီ(KNLP)၊ (၆) ပလောင်ပြည်နယ် လွတ်မြောက်ရေးအဖွဲ့(PSLO)တို့က ၂၀၀၁ခုနှစ် မတ် (၁) ရက်နေ့တွင် ပူးတွဲထုတ်ပြန်ခဲ့ကြသည်။

ဒုတိယ ထုတ်ပြန်ကြေငြာချက်မှာ ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီ (၁၂) ရက်တွင် ထုတ်ပြန်သော "၅၅ နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ငြိမ်းချမ်းရေး ရယူထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ပူးတွဲပေးပို့သော သဝဏ်လွှာ" ဖြစ်ပါသည်။ ၎င်းသဝဏ်လွှာကို (၁)ကချင်ပြည်လွတ်လပ်ရေးအဖွဲ့(KIO)၊ (၂) ရှမ်းပြည်ငြိမ်းချမ်းရေးကောင်စီ(SSPC)၊ (၃) မွန်ပြည်သစ်ပါတီ(NMSP)၊ (၄)ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး(KNPLF)၊ (၅)ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(SNPLO)၊ (၆)ကယန်းပြည်သစ်ပါတီ(KNLP)၊ (၇)ပလောင်ပြည်နယ် လွတ်မြောက်ရေးအဖွဲ့(PSLO)တို့က ပူးတွဲပေးပို့ခဲ့ခြင်း ဖြစ်သည်။

တတိယ ထုတ်ပြန်ကြေငြာချက်မှာ ၂၀၀၃ ခုနှစ် မေ ၃၀ ရက်နေ့ ဒီပဲယင်းအရေးအခင်းနှင့် ပတ်သက်သည့် "ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေ

အပေါ် အပစ်အခတ်ရပ်စဲကာ ငြိမ်းချမ်းရေးရယူထားသည့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ သဘောထားထုတ်ပြန်ချက်" ဖြစ်ပြီး ၂၀၀၃ ခုနှစ် ဇူလိုင် ၁ ရက်နေ့တွင် (၁)ကချင်လွတ်လပ်ရေးအဖွဲ့(KIO) (၂)ကယန်းပြည်သစ်ပါတီ(KNLP) (၃)ကရင်နီပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး(KNPLF) (၄)ပလောင်ပြည်နယ် လွတ်မြောက်ရေးအဖွဲ့(PSLO) (၅)မွန်ပြည်သစ်ပါတီ(NMSP) (၆)ရှမ်းပြည်ငြိမ်းချမ်းရေးကောင်စီ(SSPC) (၇)ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(SNPLO) တို့က ပူးတွဲထုတ်ပြန်ခဲ့ကြသည်။

၂၀၀၃ ခုနှစ် အောက်တိုဘာ ၆ ရက်နေ့တွင်လည်း (၁)ကချင်လွတ်လပ်ရေးအဖွဲ့(KIO)၊ (၂)ကယန်းပြည်သစ်ပါတီ(KNLP)၊(၃)ကရင်နီပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး(KNPLF)၊ (၄) ပလောင်ပြည်နယ် လွတ်မြောက်ရေးအဖွဲ့(PSLO)၊(၅)မွန်ပြည်သစ်ပါတီ(NMSP) (၆) ရှမ်းပြည် ငြိမ်းချမ်းရေးကောင်စီ(SSPC) တို့ တွေ့ဆုံဆွေးနွေးပြီး အမျိုးသားညီလာခံနှင့် ပတ်သက်၍ ရပ်တည်ချက် သဘောထားများ ချမှတ်ခဲ့ပါသည်။

ထို့အပြင် ၂၀၀၃ခုနှစ် အောက်တိုဘာ ၁၅ ရက်နေ့တွင် "သုံးမွှန့်ဆိုင် အစည်းအဝေးသတင်းထုတ်ပြန်ချက်"ထွက်ရှိခဲ့ပါသည်။ ၎င်းထုတ်ပြန်ချက်ကို (၁)ဦးပေါက်ယုချမ်း ခေါင်းဆောင်သော အထူးဒေသ-၂ "ဝ"ပြည် သွေးစည်းညီညွတ်ရေးတပ်မတော်(UWSA)၊ (၂)ဦးလွယ်မောင် ခေါင်းဆောင်သော အထူးဒေသ-၃ ရှမ်းပြည်တပ်မတော်(SSA)၊ (၃)ဦးဆန်ပူခေါင်းဆောင်သော မိုင်းလားအထူးဒေသ-၄ တို့ ပူးပေါင်းထုတ်ပြန်ထားပါသည်။ ၎င်းထုတ်ပြန်ကြေငြာချက်တွင် ပြည်တွင်းအခြေအနေနှင့် ပတ်သက်ပြီး အောက်ပါအတိုင်း ဖော်ပြထားပါသည်။

> "စည်းလုံးရေး တည်ငြိမ်ရေး လူမျိုးစုံ ရင်းနှီးချစ်ခင်ရေး ငြိမ်းချမ်းရေး ဒီမိုကရေစီရေးတို့မှာ ကျွန်တော်တို့ လူမျိုးပေါင်းစုံ ပြည်သူလူထုတစ်ရပ်လုံး၏ အလိုဆန္ဒဖြစ်သည်။ ဤအလိုဆန္ဒနှင့် သွေဖီသော အပြုအမူ အပြောအဆိုတို့ကို မှားယွင်းကြောင်း"၊ "အမျိုးသားညီလာခံသည် ပြည်တွင်းပြဿနာကို ဖြေရှင်းရန်အတွက် အဓိကကျသည်ဟု ခံယူသဖြင့် ဒီမိုကရေစီရရှိမှု၊ တန်းတူညီမှုနှင့် ညှိနှိုင်းဆောင်ရွက်မှုများရှိသည့် မူအောက်တွင် ဖိတ်ကြားခြင်းခံရပါက ကိုယ်စားလှယ်တက်ရောက်ပါဝင်ရန် သဘောတူကြောင်း" တို့ ဖြစ်ပါသည်။

အထက်ဖော်ပြပါ ထုတ်ပြန်ချက်များကို လေ့လာသုံးသပ်လျှင် အပစ်အခတ်ရပ်စဲကာ ငြိမ်းချမ်းရေးယူထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ သဘောထားရပ်တည်ချက်ကို သိရှိနိုင်ပါမည်။ ထို့ကြောင့် အပစ်အခတ်ရပ်စဲကာ ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တွေ့ဆုံခဲ့စဉ်က ဝန်ကြီးချုပ်ချမှတ်ခဲ့သော နိုင်ငံရေး လမ်းပြမြေပုံ (Road Map)သည် ပြည်ထောင်စုမြန်မာနိုင်ငံ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် အထောက်အကူပြုမည်ဟု မျှော်လင့်ခဲ့ကြသည့်အတွက် အဖွဲ့အစည်းအသီးသီးက ၎င်းလမ်းပြမြေပုံကို ကြိုဆိုခဲ့ပါသည်။

ကျွန်ုပ်တို့ တိုင်းရင်းသား အဖွဲ့အစည်းအသီးသီး အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးယူကြစဉ်က "နိုင်ငံရေးကိစ္စရပ်တွေကို အမျိုးသားညီလာခံမှာ ပြောကြပါ"ဟု ဆိုစဉ်က အတွင်းရေးမှူး(၁) ဖြစ်သူ

ဝန်ကြီးချုပ်၏ မိန့်မှာချက်များအား လက်ခံထားခဲ့ကြသည်ဖြစ်၍ ယခုအမျိုးသားညီလာခံတွင် လွတ်လပ်မှုတသည့် နိုင်ငံရေးသဘောထားများကို တင်ပြလိုကြခြင်း ဖြစ်ပါသည်။

သို့သော် ၂၀၀၄ ခုနှစ် မေ ၁၉ ရက် တနင်္လာနေ့တွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အမျိုးသားညီလာခံကျင်းပရာတွင် ယခင်ချမှတ်ထားသော နိုင်ငံရေးဦးတည်ချက် (၆)ရပ်နှင့် အခြေခံမူ (၁၀၄)ချက်ကို အခြေခံ၍ ကျင်းပသွားမည်ဟု ပြောကြားခဲ့ပါသည်။ ယခင်က ချမှတ်ထားသော နိုင်ငံရေးဦးတည်ချက် (၆)ရပ်နှင့် အခြေခံမူ (၁၀၄) ချက်သည် မိမိတို့ ရည်မှန်းထားသော စည်းလုံးညီညွတ်ရေး၊ တန်းတူရေး နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ပြည်ထောင်စုစစ်စစ်မှုတို့နှင့် ကွဲလွဲနေပါသည်။

ထို့ကြောင့် ယခုကျင်းပမည့် အမျိုးသားညီလာခံနှင့် ပတ်သက်၍ အပစ်အခတ်ရပ်စဲကာ ငြိမ်းချမ်းရေးရယူထားသည့် မိမိတို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အမြင်သဘောထားများကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

(၁) အမျိုးသားညီလာခံ၏ နိုင်ငံရေးဦးတည်ချက်များမှ နံပါတ်(၆)သည် ဒီမိုကရေစီလုပ်ထုံးလုပ်နည်းနှင့် မကိုက်ညီ၊ လူထုဆန္ဒနှင့်လည်း မကိုက်ညီသည့်အတွက် ဆွေးနွေးညှိနှိုင်းပြင်ဆင်ခွင့်ရှိရန်။

(၂) ယခင်ချမှတ်ထားသော အခြေခံမူ (၁၀၄)ချက်အနက် ဒီမိုကရေစီလုပ်ထုံးလုပ်နည်းနှင့် မကိုက်ညီသော အချက်အလက်များကို ပြန်လည်ဆွေးနွေးပြင်ဆင်ခွင့်ရှိရန်။

(၃) အမျိုးသားညီလာခံကျင်းပနေစဉ်အတွင်း ပြည်ထောင်စုကြီး၏ ကောင်းကျိုးအတွက် အကြံဉာဏ်ကောင်းပေးနိုင်မည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းနှင့်မဆို လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးနိုင်ခွင့်ရှိရန်။

(၄) အမျိုးသားညီလာခံ ကျင်းပနေစဉ်အတွင်း၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် မိမိတို့၏ သက်ဆိုင်ရာမိခင်အဖွဲ့အစည်းနှင့် လွတ်လပ်စွာ ဆက်သွယ်တွေ့ဆုံ၍ အကြံဉာဏ်ရယူ ဆွေးနွေးနိုင်ခွင့်ရှိရန်။

(၅) ၁၉၉၀ ခုနှစ်တွင် ပြည်သူလူထုတစ်ရပ်လုံးက တစ်ခဲနက် ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များ အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိရန်။

(၆) အပစ်အခတ်ရပ်စဲပြီး တိုင်းရင်းသား ပြည်သူများကို အမှန်တကယ်ကိုယ်စားပြုသော အဖွဲ့အစည်းများ၊ အပစ်အခတ်မရပ်စဲသေးသည့် အဖွဲ့အစည်းများကိုလည်း ငြိမ်းချမ်းရေးအမြန်ရယူပြီး အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိရန်။

(၇) ၁၉၉၇ ခုနှစ် ဇွန် ၇ ရက်နေ့တွင် ထုတ်ပြန်ထားသော ဥပဒေအမှတ် (၅/၉၆)သည် ယခင် (၁၉၉၃–၉၆)အမျိုးသားညီလာခံအား အကာအကွယ်ပေးသည့် ဥပဒေဖြစ်နေခြင်းကြောင့် ၎င်းဥပဒေကို ရုပ်သိမ်းပေးရန်။

14

ချမ်းမြေ့ပါစေ

<u>သဘောတူလက်မှတ်ရေးထိုးသည့် အဖွဲ့အစည်းများ</u>

ဇော်မိုင် (လက်မှတ်)
အဖွဲ့ခေါင်းဆောင်
အမျိုးသားညီလာခံကိုယ်စားလှယ်အဖွဲ့
ကချင်ပြည်လွတ်လပ်ရေးအဖွဲ့
KIO

တာဥဘီလုံ (လက်မှတ်)
အဖွဲ့ခေါင်းဆောင်
အမျိုးသားညီလာခံကိုယ်စားလှယ်အဖွဲ့
ပလောင်ပြည်နယ် လွတ်မြောက်ရေးအဖွဲ့
PSLO

နိုင်ရွှေကျင် (လက်မှတ်)
အဖွဲ့ခေါင်းဆောင်
အမျိုးသားညီလာခံကိုယ်စားလှယ်အဖွဲ့
မွန်ပြည်သစ်ပါတီ
NMSP

စိုင်းလိုင်ဖ (လက်မှတ်)
အဖွဲ့ခေါင်းဆောင်
အမျိုးသားညီလာခံကိုယ်စားလှယ်အဖွဲ့
ရှမ်းပြည်တပ်မတော်
SSA

စိုင်းနိုင်စုန် (လက်မှတ်)
အဖွဲ့ခေါင်းဆောင်
အမျိုးသားညီလာခံကိုယ်စားလှယ်အဖွဲ့
ရှမ်းပြည်အမျိုးသား တပ်မတော်
SSNA

ဦးဆန်းဖောင် (လက်မှတ်)
အဖွဲ့ခေါင်းဆောင်
အမျိုးသားညီလာခံကိုယ်စားလှယ်အဖွဲ့
ကယန်းပြည်သစ်ပါတီ
KNLP

အဖွဲ့ခေါင်းဆောင်
အမျိုးသားညီလာခံကိုယ်စားလှယ်အဖွဲ့
ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့
SNPLO

အဖွဲ့ခေါင်းဆောင်
အမျိုးသားညီလာခံကိုယ်စားလှယ်အဖွဲ့
ကရင်နီပြည် လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး
KNPLF

မိတ္တူ -

၁။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ နိုင်ငံတော်
၂။ တပ်မတော် ထောက်လှမ်းရေး ဌာနချုပ်မှူး ကာကွယ်ရေးဝန်ကြီးဌာန
၃။ ငြိမ်းချမ်းရေးရယူထားသည့် မဟာမိတ်အဖွဲ့အစည်းများ

## နောက်ဆက်တွဲ (စ)

၁၉၁

### ဇယား ၃
### ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ ဥပဒေပြုစာရင်း
### (ပုဒ်မ ၁၉၆ ကို ရည်ညွှန်းသည်)

၁။ မြို့ပြနှင့် ကျေးရွာစီမံကိန်းများ၊

၂။ လမ်းတံတားများ ဖောက်လုပ်၊ တည်ဆောက်၊ ပြုပြင်ထိန်းသိမ်းရေး၊

၃။ ပြည်သူ့ကျန်းမာရေး၊

၄။ စည်ပင်သာယာရေးလုပ်ငန်း၊

၅။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊

၆။ စားကျက်မြေများထိန်းသိမ်းရေး၊

၇။ သစ်တောများကာကွယ်ထိန်းသိမ်းရေး၊

၈။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊


၉။ မြို့နှင့် ကျေးရွာများအတွင်း ရေနှင့် လျှပ်စစ်မီးဆိုင်ရာကိစ္စ၊

၁၀။ မြို့များနှင့် ကျေးရွာများ၏ ဈေးများဆိုင်ရာကိစ္စ။

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့**

၁၉၆။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များအား ၎င်းတို့တိုင်း သို့မဟုတ် ဒေသအတွက် ဇယား ၃ တွင် ဖော်ပြထားသော ဥပဒေပြု စာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ဥပဒေပြုခွင့်အာဏာများကို ခွဲဝေအပ်နှင်းသည်။

နောက်ဆက်တွဲ (ဆ)



## နောက်ဆက်တွဲ (ဇ)

# KIA သောင်းကျန်းသူများ ထောင်ထားသည့်မိုင်းအား နင်းမိပေါက်ကွဲသဖြင့် အပြစ်မဲ့ပြည်သူနှစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့

**နေပြည်တော်　　အောက်တိုဘာ　　၁၄**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာအုပ်စု ပင်းကြိုင်းကျေးရွာနေ ရွာသားငါးဦးသည် သားကောင်ဖမ်းရန် ထောင်ထားသည့် ၎င်းတို့၏ သုတ်ကိုင်းများ ဖြုတ်ရန် ရွာအနောက်ဘက် ၁၀ မိုင်ခန့်အကွာ ကချင်အထူးဒေသ(၂)နယ်မြေ နွားလပို့ တောင်ပေါ်သို့ သွားစဉ် အောက်တိုဘာ ၁၃ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် နွားလပို့ တောင်ထိပ်၌ KIA သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးအား နင်းမိပြီး ပေါက်ကွဲသဖြင့် ဦးမြင့်ဖေနှင့် ဦးအောင်ကျော်သိန်းတို့နှစ်ဦး သေဆုံးခဲ့ပြီး ဦးဝင်းဘိုမှာ ဝဲခြေသလုံး ပေါက်ပြဲဒဏ်ရာ၊ ဝဲချိုင်းအောက်နှင့် ဝဲလက်ဖျံစူးဝင်ဒဏ်ရာများ ရရှိခဲ့၍ ပင်းဘောတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရှိရသည်။

၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ အောက်တိုဘာ ၁၄ ရက်အထိ နိုင်ငံတစ်ဝန်း၌ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲမှုကြောင့် သေဆုံးသူ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး သုံးဦး ပေါင်း ၁၄ ဦးနှင့် ဒဏ်ရာရရှိသူ အမျိုးသား ၅၂ ဦး၊ အမျိုးသမီး ခုနစ်ဦး ပေါင်း ၅၉ ဦးရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

---

**၂၀၁၀ အောက်တိုဘာ ၁၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ**

# အချပ်ပို (၁)

<u>၁၉၄၇ ခုနှစ် ပင်လုံစာချုပ်</u>

မြန်မာပြည်ဘုရင်ခံ၏ အမှုဆောင်ကောင်စီမှ အဖွဲ့ဝင်အချို့နှင့် စဝ်ဖများအားလုံးတို့အပြင် ရှမ်းပြည် နယ်များ၊ ချင်တောင်တန်းဒေသများနှင့် ချင်းတောင်တန်းဒေသတို့မှ ကိုယ်စားလှယ်များတို့ တက်ရောက်ကြသော ပင်လုံမြို့တွင်ကျင်းပသည့် အစည်းအဝေးကြီးတရပ်တွင် ကြားဖြတ်မြန်မာအစိုးရနှင့် ချက်ချင်းပူးပေါင်းခြင်းအားဖြင့် ရှမ်း၊ ကချင်နှင့် ချင်းတို့သည် လွတ်လပ်ရေးကို ပိုမို၍ လျှင်မြန်စွာ ရရှိလိမ့်မည်ဟု အစည်းအဝေးတက်ရောက်သူ အဖွဲ့ဝင်တို့သည် ကန့်ကွက်သူမရှိဘဲ အောက်ပါအတိုင်း သဘောတူညီကြလေသည်။

၁။ တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့ (တစည) ၏ ကြိုးကိုင်အဖွဲ့ ကိုယ်စားလှယ် များ၏ ထောက်ခံချက်အရ တောင်တန်းသားများ၏ ကိုယ်စားလှယ်တဦးကို ဘုရင်ခံကရွေးချယ်၍ နယ်စပ်ဒေသများကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ရန် အတွက် ဘုရင်ခံ၏ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ခန့်ထားရမည်။

၂။ ဤအတိုင်ပင်ခံပုဂ္ဂိုလ်ကို ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် ဌာနလက်ကိုင်မရှိ ကောင်စီဝင် တဦးအဖြစ်ခန့်ထား၍ ကာကွယ်ရေးနှင့် ပြည်ပကိစ္စရပ်များတွင် ထုံးနည်းဥပဒေအရ အမှုဆောင် ကောင်စီ၏ အာဏာလက်အောက်သို့ ရောက်ရှိသည့်နည်းတူ နယ်စပ်ဒေသကိစ္စများကိုလည်း အမှုဆောင်ကောင်စီ၏ အာဏာအောက်သို့ ရောက်ရှိစေရမည်။ ဤနည်းလမ်းများအတိုင်း နယ်စပ် ဒေသဆိုင်ရာ အတိုင်ပင်ခံပုဂ္ဂိုလ်အား အုပ်ချုပ်ခွင့်အာဏာကို ပေးအပ်ရမည်။

၃။ အဆိုပါ အတိုင်ပင်ခံပုဂ္ဂိုလ်ကို ၎င်းနှင့် လူမျိုးချင်းမတူသော ဒုတိယအတိုင်ပင်ခံနှစ်ဦးက ကူညီ စေရမည်။ ရှေးဦးစွာ ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်နှစ်ဦးတို့သည် ၎င်းတို့အသီးသီး သက်ဆိုင်သည့် နယ်များ၏ ကိစ္စရပ်များကို ဆောင်ရွက်ရန်ဖြစ်၍ အတိုင်ပင်ခံပုဂ္ဂိုလ်မှာ အခြား နယ်စပ်ဒေသ အားလုံးတို့၏ ကိစ္စရပ်များကို ဆောင်ရွက်စေရန်ဖြစ်သည်။ ၎င်းတို့သည် ထုံးနည်းဥပဒေအရ တွဲဖက်တာဝန်ယူရသည့်မူအတိုင်း ရွက်ဆောင်စေရမည်။

၄။ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အမှုဆောင်ကောင်စီတွင် အဖွဲ့ဝင်လူကြီးအနေဖြင့် နယ်စပ်ဒေသ များ၏ တဦးတည်းသော ကိုယ်စားလှယ်အဖြစ် ပါဝင်ရမည်ဖြစ်သော်လည်း ဒုတိယအတိုင်ပင်ခံ ပုဂ္ဂိုလ်များသည် နယ်စပ်ဒေသများနှင့် သက်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည့်အခါ အမှုဆောင်ကောင်စီတွင် တက်ရောက်နိုင်ခွင့်ရှိစေရမည်။

၅။ အထက်တွင် သဘောတူညီသည့်အတိုင်း ဘုရင်ခံ၏အမှုဆောင်ကောင်စီကို တိုးချဲ့မည် ဖြ စ်သော်လည်း နယ်စပ်ဒေသများ၏ နယ်တွင်းအုပ်ချုပ်ရေးတွင် ယခုခံစားနေရသော ကိုယ်ပိုင်အုပ်ချုပ်ရေးကို မည်သည့် နည်းနှင့်မဆို တစုံတရာ လက်လွတ်စေရန် အဆိုပါကောင်စီက ပြုလုပ်ခြင်းမရှိစေရ။ နယ်စပ်ဒေသများ အတွက် နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး ရာခိုင်နှုန်းအပြည့် ရှိစေရမည်ဟူသောမူကို သဘောတူညီကြသည်။

၆။ မူပေါင်းထားပြီးသည့် မြန်မာပြည်အတွင်း သီးသန့် ကချင်ပြည်နယ်တခု နယ်နိမိတ်သတ်မှတ် ၍ တည်ထောင်ရန် ပြဿနာမှာ တိုင်းပြုပြည်ပြုလွှတ်တော်က ဆုံးဖြတ်ရန်ဖြစ်သော်လည်း ဤကဲ့သို့ သီးခြားပြည်နယ်တခု ထားရှိသင့်ကြောင်းကို သဘောတူညီကြသည်။ ဤရည်ရွယ်ချက် အထ မြောက်ရန်အလို့ငှာ ပထမခြေလှမ်းအနေဖြင့် ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံတော်အစိုးရ အက်ဥပဒေအရ နောက်ဆက်တွဲစာရင်းပါ အပိုင်း (၂) ဒေသများကဲ့သို့ မြစ်ကြီးနားနှင့် ဗန်းမော်ခရိုင်တို့၏ အုပ်ချုပ်ရေးတွင် နယ်စပ်ဒေသ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒုတိယအတိုင်ပင်ခံ ပုဂ္ဂိုလ်အား ဆွေးနွေးတိုင်ပင်ရမည်။

၇။ နယ်စပ်ဒေသများ၏ နယ်သူနယ်သားတို့သည် ဒီမိုကရေစီနိုင်ငံများတွင် အခြေခံများအဖြစ် အသိ အမှတ်ပြုထားသော အခွင့်အရေးများတို့ကို ခံစားနိုင်ခွင့်ရှိစေရမည်။

၁

၈။ ဤစာချုပ်တွင် သဘောတူကြသည့် အစီအစဉ်မှာ ပဒေသရာဇ် ရှမ်းပြည်နယ် နယ်မြေစုတွင် ယခု အပ်နှင်းထားပြီးသော ဘဏ္ဍာရေးနှင့်ပတ်သက်သည့် ကိုယ်ပိုင်အုပ်ချုပ်ရေးကို ထိခိုက်ခြင်းမရှိစေရန်။

၉။ ဤစာချုပ်တွင် သဘောတူညီကြသည့်အစီအစဉ်မှာ မြန်မာပြည် အခွန်တော်ငွေများမှ ကချင် တောင်တန်းနယ်များနှင့် ချင်းတောင်တန်းနယ်များက ရသင့်ရထိုက်သော ဘဏ္ဍာရေးအကူ အညီကို ထိခိုက်ခြင်းမရှိစေရ၊ မြန်မာပြည်နှင့် ပဒေသရာဇ် ရှမ်းပြည်နယ်မြေစု၏ ဘဏ္ဍာရေး အစီအစဉ်များကဲ့သို့ ကချင်တောင်တန်းနှင့် ချင်းတောင်တန်းများအတွက် အလားတူအစီအစဉ်များကို ထားရှိကျင့်သုံးရန် ဖြစ်နိုင်မည်၊ မဖြစ်နိုင်မည်ကို ဘုရင်ခံ၏ အမှုဆောင်ကောင်စီက နယ်စပ်ဒေသများ၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်တို့နှင့်အတူ စစ်ဆေးကြည့်ရှုရမည်။

**မြန်မာနိုင်ငံတော်အစိုးရ**
(ပုံ) အောင်ဆန်း
၁၂-၂-၄၇

**ကချင်ကော်မတီ**

(ပုံ)
ဆမားဒူးဝါးဆင်ဝါးနောင်
မြစ်ကြီးနား

(ပုံ)
ဇော်ရစ်
မြစ်ကြီးနား

(ပုံ)
ဒီန်ရာတန်
မြစ်ကြီးနား

(ပုံ)
ဇော်လ
ဗန်းမော်

(ပုံ)
ဇော်လွန်း
ဗန်းမော်

(ပုံ)
လဗန်းဂရောင်း
ဗန်းမော်

**ချင်းကော်မတီ**

(ပုံ)
ဦးလှူမှုန်း
အေတီအမ်။
အိုင်တီအက်(စ်)အမ်၊ ဖလမ်း။

(ပုံ)
ဦးသောင်ဇာခပ်
အေတီအမ်၊ တီးတိန်။

(ပုံ)
ဦးကွယ်မန်း
အေတီအမ်၊ ဟားခါး။

**ရှမ်းကော်မတီ**

(ပုံ)
ခွန်ပန်းစိန်
တောင်ပိုင်းစော်ဘွား

(ပုံ)
စဝ်ရွှေသိုက်
ညောင်ရွှေစော်ဘွား

(ပုံ)
စဝ်ဟုံဖ
မြောက်ပိုင်းသီန္နီစော်ဘွား

(ပုံ)
စဝ်နွံ
လဲချားစော်ဘွား

(ပုံ)
စဝ်စံထွန်း
မိုင်းပွန်စော်ဘွား

(ပုံ)
စဝ်ထန်းအေး
သာမိုင်းခမ်းစော်ဘွား

(ပုံ)
ဦးဖြူ
သထုံစော်ဘွား၏ ကိုယ်စားလှယ်

(ပုံ)
ခွန်းဖုံး
မြောက်ပိုင်းသီန္နီ

(ပုံ)
ဦးတင်ဧ

(ပုံ)
ဦးထွန်းမြင့်

(ပုံ)
ဦးကြာပု

(ပုံ)
ဦးခွန်စော

(ပုံ)
စဝ်ရစ်ဖ

(ပုံ)
ဦးခွန်တီး

၂

## အချပ်ပို (၂)

၅၄-၅၆ တက္ကသိုလ်ရိပ်သာလမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်

**<u>အိတ်ဖွင့်ပေးစာ</u>**

(၁) ဦးသိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

(၂) ကချင်လွတ်မြောက်ရေးအဖွဲ့(KIO)

(၃) ကရင်အမျိုးသားအစည်းအရုံး(KNU)

(၄) မွန်ပြည်သစ်ပါတီ(NMSP)

(၅) ရှမ်းပြည်တပ်မတော်(SSA)

ရက်စွဲ ။ ၂၀၁၁ခုနှစ် ဇူလိုင်လ (၂၈) ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးစုများနှင့် ပေါင်းစပ်ဖွဲ့စည်းထားသော နိုင်ငံဖြစ်ပါသည်။ ယင်းတိုင်းရင်းသားအားလုံးသည် နှစ်ပေါင်းရာစုနှစ်များစွာကပင် တစ်မြေတည်းနေ တရေတည်းသောက် အတူနေထိုင်ခဲ့ကြသော ညီအကိုမောင်နှမများဖြစ်ကြပါသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးစုများအားလုံး ချစ်ကြည်ရင်းနှီး သွေးစည်းညီညွတ်ရေးသည် အလွန်အရေးကြီးပါသည်။

ယခုအခါ ကချင်၊ ရှမ်း၊ ကရင် နှင့် မွန်စသည့် ပြည်နယ်များတွင် တပ်မတော် နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ပဋိပက္ခများဖြစ်ပွားလျက်ရှိကြောင်း ကြားသိနေရပါသည်။ ယင်း ပဋိပက္ခများကြောင့် သေကြေဆုံးရှုံးမှုများ၊ ပျက်စီးမှုများ၊ ပစ်နည်းဒုက္ခသည်များဖြစ်ပွားလျက်ရှိသည့်အပြင် တန်ဖိုးကြီးမားသည့် နိုင်ငံပိုင်အဆောက်အဦးများ၊ စီးပွားလုပ်ငန်းများ၊ ယိုယွင်းပျက်စီးမှုများ ကြုံတွေ့နေရပါသည်။ ဒေသခံ တိုင်းရင်းသားပြည်သူများလည်း အတိဒုက္ခများစွာရောက်နေကြသည့်အပြင် အိမ်နီးချင်းနိုင်ငံများကိုပါ ကူးစက်ပျံ့နှံ့မည့်အန္တရာယ်ရှိနေပါသည်။

ယင်းပဋိပက္ခများနှင့် ပြဿနာများကို အင်အားသုံး၍ ဖြေရှင်းကြမည်ဆိုလျှင် နှစ်ဦးနှစ်ဘက် အကျိုးဆုတ်ယုတ်မှုများသာ ဖြစ်ပေါ်ပါမည်။ အမျိုးသားရင်ကြားစေ့ရေးကို စစ်ရေးနည်းများဖြင့် တည်ဆောက်၍ မရနိုင်ပါ။ နိုင်ငံရေးနည်းလမ်းဖြစ်သော ဆွေးနွေးညှိနှိုင်းဖြေရှင်းခြင်းဖြင့်သာ တည်ဆောက်သွားကြရမည်ဖြစ်ပါသည်။ နိုင်ငံရေးအရ ညှိနှိုင်းဖြေရှင်းနိုင်ကြမှသာလျှင် ပြည်ထောင်စုကြီးအနာဂတ်ကိုအာမခံနိုင်မည့် စစ်မှန်သော တိုင်းရင်းသားသွေးစည်းညီညွတ်မှုကို ရရှိမည်ဖြစ်ပါသည်။ စစ်မှန်သောငြိမ်းချမ်းရေးပြေလည်မှုမရရှိလျှင် ပြည်တွင်းစစ်မီး ဟူသည် ကျယ်ပြန့်သွားနိုင်သည့် အန္တရာယ် ရှိတတ်ပါသည်။

ပြည်ထောင်စုသားအချင်းချင်းအကြားဖြစ်ပေါ်နေသောပြဿနာများကို တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်လေးစားမှုတို့ဖြင့် ဖြေရှင်းကြမည်ဆိုလျှင် ပြေလည်မှုရရှိကြပြီး ပြည်ထောင်စုကြီး ငြိမ်းချမ်းတည်ငြိမ်မည်ဖြစ်ပါသည်။ ပြည်ထောင်စုကြီး ငြိမ်းချမ်းတည်ငြိမ်မှသာ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်နေကြသော တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးစီးပွားများကို ရှေးရှု၍ ယခုဖြစ်ပွားနေသော ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းကြပါရန် နှင့် အမြန်ဆုံး အပစ်အခတ်ရပ်စဲကြပါရန် လေးနက်စွာ ပန်ကြားအပ်ပါသည်။

အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပံ့ပိုးရန်အတွက် ကျွန်မအနေနှင့် ကိုယ်စွမ်းရှိသမျှ ပါဝင်ကြိုးပမ်းပေးရန် အသင့်ရှိပါသည်။

ဒေါ်အောင်ဆန်းစုကြည်

စာမျက်နှာ(၂)

# အချပ်ပို (၃)

## ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ
## UNITED NATIONALITIES FEDERAL COUNCIL(UNION OF BURMA)

**<u>ဒီတ်ဖွင့်ပေးစာအပေါ်ပြန်ကြားခြင်း</u>**

သို့ နေ့စွဲ- ၅- ၈-၂၀၁၁

ပြည်သူ့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်

ဒေါ်အောင်ဆန်းစုကြည်၏ ၂၀၁၁ ခုနှစ်ဇူလိုင်လ ၂၈ရက်နေ့ကနိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ကျနော်တို့၏ ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ(UNFC)အဖွဲ့ဝင်များဖြစ်ကြသည့် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့(KIO)၊ ကရင်အမျိုးသားအစည်းအရုံး(KNU)မွန်ပြည်သစ်ပါတီ(NMSP)ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော်(SSPP/SSA)တို့အားပေးပို့ခဲ့သော ဒီတ်ဖွင့်ပေးစာကိုမိမိတို့အဖွဲ့ဝင်များမှကောင်းမွန်စွာလက်ခံရရှိပါသည်။

ထိုပေးစာအပေါ်လိပ်မူထားသော(UNFC)အဖွဲ့ဝင်(၄)ဖွဲ့အနေနှင့်သီးသန့်ပြန်ကြားခြင်းမပြုပဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးနီးပါး ပါဝင်နေသည့်(UNFC) မှအဖွဲ့ဝင်အားလုံးကိုယ်စား သဘောထားကိုပြန်ကြားအပ်ပါသည်။

(UNFC)၏သဘောထားကိုမတင်ပြမီ မိမိတို့(UNFC) အကြောင်းကိုအနည်းငယ် မိတ်ဆက် ပြလိုပါသည်။ ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) ကို ၂၀၁၁-ခုဖေဖေါ်ဝါရီလ ၁၂-ရက်နေ့မှ ၁၆-ရက်နေ့အထိကျင်းပသော တိုင်းရင်းသားလူမျိုးများညီလာခံတွင်စတင်ဖွဲ့စည်းခဲ့ပါသည်။ (UNFC) တွင် (၁)ကချင်ပြည်လွတ်လပ်ရေးအဖွဲ့( KIO )၊ (၂)ကရင်အမျိုးသားအစည်းအရုံး(KNU)၊ (၃)ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)၊ (၄)ချင်းအမျိုးသားတပ်ဦး(CNF)၊ (၅)မွန်ပြည်သစ်ပါတီ(NMSP)၊ (၆)ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)၊ (၇)ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)၊ (၈)ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး(PSLF)၊ (၉)ရခိုင်ပြည်အမျိုးသားကောင်စီ(ANC)၊ (၁၀)လားဟူဒီမိုကရက်တစ်သမဂ္ဂ(LDU)၊ (၁၁)ဝ အမျိုးသားအဖွဲ့ချုပ်(WNO)နှင့် (၁၂)ကချင်အမျိုးသားအစည်းအရုံး(KNO)တို့ပါဝင်ကြပါသည်။ (UNFC)၏နိုင်ငံရေးဦးတည်ချက်သည် အမျိုးသားတန်းတူရေးနှင့်

ပြည်နယ်အတွင်းကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသောစစ်မှန်သည့်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဖြစ်သည်။

ကျနော်တို့(UNFC)အဖွဲ့ဝင်များမှလက်ရှိပြည်ထောင်စုမြန်မာနိုင်ငံအပေါ်ရှုမြင်သောအခြေခံသဘောထားကိုလည်းအနည်းငယ်တင်ပြလိုပါသည်။ လက်ရှိပြည်ထောင်စုမြန်မာနိုင်ငံ၏ပိုင်နက်နယ်မြေများကိုသမိုင်းအခြေခံဖြင့်ကြည့်ပါက ဗမာအပါအဝင် တိုင်းရင်းသားလူမျိုးများ၏ဘိုးဘွားပိုင်နယ်မြေများဖြင့်ဆက်စပ်စုစည်းထားသောအဝန်းအဝိုင်းဖြစ်သည်။ ထိုပြင်နိုင်ငံခြားသားနယ်ချဲ့လက်အောက် ကိုလိုနီကျွန်ဘဝအဖြစ်ရောက်ခဲ့ရစဉ်ကလည်း စုပေါင်းလက်တွဲတိုက်ပွဲဝင်ခဲ့သဖြင့်လွတ်လပ်သောနိုင်ငံတခုဖြစ်လာရသည်။ ထို့ကြောင့်ဤနိုင်ငံသည်တိုင်းရင်းသားလူမျိုးအားလုံးစုပေါင်းပိုင်ဆိုင်သောနိုင်ငံဖြစ်သည်။ထိုသို့တိုင်းရင်းသားလူမျိုးစုံပိုင်ဆိုင်သောနိုင်ငံတွင်ကျနော်တို့တိုင်းရင်းသားလူမျိုးများသည်လူမျိုးရေးဆိုင်ရာအခွင့်အရေးများအပြည့်အဝရရှိကြပြီးနိုင်ငံရေးဆိုင်ရာအခွင့်အရေးများလည်းတန်းတူညီမျှရရှိကာချစ်ကြည်ညီညွတ်စွာအတူတကွနေထိုင်နိုင်ရေးကိုလိုလားပါသည်။ ထိုဆန္ဒကိုငြိမ်းချမ်းစွာတင်ပြတောင်းဆိုခဲ့ကြရာ ဖြေရှင်းပေးခံရယုံမကလက်နက်အင်အားဖြင့်အရေးယူခြင်းခံရသဖြင့်မလွှဲမရှောင်သာလက်နက်ကိုင်ခုခံတိုက်ပွဲဝင်နေရခြင်းဖြစ်ပါသည်။

နှစ်ပေါင်း(၆၀)ကျော်ဖြစ်ပွားခဲ့သော တိုင်းရင်းသားပြဿနာကိုနိုင်ငံရေးအရအလေးထားဖြေရှင်းခဲ့ခြင်းမရှိပဲစစ်ရေးနည်းဖြင့်သာဖိအားပေးဖြေရှင်းလာခဲ့သဖြင့်ကျနော်တို့နိုင်ငံသည်သဘာဝသယံဇာတပေါကြွယ်ဝနေပါလျက်ဖွံ့ဖြိုးမှုနောက်ကျနေပြီး လူမျိုးစုံပြည်သူများသည် ဆင်းရဲဒုက္ခမျိုးစုံနှင့်ရင်ဆိုင်နေရသည်။ ပြည်သူတို့သည်လွတ်လပ်သည့်နိုင်ငံသားဟုဆိုသော်ငြားလည်းဗမာအပါအဝင်တိုင်းရင်းသားလူမျိုးအားလုံးတို့မှာလွတ်လပ်ရေး၏အရသာကိုမခံစားကြရပါ။ ယင်းပြည်တွင်းစစ်ကြောင့်နိုင်ငံနှင့်ပြည်သူအပေါ်ထိခိုက်နစ်နာစေမှုနှင့် ၎င်းကိုအင်အားသုံးဖြေရှင်းနေ၍အကျိုးရှိမည်မဟုတ်ကြောင်းကို ဒေါ်အောင်ဆန်းစုကြည်နည်းတူ ကျနော်တို့လည်းထပ်တူထပ်မျှမြင်ပါသည်။ထို့ကြောင့်ယနေ့ဖြစ်ရှိနေသောလက်နက်ကိုင် ပဋိပက္ခကို နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးဖြေရှင်းနိုင်ရေးအတွက် ဒေါ်အောင်ဆန်းစုကြည်၏အဆိုပြု ပန်ကြားချက်ကိုကျနော်တို့တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများမှသဘောတူထောက်ခံကြောင်း ပြန်ကြားအပ်ပါသည်။



(နိုင်ဟံသာ)
အထွေထွေအတွင်းရေးမှူး

# အချပ်ပို (၄)

## ဒဂုန်တာရာ၏ ၉၃ ကြိမ်မြောက်မွေးနေ့ ငြိမ်းချမ်းရေးပန်ကြားလွှာ

၂၀၁၁၊ မေ(၁၀)၊ ၁၃၇၃၊ကဆုန်လဆန်း(၈)ရက်

မြန်မာနိုင်ငံတွင်လည်းကောင်း၊ ကမ္ဘာအရပ်ရပ်တွင်လည်းကောင်း စစ်မက်ဖြစ်ပွားရှိ

လက်နက်ကိုင် တိုက်ခိုက်မှုများ ဖြစ်နေကြသည်တို့ကို ကြားသိရ၍

**စိတ်မချမ်းမသာဖြစ်မိပါ**သည်။

မြန်မာနိုင်ငံတွင်ဖြစ်ပွါးနေသော လက်နက်ကိုင်တိုက်ခိုက်မှုများ

လက်နက်ကိုင်ရင်ဆိုင်နေမှုများ၊ တင်းမာမှုများကို အမြန်ဆုံးရပ်စဲပေးကြပါရန်

**မေတ္တာရပ်ခံပါသည်။**

ကမ္ဘာအရပ်ရပ်တွင်ဖြစ်ပွါးနေသော စစ်မက် လက်နက်ကိုင်တိုက်ခိုက်မှုများကိုလည်း

အမြန်ဆုံးရပ်စဲပေးကြပါရန် သက်ဆိုင်ရာအားလုံးတို့အား

**မေတ္တာရပ်ခံပါသည်။**

မြန်မာနိုင်ငံတွင်လည်းကောင်း၊ ကမ္ဘာအရပ်ရပ်တွင်လည်းကောင်း

ဖြစ်ပွားနေကြသည့် ပြဿနာအရပ်ရပ်ကို ဆွေးနွေးညှိနှိုင်းဖြေရှင်းနည်းဖြင့်

လွှမသော မြေ(ပြည်)မပျက် ဖြေရှင်းကြပါရန်

**မေတ္တာရပ်ခံပန်ကြားပါသည်။**

လူ့လောက**၏**အရေးကြီးဆုံး


**ငြိမ်းချမ်းရေး** ကို

ပိုင်းခန့်ထိန်းသိမ်း စောင့်ရှောက်ကြပါရန် ပန်ကြားပါသည်။

ဒဂုန်တာရာ

၁၀.၅.၂၀၁၁(အင်္ဂါနေ့)

# အချပ်ပို (၅)



## ဗဂုန်တာရာ၏
## ငြိမ်းချမ်းရေးပန်ကြားလွှာ (၂)

၂၀၁၁ ခုနှစ်ရာသီသို့ ရောက်လာသည်နှင့် တစ်ပြိုင်နက် ပြည်ထောင်စုမြန်မာနိုင်ငံရှိ ပြည်တွင်းစစ်မီးသည် အရှိန်တိုးရှိ ပြန်လည်တောက်လောင်လာခဲ့ပေသည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် လက်နက်ကိုင် တိုက်ပွဲများပိုမိုများပြား ပိုမိုပြင်းထန်လာခဲ့သည်။ အသက်များစွာသေဆုံးရကြောင်းလည်းသိရသည်။

ဤပြည်တွင်းစစ်မီးသည် ပို၍ပြင်းထန် ပို၍ကျယ်ပြန့် ပို၍အသက်သေကြေ ပို၍တိုး အိမ်၊ ပစ္စည်း၊ ဥစ္စာပျက်စီးစေမည့် အန္တရာယ်ကို ပေးတော့မည်ဟု အမှန်တကယ်စိုးရိမ်လာကြရသည်။

သေဆုံးကြရသူများမှာ ပြည်ထောင်စုမြန်မာနိုင်ငံသားများဖြစ်ကြသည်။ တိုး၊ အိမ်၊ ပစ္စည်း၊ ဥစ္စာပျက်စီးဆုံးရှုံးရသည်များလည်း ဤနိုင်ငံနှင့် ဤနိုင်ငံသားများ၏ တိုး၊ အိမ်၊ ပစ္စည်း၊ ဥစ္စာများသာ ဖြစ်သည်။

ထို့ကြောင့် ပြည်တွင်းစစ်မီးတွင် သေကြေရသူများအသက်၊ ဆုံးရှုံးရသမျှ တိုးအိမ်ပစ္စည်း၊ ဥစ္စာတို့သည် ပြည်ထောင်စု မြန်မာနိုင်ငံ၏ အရှေးအသားများသာဖြစ်သည်။

ထိုဆုံးရှုံးမှုများကို ဆက်၍မခံကြရစေရန် အချင်းချင်းတိုက်ခိုက်မှုများကို အမြန်ဆုံးရပ်စဲပစ်ကြဖို့ မလုပ်မဖြစ်လိုအပ်နေပြီ။

ထို့ကြောင့် သက်ဆိုင်ရာအားလုံးတို့သည် -

၁။ ချက်ချင်း အပစ်အခတ်ရပ်စဲကြရန်

၂။ တွေ့ဆုံဆွေးနွေး၍ ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်ကြပါရန်၊

အလေးအနက် ပန်ကြားမေတ္တာရပ်ခံပါသည်။

ငြိမ်းချမ်းရေးဖွဲ့စည်းဆောင်ရွက်မှုများကို နိုးနိုးကြားကြား ကျယ်ကျယ်ပြန့်ပြန့် အနယ်နယ်အရပ်ရပ် လုပ်ကိုင်ကြပါရန် ပြည်သူအပေါင်းတို့အားလည်း လေးစားစွာ ပန်ကြားလိုက်ပါသည်။

ကျည်ဆန်မြို့၍မလို - မေတ္တာဖြို့မှ လုံလိမ့်မည်။

ဗဂုန်တာရာ

၇. ၈. ၂၀၁၁၊ အောင်ပန်းမြို့

ရှမ်းရှု

## အချပ်ပို (၆)

# လက်နက်ကိုင် ပဋိပက္ခများပြေရှင်းပြီး ငြိမ်းချမ်းရေးဖော်ဆောင်လိုသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပထမအဆင့် ပဏာမလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဆက်သွယ်နိုင်

နေပြည်တော် ဩဂုတ် ၁၈

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့က ကြေညာချက်အမှတ်(၁/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့
ကြေညာချက်အမှတ် ၁/၂၀၁၁
၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်
(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)

ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ခြင်း

၁။ နိုင်ငံတော်အစိုးရသည် ဗိုလ်တာဝန်အရေး(၃)ပါးကို ထိန်းသိမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရန်အတွက် နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ကာ နေရာဒေသအနှံ့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းတည်ဆောက်သွားရန် အထူးပင် လိုအပ်သည်ဟု ယုံကြည်ပါသည်။

၂။ လက်နက်ကိုင် ပဋိပက္ခများပြေရှင်းပြီး ငြိမ်းချမ်းရေးဖော်ဆောင်လိုသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့တစ်ဖွဲ့ချင်းအလိုက် ပထမအဆင့်အနေဖြင့် ပဏာမဆောင်ရွက်ရန် လိုအပ်သောလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

၃။ ပဏာမဆောင်ရွက်မှုမှာ အောင်မြင်ပြီးပါက နိုင်ငံတော်အစိုးရဘက်မှ ဆွေးနွေးမည့်အဖွဲ့အစည်းဖွဲ့စည်းပြီး သက်ဆိုင်ရာငြိမ်းချမ်းရေးဖော်ဆောင်မည့် အဖွဲ့အစည်းနှင့် ဆွေးနွေးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**အမိန့်အရ**

**(သိန်းမျိုးညွှန့်)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုအစိုးရအဖွဲ့**

## အချပ်ပို (၇)

ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

---

သို့ 

စာအမှတ် - ၂၉ / န / ဖ က ဝ / ၁၁

ရက်စွဲ - ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၂၈)ရက်

အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ

အကြောင်းအရာ။ ။ **<u>ငြိမ်းချမ်းရေးဆွေးနွေးရန်ဖိတ်ခေါ်ခြင်းအပေါ် အကြောင်းပြန်ကြားခြင်း။</u>**

ရည်ညွှန်း ။ ။ *ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်၊ ရက်စွဲပါကြေညာချက်အမှတ် ၁/၂၀၁၁။*


၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ပြည်ထောင်စုအစိုးရ၏ ကြေညာချက်အမှတ် ၁/၂၀၁၁ ဖြင့်ငြိမ်းချမ်းရေးဆွေးနွေးရန်ဖိတ်ခေါ်ချက်ကို မိမိတို့ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ United Nationalities Federal Council (UNFC) က ကောင်းမွန်စွာသိရှိရပါသည်။ မိမိတို့အဖွဲ့ဝင်အားလုံးက ဖိတ်ခေါ်ချက်ကို ဝမ်းသာအားရကြိုဆိုကြပါသော်လည်း တဖွဲ့ချင်းအနေဖြင့် သီးခြားပြန်ကြားမည်မဟုတ်ပဲ UNFC အနေဖြင့် တပေါင်းတစည်းတည်း ပြန်ကြားလိုက်ပါသည်။

၂။ ပြည်ထောင်စုအစိုးရ၏ဖိတ်ခေါ်ချက်တွင် တဖွဲ့ချင်းသီးခြားဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအစိုးရများနှင့် ပဏာမဆက်သွယ်ရန်ဆိုသည့်အချက်ကို မိမိတို့ (UNFC) အနေနှင့် လုံးဝလက်မခံနိုင်ပါ။ ယင်းကဲ့သို့ တဖွဲ့ချင်းဖိတ်ခေါ်မှုသည် မိမိတို့တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်စွာ ရပ်တည်မှုကို သပ်လျှိုဖြိုခွဲရာကျသည်ဟု ယူဆသည့်အပြင် ယခင်အတွေ့အကြုံများအရ တဖွဲ့ချင်းဆွေးနွေးခြင်းအားဖြင့် ထိရောက်မှုမရှိ ရလဒ်ကောင်းမရနိုင်ကြောင်းကိုလည်း မိမိတို့ (UNFC) နှင့် တိုင်းရင်းသားအဖွဲ့အစည်းအားလုံးက ကောင်းစွာသိရှိပြီးဖြစ်သောကြောင့်ပင်ဖြစ်ပါသည်။

1

၃။ ထို့အပြင် ယခုဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများနှင့် ငြိမ်းချမ်းရေးပျက်ပြားနေသောပြဿနာများမှာ အုပ်ချုပ်သူအစိုးရအဆက်ဆက်ကဖြစ်ပေါ်လာခဲ့သော တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါအခွင့်အရေးဆုံးရှုံးမှုအပါအဝင် နိုင်ငံရေးအခြေခံပြဿနာများဖြစ်သည်။ ၎င်းပြဿနာများသည် တိုင်းဒေသကြီး / ပြည်နယ်အလိုက် သီးခြားဖြစ်ပွားနေခြင်းလည်းမဟုတ်ပါ။ ပြည်ထောင်စုအဆင့် သို့မဟုတ် တမျိုးသားလုံးအဆင့်၌ဖြစ်ပေါ်နေသော ပြဿနာများသာဖြစ်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဖြေရှင်းမှသာလျှင် ပြေလည်နိုင်မည်ဟု ယုံကြည်ယူဆပါသည်။ ထို့ကြောင့် ပြည်နယ် / တိုင်းဒေသကြီးရှိအစိုးရများနှင့် ပဏာမတွေ့ဆုံရေးဖိတ်ခေါ်ချက်ကို မိမိတို့ (UNFC)က ငြင်းဆိုရခြင်းပင်ဖြစ်သည်။

၄။ ထို့ကြောင့် ပြည်ထောင်စုအစိုးရဘက်မှ ဆွေးနွေးမည့်အဖွဲ့အစည်း ဖွဲ့စည်းပြီးပါက အဆိုပါအဖွဲ့အစည်းနှင့် မိမိတို့ (UNFC) ဘက်မှ အလားတူဖွဲ့စည်းတာဝန်ပေးအပ်ထားသော "ဆွေးနွေးရေးအဖွဲ့" နှင့် တိုက်ရိုက်ဆက်သွယ်ဆက်ဆံ၍ ဆွေးနွေးသွားခြင်းဖြင့် လက်နက်ကိုင်တိုက်ပွဲများကိုရပ်စဲစေပြီး နိုင်ငံရေးပြဿနာများပြေလည်စေကာ ငြိမ်းချမ်းရေးကိုလည်း ဖော်ဆောင်အောင်မြင်နိုင်မ ည်ဖြစ်ကြောင်း (UNFC) ၏သဘောထားကို အကြောင်းပြန်ကြားအပ်ပါသည်။



နိုင်ဟံသာ
အထွေထွေအတွင်းရေးမှူး
ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

မိတ္တူ -
၁။ ဒေါ်အောင်ဆန်းစုကြည်
၂။ UNFC အဖွဲ့ဝင်အဖွဲ့အစည်းများအားလုံး
၃။ ရုံးလက်ခံ

2

# အချပ်ပို (၈)

၁၈-၈-၂၀၁၁

မြန်မာ့အလင်း

ကို ကိုယ်စားပြုတဲ့အဖွဲ့ မဟုတ်ပါဘူး။ ကချင်ပြည်နယ်အတွင်းရှိ နိုင်ငံတော်ရဲ့ ရေအားလျှပ်စစ်စီမံကိန်းတွေကို ဖျက်လိုဖျက်ဆီး လုပ်ရာမှ ပြဿနာစခဲ့တာဖြစ်ပါတယ်။ ယခုအခါ ဗန်းမော်ခရိုင် အတွင်းမှာ လမ်းတွေ၊ တံတားတွေ၊ လျှပ်စစ်တာဝါတိုင်တွေ ဖောက်ခွဲဖျက်ဆီးခံခဲ့ရလို့ တော်တော်များများ ပျက်စီးကုန်ပါပြီ။ ဘယ်သူတွေ ဒုက္ခရောက်သလဲဆိုရင် ကချင်ပြည်နယ်မှာ နေထိုင်ကြတဲ့ တိုင်းရင်းသားတွေပဲ သွားရေးလာရေးခက်ခဲပြီး ဒုက္ခရောက်ကြရတာဖြစ်ပါတယ်။ ယခုအခါမှာ သူတို့အန္တရာယ်ကိုကြောက်လို့ ရှောင်တိမ်းတွက်ပြေးနေကြရတဲ့ ပြည်သူတွေဟာ စိုက်ချိန်ပျိုးချိန်မှာ မစိုက်ကြရလို့ လာမယ့်နှစ်မှာ အဲဒီပြည်နယ်အတွင်း ဆန်ရေစပါး ရှားပါးမှုနှင့် ကြုံတွေ့ကြရဦးမှာ ဖြစ်ပါတယ်။

**စိတ်ရှည်သည်းခံ**

ဒါကြောင့် ကချင်ပြည်နယ်က တိုင်းရင်းသားပြည်သူတွေနဲ့ ခရစ်ယာန်အသင်း၊ ယဉ်ကျေးမှုစာပေအသင်း စတဲ့ အသင်းအဖွဲ့တွေ အနေနဲ့ စစ်ကိုရပ်စဲပေးဖို့၊ ငြိမ်းချမ်းရေး အမြန်ရယူပေးဖို့ ကျွန်တော့်ဆီ စာတွေရေးကြပါတယ်။ ဒီစာတွေကိုလည်း သတင်းစာမှာ နေ့စဉ်ဖော်ပြသွားမှာဖြစ်ပါတယ်။ တပ်မတော်အပိုင်းကတော့ တဲ့မြန်ပစ်ခတ်[illegible] မလုပ်ပါဘူး။ လူသတ်၊ မိုင်းခွဲ၊ မြန်ပေးဆွဲ၊ ဆက်ကြေးကောက် စတဲ့ လုပ်ရပ်တွေဟာ တစ်ကမ္ဘာလုံးကလက်မခံတဲ့ အကြမ်းဖက်လုပ်ရပ်တွေဖြစ်ပါတယ်။ ဒီအကြမ်းဖက်လုပ်ရပ်တွေကို အမြန်ရပ်ဆိုင်းပြီး သက်ဆိုင်ရာပြည်နယ်အစိုးရနဲ့ ငြိမ်းချမ်းရေးဆွေးနွေးကြဖို့ ကျွန်တော်တို့ ဗဟိုအစိုးရက ပြည်နယ်အစိုးရကို ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ကချင်ပြည်နယ်အစိုး[illegible]အနေနဲ့လည်း ငြိမ်း[illegible]ရေးဆွေးနွေးရန် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး အကြိမ်ကြိမ်ဖိတ်ခေါ် ဆွေးနွေးနေတယ်လို့ သိရပါတယ်။ ကိုယ့်တိုင်းရင်းသားတွေဖြစ်လို့ ကျွန်တော်တို့ စိတ်ရှည်သည်းခံပြီး ငြိမ်းချမ်းရေးအတွက် မျှော်လင့်စောင့်စားနေပါတယ်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တွေ့ဆုံပွဲ[illegible] လူမှုရေးနယ်ပယ်အသီးသီး၊ အသင်း၊ အဖွဲ့အ[illegible] နှုတ်ဆက်စဉ်။

ပြည်တွင်းမှာရှိတဲ့ သဘောထားအမြင်ချင်းမတူကြတဲ့ လူပုဂ္ဂိုလ် အဖွဲ့အစည်းတွေကိုလည်း မတူကွဲပြားတာတွေကို ဘေးဖယ်ထားပြီး တိုင်းပြည်အတွက် အမှန်တကယ်အကျိုးရှိစေမယ့် ဘုံအကျိုးစီးပွားတွေမှာ ပူးပေါင်းဆောင်ရွက်ကြဖို့ ကျွန်တော်တို့ အမြဲဖိတ်ခေါ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပကို ရောက်နေကြတဲ့ မြန်မာနိုင်ငံသား တိုင်းရင်းသားများကိုလည်း ပြစ်မှုတစ်ခုခုတစ်ရာ [illegible]

တယ်။ ဒီအချိန်ဟာ ရန်ဖြစ်ငြင်းခုံနေကြရမယ့် [illegible] ပြောနေကြရမယ့် အချိန်မဟုတ်တော့ပါဘူး။ [illegible] ကောင်းတွေ ကျွန်တော်တို့တိုင်းပြည်မှာ ရှိပြီး[illegible]

## ငြိမ်းချမ်းရေးဆွေးနွေးဖက်များအပေါ် အပြန်အလှန် လေးစားအသိအမှတ်ပြုမှု လုံးဝကင်းမဲ့နေသည့် အစိုးရသစ်၏ အပြောအဆို (၁၇၊ ၈၊ ၂၀၁၁ ရက်နေ့ ဦးသိန်းစိန် မိန့်ခွန်းမှ)

# အဖွဲ့အစည်းအမည် အညွှန်း

ALA – Arakan Liberation Army
(ရခိုင်လွတ်မြောက်ရေးတပ်မတော်)

ALP – Arakan Liberation Party
(ရခိုင်လွတ်မြောက်ရေးပါတီ)

BGF – Border Guard Force
(နယ်ခြားစောင့်တပ်)

CEFU(Burma)– Committee for Emergence of Federal Union(Burma)
(ဖယ်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးကော်မတီ)

CNA – Chin National Army
(ချင်းအမျိုးသားတပ်မတော်)

CND – Chin National Defense
(ချင်းအမျိုးသားကာကွယ်ရေးအဖွဲ့)

CNF – Chin National Front
(ချင်းအမျိုးသားတပ်ဦး)

DAB – Democratic Alliance of Burma
(မြန်မာပြည် ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ်)

DKBA – Democratic Karen Buddhist Army
(တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော်)

HGF – Home Guard Force
(နယ်မြေစောင့်တပ်ဖွဲ့၊ ဌာနေပြည်သူ့စစ်)

KCO – Kachin Central Organization
(ကရင်ဗဟိုအစည်းအရုံး)

KDA – Kachin Defence Army
(ကချင်အမျိုးသားကာကွယ်ရေးတပ်မတော်)

KIA – Kachin Independence Army
(ကချင်လွတ်လပ်ရေးတပ်မတော်)

KIO – Kachin Independence Organization
(ကချင်လွတ်လပ်ရေးအဖွဲ့)

KNDO – Karen National Defense Organization
(ကရင်အမျိုးသား ကာကွယ်ရေးအဖွဲ့)

KNG – Kayan National Guard
(ကယန်းအမျိုးသားကာကွယ်ရေးအဖွဲ့)

KNLA – Karen National Liberation Army
(ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်)

KNLP – Kayan New Land Party
(ကယန်းပြည်သစ်ပါတီ)

KNPLF – Karenni National People's Liberation Front
(ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး - ကလလတ)

KNPP – Karenni National Progress Party
(ကရင်နီအမျိုးသားတိုးတက်ရေးပါတီ)

KNU – Karen National Union
(ကရင်အမျိုးသားအစည်းအရုံး)

KPC – Karen Peace Council
(ကရင်ငြိမ်းချမ်းရေးကောင်စီ)

KPF – Karen Peace Force
(ဟောင်သရောငြိမ်းချမ်းရေးအဖွဲ့)

KRGF – Kachin Regional Guard Force
(ကချင်ဒေသလုံခြုံရေးတပ်)

KSDDP – Kayin State Democracy and Development Party
(ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ)

KSPP – Kachin State Progressive Party
(ကချင်ပြည်နယ်တိုးတက်ရေးပါတီ)

KYO – Karen Youths Organization
(ကရင်လူငယ်များအစည်းအရုံး)

LDF – Lahu Democratic Front
(လားဟူပြည်သူ့စစ်)

MIADS – Myanmar Integrated Air Defense System
(မြန်မာ့ပူးပေါင်းလေကြောင်း ကာကွယ်ရေးစနစ်)

MNDAA – Myanmar National Democracy Alliance Army
(မြန်မာပြည်အမျိုးသား ဒီမိုကရေစီ သွေးစည်းညီညွတ်ရေးတပ်မတော်)

MNLA – Mon National Liberation Army
(မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော်)

MNDO - Mon National Defense Organization
(မွန်ကာကွယ်ရေးတပ်ဖွဲ့)

MPF – Mon People’s Front
(မွန်ပြည်သူ့တပ်ဦး)

MTA – Mong Tai Army (Shan Land Army)
(ရှမ်းပြည်တပ်မတော်)

NDA-K – New Democratic Army-Kachin
(ဒီမိုကရေစီသစ် တပ်မတော်-ကချင်)

NDAA – National Democratic Alliance Army
(အမျိုးသား ဒီမိုကရေသွေးစည်းညီညွတ်ရေးတပ်မတော် (ခ) မိုင်းလားအဖွဲ့)

NDAA-ESS – National Democracy Alliance Army-Eastern Shan State
(အမျိုးသား ဒီမိုကရေစီ သွေးစည်းညီညွတ်ရေးတပ်မတော်)

NDF – National Democratic Front
(အမျိုးသား ဒီမိုကရေစီတပ်ပေါင်းစု)

NLD – National League for Democracy
(အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်)

NMSP – New Mon State Party
(မွန်ပြည်သစ်ပါတီ)

NUPA-AA – National United Party of Arakan - Arakan Army
(ရခိုင်တပ်မတော်)

PLF – PaO Liberation Front
(ပအိုဝ့်လွတ်မြောက်ရေးတပ်ဦး)

PNF – Palaung National Force
(ပလောင်အမျိုးသားတပ်ဖွဲ့)

PNO – PaO National Organization
(ပအိုဝ့်အမျိုးသားအဖွဲ့ချုပ်၊ ပအိုဝ့်ဖြူအဖွဲ့)

PSLA – Palaung State Liberation Army
(ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်မတော်)

PSLF – Palaung State Liberation Front
(ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး)

SOC – Sector Operation Center
(စစ်ဆင်ရေးနယ်မြေအပိုင်းအခြား)

SNPLO – Shan State Nationalities People's Liberation Organization
(ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ - ရလလဖ)

SSA – Shan State Army
(ရှမ်းပြည်တပ်မတော်)

SSA-N – Shan State Army-North
(ရှမ်းပြည်တပ်မတော် - မြောက်ပိုင်း)

SSA-S – Shan State Army-South
(ရှမ်းပြည်တပ်မတော် - တောင်ပိုင်း)

SSNA – Shan State National Army
(ရှမ်းပြည်အမျိုးသားတပ်မတော်)

SSNO - Shan State National Organization
(ရှမ်းပြည်အမျိုးသားအဖွဲ့ချုပ်)

SSPC – Shan State Peace Council
(ရှမ်းပြည်ငြိမ်းချမ်းရေးကောင်စီ)

SSPP – Shan State Progressive Party
(ရှမ်းပြည်တိုးတက်ရေးပါတီ)

SURA – Shan United Revolutionary Army
(ရှမ်းပြည်တော်လှန်ရေး တပ်ပေါင်းစု တပ်မတော်)

UNFC – United Nationalities Federal Council
(ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ)

UNODC – United Nations Office on Drugs and Crime
(ကုလသမဂ္ဂ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးရုံး)

UTLA – United Tai Liberation Army
(ညီညွတ်သော ရှမ်းပြည် လွတ်မြောက်ရေး တပ်မတော်)

USSPC – United Shan State Patriotic Council
(ညီညွတ်သော ရှမ်းပြည် မျိုးချစ်ကောင်စီ)

UWSA – United Wa State Army
('ဝ' ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်)

UWSP – United Wa State Party
('ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီ)



# အစိုးရသစ်နှင့် တိုင်းရင်းသား အင်အားစုများအကြား အကြပ်အတည်း

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ
လေ့လာရေးနှင့် သုတေသနဌာန